
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ကုဋေကုဋာ

## သုံးနားညီတဲ့
## နောင်ကြိုးမဲ့ချစ်ခြင်း



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com


www.burmeseclassic.com





BURMESE CLASSIC .com





လုံးဝကို မြူတစ်မှုန်စာမျှ အပြစ်ပြောစရာမရှိအောင် perfect ဖြစ်သော မိန်းမတစ်ယောက်နဲ့ ချစ်သူဖြစ်ခွင့်ရတဲ့ အတွက် တစ်သက်တာအတွက်' ပျော်ရွှင်ရမည်ဟု ထင်ဘွဲ့ သော်လည်း —

ဖွင့်မပြောဘဲ ချန်လှပ်ထားခဲ့တဲ့ သူမရဲ့ကန့်လန့်ကာနောက် ကွယ်က ယောကျ်ားတစ်ယောက်ကို မြင်တွေ့လိုက်ရတိုင်း မှာ နှလုံးသားက သွေးစိမ်းရှင်တွေထွက်လာတာကို သူမ မသိဘူး။

သစ္စာ —

ထိုစကားလုံးလေးဟာ နှစ်လုံးတည်း ဖြစ်သော်လည်း ကျွန်တော်တို့နှစ်ယောက်စလုံးကို အဝေးဆုံးတစ်နေရာဆီ ရောက်အောင် တွန်းပို့နိုင်ခဲ့တယ်။

စေတနာ့ဝေသီ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ချစ်သူတစ်ယောက်ကို ရှေ့မှာထားပြီး သူစိမ်းယောက်ျားနဲ့ သူမရဲ့ခင်မင်မှုအတိုင်းအတာဟာ identical mind ပါလို့ မိတ်ဆက်ပေးရဲတဲ့ သူမကို ဘယ်လိုခေါင်းစဉ်မျိုးတပ်ပြီး ကျွန်တော် နာကြည်းရမလဲ —

ကျွန်တော့်သံသယတွေအတွက် သူမ မဖြေရှင်းပြန်တော့လည်း ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းပဲလို့ ကျွန်တော် ယုံကြည်လိုက်ပါတယ်။

ဖြစ်စဉ်ရဲ့အစမှာ ကျွန်တော့်အမှား လုံးဝမပါဘူး။


ကျွန်တော် သူမကို သံသယဝင်တာလည်း လုံးဝမမှားနိုင်လောက်ဘူး။

"အလင်္ကာ"

○❖○

BURMESE CLASSIC .com





ယောက်ျားတစ်ယောက်ကို ချစ်မြတ်နိုးမိတဲ့အတွက် ကျွန်မ ကိုယ့်ကိုယ်ကိုယ် နောင်တမရခဲ့ပါဘူး။

သို့ပေမယ့် —

အမြဲတမ်း သံသယတွေနဲ့ ပြည့်နှက်နေတဲ့ သူ့မျက်ဝန်းတစ်စုံက ကျွန်မကို တစ္ဆေတစ်ကောင်လို ခြောက်လှန့်နေခဲ့တယ်။

ကျွန်မ ဂရုမစိုက်ပါဘူး။

သူ ကျွန်မအပေါ် ဘယ်လောက်ပဲ သံသယတွေ ဖိစီးနေပါစေ အဲဒီသံသယတွေကို ချေဖျက်ဖို့ ကျွန်မ ဘယ်တော့မှ မကြိုးစားဘူး။

အဲဒါ ကျွန်မရဲ့ ကျိန်စာတစ်ခုပဲ။

လွှာသဝဏ် ဆိုတာ ကိုယ်မှန်တယ်ထင်ရင် နောက်မဆုတ်တတ်ဘူး။





www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ဝိုင်းအုံကြည့်လာမယ့် မျက်ဝန်းတွေကို ဂရုမစိုက်တတ်ဘူး။

မထင်မှတ်ဘဲ ကျရောက်လာမယ့် ပြဿနာတွေအတွက် အကြောင်းအရာပေးဖို့ မစဉ်းစားပါဘူး။

ယုတ်ဆွအဆုံး ကျွန်မချစ်သူရဲ့ သံသယတွေကိုတောင် ဒူးမထောက်ခဲ့ဘူး။

အဲဒါ လှ္သာသဝဏ်ပဲ ...။

"လှ္သာသဝဏ်"

○❖○





## အခန်း(၁)

သူ့ဘဝထဲကို နက်ရှိုင်းစွာ ဝင်ရောက်လာမည့် အချစ်တစ်ခုရဲ့အစမှာ သာမန်ထက်ထော့ အနည်းငယ် ထူးခြားနေခဲ့သည်။ သူ့အချစ်ကို ပထမဦးဆုံး တွေ့ရှိလိုက်တာက သက်မဲ့ အခွေလေးတစ်ခွေဆီမှ ဖြစ်သည်။ ထိုအခွေလေးက အသက်ပင် မဲ့သော်ငြားလည်း သူ့နှလုံးသားကို သိမ်းပိုက်နိုင်ခဲ့သည်။

ထိုနေ့က ပျင်းပျင်းရှိတာနှင့် ဝဏ္ဏ အိမ်ကိုသွားရောက်ခဲ့ခြင်းက အဖြစ်အပျက် စတင်ခဲ့တာဖြစ်သည်။ ဝဏ္ဏတို့အိမ်ကို ရဲရဲတင်းတင်း ဝင်ထွက်နေသော သူ့အတွက်က အရင်လိုပဲ ဧည့်ခန်းထဲမှဖြတ်ပြီး ဝဏ္ဏအခန်းဆီသို့ လျှောက်သွားမည့်ဆဲဆဲမှာ ...

"ဟင် ... ကိုကြီးလက်ာ၊ ကိုကိုကြီး နောက်မှာရေချိုးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏရဲ့ညီမ ဖူးစုံ အသံကြောင့် အခန်းတံခါးခေါက်ခါနီးဆဲဆဲ သူ့လက်တွေ ရပ်တန့်သွားရပြီး ဖူးစုံကို ခေါင်းညိတ်ပြလိုက်ရင်းက ...

"ဒါဖြင့်လည်း ဧည့်ခန်းထဲကပဲ စောင့်နေတော့မယ်"

"ရပါတယ် ... ကိုကြီးအခန်းထဲက စောင့်နေလည်း ဖြစ်တာပဲ"

"မစောင့်တော့ပါဘူး ရတယ်၊ ဧည့်ခန်းထဲကပဲ စောင့်နေလိုက်မယ်၊ သွားစရာလည်း ရှိသေးတယ်လေ"

"ဘယ်လဲဟင်"

"ညည်းက စပ်စုလှချည်လား၊ ဘာလဲ ... ညည်းအစ်ကို့ကို စိတ်မချဘူးလား"

ဖူးစုံ ဆိုတဲ့ ကောင်မလေးက အသက်ဆယ့်နှစ်နှစ်သာရှိသေးတဲ့ ခုနစ်တန်းအရွယ် ကျောင်းသူလေးပါ။ ကလေးလေးပေမယ့် အထင်တော့ မသေးပါနဲ့။ အရွယ်လေး ငယ်ပေမယ့် အလှအပကို ဦးစားပေးပြီး စာမကျက်သူမို့ ဝဏ္ဏဆို သူ့ညီမကို ခဏခဏ ခေါင်းခေါက်ရသေးသည်။

အခုလည်း မြဝတီက အင်တာဗျူးကောင်မလေးတွေလို မေးခွန်းတွေ မေးလာသော သေးသေးညှက်ညှက် ကောင်မ





လေးခေါင်းကို ဖွဖွပုတ်ကာဆိုရင်း ဧည့်ခန်း ဆီသို့ ထွက်လာလျက် ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်။

သူ့မျက်လုံးက အမှတ်မထင် ဧည့်ခန်းမှာဖွင့်ထားသော တီဗီကြီးဆီသို့ အကြည့်ရောက်သွားခိုက်မှာ သူ့နှလုံးသားတစ်ခုလုံးကို ညွတ်နူးသွားအောင် ပွင့်ပွင့်လင်းလင်း ရယ်မောနေသော မိန်းကလေးကို မြင်လိုက်ရတော့ ချက်ချင်းပင် shock ရသွားလေသလားပင် ထင်ရလောက်အောင် ပါးစပ်ကိုပင် မစေ့ပိတ်နိုင်တော့။

ကောင်မလေးက တော်တော့်ကို လှပါသည်။ အပြစ်အနာအဆာ လုံးဝပြောစရာမရှိသော မျက်နှာကြည်ကြည်လေးက oval shape လေးရှိလှကာ မယော်ဂနီရောင် စတပ်ဆံပင်ဖွာဖွာလေးများက ကျောလယ်မှာ ဝဲဖြာနေလျက်ရှိပြီး သူမရဲ့မျက်ခုံး မျက်လုံး မျက်တောင်နှင့် နှုတ်ခမ်းလေးတွေမှာ ထိတို့ကိုင်ကြည့်ချင်စရာကောင်းလောက်အောင်ပင် အသည်းယားချင်စဖွယ်လေး လှနေခဲ့သည်။

ခန္ဓာကိုယ်လေးကလည်း Britney Spears လို ပိန်ပိန်ပါးပါးနှင့် အရပ်ရှည်ရှည်လေးဖြစ်သည်။ အသားဝင်းဝင်းလေးထက်မှာ ကြိုးတစ်ချောင်းနှင့် အနီရောင်တင်ပါးဖုံးရုံ ဂါဝန်လိုလို



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီလေးကို ခြေသုံးတစ်ဝက်ခန့် အနက်ရောင်ဘောင်းဘီခပ်ကျပ်ကျပ်လေးနှင့် သုံးလက်မလောက်ရှိသော ခဲတစ်လုံးစာ ဒေါက်ကလေးပေါ်မှာ ကျင်လည်စွာ ရပ်တည်လျက် မီးရောင်တလက်လက်အောက်မှာ လှည့်ပတ်ကနေပုံက သူများအတွက်တော့မသိ။ သူ့အတွက်တော့ ရင်သပ်ရှုမောစရာ ဖြစ်နေခဲ့သည်။

ကလေးဆန်တယ်ဟုလည်း မပြောသာ၊ ကလက်တယ်ဟုလည်း မပြောသာသော သူမလေးက လည်ပင်းဟိုက်ဟိုက်ဝတ်ဆင်ထားသော ဂါဝန်လိုလိုအင်္ကျီရဲ့အောက်နားစမှာ မညီညာသော ကပ်ချွန်လေးတွေက အွန်စောစကတ်လေးလိုပင်။

"ဟိတ်ကောင် ... ကြည့်လှချည်လား"

ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် မော့ကြည့်လိုက်တော့ ဘယ်အချိန်ကတည်းက သူ့ကိုစောင့်ကြည့်နေသည်မသိသော ဝဏ္ဏတို့မောင်နှမနှစ်ယောက်ကို စပ်ဖြီးဖြီးမျက်နှာတွေနှင့် တွေ့လိုက်ရသည်။

"လှလို့ပါကွာ"

"ဟုတ်တယ်နော် ကိုကြီးလက်၊ အဲဒီမမ အရမ်းလှတာပဲ၊ ဝတ်ထားတာကလည်း အရမ်းဖက်ရှင်ကျတယ်။ ဝတ်တတ်လိုက်တာ လှတာကလည်း တော်တော့်ကိုလှတာ၊ ဘာမှ





အပြစ်ပြောစရာ မရှိဘူး

"ဒါအခွေလား"

"အင်း ... ဟုတ်တယ်"

"ညည်း ဘယ်ကရတာလဲ"

"မေမေ့ဆိုင်ကို ဈေးလာဝယ်တော့ ဘယ်သူကျန်ခဲ့တဲ့အခွေလဲ မသိဘူး။ မေမေ အိမ်ယူလာတော့ သမီးလည်း ဖွင့်ကြည့်လိုက်တာ"

"ဟေ့ကောင် ... လက်၊ မင်း ဘာဖြစ်တာလဲ၊ အဲဒီကောင်မလေးကို ကြိုက်လို့လား"

"အေး ... ကြိုက်တယ်။ မျက်နှာလေးက လုံးဝကို innocent လေးနော်၊ တကယ်ကို Fair ပဲ၊ ချစ်ချင်စရာရုပ်လေး။ ကြည့်ရတာ ပွဲတစ်ခုခုထင်တယ်၊ Dinner လားကျောင်းကပွဲလား၊ အမှတ်တရပွဲလား၊ Fun ပွဲလား မသိဘူး"

"Fun ပွဲဖြစ်ဖို့ များတယ်။ အဲဒီမိန်းကလေး အရှေ့မှာကောင်မလေး ခြောက်ယောက်လား မသိဘူး တစ်ယောက်ချင်းစီ ကပြီးသွားပြီ၊ သူ့နောက်မှာလည်း ကတဲ့ကောင်မလေးတွေ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အခွေကို အစအဆုံး ကြည့်ပြီးသွားပြီပေါ့"

"ငါကြည့်တာ မဟုတ်ပါဘူး။ ဖူးစုံ ကြည့်ပြီး ပြန်ပြောပြတာ။ အဲဒီတစ်ခွေလုံး ကတဲ့ကောင်မလေးတွေထဲမှာ ဒီတစ်ယောက် အလှဆုံးပဲဆိုပြီး ဖူးစုံက အဲဒီကောင်မလေး ကတာကို ပြန်ပြီးရစ်,ရစ်ကြည့်နေတော့တာ"

"ညည်း ဒါပဲ ကြည့်နေတော့မှာလား ဖူးစုံ"

"ဟင် ... ဘာဖြစ်လို့လဲ ကိုကြီးလက်ဘ၊ သမီးက အဲဒီမမ ဝတ်ထားတာကို သဘောကျလို့"

"သဘောကျမနေပါနဲ့ကွာ၊ သဘောကျလို့ နောက်ထပ်ကြည့်နေရင် စာကျက်ပျက်လိမ့်မယ်၊ အဲဒီအခွေ ငါ့ပေးလိုက်"

"ဟင် ... ကိုကြီးလက်ဘအကြံကို မသိရင်ခက်မယ်။ ဟိဟိ ... ရယ်ချင်လိုက်တာ၊ သူကြိုက်လို့ လိုချင်လို့တောင်းတာကို သူများကို ချောက်ချချင်သေးတယ်၊ အဲဒီလိုလုပ်လို့ ဘယ်ရမလဲ၊ ရော့ပတ္တမြား ရော့နဂါးပေါ့"

"ဟဲ့ကောင်မလေး၊ ကိုယ်လည်းအသုံးဝင်တာ မဟုတ်ဘူး၊ ပေးလိုက်ပါလား ပေးစရာရှိတာကို"

ဖူးစုံအစ်ကို ဝဏ္ဏက ညီမဖြစ်သူကို တစ်ချက်ဟန့်လိုက်သော်လည်း ဖူးစုံကတော့ဖြင့် မမှုပါ။ အသက်ခပ်ငယ်ငယ်





လေးနှင့် ပေါတောတောလေး နေတတ်သော ဖူးစုံက သူ့ကိုမှ မဟုတ်။ သူ့အစ်ကိုသူငယ်ချင်းတွေ မှန်သမျှကို ရင်းနှီးကျွမ်းဝင်စွာ ကလေးဆန်ဆန် ပေါင်းသင်းခင်မင်တတ်၏။ သူ့က ပြည့်စုံချမ်းသာပေမယ့် ဝဏ္ဏက သူ့လောက်မပြည့်စုံပါ။

ကိုယ်ပိုင်နှစ်ထပ်ပျဉ်ထောင်အိမ်နှင့် ပေလေးဆယ်ခြောက်ဆယ် ခြံတစ်ခြံလေးနဲ့သာ။ သူက အဆင့်အတန်း မခွဲသူမို့ ဝဏ္ဏကိုလည်း ပေါင်းသည်။

ဝဏ္ဏထက် ပိုပြီးမပြည့်စုံရှာသော သူငယ်ချင်းတွေကိုလည်း ပေါင်းသင်းသည်။

"နေစမ်းပါကွာ၊ ဒီကောင်မလေး ငါ့ဆီက ဘာညှဉ်းချင်တာလဲ မသိဘူး"

"ကိုကြီးလက်ဘက ပါးသားပဲ၊ သမီးက အများကြီးမတောင်းဆိုပါဘူး၊ သမီးကို ကြေးအိုးသုံးပွဲဝယ်တိုက်ရင် ရပြီ"

"ဒါများ ခက်ခဲတဲ့ကိစ္စမှတ်လို့၊ ဒါနဲ့ နေပါဦး ... ညည်းက တစ်နေ့တည်း ကြေးအိုးသုံးပွဲ ကုန်လို့လား"

"တစ်နေ့တည်း ဘယ်ဟုတ်မလဲ၊ တစ်ရက်တစ်ပွဲ စားမှာပေါ့"

"အေးပါ ဖြစ်တယ်၊ ညည်းသာ အခွေထုတ်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဖူးစုံက အခွေကို စက်ထဲမှထုတ်ရင်း သူ့ဆီကမ်းပေးလာခဲ့သည်။ တစ်ချက်ပြုံးလိုက်ရင်း အခွေကိုယူလိုက်တော့...

"မင်းရောဂါ ရင့်သွားပါလား၊ နေရင်းထိုင်ရင်းနဲ့"

ဟု ဝဏ္ဏက စလေသည်။ ထိုအခွေ သူ့လက်ထဲရောက်တဲ့နေ့မှစ၍ အပြင် ဟိုဟိုဒီဒီ သိပ်မသွားဖြစ်တော့ဘဲ အားရင် အခန်းထဲဝင်ပြီး အခွေကိုသာ ထိုးကြည့်နေခဲ့ပြီး ပေါ်လာသော သူမရုပ်သွင်လေးကို Slowmotion လုပ်ကြည့်လိုက် Pause လုပ်ကြည့်လိုက်နှင့် ခဏ ခဏ ပြန်ကြည့်နေမိသလို ကြည့်တိုင်းလည်း မဝနိုင်ခဲ့ပါ။ ဒီလောက် ပြည့်စုံကြွယ်ဝသော အလှရတနာတွေ ပေါင်းစုထားသော မိန်းကလေးမျိုးကို သူ့တစ်သက် မမြင်တွေ့ဘူးချေ။ တကယ် ... တကယ် ...။

ကိုယ့်အိမ်မှာ စိတ်တိုင်းကျ ရစ်ကြည့်၊ အနီးကပ်ဆွဲယူကြည့်တော့မှ သူမ၏အလှမှာ ပို၍ထင်ရှားကြောင်း တွေ့ရသည်။ မျက်အိမ်ကျယ်ကျယ်မှာ မဟူရာရောင်က ရှန်းစိုတောက်ပနေကာ မျက်တောင်တွေက ထူထဲနက်ခတ်လျက် ရှည်ရှည်စင်းစင်းလေးတွေဖြစ်သည်။ မျက်ခုံးဆိုလည်း ဘာမှပြောစရာမလိုအောင် သွယ်တန်းလျက် မျှဉ်မျှဉ်သေးသေးလေးဖြစ်သည်။ ကြည့်ရတာ လိုချင်သည့် အနေအထားမျိုးရောက်အောင် မျက်ခုံးကို ရိတ်ဆွဲထားသည် ထင်ပါရဲ့။





နှာတံလေးမှာ ဖြောင်းစင်းချွန်မြနေကာ အဖျားကခပ်လုံးလုံးလေး ဖြစ်နေပုံက မြင်ရသူတိုင်း ပြန်လှည့်ကြည့်ချင်အောင်ကို ဆွဲဆောင်နေတော့တာ။

ပြီးတော့ ... နှုတ်ခမ်းလေး။ သိပ်လည်းမပါးလွန်း သိပ်လည်းမထူလွန်းသော နှုတ်ခမ်းနှစ်လွှာကို ပန်းဆီရောင်ခပ်ရွှဲရွှဲတင်ထားတာကိုဖြင့် သူ အကြည့်ပင် လွှဲထားရသည်။ အကြည့်သာ မလွှဲထားရင်ဖြင့် အသည်းယားပြီး သူ တစ်ခုခု ထလုပ်လိမ့်မိမလားမသိ။

လူစင်စစ်မဟုတ်ဘဲ ဖန်သားပြင်ပေါ်မှာ မြင်နေရတဲ့သူမပုံရိပ်တွေကို ဘာတစ်ခုမှ လုပ်မရနိုင်ခဲ့ရင်တောင် နီးရာနံရံကိုပြေးပြီး လက်သီးနဲ့ဆွဲထိုးပစ်လိုက်ချင်စိတ်တွေ တဖွားဖွား ထလာအောင်၊ သူ့ရင်တွေ မရိုးမရွ ဖြစ်လောက်အောင်ကို သူမက အလှကြီး လှနေတော့သည်။

သူမရဲ့လည်တိုင်ကြော့ကြော့လေး၊ လက်မောင်းသားဝင်းဝင်းလေး အားလုံး အားလုံး ပြောစရာမလိုအောင် လှပနေခဲ့သည်။ သူမရဲ့လှပမှုတွေကိုသာ ပြောရရင်ဖြင့် ကုန်နိုင်တော့မည်မထင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ သူမက မီးရောင်ကြားထဲ ဝေ့ဝိုက်ကာ လှည့်ပတ်ကနေရင်းက ဖျတ်ခနဲ ပြုံးလိုက်သောအခါ ဆိုဖာပေါ် ထိုင်နေရသော သူ့ပင် ကြွတက်ချင်သလို ဖြစ်သွားရသည်။

မင်း ဘာဖြစ်လို့ အဲဒီလောက် လှနေရတာလဲကွာ။ မင်းအပြုံးက ငါ့နှလုံးသားကို အရည်ပျော်လောက်စေတယ်။ မင်း ဘယ်သူလဲ၊ ဘယ်ကလဲ။ ငါတို့နှစ်ယောက် အပြင်မှာ တွေ့ကြမှာလားဟင်။ မင်းနာမည် ဘယ်သူလဲ၊ သိချင်လိုက်တာ။

အတွေးပေါင်းများစွာတို့ကို တွေးရင်း သူမမျက်နှာလေးမှာ နစ်မျောသွားရသည်။ သူမ အဲဒီလောက်လှတာ ရည်းစားတွေ ချစ်သူတွေ ရှိမှာပေါ့ ဟူသော အတွေးကြောင့် သူ့ရင်တွေ ချက်ချင်း ဟာဆင်းသွားရပြန်သည်။ တွေ့ချင်ပါတယ် မိန်းကလေးရယ်၊ ကိုယ် မင်းကို အပြင်မှာ တွေ့ဖူးချင်ပါတယ်။

○❖○





ပြည့်စုံကုံလုံသော မိသားစု အသိုင်းအဝိုင်းကြားမှာ ရှင်သန်ရသော သူ့အတွက် "ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ခြင်း" ဆိုတာတွေ၊ "ကြိုးစားရုန်းကန်ခြင်း" ဆိုတာတွေကို ဘာတစ်ခုမှ သိခွင့်မရခဲ့ပါ။

အသက်နှစ်ဆယ့်သုံးနှစ်အရွယ်ပင် ရောက်ခဲ့ပြီ။ သူစားတဲ့ ထမင်းပန်းကန်တောင် မဆေးရတဲ့ သူ့အဖြစ်ဟာ သူ့သူငယ်ချင်းတွေနဲ့တော့ ကွာမှကွာ။ သူ့အပေါင်းအသင်း ဘော်ဒါတွေဖြစ်တဲ့ ဝဏ္ဏ၊ ကျော်မိ၊ နိုင်ထက်ဦးတို့က မပြည့်စုံသူတွေမို့ သူ့အသက်အရွယ်ပင် ဖြစ်သော်ငြားလည်း အလုပ်တစ်နေရာဆီမှာ အလုပ်,လုပ်နေကြပြီဖြစ်သည်။

သူရယ်၊ ဝေလင်းထွေးနှင့် ခေတ်သစ်တို့ကတော့ မိဘချမ်းသာမှုကို အမှီပြုပြီး ဘာအလုပ်မှ လုပ်ကိုင်ခြင်းမရှိဘဲ ကားတစ်စီးနှင့် မြို့ထဲလျှောက်ပတ်ချင် ပတ်နေတတ်သည်။ အခွေ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ သူမကို မြင်တွေ့ပြီးကတည်းက တွေ့လေရာ ရောက်လေရာ တိုင်းမှာ သူမကိုများ တွေ့ရလိမ့်မလားဆိုသော အတွေးနှင့် မိန်းကလေးတွေကို ငမ်းတဲ့ရောဂါက သူ့မှာ စွဲကပ်လာတော့သည်။

မိန်းကလေးတွေ အများဆုံးသွားလာတတ်သော မိုလ်ချုပ်ဈေးလို နေရာမျိုးမှာ၊ FMI လို နေရာမျိုးအပြင် Plaza Shopping Mall တွေလည်း နှံ့နေခဲ့ပြီ။ သူမကို မတွေ့ရပါ။ အကုန်လုံးလည်း သူ့ခြေရာတွေ ထပ်နေခဲ့သည်။ ဘယ်များအပုန်း ကောင်းနေသလဲ မိန်းကလေးရေ။

"မင်း တစ်နေ့ တစ်နေ့ ဒီလို လျှောက်ရှာနေလို့ ပြီးမလား ကွာ"

"အဲဒီလို မရှာလို့ ငါက ရင်ဘတ်မှာ စာကပ်ပြီး ရှာရမ လား"

"ငါတို့လည်း ခြေတိုတော့မယ် လက်ာ၊ မင်း ငါတို့ကို မကျေနပ်လည်း ပြောပါကွာ၊ အနုနည်းနဲ့တော့ မနှိပ်စက် ပြပါနဲ့"

"တိတ်စမ်း ... ယောကျ်ားတွေဖြစ်ပြီး သွက်သွက်ခါအောင် ညည်းရတယ်လို့၊ မင်းတို့ ဒါလောက်လေးတောင် မကူညီ နိုင်ဘူးလား"





"ငါပြောမယ် လက်ာ၊ မင်း အဲဒီလိုရှာနေလို့တော့ သေတာ တောင်တွေ့မှာမဟုတ်ဘူး၊ သတင်းစာထဲကရှာမှ ရလိမ့်မယ်"

"ကျွတ် ... တကယ်ပါပဲ၊ သတင်းစာထဲကနေ ဘယ်လို လုပ်ရှာလို့ ရမှာတုန်းကွ၊ မင်းဘိုးအေကိုတောင် သတင်း စာထဲကနေ ရှာလို့ရမှာ မဟုတ်ဘူး"

"မင်းစိတ်ကလည်း ပဲမြစ်လားကွာ၊ တိုတတ်လိုက်တာ၊ အခွေတစ်ခွေ ကောက်ရထားသည်။ မိန်းကလေးများ တစ်ယောက်ချင်းကသည့်အခွေဖြစ်သည်။ မိန်းကလေး ဘယ်နှယောက် ပါဝင်ကပြထားသည်ဆိုပြီး ရေးလိုက်ရင် ဖြစ်တာပဲ"

"အရူးလား ... မင်း အရူးလားကွာ။ သေတော့မှာပဲ၊ ဒီလောက် ရှက်စရာကောင်းတဲ့ အလုပ်ကို၊ ကောက်ရထား တာ ငွေအထုပ်လိုက်လည်း မဟုတ်ဘူး၊ ရွှေအထုပ်လိုက် လည်း မဟုတ်ဘူး၊ အခွေလေးတစ်ခွေကို ရေးကြီးခွင်ကျယ် လုပ်ပြီး သတင်းစာထဲက ထည့်လိုက်ရင် နာကျတာ ထင် ရှားတယ်လို့ ပြောမှာ သေချာတယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"အေးလေကွာ၊ မင်းဟာက ယုန်တောင်ပြေး ချွေးမြောက် လိုက် ကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်သစ် ပြောတာ မှန်တယ် လက်ာ၊ မင်းက ဗိုလ်ချုပ်ဈေးမှာ ရှာတဲ့အခါ သူက သိမ်ကြီးဈေးရောက်ရင် ရောက်နေမှာ၊ မင်းက အိမ်ထဲမှာ အချွေကြည့်နေရင် သူက မင်းအိပ်ရှေ့ရောက်ရင် ရောက်နေမှာ"

"ဟုတ်ပါ့ကွာ၊ မသိတဲ့ မိန်းကလေးတစ်ယောက်ကိုခုံအောင်လိုက်ရှာတာတဲ့။ မြေပေါ်ကအစ်နဲ့ မိုးပေါ်ကအပ် ထိပ်ဖျားချင်း ထိစပ်ဖို့ကမှ လွယ်ဦးမယ်"

သူငယ်ချင်းတွေက စိတ်ပျက်အားလျော့သလို ညည်းလုံးထုတ်ရင်း တစ်ယောက်တစ်ယောက် ပြောလာကြသည်။ သူပခုံးကို အပေါ်ပင့်တင်လျက် လက်ဝါးနှစ်ဖက်ကို ဖြန့်ပြရင်းခေါင်းခါပြလိုက်တော့ ...

"ခွေးကောင် ... မျက်ခွက်က ပြောင်နိုင်သေးတယ်၊ ဒီမှာတစ်မနက်လုံး နေပူကြီးထဲဒိုးရတာ အသက်က တည်းတည်းလေး ကျန်တော့တယ်"

"ဟုတ်တယ်ကွာ၊ မင်း အဲဒီလို လုပ်မနေနဲ့တော့ လက်ာ၊ ငါတို့တွေရှာတာ ဘယ်နှရက် ဘယ်နှလတွေ ရှိပြီလဲ၊ တွေ့မှ မတွေ့တဲ့ဥစ္စာ"





"ဒါဖြင့် ငါက ဘာဆက်လုပ်ရမှာလဲ၊ ငါ သူ့ကို အရမ်းတွေ့ချင်နေတယ်ကွာ၊ ငါ ဘာလုပ်ရမလဲ။ ဘာလုပ်ရမလဲ၊ ပြောကြပါ"

"မင်းလား"

"အေး"

"သေလိုက်ဖို့ပဲ ကောင်းတော့တယ် အလက်ာ"

"ဘာ ... တောက်၊ မစာမနာကွာ။ မင်းတို့ ကောင်မလေးတွေကို စကားပြောနိုင်ဖို့အတွက် ငါ ကြိုးစားပေးခဲ့ရတာတွေ၊ အနောက်က လိုက်ပေးခဲ့ရတာတွေကိုတော့ တစ်ယောက်မှ ပြန်မတွေးကြဘူး"

"လက်ာ ... မင်း မဖြစ်နိုင်တာကို မလုပ်ပါနဲ့လား။ မင်းတို့ ဖူးစာမှန်ရင် ညားမှာပဲ"

"ဟူး ... ရှီး၊ မင်းတို့ မလိုက်လည်း နေကြကွာ၊ ငါ့ဘာသာ တစ်ယောက်တည်း ကြိုးစားကြည့်မယ်"

"အဲဒီသဘောလည်း မဟုတ်ပါဘူးကွာ"

"မဟုတ်ပေမယ့် မင်းတို့ မလိုက်ချင်ကြတော့ဘူး မှတ်လား။ ငါကတော့ ရှာနေမှာ။ အလုပ်တစ်ခုအနေနဲ့ မဟုတ်တောင်အပြင်ထွက်တာနဲ့ သူ့အရိပ်အယောင်ကို လိုက်ကြည့်နေမိမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း သူ့အပေါ် တော်တော်နစ်ဝင်သွားလို့လား လက်ာ"

"မပြောတတ်ဘူး။ ငါ သူ့ကို သိပ်တွေ့ချင်နေတာပဲသိတယ်"

"ကဲပါကွာ ... ဒီနေ့တော့ လက်လျှော့လိုက်တော့။ မင်းပြောသလို အလုပ်တစ်ခုအနေနဲ့ မဟုတ်တောင် အပြင်ထွက်လို့ ရှာကြည့်မိတာကို အပြစ်မပြောပါဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း ဒုက္ခမခံနဲ့ပေါ့ကွာ"

"တော်ကြာ နေပူထဲထွက်ပါများလို့ လူကင်ဖြစ်တော့မယ်"

"ဒါဆိုလည်း ပြန်ကြတာပေါ့ကွာ ... လာ"

သူတို့သုံးယောက် ကားတစ်စီးတည်းဖြင့် အိမ်သို့ပြန်လာခဲ့ကြသည်။ သူက ကားမောင်းရင်း မျက်စိကလည်း အငြိမ်မနေပါ။ တွေ့လိုတွေ့ငြားဖြင့် မျှော်လင့်ချက်လေးထားကာ ကောင်မလေးတွေ လိုက်ကြည့်မိပြန်သည်။ ဘာလို့ သူမကို အဲဒီလောက် တွေ့ချင်နေမှန်းကို မသိပါဘူး။ အချိန်တိုင်းမှာလည်း ညို့မြူနေတတ်သော သူမမျက်ဝန်း တောက်တောက်လေးတွေနှင့် နှုတ်ခမ်းလေးတစ်စုံကို အမြဲတမ်း သတိရနေတတ်ခဲ့သည်။

"အလက်ာ"

"ပြော"





"မင်းကောင်မလေးကို တွေ့ချင်ရင် ဘုရားသွားလည်းဖြစ်တာပဲ"

လင်းထွေးရဲ့မတင်မကျ စကားကြောင့် သူမကို တွေ့ရတော့မလားဟူသော ဝမ်းသာပျော်ရွှင်စိတ်ဖြင့် မျက်လုံးတွေအရောင်လက်ဖြာကာ မေးလိုက်မိသည်။

"ဘုရားသွားရင် သူ့ကို တွေ့ရမှာလား။ သူက ဘုရားမှာရှိမှာလား။ မင်းက ဘယ်လိုလုပ်သိလဲ"

"မဟုတ်ဘူးလေကွာ၊ ဘုရားသွားပြီး ဆုတောင်းပြည့်ဘုရားမှာ သွားပြီးဆုတောင်းရင် တွေ့နိုင်တာပေါ့ကွ"

လင်းထွေးရဲ့ ဖြေရှင်းချက်စကားကြောင့် သူနှုတ်ခမ်းလှုပ်သာရုံ ခပ်တိုးတိုး ဆဲရေးပစ်လိုက်သည်။ ဘာလဲကွာ ... နောက်တောက်တောက်နဲ့၊ ခုချိန်မှာ သူက ရေငတ်နေသူတစ်ယောက်ပါ၊ ရေလေးတစ်ပေါက်ကိုတောင် အငမ်းမရ သောက်ချင်နေတဲ့အချိန်မှာ ချွတ်တီးချွတ်ချော်စကားက သူ့မျှော်လင့်ချက်တွေကို ပပျောက်စေသလိုပင်။ ဒီကြားထဲ ခေတ်သစ်က တစ်မျိုး။

"မင်းကလည်း ... ဘုရားမှာ ဆုတောင်းမယ့်အစား ဗေဒင်ဆရာဆီပဲ သွားလိုက်တော့မှာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဗေဒင်ဆရာက သူ့ဟာမလေးကို ဘယ်လိုလုပ် သူနဲ့ပေးတွေ့ပေးနိုင်မှာတဲ့လဲ၊ မဆိုင်ပါဘူးကွာ၊ ဗေဒင်ဆရာနဲ့"

"ဘာလို့မဆိုင်ရမှာလဲ။ ခာတ်ရိုက်ခာတ်ဆင်နဲ့ ခေါ်မယ်ကွာ၊ ကဲ ... ဘာဖြစ်သေးလဲ"

"ခာတ်ရိုက်ခာတ်ဆင်နဲ့ ခေါ်မယ်ဆိုရအောင် ကောင်မလေး မွေးနေ့မွေးနံမှ မသိဘဲ"

"ဒါဖြင့်ရင် magic formula နဲ့ အသုံးချမယ်ကွာ"

"တော်ကြစမ်းပါကွာ၊ စိတ်ညစ်ရတဲ့အထဲ ဘာတွေပြောနေကြမှန်းလဲ မသိဘူး။ တော် ... ငါ့ဘာသာ ငါ့မျှော်လင့်ချက်လေးနဲ့ ဆက်နေတာ ကောင်းသား။ ငါ ထင်တယ် ခေတ်သစ်နဲ့ လင်းထွေး၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူနဲ့ ဆုံတွေ့ရလိမ့်မယ်လို့"

"အေး ... မင်းထင်ရင် ပြီးတာပါပဲကွာ"

"မင်း ခန့်မှန်းချေနဲ့ လက်ာ၊ မိန်းကလေးဆိုတော့ Beauty saloon လည်း သွားနိုင်တာပဲ။ ကျောင်းသူလည်း ဖြစ်ချင်လည်း ဖြစ်နိုင်တယ်။ ဘုရားမှာလည်း တွေ့ချင်တွေ့နိုင်တယ်"





"တွေ့တဲ့အချိန်မှာသာ ဟိုက ယောက်ျားငုတ်တုတ်ကြီးနဲ့ ဆိုရင်တော့ ..."

"ယောက်ျားငုတ်တုတ်ကြီးက ဘာဟုတ်သေးလဲ။ ကလေးတွေ ပုစုခရုတွေနဲ့ဆို ..."

"ဟိတ်ကောင်တွေ ... အထိုးခံချင်ပြီလား"

သူ ခပ်ဆတ်ဆတ် အော်လိုက်တော့မှ နှစ်ယောက်သား ငြိမ်ကျသွားပြီး ပြုံးဖြီးဖြီးကြီးတွေ ဖြစ်နေကြတော့သည်။ နောက်နေ့တွေကြတော့လည်း မျှော်လင့်ချက်လေးဖြင့် သူ အပြင်သို့ ထွက်ကြည့်သေးသည်။

သူငယ်ချင်းတွေကိုတော့ အသိပေးပြီး ခေါ်မနေတော့ပါ။ သူ့အတွက်နဲ့လည်း ဒုက္ခမခံစေချင်တော့ပေ။

သူလည်း တစ်သီးတစ်သန့်ကြီး လိုက်ရှာနေတာမျိုးတော့ မဟုတ်ပါ။ လူစည်ကားရာ နေရာဆိုလျှင်တော့ တောင်ကြည့် မြောက်ကြည့်နဲ့ ရှာမိသေးသည်။ သူမကို အခွေထဲကနေ မြင်တဲ့နေ့ကစပြီး တွေ့နိုးနိုးနဲ့ ရှာခဲ့လိုက်တာ နှစ်လကျော်လောက်တောင် ကြာမြင့်သွားခဲ့သည်ထင်၏။ ဘယ်နေရာမှာမှပင် အရိပ်အယောင်လေးကိုပင် မတွေ့ရသောအခါ နောက်ဆုံးတော့ သူ့စိတ်တွေကို ဒုံးဒုံးချပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား ... တပည့်တော်ရဲ့ချစ်ခြင်း စစ်မှန်လျှင် သူမနဲ့ တွေ့လိုပါ၏"

ဆိုတဲ့ဆုကို ကြောင်တောင်တောင်နှင့် တီးတိုးဆုတောင်းမိရင်း "ရှာပုံတော်"ဇာတ်လမ်းကို တစ်ခန်းရပ်ပစ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် သူမကို တွေ့လိုမှုတွေဖြင့် သူ ရှာတော့ ရှာခဲ့သေးသည် မဟုတ်ပါလား။

တစ်နေ့ တွေ့ကြပြီဆိုပါစို့ ...။ သူကမှ ကိုယ့်မသိဘဲ၊ ကိုယ်ကရော သူ့ကို ဘာစပြောရမှာလဲ။ အင်း ... ကြောင်စီစီတော့ နိုင်ပါတယ်။ တွေ့မှ ကြိုးစားတာကပဲ သူ့အတွက် အကောင်းဆုံး ဖြစ်ပါလိမ့်မယ် ထင်ပါရဲ့။

○❖○





သူမကို မရှာဖွေတော့ဘဲ စိတ်လျှော့လိုက်ပြီးနောက် အခွေလေးနဲ့ပဲ ရောင့်ရဲတင်းတိမ်နေမိတော့သည်။ အခန်းထဲမှာ တစ်ယောက်တည်း သူမပုံကို အမျိုးမျိုးလုပ်ကြည့်ရင်း အခန်းထဲကနေ အပြင်ကို မထွက်နိုင်တော့။ ကြာတော့ မေမေနဲ့ ဘွားကပင် သူ့ကို သတိထားမိလာကာ ...

"ဒီကောင်လေး ဘာဖြစ်နေတယ် မသိပါဘူး၊ တစ်နေ့တစ်နေ့ အခန်းအောင်းနေတယ်၊ ကျေန္တတော့ မိန်းမလိုချင်နေလား မသိပါဘူး၊ နေဦး ... နေဦး ... ဘွားရှာပေးမယ်၊ အင်း ... ဟုတ်ပါရဲ့၊ မြေးတောင် အရွယ်ရောက်လာပြီကို၊ မေ့နေလိုက်တာ၊ အတော်ပဲ ... ဒီအရွယ်မှာ အိမ်ထောင်ပြုပေးလိုက်ရင် ဘွားလည်း အနည်းဆုံး မြစ်တစ်ယောက်လောက်တော့ ချီခွင့်ရနိုင်သေးတာပဲ။ ဘွားမှာ အသိမိတ်ဆွေတွေ ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မေမေ၊ ဒီကောင်လေးကို အိမ်ထောင်ချပေးရင် ကောင်းလိမ့်မယ်၊ သူ့ကြည့်ရတာ ဂနာမငြိမ်ဘူး"

"မေမေ မဟုတ်တာတွေ လျှောက်မလုပ်နဲ့နော်၊ ကျွန်တော် ဘာမိန်းမမှ မလိုချင်ဘူး"

"တွေ့ကြည့်စမ်းပါဦးလား ငါ့မြေးရယ်၊ နေဦး ... ကောင်မလေးတွေထဲက ဘယ်သူရှိမလဲ။ အင်း ... မောင်ချမ်းငြိမ်းအေးရဲ့သမီးလေးတော့ မျက်စိထဲ မြင်မိတယ်။ ဟဲ့ ... မိနန္ဒာ၊ ချမ်းငြိမ်းအေးရဲ့သမီးလေး ရွှေရင်ငြိမ်းဆို ဘယ်လိုနေမလဲ"

"ကျွန်မက သူ့ကို မျက်စိထဲ သိပ်မတွေ့မိဘူး မေမေ။ ကျွန်မ သဘောကျတာက ပန်းစပယ်ဖူးဆိုတဲ့ ကောင်မလေးကိုပဲ"

"ပန်းစပယ်ဖူး ... ပန်းစပယ်ဖူး ဆိုတာ ဟိုယဉ်ယဉ်လေးနဲ့ ဆံပင်ရှည်ရှည် ကောင်မလေးကို ပြောတာလား"

"အင်း ... ဟုတ်တယ်"

"သူ့လေးလည်း မဆိုးပါဘူး"

"ဟဲ့ ... လက်ာ၊ မင်း ပန်းစပယ်ဖူးနဲ့ တွေ့ကြည့်လိုက်ပါလား"

"တွေ့ကြည့်ပြီး ဘာလုပ်ဖို့လဲ"





"နင်နဲ့ပေးစားမလို့ပေါ့"

"ပေးစားဖို့ဆိုရအောင် ကျွန်တော်က မိန်းမယူချင်နေပါပြီလို့ ပြောလိုက်မိလို့လား"

"မပြောမိလည်း ပန်းစပယ်ဖူးလေးက ဒီလောက်ချောတာကို။ ပြီးတော့ နင့်အသွားကလည်း မြစ်ချီချင်ပြီ"

"မြစ်ချီချင်တာ မချီချင်တာကို ကျွန်တော် မသိဘူး။ ပန်းစပယ်ဖူးကို ချောလို့ လှလို့ လက်လွှတ်မခံချင်ရင်တော့ ဖေဖေနဲ့သာ ပေးစားလိုက်တော့"

"ဟာ ... ဟိတ်ကောင်၊ ခွေးသား"

မိသားစုတွေအကုန်လုံး ညေ့ခန်းထဲမှာ ပန်းသီး၊ နာနတ်သီးတွေကို ခွဲစိပ်စားရင်း စကားပြောနေရာမှ သူက စိတ်ခပ်ချဉ်ချဉ် ဖြစ်လာသဖြင့် ဖေဖေနဲ့ လှည့်ပြောလိုက်တော့ ဖေဖေက သူ့ကိုချစ်စနိုးဆဲရေးရင်း လှမ်းရိုက်ဟန်ပြုတာမို့ ရှောင်ထွက်လာခဲ့သည်။

သူ့ကို မိန်းမပေးစားဖို့အတွက် စပ်ဟပ်နေတဲ့ အကြောင်းကို သူငယ်ချင်းတွေနဲ့ဆုံတော့ ဘာရယ်မဟုတ် ပြောမိလိုက်ချိန်မှာ ကျော်မိုက ပြောလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ fable လေးကို အပြင်မှာ တွေ့နိုင်ဖို့က အချိန် ဘယ်လောက်ကြာကြာ စောင့်ရဦးမယ် မသိဘူး။ လက်ရှိ လူကြီးတွေ စီစဉ်ပေးနေတဲ့အချိန်မှာ မင်းလက်ခံလိုက်တာ ကောင်းမယ် ထင်တယ်"

"ဘာ ... ဘာကိစ္စနဲ့ လက်ခံရမှာလဲ။ ငါ့ dream လေး ကို တွေ့လို တွေ့ငြား စောင့်ကြည့်ချင်သေးတယ်"

"ဒီလိုနဲ့ပဲ အသက်ကြီး အိုတော့မယ်"

နိုင်ထက်က သီချင်းလို လုပ်ဆိုရင်း ပြောလာတော့ သူက ဖွဲမလျှော့ဟန်ဖြင့် ပြောလိုက်သည်။

"အိုတော့လည်း လေးဆယ်ကျော် အချစ်ပေါ့ကွာ"

"ဟား ဟား ... အချစ်တဲ့။ ဘာလဲ လက်ာ၊ မင်းက အဲဒါ လေးကို ချစ်သွားတာလား"

"ဘယ်လိုပြောရမလဲ၊ ငါလည်း မပြောတတ်ဘူး၊ သူက သိပ်လှတယ်ကွာ၊ အဲဒီအတွက်ကြောင့် တွေ့ချင်နေတာ၊ ချစ်လား မချစ်လား ဆိုတာတော့ သိပ်မသေချာဘူးကွ။ အခုနေတော့ cordially မဖြစ်လှသေးတာ အမှန်ပဲ"

"cordially မဖြစ်သေးတယ်၊ ငါတို့ကို နေခြောက်လှန်းပြီး မျက်လုံးတွေကို အလုပ်ပေးထားလိုက်တာကတော့ cordially ပဲ"





သူနဲ့ နိုင်ထက် စကားစအပြတ်ကို စောင့်နေဟန် ရှိသော ကျော်မိက ပြောလာသည်။

"မဟုတ်ဘူး အလက်ာ၊ ငါ မင်းကို အကြံပေးမယ်၊ မင်း အဘွားနဲ့အမေ ပေးတွေ့ပေးမယ်ဆိုတဲ့ မိန်းကလေးတွေ ကို တွေ့ကြည့်လိုက်"

"ဟာ ... မင်းကလည်း ဒါပဲ၊ မတွေ့ချင်ပါဘူးဆိုမှ"

"မဟုတ်ဘူး ခွေးကောင်ရ၊ ငါပြောတာ ဆုံးအောင်နားမ ထောင်ဘူး၊ ကိုယ်ပြောချင်တာသာ စွတ်ပြောတာပဲ၊ မင်း ကောင်မလေးကို နေပူထဲမှာ လိုက်ရှာရမှာထက် အရိပ်ထဲ မှာနေပြီးရှာရင် မကောင်းဘူးလား။ မင်းနဲ့ပေးတွေ့ပေးမယ့် မိန်းကလေးတွေထဲမှာ မင်းကောင်မလေးလည်း ပါရင်ပါ လာနိုင်တာပဲ မဟုတ်လား"

"အေး ... ဟုတ်တယ်ကွ၊ ကျော်မိ ... မင်း တော်တယ်၊ မင်းပြောသလို အရိပ်ထဲမှာနေပြီး ရှာပုံတော်ဖွင့်ရမယ်"

ကျော်မိပေးတဲ့ အကြံအတိုင်း ခေါင်းညိတ်လက်ခံ လိုက်ပြီး အိမ်ရောက်ရောက်ချင်း မေမေနဲ့ဘွားကို သူတွေ့ကြည့်မယ် ဟု ပြန်ပြောတော့ အားလုံးရဲ့သံသယမျက်လုံးတွေက သူ့ဆီဒိုင်း ခနဲ ရောက်လာခဲ့လေသည်။ မေမေနဲ့ ဘွားက ဘာမှမပြောပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရူးစမ်းတဲ့ မျက်ဝန်းတွေနဲ့ပဲ ဝိုင်းကြည့်ရုံသာ ကြည့်နေခဲ့ပြီး ဖေဖေကတော့ ...

"ဖြစ်သွားရပြန်ပြီ ချက်ချင်းကြီးပဲ"

ဟု ဆိုလာပါသည်။ သူ့မသိချင်ယောင်ဆောင်နေလိုက်သည်။ တကယ်တမ်း သူ့အကြံကို အိမ်သားတွေက ဘာတစ်ခုမှ မရိပ်မိပါ။ ဘွားနဲ့ မေမေရဲ့ ချိတ်ဆက်မှုတွေဖြင့် သူကောင်မလေးတွေနှင့် တွေ့ခွင့်ရခဲ့သည်။

"သား ပန်းစံပယ်ဖူးနဲ့ တွေ့မယ် မှလား"

"တွေ့မယ် ... တွေ့မယ်၊ စံပယ်ဖူးနဲ့လည်း တွေ့မယ်၊ နှင်းဆီဖူးနဲ့လည်း တွေ့မယ်"

"ဟဲ့ ... နှင်းဆီဖူး မရှိပါဘူး။ မြတ်နှင်းဆီပဲ ရှိတယ်"

"ရတယ် ... ရှိတဲ့သူကို တွေ့မယ်"

"ဒီကောင်လေး ရိုးကိုမရိုးဘူး၊ ဘာဖြစ်နေမှန်းကို မသိပါဘူး"

မမသဥ္စာဦး စကားကြောင့် သူ ပခုံးတွေကိုတွန့်ပစ်လိုက်သည်။ အိမ်သားတွေက သူ့ပေါ် သံသယဝင်နေချေပြီ။ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ မတင်မကျ ဖြစ်နေသေးသော ရှာပုံတော်ခရီးကို fervour (ပြင်းပြသည့်ဆန္ဒ)ဖြင့် အေးအေးသက်သာ ရှာဖွေခဲ့တော့သည်။





မြတ်နှင်းဆီ၊ ပန်းစံပယ်ဖူး၊ ရွှေရင်ငြိမ်း၊ သဇ္ဇာနွယ်၊ လင်းလက်ကြည်သာ၊ ဆောင်းဟေမာန်၊ မယ်မင်းသွေး ... စသဖြင့် မိန်းကလေးအများကြီး ... အများကြီးနှင့် သူ တွေ့ဆုံခဲ့ရသည်။

သို့ပေမဲ့ သူတွေ့ချင်နေတဲ့ မိန်းကလေးဖြင့်မပါပါ။ သူတွေ့တဲ့ မိန်းကလေးတွေဆို အသက်နှစ်ဆယ်လောက်တောင် ရှိမလားပဲ။

တစ်ယောက်လာရင် ဟင့်အင်း၊ နောက်တစ်ခေါက်ကြတော့ No ၊ နှာခေါင်းရှုံ့တဲ့အခါ ရှုံ့သည်။ ခေါင်းခါတဲ့အခါ ခါသည်။ တကယ် ... တကယ်။ သူနဲ့တွေ့တဲ့ မိန်းကလေးတွေ မျိုးလား မများလားဆို နာမည်တွေတောင် ကောင်းစွာမမှတ်မိချင်တော့ပါ။

ဒီကြားတည်း လူကိုယ်တိုင် တွေ့တာမဟုတ်ဘဲ ဘွားထုတ်ပြတဲ့ ဓာတ်ပုံတစ်ထပ်ကြီးကို ကြည့်ပြီးလည်း ရှာခဲ့ပြန်သည်။

ကြာတော့ မမက စိတ်ရှည်ဟန်မရတော့ဘဲ ...

"နင့်ကြည့်ရတာ လူပျောက်ရှာနေတာ ကျနေတာပဲ။ ဟိုတစ်ယောက်လည်း မကြိုက်၊ ဒီတစ်ယောက်လည်း မကြိုက်။



www.burmeseclassic.com

www.burmeseclassic.com



စပ်ဟပ်ပေးတဲ့ မိန်းကလေးတွေလည်း နှစ်ဆယ်မကတော့ဘူး။' တစ်ယောက်ယောက်ကိုတော့ ကြိုက်ဖို့သင့်ပါပြီ။ ဟိုတစ်ယောက်လေ ... နှောင်းရဝေဆို ချစ်စရာလေး၊ အဲဒါလည်း မကြိုက်ဘူးလား"

"နှောင်းရဝေ ... နှောင်းရဝေ ဆိုတာ ဘယ်သူလဲ"

"ဟော ... ကြည့်၊ တွေ့လား မေမေ၊ မေမေ့သားတော့ မဟုတ်တော့ဘူး။ မဟုတ်တာမှ လုံးဝကို မဟုတ်တော့တာ။ အလကားသက်သက် လူကြီးတွေ အလုပ်ရှုပ်အောင်၊ ဘာတွေလုပ်နေမှန်းကို မသိတော့ဘူး"

မမရဲ့အပြစ်တင်လိုဟန်တွေ သက်ာမကင်းဖြစ်ဟန်တွေကို ဥပေက္ခာပြုရင်း တီဗီကို remote ဖြင့် ကလိနေလိုက်သည်။ သူက အငယ်မို့လို့ အိမ်မှာအလိုလိုက်ခံထားရသလို သူဘာလုပ်လုပ် အပြစ်ဟု သိပ်မမြင်တတ်ကြပါ။ ဒါပေမဲ့ သူ့ရဲ့ရှာပုံတော်ခရီးကို မမက ပိတ်ပင်ပစ်လိုက်သည့်အတွက် နောက်ထပ်မိန်းကလေးတွေနှင့် သူတွေ့ဖို့ အခွင့်မသာတော့။ ကိစ္စမရှိပါဘူးလေ။ ထပ်တွေ့နေရလည်း သူ့ရဲ့ dream လေးက ပါချင်မှပါမှာ။ ရေစက်ဆိုတာ ရှိခဲ့ရင်တော့ ပြန်တွေ့ဖြစ်မှာလေ။





အင်း ... ပြန်တွေ့ရအောင်ဆို တွေ့မှမတွေ့ရသေးဘဲ။ အဲဒီတော့ ဘယ်လိုပြောရမလဲ။ ရေစက်ဆုံဖြစ်မယ်ဆိုရင် သူမနဲ့ တွေ့ချင်ပါတယ်ပေါ့။

○❖○



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

"ကိုလေး … ကိုလေး၊ ကိုလေးကို လွှာ အရမ်းသတိရနေတာ သိလား"

ကိုလေး လည်ပင်းကို ဟီးလေးခိုပြီး ကျောပြင်ကို တအားကျုံးဖက်ကာ သူမ ဆိုလိုက်တော့ ကိုလေးမျက်နှာတအားပြုံးကျသွားပြီး သူမ နဖူးကို ခပ်ဖွဖွ နမ်းလိုက်ရင်းက …

"ဖယ်ပါဦး လွှာလေးရယ်၊ ခဏဖယ်၊ ကိုလေးလည်း လွှာကို သတိရနေတာ"

"ဟိုမှာ အရမ်းအေးတာပဲ၊ ကိုလေးအတွက် လွှာ အနွေးထည် ဝယ်လာတယ်"





သူမက တောင်ကြီးမရောက်ဖူးဘူးဟု ဆိုသဖြင့် ကိုလေးမေမေ အန်တီမြက တောင်ကြီးကို ကိစ္စတစ်နှင့် နှစ်ပတ်သွားမည်ဆိုတော့ သူမကို ခေါ်သွားသည်။ သူမနဲ့ ကိုလေးက တစ်ခြံတည်းနေပြီး အလွန်ရင်းနှီး ခင်မင်တဲ့သူတွေ ဖြစ်သည်။

ကိုလေးမေမေ အန်တီမြနှင့် သူမ မေမေက ငယ်ငယ်ကတည်းက နှစ်ကိုယ့်တစ်စိတ်ပမာ အရမ်းချစ်တဲ့ သူငယ်ချင်းတွေဖြစ်သည်။ အန်တီမြကအရင် မေမေ့ထက် ရှစ်နှစ်စောပြီး အိမ်ထောင်ကျသည်။ အိမ်ထောင်ကျပြီး မကြာခင် ကိုလေးကို ကိုယ်ဝန်လွယ်ခဲ့ရသဖြင့် သူမထက် ကိုလေးက ခုနစ်နှစ်ကျော် ရှစ်နှစ်နီးပါးလောက်ကြီးသည်။

အိမ်ထောင်တွေ အသီးသီးကျတော့လည်း ခြံချင်းကပ်လျက် နေထိုင်လာခဲ့ပြီး ကိုလေးဖေဖေရော သူမ့ဖေဖေရောဆုံးတော့မှ ကပ်လျက်ခြံနှစ်ခုကို တစ်ခြံတည်း ပြန်ပူးပေါင်းရင်းနေထိုင်လာခဲ့တာ ဆယ်နှစ်ကျော်လောက် ရှိခဲ့ပြီ။ သူမ သုံးနှစ်သမီးအရွယ်လောက်ကစပြီး ကိုလေးက အရိပ်တကြည့်ကြည့်နဲ့ သူမကို စောင့်ရှောက်ခဲ့သည်။ သူမကလည်း ကိုလေးလက်မှာပဲ ကြီးလာခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် သူမနဲ့ ကိုလေးရဲ့ ရင်းနှီးခင်မင်မှုက သူများတွေ လက်ဖျားခါရတဲ့အထိပင်။ လူကြီးတွေကတော့ သူမတို့ကို ထူးပြီးအံ့ဩမနေတော့ပါ။ သူမတို့ရဲ့ပတ်သက်မှုက လုံးဝကို ဖြူစင်သည်။

သူမဆိုတာ ယောကျာ်းလေးပေါင်း မြောက်မြားစွာရဲ့ Propose လုပ်ခြင်းကို နေ့စဉ်နဲ့အမျှ ခံနေရသည့် မိန်းမချောလေးတစ်ယောက်ဖြစ်သည်။ ကြာလာတော့ ကိုယ့်အားကိုယောကျာ်းလေးတစ်ယောက် ချဉ်းကပ်လာပြီဆိုရင် အဲဒီယောကျာ်းလေးတစ်ယောက်ရဲ့ မျက်လုံးတွေကို သူမ အလိုလို ရိပ်မိတတ်လာသည်။

အဆင့်တက်ဖို့ ကြိုးစားနေတဲ့ အရည်ကြည်တွေလက်ဖြာနေသော ယောကျာ်းလေးတွေရဲ့ မျက်လုံးတွေက သူမကို ညို့မြူယူနေခဲ့သလိုပင်။ သို့သော် ... တွေ့မြင်နေကျ ကြုံနေကျ မျက်လုံးများနှင့် ဆန့်ကျင်သော ကိုလေး မျက်လုံးတွေက သူမအပေါ် ပကတိဖြူစင်နေခဲ့သည်။

ဒါကြောင့်လည်း သူမက တခြားယောကျာ်းပေါင်း မြောက်မြားစွာတို့ကို လုံးဝအရေးတဝင် မလုပ်ခဲ့ဘဲ ကိုလေးကိုတော့ စိတ်ချယုံကြည်ခဲ့တာဖြစ်သည်။ သူမတို့တွေ ဘယ်လောက်ထိ ဖြူစင်လိုက်ပါသလဲဆိုရင် ကိုလေးက သူ့မျက်စိထဲမှာ သူမ





ကို ကလေးတစ်ယောက်လိုပဲ သဘောထားကာ စိတ်မထင်ရင်မထင်သလိုပင် နမ်းတတ်သေး၏။

ထိုအနမ်းထဲမှာ တပ်မက်မှုတွေ တဏှာတွေ လုံးဝမပါဝင်ချေ။ သူမလည်း ကိုလေးရဲ့အနမ်းမှာ သာယာမှုဆိုတာမရှိချေ။ ထို့ကြောင့် သူမတို့နှစ်ယောက်ကြားက အနမ်းသည် အဆန်းတကြယ် မဖြစ်တော့။ အေးလူတွေအတွက်တော့ အထူးအဆန်းဖြစ်ရင် ဖြစ်မှာပေါ့လေ။

ကျောင်းတွေက ပိတ်ထားသဖြင့် သူမ လွတ်လပ်နေသည်။ ကိုလေးက အားတဲ့သူ မဟုတ်ပါ။ အလုပ်တစ်ဖက်နဲ့ဖြစ်သည်။ သူမ ကျောင်းသွားလျှင် ဒရိုင်ဘာဦးမြတ်ဇော်ကြီးက လိုက်ပို့ပေးပြီး ကျောင်းဆင်းခါနီး အချိန်လောက်ဆို ကိုလေးက အမြဲတမ်း ဖုန်းဆက်တတ်သည်။

"လှွာ ... ကိုလေး လာကြိုရမလား"

"လှွာ ... ဘာလုပ်နေလဲ"

"လှွာ ... အခု ဘယ်မှာလဲ"

ဆိုတာက အမြဲမေးတတ်သည်။ ကိုလေးက လှွာ့ကို အသေးစိတ်လေးကအစ ဂရုစိုက်တတ်သည်။ ညီမငယ်တစ်ယောက်ကို ချစ်မြတ်နိုးပုံဖြင့် အရိပ်တကြည့်ကြည့် ချစ်တတ်သော ကိုလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ကျောင်းတွေဖွင့်စဉ်အခါက သူမသူငယ်ချင်းတွေက ကျိတ်ကြိုက်ကြဖူးသည်။

ကိုလေး လာကြိုလို့ ဖုန်းလေးတစ်ချက် ဆက်လိုက်ရုံနဲ့ အချိန်အတိအကျမှာ လာကြိုတတ်သော ကိုလေးက သူမအပေါ် ဘယ်လောက်ထိ ဂရုတစိုက်ရှိလှတယ်ဆိုတာ ထင်ရှားလို့နေသည်။ သူမရှေ့ ကိုလေး ရောက်လာပြီဆိုရင် သူမလွယ်အိတ်၊ ထီး၊ ထမင်းဘူးတွေကို လှမ်းယူပြီး သူမလက်ကိုဆွဲကိုင်လျက် ကားပေါ်တက်ပြီဆိုမှ ကားတံခါးကို ပြန်ပိတ်ပေးပြီး မောင်းထွက်သွားတဲ့ ကိုလေးပုံစံကိုကြည့်ပြီး ချစ်သဲစုက ...

"အဲဒီမိန်းမ သိပ်ကံကောင်းတာပဲဟယ်၊ ငါလည်း ကိုလေးနက်လို ချစ်တတ်တဲ့ ယောကျ်ားတစ်ယောက်မျိုး လိုချင်သား"

ဟု ပြောလာသည်။ သူငယ်ချင်းတွေက သူမနဲ့ ကိုလေးရဲ့အချစ်ကို ရိုးရိုးသားသားဟု ဘယ်သူမှ မယုံကြပါ။ သူငယ်ချင်းတွေရဲ့ သံသယတွေကို လိုက်ပြီးရှင်းပြဖို့အတွက်လည်း သူမ စိတ်မဝင်စား။ ထင်ချင်သလိုသာထင်။ အဓိက ကာယကံရှင်နှစ်ဦးဖြစ်တဲ့ သူမတို့နှစ်ယောက်သာ Steadfast (သစ္စာရှိသော၊ မဖောက်ပြန်သော)ဖြစ်နေဖို့ပဲ မဟုတ်လား။





သူမ အရင်ရည်းစားတစ်ယောက်နှင့် ပြတ်သွားသည့်ကိစ္စမှာ သူငယ်ချင်းတွေက ...

"တေဇက နင့်ကို ကိုလေးနက်နဲ့ Suspicion ဖြစ်နေတာကိုး"

"အိုး ... ဖြစ်စမ်းပါစေ၊ ဂရုမစိုက်ပါဘူး"

"နင် တေဇကို မချစ်ဘူးလား"

"No"

"ဒါနဲ့များ ဘာလို့ ဘွိုင်းဖရန့်အဖြစ် ပတ်သက်ခဲ့သေးလဲ"

"ကျွန်မက သူတို့ကို Understanding ရှိနိုင်မယ်ထင်လို့ ပတ်သက်ခဲ့တာ၊ ဒါပေမဲ့ သူတို့ ego တွေက သိပ်များတယ်။ ယောကျ်ားတွေအားလုံး ဒီလိုပဲလား မသိဘူး"

"ယောကျ်ားတွေအားလုံးဆို ရှင့်ကိုလေးပါ ပါသွားပြီပေါ့"

"မပါဘူး၊ လုံးဝမပါဘူး။ ဘယ်ယောကျ်ားဆီမှာမှ ရှာမတွေ့သေးတဲ့ ဖြူစင်ရိုးသားမှုက ကိုလေးဆီမှာပဲ ရှိတယ်"

"ရှင် ကျုပ်ကျုပ်ပြောပါ၊ သော်ဇေထွဋ်နဲ့ ဘယ်တော့ပြတ်မလဲ မသိဘူး၊ မြင်ယောင်ပါသေးတယ်"

"ဟဲ့ ... ရှင့်ကိုလေးက တော်တော်ချောတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကိုလေးက ချောရုံတင်လား၊ အရမ်းဣန္ဒြေရပြီး လူကြီးဆန်တာ၊ ဘရက်(ဒ်)ပစ်နဲ့တူတယ်၊ ပြီးတော့ Solemn လည်း ဖြစ်တယ်"

"အမယ်လေး ... Solemn ဖြစ်ဆို နာမည်ကလည်း ကြည့်ဦးလေ၊ လေးနက်တည်ကြည်တဲ့ ... ဟိ"

"အဲဒါ ရယ်စရာပါလို့လား"

"လွှာ"

"ဘာလဲ"

သူမက ယုဘက်ကို ခေါင်းငဲ့စောင်းကြည့်ရင်း ထုးလိုက်တော့ ယုမျက်နှာက လေးလေးနက်နက် ရှိဟန်ဖြင့် ...

"ဒီလောက်ချောတဲ့ ကိုလေးကို ရှင် ရင်မခုန်ဘူးလားဟင်၊ စိတ်မဝင်စားမိဘူးလား။ ပြီးတော့ ကိုလေးက ရှင့်ကို Propose တွေ ဘာတွေ မလုပ်ဘူးလားဟင်၊ ရှင်လည်း ဒီလောက်ချောတာကို"

"ကျွန်မနဲ့ ကိုလေးရဲ့အချစ်က တွယ်တာမှုနဲ့ Ratio ကျတယ်ရှင့်။ တွယ်တာမှုဆိုတာ သိလား။ နှလုံးသားမပါတဲ့ ဖြူစင်မှုသက်သက် တည်ရှိတဲ့ အရာကို ပြောတာ၊ တော်ပြီ ကျွန်မ ဒီလောက်ပဲ ပြောပြနိုင်မယ်။ ကျွန်မ ပြောလည်း ယုံမှာမဟုတ်ကြတဲ့ အတူတူ"





သူမ ပြောတန်သရွေ့ပဲ ပြောထားလိုက်သည်။ ရှေ့ဆက်ပြီး ပြောပြဖို့ လိုမည်မထင်ပါ။ ကျိန်တွယ်ပြီး ဘုရားစူး၊ တကယ်ပြောတာဆိုပြီး ပျာပျာသလဲ ရှင်းပြလည်း သူတို့ထင်နေတဲ့ သံသယတွေကြားထဲ သူမစကားက ထိုးဖောက်နိုင်လိမ့်မည်မဟုတ်။

"ကျွန်မကို ရှင့်ကိုလေးနဲ့ မိတ်ဆက်ပေးပါလား လွှာ"

ယုစန္ဒီ စကားကြောင့် သူမ ပြုံးမိသွားရသည်။ လတ်စသတ်တော့ ဒီလိုကိုး။ သူကြိုက်ရင် ကြိုက်တယ်မဟုတ်ဘဲ သူမကို ပြဿနာရှာချင်တဲ့ အရိပ်အငွေ့လေးတွေက စွက်လိုက်သေးသည်။

ကိုလေးအကြောင်းကို သူမ အသိဆုံးပါ။ ကိုလေး ကျောင်းမှာ လာကြိုစဉ် တစ်ခါက သူမက သူငယ်ချင်းတွေနှင့် သစ်ပင်အောက်မှာ စကားပြောနေချိန်ဖြစ်သည့်အတွက် ကိုလေးကို သူငယ်ချင်းတွေနှင့် မိတ်ဆက်ပေးလိုက်သည်။ (ထိုစဉ်က ယုစန္ဒီ ကျောင်းမလာသည့်အတွက် ကိုလေးနဲ့ မိတ်ဆက်ပေးခွင့် မရလိုက်ချေ)။ အနေအေးသော ကိုလေးက သူမသူငယ်ချင်းမတွေကို စိတ်ဝင်စားဟန်မရှိဘဲ အားလုံးကို တစ်ချက်ခြုံငုံ၍ ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... အင်း ... အင်း"

လို့သာ ဆိုရှာခဲ့တာကို ယုစန္ဒီ မသိလို့ ဒီစကားပြောတာဖြစ်မည်။ တကယ်သာ ကိုလေးက မိန်းကလေးတွေကို စိတ်ဝင်စားတတ်သူဆိုရင် အသက်သုံးဆယ်ပြည့်ဖို့ လ,ပိုင်းလောက်သာလိုသော ယောကျ်ားတစ်ယောက်ဆီမှာ ချစ်သူမိန်းကလေးတစ်ယောက်တော့ ရှိနေဖို့ သင့်ပါတယ်။

အခုတော့ ကိုလေးဦးနှောက်ထဲမှာ စီးပွားရေးအလုပ်ကိစ္စတွေကလွဲပြီး တခြား ဘာအကြောင်းမှ ရှိမနေပါ။ တစ်ခါတစ်ရံ သူမကို ဂရုစိုက်ဖို့လောက်တော့ ကိုလေး ဦးနှောက်က သတိရချင် ရနေလိမ့်မည်။

"ကိုလေး .. ဘာလို့ ရည်းစားမထားတာလဲဟင်"

"ဟောဗျာ ... အလိုလိုနေရင်း ဘာထဖြစ်ရတာတုန်း"

"ကိုလေးဘဝကြီးကလည်း အေးဆေးလိုက်တာ၊ monotonous ဖြစ်လိုက်တာ၊ ရှာပေါ့ ကောင်မလေး တစ်ယောက်လောက်"

"အေးအေးဆေးဆေး နေစမ်းပါ လွှာသဝဏ်ရယ်၊ ညည်းငါ့ကို Perplex ဖြစ်အောင် မလုပ်ပါနဲ့။ ဒီမှာတောင် တစ်ယောက်တည်း ဒေါင်ချာစိုင်းနေ တဲ့ကြားထဲ။ နှစ်ယောက်ဆို မိုဆိုးသွားမယ်"





"အံမယ် ... ဒါမတွေ့သေးလို့ ပြောတဲ့စကားပါနော်"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ နေစမ်းပါဦး ... ညည်းက ဘယ်လိုဖြစ်လို့ ကောက်ခါငင်ခါကြီး ရည်းစားထားဖို့လာ ပြောရတာလဲ"

"ကိုလေးအစား စိတ်ပျက်လို့ပါ၊ ဒီအသက်အရွယ်မှာ တစ်ယောက်လောက်တော့ ထားသင့်တာပေါ့လို့၊ အပြင်မှာ စိတ်ညစ်စရာ ကြုံလာလို့ ကိုယ့်ရည်းစားမျက်နှာလေးကို မြင်လိုက်ရရင် ဘယ်လောက် Relax ဖြစ်လိုက်မလဲ"

"ညည်းရော အဲဒီလိုပဲလား"

"ဟုတ်ဖူး"

"အခုရော ဘယ်သူနဲ့ ဖြစ်နေပြန်ပြီလဲ"

"ကောင်လေးတစ်ယောက်နဲ့၊ သော်ဇေထွဋ်တဲ့။ မထူးပါဘူး။ သူလည်း ယောကျ်ားထဲက ယောကျ်ားပါပဲ။ ပြတ်ဖို့တော့ မြင်ယောင်ပါသေးတယ်၊ တစ်နေ့နေ့တော့"

"မိန်းကလေး ရည်းစားများတာ မကောင်းဘူးနော် လွှာ"

"လွှာလည်း စိတ်ချမ်းသာမှု ရမလားလို့ ထားကြည့်တာပါ၊ မများပါဘူး ကိုလေးရဲ့၊ အခုနဲ့မှ နှစ်ယောက်ပဲ ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချက်က ကိုယ်တကယ်ချစ်တဲ့သူနဲ့တွေ့ရင် Spat (ကတောက်ကဆတ်ဖြစ်ခြင်း)ဖြစ်ရမယ့် အချက်နော်"

"အင်း ... လွှာလည်း ဒီတစ်ယောက် နောက်ဆုံးပါပဲ"

"တကယ်"

"တကယ်ပေါ့ ... ဒါပေမဲ့လည်း ကိုယ်တကယ်ချစ်မြတ်နိုးတဲ့သူတစ်ယောက်ကို တွေ့ရင် သူနဲ့တော့ လက်ထပ်ဖို့ထိ စဉ်းစားထားတယ်"

"အင်း ... ငါ့ညီမတောင် လေးနက်လာပြီပဲ"

"လေးနက်တည်ကြည်ရဲ့ ညီမလေး၊ လေးနက်ရမှာပေါ့၊ သိတယ်ဟုတ်"

ခေါင်းလေးငုံ့စောင်းလျက် နှုတ်ခမ်းလေးကို ချွန်းစုရင်း ပြောလိုက်သော သူမကို ကိုလေးက အသည်းယားသွားသည်ထင်။ သူမ ဆံပင်တွေကို တအားဆွဲဖွပစ်လိုက်ရင်း ပန်းသွေးရောင်လွှမ်းနေသော ပါးလေးကို ဖျစ်ညှစ်ဆွဲလိုက်လေသည်။ သူမက ကိုလေးဆွဲလိုက်သောပါးကို ဖွဖွပွတ်သပ်နေမိရင်းမှ ကိုလေးပြောသလို ကောက်ကာင်ကာ မေးလိုက်ပြန်သည်။

"ကိုလေးက လက်ထပ်ဖို့ စိတ်ကူးရှိလား"

"ဟင် ... လာပြန်ပြီလား ဒီမေးခွန်းက၊ မပြီးသေးဘူးလား"





"ကိုလေးက လွှာမေးတာကို ဖြေပါ၊ ဒီက သိချင်လို့မေးတဲ့ ဥစ္စာ"

"ဩော် ... ဒီကောင်မလေးနှယ်၊ သတို့သမီးမရှိဘဲ ဘယ်လိုလုပ် လက်ထပ်လို့ရမှာလဲ"

"မဟုတ်ဘူးလေ၊ လွှာပြောချင်တာက လွှာဆို တကယ်လက်ထပ်ချင်တဲ့ ချစ်သူကို ရှာမတွေ့သေးဘူး၊ လက်ထပ်ဖို့ဆန္ဒတော့ ရှိတယ်၊ ကိုလေးမှာရော အဲဒီဆန္ဒ ရှိလားလို့"

"အင်း ... ရှိချင်လည်း ရှိနေမှာပေါ့လေ"

"ဒါဖြင့်ရင် ကိုလေး လက်ထပ်မယ့်မိန်းကလေးကို Fancy လုပ်ထားတာတော့ ရှိမှာပေါ့နော်၊ ဘယ်ကဲ့သို့ ဘယ်ချမ်းသာဆိုပြီးတော့လေ"

"လွှာ ပြောတာလည်း ကိုလေးနားမလည်ရပါလား၊ ဘာလဲ ဘယ်ကဲ့သို့ ဘယ်ချမ်းသာဆိုတာ ဘာကိုပြောတာလဲ"

"ဩော် ... ဒီလိုလေ။ ကိုလေး Fancy မှာ ကောင်မလေးကို ကိုလေးနဲ့ ရွယ်တူတန်းတူထဲက ဖြစ်စေချင်လား။ ဒါမှမဟုတ် ကိုလေးထက် ငယ်စေချင်လား။ မျက်နှာက ဘယ်လို၊ အရပ်က ဘယ်လောက်၊ အသားအရေက ဘယ်လိုပုံစံဆိုပြီး သတ်မှတ်ထားလားလို့ မေးတာ"



www.burmeseclassic.com

www.burmeseclassic.com



သူမမေးခွန်းအဆုံးမှာ ကိုလေး လှစ်ခနဲ ပြုံးလိုက်တာကို မြင်လိုက်ရသည်။ ပြီးတော့ သူမပခုံးကို ဖက်လိုက်ရင်းက ...

"လွှာ မချစ်ဖူးသေးတာ အရမ်းသိသာတယ်၊ အခု လွှာ ဘိုင်းဖရန့်တွေ ထားပေမယ့်လည်း သူတို့က လွှာ့အတွက် Scrap တစ်ခုလိုပဲ၊ လွှာ သူတို့ဆီမှာ လုံးဝ နစ်ဝင်မနေဘူး"

သူမ ကိုလေးကို ထူးဆန်းစွာ မော့ကြည့်မိသည်။ ကိုလေး... ကိုလေးက သူမ ရင်ထဲကို မြင်နိုင်ခဲ့တာပါလား။

"မော့မကြည့်နဲ့ ညီမလေး၊ တကယ့်အချစ်စစ်မှာ စံတွေ၊ စိတ်ကူးပုံဖော်မှုတွေ၊ သတ်မှတ်ချက်တွေ မရှိဘူးလို့ ကိုလေး ထင်တယ်၊ တကယ်ချစ်လာပြီဆိုရင် နှလုံးသားကို ဦးနှောက်က လွှန်ဆန်နိုင်တော့မှာ မဟုတ်ဘူး ...

အချစ်နဲ့ ပတ်သက် လာရင် လူတွေက နှလုံးသားကို ရှေ့တန်းတင်တယ်။ မိုက်ရူးရဲဆန်ချင်ကြတယ်။ စွန့်စားချင်ကြတယ်။ လွှာသာ တကယ်ချစ်တတ်ရင် ကိုလေး လက်ထပ်မယ့် မိန်းကလေးတစ်ယောက်ရဲ့ပုံကို သတ်မှတ်ချက်တွေနဲ့ မေးလာမှာ မဟုတ်ဘူး ...





ကိုလေး ရည်စားမထားဘူး ဆိုတာကလည်း ကိုယ်က ယောကျ်ားလေး ဖြစ်နေလို့"

"ဘယ်လို ... ယောကျ်ားလေး ဖြစ်နေလို့ ရည်းစားမထားဘူး၊ ဟုတ်လား။ မဟုတ်သေးဘူး ထင်ပါတယ် ကိုလေးရာ၊ ယောကျ်ားလေးတွေက ငါယောကျ်ားလေးပဲ နစ်နာစရာမရှိဘူးဆိုပြီး ရည်းစားတွေ မှိုလိုပေါက်အောင် ထားကြတာ။ ကိုလေးကျမှ တစ်မျိုး"

"အဲဒါပဲ ညီမလေး၊ ကိုလေး ပြောချင်တာလည်း အဲဒါပဲ၊ ငါယောကျ်ားလေး ဘာမှနစ်နာစရာ မရှိဘူးလို့ မတွေးရဘူး။ ငါ့ကြောင့် တစ်ဖက်မိန်းကလေး ဘယ်လောက်ထိ နစ်နာသွားနိုင်မလဲဆိုတာ တွေးရမယ် ...

ကောင်မလေးလှလှမြင်လို့ ကြိုက်လိုက်ပြီဆိုရင် ကိုယ်တကယ်လက်ထပ်နိုင်မလား၊ လက်ထပ်ပြီးသွားရင်ရော အိမ်ထောင်ဦးစီးတာဝန်ကို ငါ တကယ်တာဝန်ယူနိုင်မလား ဆိုတာတွေကို အားလုံးတွေးပြီး အိုကေပြီဆိုမှ မိန်းကလေးတစ်ယောက်ကို ကြိုက်တာ ကောင်းတယ် ...

အဲဒီလိုမှ မဟုတ်ရင် ကိုယ့်ကြောင့် တစ်ဖက်မိန်းကလေးမှာ အများကြီး နစ်နာသွားလိမ့်မယ်။ ကိုလေး



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားမထားဘူးဆိုတာ အဲဒါတွေကြောင့်၊ ကိုလေး အခုချိန်မှာ မိန်းကလေးတစ်ယောက် ထားမယ်ဆိုရင်လည်း အတည်ဖြစ်သွားပေါ့မယ်။ ကိုလေး ပြောတာ ရှင်းလား"

အရာရာကို တွေးတောချင့်ချိန်ပြီး ဆုံးဖြတ်တတ်သော၊ လေးနက်တည်ကြည်သော ယောကျာ်းတစ်ယောက်ရဲ့ မြင့်မြတ်တဲ့စိတ်ထားကို တွေ့လိုက်ရတဲ့အတွက် ရင်ထဲ တလှပ်လှပ် ဖြစ်ရသည့်အထိ သူမ ကြည်နူးစိမ့်ဖြာသွားရသည်။

ကိုလေးကို ယောကျာ်းပီသပြီး မြင့်မြတ်တဲ့ယောကျာ်း တစ်ယောက်ဖြစ်ကြောင်းကို အရင်က သိခဲ့ရသော်လည်း ခုလောက် အနုစိပ်ကြီး မသိခဲ့ရပါ။

ကိုလေးဟာ ဒီလောကမှာ သူမ အလေးစားရဆုံးသူ တစ်ယောက်ပါပဲ။

"ဒီလောကကြီးထဲမှာ ယောကျာ်းတွေအကုန်လုံးသာ ဒီလို စိတ်မျိုးရှိရင် ဘယ်လောက်ကောင်းလိုက်မလဲနော်။ ကိုလေး ကို ကြည့်ရတာ အေးချမ်းလိုက်တာ"

"လောကကြီးထဲမှာသာ ယောကျာ်းတွေအကုန်လုံး ရိုးသား အေးဆေးကြရင် ညည်းလည်း ရည်းစားများတော့မှာ မဟုတ်ဘူး၊ သိလား"





သူမပခုံးကို ဖက်ထားရာမှ ကိုလေးက မတ်တတ်ထ ရပ်လိုက်ပြီးလျှင် သူမနဖူးပြင်ကို သူ့လက်ဖနောင့်ကြီးဖြင့် ရိုက် လိုက်ရင်းက စ,နောက်ကာ ပြောလာတော့ သူမလည်း နှုတ်ခမ်း စူလျက် ပြန်ပြောမိသည်။

"ဟင် ... ကိုလေးကလည်း၊ ရည်းစားမများပါဘူး၊ နှစ် ယောက်တည်းပါလို့ဆို"

ကိုလေးက ပြုံးပြပြီး အိမ်ထဲဝင်ရောက်သွားတော့မှ သူမ သော်ဇေကို မျက်လုံးထဲ မြင်ယောင်မိရင်း ကွက်ခနဲ မျက်နှာ တစ်ချက် ပျက်ဖြစ်သည်။ သင်းနဲ့တော့ တစ်နေ့နေ့တော့ ပြိုင် ဦးမှာပဲ။

○❖○



www.burmeseclassic.com

www.burmeseclassic.com



အဲကွန်းလေနဲ့ အေးစိမ့်နေတဲ့ ကော်ဖီဆိုင်လေးထဲမှာ သူမနဲ့ သော်ဇေက မျက်နှာချင်းဆိုင် ရှိနေသည်။ စားပွဲပေါ်မှာ ရှိနေသော စားစရာတွေကို သော်ဇေက စိတ်မဝင်စားပေမယ့် သူမက စိတ်ဝင်တစားပင် အာလူးကြော်တစ်ဖတ်ကို ကြွပ်ကြွပ်မြည်အောင် ကောက်ဝါးလိုက်သည်။ သော်ဇေ့ မျက်လုံးတွေက စူးစနဲ့ သူမဆီ ကျရောက်လာခဲ့သည်။ သူမ မမြင်ချင်ဟန်ဆောင်ပြီး ပြင်ပကို တောင်ငေးမြောက်ငေး လုပ်နေလိုက်သည်။

"လှသဝဏ် ... မင်းက ငါ့ကို ဂရုမစိုက်ဘူးဆိုတဲ့အချိုးကို ပြနေတာလား"

"ဂရုစိုက်ရအောင် ရှင်နဲ့ကျွန်မက ရည်းစားဆိုတဲ့ ပတ်သက်မှုအပြင် ဘာများ တရားဝင် ပတ်သက်ခဲ့ဖူးလို့လဲ"

"မင်းက ဒီအချိန်မှာတောင် မုန့်ကို အေးအေးဆေးဆေး စားနိုင်သေးတယ်နော်"





"ဒီအချိန် ဆိုရအောင် ဒီအချိန်က ဘယ်လောက်များ important ဖြစ်နေလို့လဲ၊ ကျွန်မက နာဂစ်ဖြစ်တဲ့ညမှာတောင် နေကြာစေ့ကို တဖြောက်ဖြောက်စားရင်း နာဂစ်ညကို သွေးအေးအေးနဲ့ ထိုင်ကြည့်နေခဲ့တာ"

"မင်း ... မင်း၊ တောက် ... အသည်းမာတဲ့ မိန်းမကွာ၊ သွေးအေးတဲ့မိန်းမ၊ လုံးဝကို လက်လန်တယ်"

"ဘယ်လိုဖြစ်လို့ Storm (ခံစားမှုပေါက်ကွဲခြင်း) ဖြစ်နေတာလဲ သော်ဇေ၊ ရှင့်ကြည့်ရတာ Comfortably (သက်သောင့်သက်သာ)မဖြစ်လိုက်တာ"

"ပြောနိုင်သေးတယ် ... မင်း သွေးအေးအေးနဲ့ကို ပြောနိုင်သေးတယ်နော် လှသဝဏ်၊ မင်းဟာ သိပ်ကြောက်စရာကောင်းတာပဲ"

"ကြောက်စရာကောင်းရအောင် ကျွန်မက ရှင့်ကို ဘာလုပ်နေလို့လဲ"

"မင်း ... လေးနက်တည်ကြည် ဆိုတဲ့ကောင်နဲ့ တစ်ခြိတည်းနေတာဆို၊ ပြီးတော့ မင်းတို့နှစ်ယောက်က အရမ်း liberty (အတားအဆီးကင်းလွတ်ခြင်း)ဖြစ်တယ်ဆို"

"ပြောကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက နောက်ထပ် အာလူးကြော်တစ်ဖတ်ကို ကောက်ဝါးရင်း ခပ်အေးအေးပဲ ပြန်ဖြေလိုက်သည်။ သူမနဲ့ မျက်နှာချင်းဆိုင် ထိုင်နေရာမှ သော်ဇောက ဝှန်းခနဲ မတ်တတ်ထရပ်လျက် ...

"မင်းကို ငါ လုံးဝစိတ်ကုန်သွားပြီ လွှာသဝဏ်၊ ငါ့ပတ်ဝန်းကျင်က ယောကျ်ားတွေမှန်သမျှကိုလည်း လက်တို့ပြီးတော့ ပြောလိုက်ဦးမယ်၊ လွှာသဝဏ်ဆိုတဲ့ မိန်းမတစ်ယောက်နဲ့ ဘယ်တော့မှ မပတ်သက်မိစေဖို့"

"တကယ်တော့ ကျွန်မက ရှင့်ကို ရှင့်ထက်အရင် စိတ်ကုန်နှင့်တာပါ၊ ကျွန်မ အသိထဲမှာ ရှင့်ကို ရည်းစားတစ်ယောက်ပါလား ဆိုတဲ့ သတ်မှတ်ချက်အပြင် ခံစားမှုကင်းမဲ့နေခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"မင်း ... မင်းဟာ တကယ်ကို trollop (မိန်းမပေါ့)ပဲ"

"သိပ်ပြီး အဆင့်တွေ မကျော်နဲ့လေ သော်ဇောထွဋ်ရဲ့။ trollop လို့ ပြောရအောင် ကျွန်မတို့နှစ်ယောက်ရဲ့ပတ်သက်မှုက fastness ဖြစ်သေးလို့လား၊ ဒါကို အရင်စဉ်းစား"

"မစဉ်းစားတော့ဘူး၊ မင်းနဲ့ပတ်သက်ပြီး ဘာမှ wary မများတော့ဘူး။ ငါတို့နှစ်ယောက်ရဲ့ဇာတ်လမ်းကို လုံးဝ





ကို အဆုံးသတ်လိုက်ပြီ၊ ဒီမှာတင် သည်အန့်၊ ငါ နောက်ကောင်မလေးတစ်ယောက်ကို လိုက်တော့မယ်၊ မင်းကိုတော့ ဆောရီးပါ"

"Congratulation ပါ၊ Be success အောင်မြင်ပါစေ။ ကျွန်မလည်း ကောင်လေးတစ်ယောက်ကို လိုက်တော့မလို့"

သူမက မခိုးမခန့် ပြန်တုံ့ပြန်လိုက်သဖြင့် သော်ဇောထွဋ်က စိတ်တိုဒေါင်းသွားပုံရကာ စားပွဲပေါ်က မျက်မှန်ကို ဆတ်ခနဲ ကောက်ယူတပ်လိုက်ပြီး ...

"Good bye"

ဟု နှုတ်ဆက်တော့ သူမကလည်း မခေပါ။ ခပ်တည်တည်နဲ့ "Good luck" ဟု ပြန်ဆုတောင်းပေးလိုက်သည်။ အခုမှပဲ သူမစိတ်တွေ လွတ်မြောက်သွားသလိုပင်။ တကယ်တော့ ကိုလေး ပြောသလို သူမက နှလုံးသားပါဝင်မှုမရှိဘဲ အပျော်သက်သက် လျှောက်တွဲနေခဲ့တာ။

အခုတော့ ဒီတစ်ယောက်နဲ့ ပြတ်ပြီဆိုတော့ နောက်ဆုံး သူမဘဝထဲကို ဝင်လာမယ့် ယောကျ်ားတစ်ယောက်ကို သူမနှလုံးသားက လက်ခံနိုင်တော့မှ တကယ့် True love ဖြစ်မှာပဲ သူမ ခေါင်းညိတ်လိုက်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းစိုင်းခမ်းလှိုင် သီချင်းကို ပြေးသတိရမိသည်။

"ရည်းစားလေးတစ်ယောက် ထားမိပါတယ်၊ အတင်းပြောတဲ့လူတွေကလည်း မနည်းဘူးထင်တယ်" ဆိုသလို ရည်းစားလေးနှစ်ယောက် ထားမိပါတယ် ကိုလေး အပြောက မလွတ်ဘူး ဖြစ်နေတယ်။

စားပွဲပေါ်က သူမရဲ့ဖုန်းပြားပြားသေးသေးလေးကို ဖွင့်ပြီး ကိုလေးဆီ ဆက်လိုက်သည်။

"ကိုလေး ... လွှာ့ကို လာကြိုဦး"

"အင်း ... ထင်တယ်၊ ဘယ်နေ့ ဒီအသံ ထွက်လာမလဲလို့ စောင့်နေတာ၊ ထုံးစံအတိုင်းပဲလား"

"အလကားပါ၊ အတ္တဖော, ဖောနေတဲ့ လူ့ပြိတ္တာတွေ"

"သူများချည်းပဲ အပြစ်ပြောမနေနဲ့ ကောင်မလေးရဲ့၊ ချိတ်, ချိတ်ချင်းမှ ချိတ်မိတာ၊ နှစ်ဖက်တင်းလို့ ပြတ်ရတာ"

"အဲဒီ ကိုလေးဟာလေ၊ အားကြီးမုန်းဖို့ကောင်းတယ်။ ဘယ်တော့မှ ကိုယ့်ညီမဘက်က မပါဘူး။ လွှာ့ကိုပဲအပြစ်တင်ချင်နေတာပဲ"

"ကဲပါကွာ၊ ကောက်မနေပါနဲ့၊ ကိုလေး လာကြိုရင် လွှာ့ကို ရေခဲမုန့် ဝယ်ကျွေးမယ် ဟုတ်ပြီလား"





"အင်း"

ကိုလေး အလာကို သူမ စောင့်နေလိုက်သည်။ လာရင်တော့ ကိုလေးက ကောင်းကောင်းလာလိမ့်မည် မဟုတ်ပါ။ အနည်းဆုံးတော့ သူမကို အပြစ်တင်စကား ပြောဆိုပြီး ပွစိပွစိ လုပ်ဦးမည်။ သိပ်ကြာကြာမစောင့်လိုက်ရပါ။ ကိုလေးကားက သူမရှိတဲ့အရပ်ဆီ ရောက်လာခဲ့သည်။

"လာလေ ... ပြီးပြီ မှတ်လား၊ သွားစို့"

ဟုဆိုလျက် သူမလက်ကိုဆွဲပြီး ကိုလေးနဲ့အတူ ပြန်လာခဲ့ကြသည်။ အပြန်လမ်းမှာ ကိုလေးက သူမကြိုက်သည့် F.M.I က ရေခဲမုန့်ကို ဝယ်ကျွေးသည်။

"ဒီမောင်နှမနှစ်ယောက် ဘယ်ကပြန်လာကြတာလဲ"

"ထုံးစံအတိုင်းပေါ့ မေမေ၊ သူ့ဘောက ဘော်ဒီဂတ်မရှိတော့ ကျွန်တော့်ကို ဘော်ဒီဂတ်အဖြစ် ငှားတာလေ၊ ဘယ်နေ့ ရိက်ပေါက်ဖြစ်မလဲတော့ မသိဘူး။ ကျွန်တော်ကတော့ ကျောချမ်းနေမိတယ်"

ကိုလေးက ရယ်ရယ်မောမောနဲ့ပင် ပြောဆိုရင်း လူကြီးနှစ်ယောက်ရှေ့မှာ ဝင်ထိုင်ချလိုက်သည်။ သူမက ကိုလေးဘေးမှာ ကပ်ထိုင်လိုက်သည်။ ကိုလေးမှာရော သူမမှာရော



www.burmeseclassic.com

www.burmeseclassic.com



ဖအေတွေမရှိကြတော့သည့်အတွက် သူမတို့နှစ်ယောက်ရဲ့ အနေအထိုင်လည်း ကျဉ်းမြောင်းမနေချေ။

ဒီကမ္ဘာမှာ ကိုလေးနဲ့ သူမရဲ့ ရင်းနှီးမှုကို အကြွင်းမဲ့ ယုံကြည်ထားသူတွေကတော့ ကိုလေးမေမေနဲ့ သူမမေမေပဲဖြစ်သည်။ အကယ်၍ အဖေတွေ ရှိနေဦးမယ်ဆိုရင်လည်း ပြဿနာတော့ သိပ်မရှိချေ။ နှစ်ယောက်စလုံးရဲ့ဖအေတွေက ရိုးသားအေးဆေးသူတွေ ဖြစ်ကြသည်။

"သားနဲ့သမီးကို ပြောစရာရှိလို့ကွယ့်၊ ကျောင်းတုန်းက မေမေတို့သူငယ်ချင်းတစ်ယောက်ဆုံးလို့ မေမေရော မြရော မန္တလေးကို သွားရမယ်၊ သုံးရက်လောက်တော့ ကြာလိမ့်မယ်ထင်တယ်။ အလွန်ဆုံး ငါးရက်ပေါ့ကွယ်"

"သားက သမီးကို ခဏစောင့်ရှောက်ထားပေးပါကွယ်"

"ဟုတ်ကဲ့ပါ အန်တီမြ၊ လွှာကို ကျွန်တော် ကြည့်ထားလိုက်ပါ့မယ် ပြောမရရင်တော့ ကျွန်တော်က ရိုက်မှာ"

"ရိုက် ... ရိုက်၊ သမီးကလည်း ကိုယ့်ကိုလေးပြောစကားကို နားထောင်"

"အံမယ်လေး မြရယ်၊ အထွေအထူးလုပ်ပြီး မှာနေပြန်ပါပြီ၊ အရင်ကလည်း ကလေးတွေကို ဒီလိုပဲ ထားခဲ့ကြဥစ္စာ"





"မဟုတ်ရင် ကလေးတွေကို ခေါ်သွားပါတယ်ကွယ်၊ သမီးကလည်း test ရှိနေတော့ ..."

တွေ့တယ် မဟုတ်လား။ မိဘတွေက သူမနဲ့ ကိုလေးကို အဲဒီလိုယုံကြည်တာ။ အရင့် အရင်တွေတုန်းကလည်း ဒီလိုအရေးတကြီးကိစ္စဆို သူမနဲ့ ကိုလေးကို နှစ်ဖက်အမေတွေက စိတ်ချထားပြီး ညဥ့်အိပ်ညဥ့်နေခရီးကို ထွက်နေကြ။

များများစားစားတော့ မဟုတ်လှပေမယ့် နှစ်ခေါက်လောက် ရှိမည်ထင်သည်။ သူမ သိပ်တော့မမှတ်မိချေ။ ထိုစဥ်က သူမက ခပ်ငယ်ငယ် ဆယ့်နှစ်နှစ်သမီးလောက်သာ ရှိလိမ့်မည်။ အပျိုပင် မဖြစ်တတ်သေး။ အပျိုမဖြစ်သေးလို့ ကလေးအရွယ်မို့ ဆိုပြီး ကိုလေးနဲ့ စိတ်ချလက်ချ ထားသွားတာလား ဆိုတော့ မဟုတ်ဘူး။ အခုပဲ ကြည့်လေ ...။

အရင်ခပ်ငယ်ငယ်က မိဘတွေ ညအိပ်ခရီးသွားလို့ သူမနဲ့ကိုလေး နှစ်ယောက်ပဲ ကျန်ခဲ့တဲ့အခါ ဝမ်းရေးက အနည်းငယ်တော့ ကသီလင်တနိုင်ခဲ့သည်။ အသက်ဆယ့်ရှစ်၊ ဆယ့်ကိုးအရွယ် ကိုလေးက သူမဗိုက်ဆာလို့ ဂျီကျလျှင် မချက်တတ်ချက်တတ်နှင့် ထမင်းဟင်းတွေကို အရသာပျက်စီးအောင် ချက်လေ့ရှိသဖြင့် နောက်ဆုံးမှာ သူမတို့နှစ်ယောက် ready made ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထုပ် ကြာဆံထုပ်တွေနှင့် ပြီးခဲ့ရသည်။ အခုတော့ အဲဒီလိုမဟုတ်တော့ပါ။ ကြွတဲ့နေရာမှာ ထမင်းဝယ်စားလိုက်သည်။

ကိုလေးကတော့ မနက်စာကို ဘယ်လိုစားသည်မသိပါ။ သူကတော့ ကျောင်းက Canteen မှာပဲ မနက်စာကိုဖြေရှင်းမိတော့သည်။ ညရောက်တော့ သူမက ကိုယ့်အိမ်မှာ ကိုယ်စာကျက်နေစဉ် ကိုလေးက သူမအိမ်ဘက် ကူးလာခဲ့ပြီး စာကျက်နေတာကို အနှောင့်အယှက်မပေးဘဲ တိတ်တိတ်လေး ထိုင်နေပြီးမှ စာကျက်ရင်း မအိပ်ငိုက်ရအောင် နောက်ဆေးဘက်သို့ ဝင်သွားပြီး ပြန်ထွက်လာတော့ ကော်ဖီတစ်ခွက် ဖျော်လာခဲ့ကာ သူမဘေးနားလာချပေးထားသည်။

သူမက စာတွေကျက်နေရင်းမှ မရတော့သဖြင့် ခေါင်းကို တဖြင်းဖြင်း ဆွဲကုတ်လျက် ကော်ဖီပူပူကို တစ်ရှိန်ထိုး မော့သောက်လိုက်ရာ ...

"အား ... ရှီး ရှီး၊ အမယ်လေး ပူလိုက်တာ၊ သေပြီလား မသိဘူး"

သူမ အလန့်တကြား ထအော်သံကြောင့် ကိုလေးလည်း ထိုင်နေရာမှ အပြေးအလွှား ရောက်လာခဲ့သည်။

"မှန်းစမ်း၊ အပူလောင်ကုန်ပြီ ၊ဟုတ်လား"





ကော်ဖီတွေ ဖိတ်စဉ်သွားသော သူမလက်ကို ဆွဲယူကြည့်ပြီး ကိုလေးက မေးလာသည်။

"လက် ... လက်က ဘာမှမဖြစ်ဘူး၊ လျှာအပူလောင်သွားတာ၊ အာခေါင် ... အာခေါင်လည်း အရေခွံလန်သွားပြီလား မသိဘူး"

"ပြစမ်း ... ကိုလေး ကြည့်ပေးမယ်။ မော့ ... ပါးစပ်ကိုဟာ၊ အာခေါင်ကို ကြည့်ရအောင်"

ကိုလေးက သူမမျက်နှာကို မေးစေ့မှနေ၍ကိုင်ပြီး အပေါ်သို့မော့တင်လျက် အာခေါင်ကို ငုံ့ကြည့်လေသည်။ မျက်နှာနှစ်ခု အလွန်နီးကပ်လျက် တစ်ယောက်ဝင်သက် ထွက်သက်ကို ကျန်တစ်ယောက်က ခံစားလို့ ရနေသည့် ထိုအခြေအနေမှာ သူမတို့အတွက်က ပေါ့ပေါ့ပါးပါးနှင့် သမားရိုးကျဖြစ်စဉ်တစ်ခုသာ ဖြစ်သည်။

"ဟုတ်တယ် လွှာ၊ အာခေါင်မှာ အဖတ်လန်သွားတယ်၊ အသာနေ ... ကိုလေး ဆွဲယူလိုက်မယ်၊ မလှုပ်လိုက်နဲ့နော်၊ အားပါရင် အသားစိုက်သွားလိမ့်မယ်၊ ချော့ဆွဲရမှာ။ ပါးစပ်ကိုဟထား၊ ကိုက်လည်း မဆွဲလိုက်နဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်လည်းပြောရင်း သူမ အာခေါင်က အသားကြည် အဖတ်စလေးကို ကိုလေးက ရှော့ဆွဲထုတ်ပစ်လိုက်သည်။

"ရပြီမဟုတ်လား"

"အင်း ... ရသွားပြီ။ ပျင်းလိုက်တာ စာမကျက်ချင်တော့ဘူး။ ကျက်လည်း ရမှာမဟုတ်တဲ့အတူတူ အိပ်တာပဲကောင်းတယ်"

"Suppli တွေထိရင်တော့ ညည်းမလွယ်ဘူးနော်။ အိပ်ချင်သွားအိပ် မနက်စောစောထပြီး စာကျက်။ လေးနာရီလောက်ထ။ ဒီလောက် test တွေရှိတာတောင် အိပ်ဖို့စဉ်းစားနိုင်သေးတယ်"

"ကိုလေးကလည်း အိပ်ချင်လို့ပါလို့ဆို"

မျက်စိနှစ်လုံးကို စုံပွတ်ရင်း သူမ ဆိုတော့ ...

"အိပ်လို့ဆို၊ အိပ်တာလည်းအိပ် မနက်ကျရင်ထဖို့ မပျင်းနဲ့။ ကိုလေးတော့ အိမ်ကိုသော့ခတ်ခဲ့တယ်။ ဒီမှာပဲ အိပ်လိုက်တော့မယ်။ ညည်းကိုလည်း အဖော်စောင့်ပေးရင်းနဲ့"

"ရပါတယ် ကိုလေးရဲ့၊ လွှာ ရည်းစားနဲ့ ချိန်းမတွေ့ပါဘူး"

"ရည်းစားနဲ့ချိန်းတွေ့မှာစိုးလို့ မဟုတ်ဘူး။ ညည်း သရဲကြောက်တတ်တာသိလို့။ ကဲ ... သွားအိပ် သွား။ ကိုလေးအတွက် စောင်နဲ့ခေါင်းအုံး ယူလာခဲ့"





"ဟင် ... ကိုလေးက ဘယ်မှာအိပ်မလို့လဲ။ ဒီအိမ်မှာ အခန်းလွတ်တွေ အများကြီးကို"

"မရှည်ပါနဲ့ကွာ၊ ကဲ ... သွားယူ သွား။ ကိုလေး dream bed ပေါ်မှာပဲ အိပ်မယ်"

သူမက အခန်းထဲမှာ ခေါင်းအုံးနဲ့စောင်ကို ကိုလေးအတွက် ယူလာပေးလိုက်သည်။

"အိပ်ရင် အခန်းတံခါးကို lock ချအိပ်"

သူမက ကိုလေးကို ယုံကြည်ပါသော်လည်း ကိုလေးက သူ့အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားကို သူမ သိရှိစေရန်အတွက် အမိန့်ဆန်ဆန် ပြောလာသော စကားကြောင့် သူမ အထွန့်တက်မနေတော့ဘဲ ကိုလေး ပြောတဲ့အတိုင်း အခန်းတံခါးကို lock ချပြီး အိပ်လိုက်တော့သည်။

သူမနဲ့ ကိုလေးရဲ့ ခင်မင်တွယ်တာမှုက ကမ္ဘာပေါ်မှာ ဘယ်သူမှ မဖြစ်ပေါ်သေးဘဲရှိသော သန့်ရှင်းစင်ကြယ်သည့် တွယ်တာမှုမျိုးဖြစ်သလို ဘယ်သူ့ဆီမှာမှ သူမ ရှာမတွေ့နိုင်ခဲ့သော ဂုဏ်သိက္ခာကို တန်ဖိုးထားတတ်၊ မိန်းကလေးတစ်ယောက်ကို အခွင့်ကောင်း မယူတတ်သော၊ ရိုးသားဖြူစင်စိတ်ရှိသော ယောကျာ်းသည် ကိုလေး တစ်ယောက်သာ ဒီကမ္ဘာမှာ ရှိသည်ဟု သူမဟစ်ကြွေးလိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



လေးနက်တည်ကြည် ဆိုသော ယောကျ်ားတစ်ယောက်သည် သူမရဲ့ ideal (စံပြအရာ) ယောကျ်ားတစ်ယောက်ဖြစ်သည်။

○❖○





## အခန်း(၃)

"ကျွန်မ သော်ဇင်ထွန်းနဲ့ ပြတ်သွားပြီ"

အရိုးရှင်းဆုံးနှင့် ဘာအဆင်တန်ဆာမှလဲ မထည့်သွယ်ဝိုက်မနေဘဲ ခပ်အေးအေးနဲ့ ခပ်တည်တည် ပြောလိုက်တာကိုပင် သူငယ်ချင်းတွေက ထူးဆန်းမနေခဲ့ချေ။

သူမ ခပ်အေးအေး ပြောသလိုပင် မိုးမိုးကလည်း ခပ်အေးအေးနဲ့ ပြန်ပြောသည်က ...

"တို့ ထင်ပြီးသားပါ"

တဲ့ ...။ သူမ မိုးမိုးကို တစ်ချက်စွေကြည့်လိုက်စဉ် ယုထံမှ စကားတချို့ ထပ်မံထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် သော်ဇေထွဋ်နဲ့ မကြိုက်ခင်ကတည်းက ငါရိပ်မိခဲ့ပြီး သား လွှာ။ သော်ဇေထွဋ်မှ မဟုတ်ဘူး၊ ရှင်နဲ့ကြိုက်မယ့် ယောကျ်ားတိုင်းက ရှင်နဲ့မြဲအောင် ကြိုက်နိုင်မှာမဟုတ်ဘူး လို့ ငါ အစောကြီးကတည်းက တွေးမိခဲ့ပြီးသား"

"အဲဒါ ဘာကြောင့်လို့ ရှင် ထင်သလဲ လွှာ"

"မထင်ဘူး။ ထင်လည်း ဂရုမစိုက်ဘူး။ ကျွန်မကတော့ ကိုလေးကို ချစ်တယ်။ ထားခဲ့ဖူးတဲ့ ရည်းစားတွေထက်ကို ပိုချစ်တယ်။ ပြီးတော့ တွယ်တာတယ်။ အဲဒီအတွက် ကျွန်မ ပြောမယ်၊ ကျွန်မရဲ့ ideal ယောကျ်ားတစ်ယောက် ဟာ ကိုလေးပဲ"

"ဘုရား ... ဘုရား ကျွန်မတော့ နားကိုမလည်နိုင်တော့ဘူး၊ ဘာကြီးမှန်းကို မသိတာ"

"ငါပြောမယ် လွှာ၊ ရုပ်ရှင်တွေ ဝတ္ထုတွေထဲကလို နင်နဲ့ ကိုလေးဟာ တစ်ယောက်နဲ့တစ်ယောက်နီးပြီး မြင်အောင် မကြည့်တတ်တာများ ဖြစ်နေမလား"

"ဟုတ်တယ် လွှာ၊ နင့်စိတ်က ကိုလေးအပေါ်မှာ ဒီလောက် belay ဖြစ်နေရင် နင့်မသိစိတ်က ကိုလေးနဲ့ ကြိုက်နေတာ ဖြစ်လိမ့်မယ် ထင်တယ်"





ချစ်သဲစု၊ မိုးမိုးနှင့် ယုစန္ဒီတို့က သူမနဲ့ ကိုလေး အကြောင်းကို ဥပေက္ခာမပြုနိုင်ဘဲ သံသယတွေဖြင့် ဝိုင်းမေးလာ ကြသည်။ ကြည့်ရတာ သူငယ်ချင်းတွေက သူမ ကိုလေးနဲ့ ရော ရောနှောနှောနေတာကို အပြစ်တင်ချင်တာ ထင်ပါရဲ့။ ဟင်း ... မိဘတွေကတောင် နားလည်မှုတွေနဲ့ သူမတို့ပတ်သက်မှုနဲ့ အနေ အထိုင်ကို ဘာတစ်ခုမှ Criticism (ပြစ်တင်ဝေဖန်ခြင်း)မလုပ်ခဲ့တာ ပတ်ဝန်းကျင်က ပြောလာမှာကို သူမက ဂရုစိုက်စရာလား။

"ရှင်တို့ excuse တွေကလည်း များလှချည်လားရှင်"

"ရှင်က အရမ်းသွေးအေးတာပဲ"လွှာ၊ ကိုလေးနဲ့ပတ်သက် ပြီး ကိုယ့်ရည်းစားတစ်ယောက်လုံးနဲ့ ပြတ်သွားတာတောင် Feel free နေနိုင်တာ၊ ကိုလေးအပေါ် မေတ္တာတွေ သံယော ဇဉ်တွေ မပျက်ဘဲ ခပ်ပြုံးပြုံး နေနိုင်ခဲ့တာ ရှင် ကိုလေးကို ချစ်နေလို့နေမယ်ဆိုပြီး ကျွန်မတို့တွေ တွေးမိတာ မှားလား။ ရှင့်ကို excuse လုပ်တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မတို့တွေ စဉ်းစားရကျပ်နေတယ်"

ကျွန်မတို့တွေ ... ကျွန်မတို့တွေတဲ့။ ဟင်း ဟင်း ... ရယ်စရာ ကောင်းလိုက်တာ။ သူတို့တွေက သူမနောက်ကွယ်မှာ သူမနဲ့ ကိုလေးအကြောင်းတွေကို မြိန်ရေရှက်ရေ ပြောနေခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်ထင်။ ကိုယ့်အလုပ်မဟုတ်ဘဲနဲ့ သူများကိစ္စကို ခေါင်းရှုပ်ခံပြီး စကားလုံးပေါင်း မြောက်မြားစွာကို အလဟဿဖြုန်းတီးနေတတ်သော သူတို့သုံးယောက်ကိုလည်း သူမ တော်တော်လေး လက်ဖျားခါမိသည်။

"ရှင်တို့နှစ်ယောက်ကိုတော့ ထင်မိပါတယ်။ တစ်နေ့နေ့တော့ proximo ကြောင့် အမှန်တွေ ဖြစ်လာလိမ့်မယ်လို့"

ပြောကြ ...။ ပါးစပ်ရပါက် အာညောင်းတဲ့အထိ ပြောကြစမ်းပါ။ သူမကတော့ သူမနဲ့ ကိုလေးကို စွပ်စွဲပြောဆိုထင်မြင်နေသူတွေရဲ့ပါးစပ်ကို လိုက်ပိတ်ဖို့ မကြိုးစားပါ။ သူတို့ ပြောနိုင်သရွေ့ ပြောကြစမ်းပါစေ။ သူတို့တွေက သူမနဲ့ ကိုလေးကို proximo ကြောင့် ကြိုက်သွားကြလိမ့်မည်ဟု ထင်နေကြသည်။

သူမ ထင်သည်။ ကမ္ဘာပေါ်ရှိ လူသားအားလုံးထဲမှာ ချစ်ပြီး လက်မထပ်နိုင်တာ သူမတို့နှစ်ယောက်ပင်။ သူမပဲဖြစ်စေ ကိုလေးပဲဖြစ်စေ အစကတည်းက ချစ်ခြင်းသည် နောင်တစ်ချိန် လက်ထပ်ဖို့အတွက် ချစ်ခြင်းမဟုတ်။ "လက်ထပ်ခြင်း" ဆိုတဲ့ ပန်းတိုင်အတွက် ချစ်ကြသောအချစ်မှာ တပ်မက်မှုတွေ၊ ရယူပိုင်ဆိုင်လိုခြင်းတွေ၊ တုံ့ပြန်မှုတွေ၊ သံသယတွေ၊ အတ္တ မနာလိုဝန်တိုခြင်း ... စတာတွေနဲ့ ချစ်ကြတာဖြစ်သည်။





အခု သူမတို့ရဲ့အချစ်က နှောင်ကြိုးမဲ့သည်။ တစ်ယောက်နဲ့တစ်ယောက် ချည်နှောင်ခြင်း ကင်းမဲ့သည်။ သူမတို့လောက် ဖြူစင်သန့်ရှင်းစွာ ချစ်တတ်သော လူနှစ်ယောက်ကို ကမ္ဘာပတ်ရှာတောင် မတွေ့စေရပါ။ သူမ အသက်နဲ့ကိုလဲပြီးပြောရဲသည်။

သို့သော် ထိုအကြောင်းအရာတွေကို နှုတ်ကဖွင့်ဖော်ပြောဖို့ ဘယ်သောအခါမှ စွမ်းဆောင်လိမ့်မည် မဟုတ်။ သူမရဲ့ မတုန်မလှုပ် သွေးအေးနေပုံကို သူငယ်ချင်းတွေက မျက်စောင်းတခဲခဲနှင့် ကြည့်ရင်း ကိုလေးနဲ့ အကြောင်းတွေကို စကားဆက်ပြောမလာတော့။

အထင်တော့ မကြီးလိုက်ပါနဲ့ဦး ... တစ်ရက်ပဲ။ သူတို့ နှုတ်တွေပိတ်နေနိုင်ရင် အများဆုံး တစ်ရက်ပဲ။ နောက်နေ့တွေကြရင် ဒီအကြောင်းအရာကိုပဲ ပြောခဲ့ပြီးသား စကားတွေနဲ့မတူအောင် ဝါကျဖွဲ့ပြီး ပြောကြဦးမည်။

"ဒါဖြင့်ရင် အခု ရှင်တစ်ယောက်တည်းပဲပေါ့"

"ရက်(စ်)

"ရှင့်ဘေးမှာ Legally suitor (တရားဝင်ရည်းစား) မရှိတော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"Legally Suitor မရှိပေမယ့်လည်း လွှာသဝဏ်ကို ကြိုက်နေတဲ့အမျိုးသားတွေက နည်းမှမနည်းဘဲ၊ အဲဒီထဲက ရှင်တစ်ယောက်ယောက်ကို ပြန်ကြည့်လိုက်ရင် ရတာပဲ"

"အေးလေ ... ချမ်းအေးဇင်လား၊ ဟန်ညီထူးလား၊ မင်းလွင်လား"

"တော်ပါပြီ၊ ကျွန်မ ဘယ်သူ့ကိုမှ မရွေးချယ်ချင်တော့ဘူး"

"လွှာသဝဏ်တို့ ပြောင်းလဲသွားတာ အံ့သြစရာပဲ"

"ရှင့် ကိုလေးလောက် ဘယ်ယောက်ျားကိုမှ မချစ်နိုင်လို့လား"

"အစစ်ပဲ"

သူမ ခပ်ရွဲ့ရွဲ့ ဖြေလိုက်သည်။ အမှန်အတိုင်းဖြေဖို့ ဘယ်တော့မှ စိတ်မကူးပါ။

"ဟဲ့ ... ကျွန်မတို့တွေ ဟော့ပေါ့သွားသောက်ရအောင်"

"အေး ... သွားကြရအောင်"

"လှော်ကားနဲ့ပဲ သွားကြမယ်ဟာ၊ ဘယ်လိုလဲ လွှာ၊ သွားမယ် မဟုတ်လား"





"ပရက်တီကယ် ရှိသေးတယ်နော်"

"ဝေးပါသေးတယ်၊ နှစ်နှာရီမှပဲဟာကို၊ အခုမှ ဆယ့်တစ်ခွဲပဲ ရှိသေးတာ"

"အေးလေ ... ဒါဖြင့်လည်း သွားကြတာပေါ့"

ယု၊ သဲစု၊ မိုးမိုးနဲ့အတူ သူမ ကျောင်းထဲက ထွက်လာခဲ့ပြီး ဟော့ပေါ့ဆိုင်လေးဆီသို့ ထွက်လာခဲ့သည်။ ကားကိုလည်း သူမကိုယ်တိုင်ပဲ မောင်းသည်။ သူမဘေးနားမှာ ယု ထိုင်ပြီး နောက်ခန်းမှာတော့ သဲစုနှင့် မိုးမိုးကထိုင်လျက် စကားဖွေဖောင်ဖွဲ့နေကြသည်။

တစ်ချက် တစ်ချက်မှာ သူမဘေးက ယုသည် ကျောမှီကူရှင်ကိုကိုင်ပြီး နောက်လှည့်ကာ ဟိုနှစ်ယောက်ရဲ့စကားဝိုင်းထဲ ဝင်ပါနေသေး၏။ သူမကတော့ အပိုအလိုစကား သိပ်မပြောတတ်ဘဲ ကိုယ့်မူအတိုင်း (သူများတွေကတော့ သူမ နေထိုင်မှုကို မပြုတ်မနူးဟု မညှာမတာ စွပ်စွဲတတ်ပါသည်။)

နှုတ်ဆိတ်နေရင်းက ဟော့ပေါ့ဆိုင်ထဲသို့ ကားဝင်လာခဲ့ရင်း ကားပေါ့(ခ်)လုပ်လိုက်သည်။ ပြီးတော့ သူမတို့လေးယောက်သား မှာစရာရှိတာတွေမှာ စားစရာရှိတာတွေ စားရင်း ဟိုသုံးယောက်ကတော့ ကြွက်စီ ကြွက်စီနှင့် ဘာတွေပြောလို့ ပြောနေကြမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောနေတဲ့ စကားထဲမှာ ပတ်ဝန်းကျင်ကလူတွေအကြောင်းလည်း ပါသည်။ ခရီးထွက်ဖူးတဲ့ အတွေ့အကြုံတွေလည်း ပါသည်။ ဟောလိဝုဒ်က မင်းသား မင်းသမီးအကြောင်း၊ အဆိုတော်တွေအကြောင်း၊ ဘာသာပြန်စာအုပ်တွေအကြောင်း၊ စာရေးဆရာတွေအကြောင်းနဲ့ တောတောင်အီအီတွေ လျှောက်ပြောရင်း အချိန်က တစ်နာရီသို့ ရောက်သွားသည်။

"ဟဲ့ ... ရှင်တို့သုံးယောက် ဘယ်အထိ စကားကောင်းနေကြမှာလဲ၊ မီးလုပ်ရဦးမယ်နော်"

"ဘယ်အချိန်ရှိပြီလဲ"

"တစ်နာရီထိုးပြီ"

"ဘာ ... တစ်နာရီတောင်ထိုးပြီ၊ ဟုတ်လား"

"အချိန်တွေကလည်း ကုန်တာ မြန်သလိုပဲနော်"

"ဟုတ်ပါ့၊ စကားပြောနေရလို့လား မသိဘူး။ စာကျက်နေရင် အချိန်တွေက ကုန်ခဲလိုက်တာ"

"စကားမများကြနဲ့တော့လေ၊ ပြန်ဖို့သင့်ပြီ"

"ဒါဆို ပြန်ကြမယ်၊ မြန်မြန်လေး ပါးလိ ပါးလိ"

ပါးလိပါးလိ ဆိုတာ သူမတို့သုံးနေကြ ကိုရီးယားစကားတစ်ခုဖြစ်သည်။ မြန်မာဘာသာဖြင့် "မြန်မြန် ... မြန်မြန်"





ဟု အဓိပ္ပာယ်ရသည်။ ပေါ့ပေါ့အတွက် ငွေပေးချေခဲ့ပြီး ကားပါ့ခ်လုပ်ထားရာဆီ ထွက်လာခဲ့တော့ သူမ စိတ်တိုတောင်းသွားရသည်။

"ကြည့်စမ်း ... တရွှေ့တွေ၊ ကားတောင် ပါကင်မထိုးတတ်ဘူးလား မသိဘူး။ ဘေးနှစ်ဖက်ရော နောက်ရော ညှပ်ပိတ်ထားတော့ ကျွန်မတို့ကားက ဘယ်လိုထွက်ရမလဲ"

"ဟုတ်ပါ့ပဲဟယ်၊ စည်းမရှိ ကမ်းမရှိနဲ့ ကားတစ်စီးနောက်က နောက်တစ်စီးက ကန့်လန့်ပိတ်ရပ်ထားစရာလား"

သူမတို့ကားပါကင်ထိုးခဲ့စဉ်က စနစ်တကျနှင့် တန်းစီပြီး ထိုးခဲ့တာဖြစ်သည်။ ခုတော့ ရှေ့ကနေလည်း မောင်းထွက်သွားလို့မရ။ ရှေ့မှာက နံရံနှင့်။

"တောက် ... တော်တော်စိတ်တိုဖို့ ကောင်းတယ်"

"ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမလဲ၊ ထိုင်စောင့်နေရုံပဲ ရှိတာပေါ့"

"ဘယ်သူ့ကိုလဲ"

"ဘယ်သူရှိရမှာလဲ၊ ကျွန်မတို့အနောက်ကကား ထွက်သွားမယ့်အထိပေါ့"

"ဟင် ... ဒီကားပိုင်ရှင် တော်တော်နဲ့ ထွက်မလာရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း ဒီကား ဘယ်သူ့ကားလဲဆိုပြီး ဆိုင်ထဲမှာ တစ်ယောက်ချင်းစီ ရှင်လျှောက်မေးလိုက်ပေါ့"

သူမက နဂိုကတည်းက ကားကိစ္စနဲ့ပတ်သက်ပြီး စိတ်တိုနေတဲ့အချိန်မှာ ဘေးကနေ စိတ်မတတ်ကျသလို တတွတ်တွတ် မြည်တွန်တောက်တီးနေသော ယုကို စိတ်အချဉ်ဖောက်စွာ ဆိုလိုက်ရင်း လေးယောက်သား ကားဘေးနားမှာ မယောင်မလည် လုပ်နေမိတော့သည်။

ကားဘေးမှာ ငုတ်တုတ်ကြီးတွေ ထိုင်စောင့်နေပြန်ရင်လည်း ရှက်စရာ။ သူမတို့တွေ ဆယ်မိနစ်လောက်ကြာအောင် ကားဘေးမှာ ရစ်သီ ရစ်သီ လုပ်နေမိတော့ သူမက စိတ်ကုန်ခန်းစွာ ကျိတ်ခေါက်လိုက်ရင်း ...

"တွေ့လား ... ရှင်တို့တွေ စားချင်သောက်ချင်ကြတာ၊ အခုတော့ ပရက်တီကယ် လွတ်တော့မယ်"

"အံမယ် ... အခုမှလာပြီး သူများကို အပြစ်ပုံမချချင်စမ်းပါနဲ့။ လာတုန်းက အားလုံး စိတ်တူကိုယ်တူနဲ့ တက်တက်ကြွကြွ လာခဲ့ကြတာ မဟုတ်လား"

"အေးလေ ... ရှင်မလိုက်ချင်ရင် အစကတည်းက နေခဲ့ပေါ့"





"ပရက်တီကယ်လေး တစ်ကြိမ်လွတ်မှာကို စကားထဲထည့်ပြောနေသေးတယ်။ ပြီးခဲ့တဲ့နှစ်တုန်းကတော့ ရှင် တေဇနဲ့ လျှောက်လည်တာ ပရက်တီကယ် ဆယ်ကြိမ်လောက် ပျက်တယ်လေ။ အဲဒီတုန်းကတော့ ဘာမှမပြောခဲ့ဘဲ"

"တော်ပါတော့၊ စိတ်ရှုပ်ရတဲ့ကြားထဲ၊ တစ်ယောက်တစ်ပေါက်နဲ့ ကျွန်မကို ဘယ်ထိအောင်ဝိုင်းပြီး အပြစ်ပြောနေကြမလဲ"

"ဟော ... ဟိုမှာ လူတစ်စုထွက်လာပြီ။ ဦးလေးကြီးရယ်၊ အဒေါ်ကြီးရယ်၊ ကလေးလေးရယ့်"

"ကံကောင်းထောက်မလို့ တို့ကားနောက်မြီးက ပိတ်ရပ်ထားတဲ့ကားက သူတို့ကား ဖြစ်ပါစေ"

သူမတို့လေးယောက် ထွက်လာတဲ့ (မိသားစုဟုထင်ရတဲ့) သုံးယောက်အတွဲကို ရင်တမမ စောင့်ကြည့်နေစဉ်မှာပင် ဦးလေးကြီးက သူမတို့ကို ပတ်ရှောင်ပြီး သူမတို့ကားဘေးက ကားကိုဖွင့်လျက် စက်နှိုးနေသောအခါ သူမတို့တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း နှာခေါင်းရှုံ့မိကြသည်။

ဘေးကကား ထွက်သွားလည်း သူမတို့ကားနောက်မှာ ကန့်လန့်ခံနေတဲ့ ကားတစ်စီးကြောင့် ထွက်ဖို့ပြုဖို့ ခက်ခဲလိမ့်ဦးမည်။ ဘေးကကား မောင်းထွက်သွားတော့မှ ယုက ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ လွှာ ... ရှင့်ကားကို ရှေ့နည်းနည်း တိုးလိုက်ပြီးမှ ဘေးတစောင်း back ပြန်ဆုတ်ပြီး ထွက်ရင်ရော"

"ရှေ့တိုးရအောင် ရှေ့မှာ နံရံကြီးပဲရှိတာကို"

"ရသရွေ့တိုးကြည့်ပေါ့ဟယ်"

"နေဦး ... ကျွန်မ ကြိုးစားကြည့်မယ်၊ ရှင့်တို့တွေ တစ်ခါ တည်းတက်နှင့်မလား၊ အောက်မှာ ရပ်စောင့်နေကြလား"

"အောက်မှာပဲ စောင့်နှင့်မယ်၊ ရှင်ပဲ ရအောင်ရွှေ့ပါဦး"

ယုပြောသလိုပင် ကားကိုရှေ့နည်းနည်းတိုးလိုက်ပြီးမှ နောက်က ကန့်လန့်ပိတ်ရပ်ထားသောကားကို လွတ်အောင် ကားကိုစောင်းပြီး Back ပြန်ဆုတ်ကြည့်သည်။ မဆိုးလှ၊ ကားကမဆို သလောက်လေး ထွက်လို့ရနေသည်။ အောက်က သူငယ်ချင်းတွေက သူမကို ...

"ဝှမ့်ခင်း ... ဝှမ့်ခင်း"

ဟု အော်ဟစ်နေကြသည်။ သူမ ကြိုးစားပြီးထွက် ကြည့်လိုက်တော့ ကားက လုံဝအချုပ်အနှောင် ကင်းမဲ့စွာ ထွက် လို့ရသွားသည်။ သို့သော် ဘေးတစောင်းဖြစ်နေတဲ့ကားကို ပြန် တည့်ဖို့အတွက် ကားကို နောက်သို့ပြန်ဆုတ်လိုက်စဉ်မှာ သူငယ် ချင်းတွေရဲ့ အော်ဟစ်သံက စီဝေသွားတော့သည်။





"လွှာ ... ကား ... ကား၊ ကားဝင်လာတယ်"

အော်သံတွေမှ မဆုံးခင် သူမက နောက်ကဝင်လာ တဲ့ကားခေါင်းပိုင်းကို သူမကားနောက်မြီးနှင့် ဝင်စောင့်မိတော့ သည်။

"ချိုင်း"

သွားပြီ။ ပရက်တီကယ်တော့ တကယ်လွတ်ပြီထင် ပါရဲ့။ ပြဿနာတွေက တစ်ခုပြီးတစ်ခု ဝင်နေတော့တာပဲ၊ သူငယ်ချင်းတွေက ပြူးကြောင်ငေးကြည့်နေဆဲမှာ သူမက စိတ် မသက်သာစွာ နှုတ်ခမ်းကို ဖိကိုက်လျက် ကားထဲမှ ဆင်းလိုက် သည်။ မတတ်နိုင်ဘူး။ တောင်းပန်စရာရှိရင် တောင်းပန် လျော် စရာရှိရင် လျော်ရတော့မှာပဲ။

○❖○



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကဆင်းလာပြီး မျက်နှာတစ်ဝက်ထိ ဖုံးကွယ်နေသော ခရမ်းရောင်ကာလာမျက်မှန်ကြီးကို ဆတ်ခနဲ နဖူးပေါ်ပင့်တင်လိုက်ချိန်မှာ သူမကို မှတ်မိနေသော သူ့ဦးနှောက်က ဝင်းခနဲ ဖြစ်သွားခဲ့ရသည်။

"တွေ့ပြီကွ ... တွေ့ပြီ၊ ဟား ဟား ... ငါ့ gem ကလေးကို တွေ့ပြီ။ မိုးပေါ်ကအပ်နဲ့ မြေပြင်ကအပ် ထိပ်ဖျားချင်းထိစပ်သွားပြီ"

ဟု တဖွဖွ အော်ဟစ်ရေရွတ်ရင်း ကားပေါ်ကမဆင်းနိုင်သေးဘဲ ကားရှေ့မှန်ကတစ်ဆင့် ကြော့ရှင်းလှပစွာ လျှောက်လာနေခဲ့သော သူမကို မှင်သက်စွာ ငေးမောနေမိသည်။

"ဟေ့ကောင် ... ဆင်းလေ၊ မင်း ငုတ်တုတ်မေ့နေပြီလား"

"သူ ... သူ ..."





"ဘာဖြစ်လို့လဲကွ၊ အဲဒီကောင်မလေး တော်တော်လှတယ်နော်၊ လုံးဝကို smart ပဲ"

"သူက ငါရှာနေတဲ့ ကောင်မလေးကွ"

"ဟေ ... ဟုတ်လား။ ဟား ဟား ... ငါက လိုက်မလားလို့ စိတ်ကူးနေတာ။ လွဲပြီပေါ့"

အခွေထဲက ကောင်မလေးကို တွေ့ဖူးထားခြင်းမရှိသော ခေတ်သစ်က သူမကိုကြည့်ရင်း ပြောလိုက်သဖြင့် သူ့စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။ သူ ကံကောင်းလိုက်တာ။ သူမကို တွေ့ချင် ရင်နိုးချင်နေခဲ့တာ။ တစ်ဆင့်ခံ ပတ်သက်မှုလောက် ရရင်ဖြင့် ကျေနပ်ပါတယ်ဟု တွေးနေခဲ့တဲ့ သူ့အတွက် ကံကြမ္မာက သူ့ကို သူမနဲ့မျက်နှာချင်းဆိုင်ပေးခဲ့သည်။ သူ ကားပေါ်မှဆင်းလိုက်တော့ သူမက မသာမယာ မျက်နှာနှင့် စိုးရွံ့နေဟန်ရှိကာ သူ့ကို ပြောလာခဲ့သည်။

"ကား ... ဘာဖြစ်သွားလဲ မသိဘူး"

သူမအသံက တော်တော်လေးကို Cute ဖြစ်လွန်းလှသည်။ သူမအသံမှာတင် တော်ရုံယောကျ်ားမူးမိုက်လဲကျသွားနိုင်သည်။ စကားပြောပုံကလည်း ကြည့်ဦးလေ။ "ကားဘာဖြစ်သွားလဲ မသိဘူး"ဆိုပြီး တစ်ဆက်တည်း ပြောလာတာ မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကားဆိုပြီး နှစ်စက္ကန့်လောက်ခြားပြီးမှ နောက်ဆက်တွဲကို ပြော လာပုံကလည်း မြင်တွေ့ဖူးနေကျ မိန်းကလေးများနှင့် လုံးဝမတူ အသံကိုက ညှို့ငင်နိုင်စွမ်းသည်။ သူ ကားကို တစ်ချက်ငုံ့ကြည့် လိုက်သည်။ ပြီးမှ ...

"မီးသီးကွဲသွားတယ်၊ ပြီးတော့ ချိုင့်သွားတယ် နည်းနည်း"

"ကျွန်မ တာဝန်ယူပါ့မယ်၊ ဘယ်လိုလုပ်ပေးရမလဲ"

"အင်း ... ရပါတယ်ဗျာ။ မတော်တဆပဲဟာ"

"မဟုတ်ဘူးလေ၊ ပြတ်ပြတ်သားသားပေါ့၊ ကျွန်မက သူ များအပေါ်မှာ အကြွေးရှိနေရင် မနေတတ်ဘူး"

"ကျွန်တော် ပြောရမှာ အားတော့နာတယ်ဗျာ"

"ရပါတယ်၊ ပြောကြည့်ပါ"

"ကျွန်တော်တို့ အရေးတကြီး သွားစရာကလည်း ရှိနေတယ် ဗျ။ ဖြစ်နိုင်မယ်ဆိုရင် ဒီကကားကို ခဏလောက်ယူသွား လိုက်ချင်တယ်။ အဲဒီအချိန်အတွင်းမှာ ကျွန်တော့်ကားကိုပြင် ရင်ပြင်ထားလိုက်ပေါ့။ ကျွန်တော့်ကို စိတ်ချယုံကြည် မှုပါ"

သူမနဲ့ ရင်းနှီးခွင့်ရဖို့အတွက် "ခွင်"တစ်ခု ဆင်လိုက် သည်။ သူဆင်လိုက်တဲ့ ခွင်ကို သူမက အလွယ်တကူ လက်မခံခဲ့





ပါ။ သူငယ်ချင်းတွေရဲ့ ထောက်ခံမှုကိုယူသလို တစ်ချက်လှမ်း ကြည့်လိုက်သေးသည်။ သူမ သူငယ်ချင်းတွေ ဖြစ်ဟန်တူသော ချောချောလှလှ ကောင်မလေးသုံးယောက်က ခေါင်းညိတ်ပြလိုက် တော့မှပဲ သူမက သူ့ဘက်ပြန်လှည့်လာပြီး ...

"ရပါတယ်၊ ရော့ ... ဒီမှာ ကားသော့။ ကျွန်မတို့ ကား ချင်း ဘယ်မှာပြန်လဲကြမလဲ"

"ရော် ... ခက်ပြီ။ ဟိုက် ... ဒုက္ခပဲ အချိန်ကလည်းမနည်း တော့ဘူး။ နှစ်နာရီတောင် ထိုးတော့မှာပါလား"

"မေးနေတယ်လေ၊ ကားချင်း ဘယ်မှာ ပြန်လဲကြမလဲ လို့"

"တော်ပါပြီဗျာ၊ ကျွန်ုတော်လည်း သွားစရာရှိတာကို အပျက် ခံလိုက်တော့မယ်၊ တော်ကြာ ဒီက ကျွန်တော့်ကို မယုံ သင်္ကာစိတ်တွေ ပွားလာလိမ့်မယ်"

"ဘာဖြစ်လို့လဲ၊ ကျွန်မက တစ်ဖက်သားကို တော်ရုံအထင် မသေးတတ်ပါဘူး".

"ကျွန်တော်က ဒီည ဟိုမှာအိပ်ချင်အိပ်ရလိမ့်မယ်။ ဒီတော့ ကားချင်းပြန်လဲဖို့ ခက်နေတယ်။ တော်ကြာ ကျွန်တော့်ကို ကားခိုးသွားတယ် ထင်နေမှဖြင့်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကြောင့်တော့ ကိစ္စတစ်ခုကို အပျက်မခံပါနဲ့။ ကားချင်းက ဒီနေ့ပြန်မလဲဖြစ်ရင် နောက်နေ့ပေါ့။ နောက်နေ့ကိုပဲ အပ္ပိုင့်မဲန့် လုပ်လိုက်လေ"

"တော်တော်ကြီးတော့ အားနာစရာကောင်းနေပြီ။ နေပါစေတော့။ တစ်ဖက်သား သက်သာမကင်းဖြစ်မယ့် အလုပ်ကြီးကို ကျွန်တော် မလုပ်ချင်ဘူး"

"ရှင်က ဘာဖြစ်ရပြန်ပြီလဲ"

သူတို့နှစ်ယောက် ဇာလည်ကြောင်ပတ် လုပ်နေတာကို စိတ်မရှည်တော့သလို သူမသူငယ်ချင်းတစ်ယောက်က စောင့်ကြီးအောင့်ကြီးဖြင့် ဝင်ပြောလာသည်။ သူကတော့ မျက်နှာကို normal ပဲ ထားထားသည်။ သူမကို စိတ်ဝင်စားနေကာ အရည်တွေလက်ဖြာနေတဲ့ မျက်လုံးအစား တွေ့တဲ့သူတိုင်းကို ရင်းနှီးနှစ်လိုစွာ ပေါင်းသင်းပြီး နွေးနွေးထွေးထွေးရှိသည့် မျက်လုံးမျိုးဖြစ်အောင် ကျင့်ယူထားသော အကြည့်နှင့် ကြည့်လိုက်ပြီးမှ သူမသူငယ်ချင်းဘက် ပြန်လှည့်လိုက်ကာ ...

"ဒီလိုဗျ ... ဒီနေ့ သာကေတဘက်က သူငယ်ချင်းတစ်ယောက် ဆေးရုံကဆင်းလို့ သတင်းသွားမေးရင်းနဲ့ အလျှဉ်းသင့်ရင် ဘင့်သလို သူ အိမ်မှာအိပ်ပေးရမှာ၊ တစ်နည်း





အားဖြင့် လူနာစောင့်ပေါ့၊ သူ့ကို မျက်ခြည်ပြတ်ခံလို့မဖြစ်ဘူး၊ ဒါကြောင့် နောက်နေ့ ကားပြန်လဲနိုင်မှာ မဟုတ်ဘူး။ သူ့ဆီမှာလည်း ဘယ်နှရက်ကြာမယ် မသိဘူး၊ ဒါပေမဲ့ အလွန်ဆုံး နှစ်ရက် သုံးရက်ပါ"

"ဟဲ့ ... လွှာသဝဏ်၊ ရှင် ဘယ်လိုလုပ်မှာတုန်း၊ ရှင့်ကားပေးလိုက်မှာလား"

သူမက သူငယ်ချင်းတစ်ယောက် ခေါ်လိုက်သံကြောင့် သူမနာမည်ကို သိခွင့်ရလိုက်သည်။ တော်တော်လှတဲ့နာမည်ပဲ၊ လွှာသဝဏ်တဲ့၊ လူရော နာမည်ရော ဖက်ရှင်ကျပါပေတယ်။

"ဒီမှာ ... ဒီမှာ ... ကျွန်မကား ပေးလိုက်မယ်လေ၊ တစ်ဖက်ကိစ္စကလည်း အရေးကြီးနေတော့ ကားချင်း ပြန်လဲမယ်ဆိုရင်တော့ ဖုန်းဆက်လိုက်ပါ၊ ကျွန်မ ဖုန်းနံပါတ်ပေးခဲ့မယ်"

"အိုကေ ... အဆင်ပြေတယ်၊ တော်တော်လေးကို အဆင်ပြေပါတယ်၊ ရော့ ... ဒီမှာစာရွက်၊ ဖုန်းနံပါတ်ရေးဖို့"

သူက သူ့အင်္ကျီအိတ်ကပ်ထဲမှ စာရွက်လွတ်တစ်ရွက်ကို သူမဆီ ကမ်းပေးလိုက်သည်။ သူမက ကားဘောနက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တင်ပြီး စာရွက်ထဲ ရေးလျက်ရှိသည်။ ရေးပြီးတော့ သူ့ဆီပြန်ကမ်းပေးလာ၏။ စာရွက်ပေါ်ကို ငုံ့ကြည့်လိုက်သည်။ စာရွက်ထဲမှာ လွှာသဝဏ် ဆိုတဲ့ နာမည်တစ်ခုနဲ့ ဟန်းဖုန်းနံပါတ်သာ ရေးထားသည်။

"ဒါဆိုရင် အဆင်ပြေပြီပေါ့"

"အင်း … ကျွန်တော်တို့ချင်း ဖုန်းဆက်ပြီးမှပဲ ကားလဲမယ့်နေရာကို ပြောကြတာပေါ့၊ ရော့ … ဒါက ကျွန်တော့်ကားသော့"

"အခု ကျွန်မ ရှင့်ကားကို မောင်းသွားတော့မယ်နော်၊ ဘာလဲ ရှင့်ကားထဲက ရှင့်လူက ထွက်မပေးတော့ဘူးလား၊ တစ်ခါတည်း ဝပ်ရှော့ပ်ခေါ်သွားပြီး သူ့မျက်လုံးတွေကို ဝရိန်စော်ခဲ့ပေးရမလား"

"အင် … ဗျာ"

သူ ကြောင်တောင်တောင်နှင့် ယောင်ယမ်းပြီး ကားထဲကြည့်မိလိုက်တော့ ခေတ်သစ်က မျက်လုံးနှစ်ဖက်ကို စုံမှိတ်ထားကာ သီချင်းနားထောင်နေပုံရသည်။ နားမှာက နားကြပ်သေးသေးလေးတပ်လို့။ သူ ခေတ်သစ်ဆီ လျှောက်သွားလိုက်သည်။ ခေတ်သစ် နားထဲမှ နားကြပ်ကိုပါ ဆွဲဖြုတ်လိုက်သည်။





"ဟော့ကောင် … ထစမ်း၊ ငါ သူတို့နဲ့ ကားချင်းလဲလိုက်ပြီ။ မင်း ဒိမ်ယူချင် ဟိုဘက်ကားပေါ် ပြောင်းတက်လိုက်"

"ဘာ … ကားချင်းလဲလိုက်ပြီ ဟုတ်လား၊ အပိုင်ကြေးလား"

"ထစမ်းပါကွာ၊ ဘယ်ကအပိုင်ကမှာလဲ၊ မင်းကလည်း အောက်လေး ဘာလေး ဆင်းမလာဘူး၊ ဒိမ်ပဲယူနေတော့တာပဲ"

"အောင်မာ … သူတို့ချင်း ကြည်နေလို့ ဒီကရှောင်ပေးတာကို"

ခေတ်သစ်က ကားပေါ်ကနေ ဖျတ်ခနဲ ခုန်ဆင်းရင်း သူမတို့လေးယောက်ကို တစ်ချက်စိုက်ကြည့်လျက် သူမတို့ကားပေါ်မှာ သွားထိုင်နေတော့သည်။

"ဒါဖြင့် ကျွန်တော် သွားတော့မယ် သဝဏ်လွှာ"

"ဟိ ဟိ ဟိ"

သူမ အပါအဝင် ကျန်မိန်းကလေးသုံးယောက်ဆီမှ တဟိဟိ ရယ်သံတွေ စီဝေပြီး ထွက်လာခဲ့သည်။ သူက ကိုယ့်အမှားကို ကိုယ်မရိပ်မိသေးဘဲ သူမတို့ အကြောင်းမဲ့ရယ်နေခြင်းကိုသာ နားမလည်နိုင် ဖြစ်နေခဲ့သည်။ သူမက အပြုံးချိုချိုလေးကို မပွင့်တပွင့်ပြုံးရင်းက …



www.burmeseclassic.com

www.burmeseclassic.com



"လွှာသဝဏ်ရှင် ... သဝဏ်လွှာ မဟုတ်ဘူး"

ဒီတော့မှ သူ့အမှားသူ သိရသည်။ တကယ်တော့ အမှတ်မထင် မှားခေါ်မိသွားတာပါ။ သူမနာမည်ကို မေ့သွားရလောက်အောင်ထိ သူ မမိုက်မဲချေ။

"ဟာ ... ဆောရီး ... ဆောရီး၊ ကျွန်တော် မှားခေါ်မိသွားတာ၊ ဒါပေမဲ့လည်း အဲ့ဒီပွာယ်ချင်းက အတူတူပါပဲ။ ကျွန်တော်တို့ အခု တစ်ယောက်နဲ့တစ်ယောက် သိသွားရှာပြီဗျာ၊ နောက် ကားချင်းပြန်လဲရင်းလည်း သိကျွမ်းရင်းနှီးကြဦးမယ်၊ နောက်တစ်ခေါက်လည်း နာမည်မှားမခေါ်နိုင်အောင် လွှာလို့ တစ်လုံးတည်းခေါ်ရင် ဖြစ်မလား"

"အမယ်လေး ... လွှာလို့ တစ်လုံးတည်း ခေါ်ခွင့်ရဖို့အတွက် စကားချီး နိဒါန်းတွေ ပျိုးနေလိုက်တာ။ ကျွန်မတို့မှာ ဘာများပြောမလို့ပါလိမ့်ဆိုပြီး နားထောင်ရတာ မောသွားတာပဲ။ ခေါ်ပေါ့ ... ခေါ်တာပဲ၊ ကိုယ့်ပါးစပ်နဲ့ ကိုယ်ခေါ်တာ၊ ခေါ်တာမကြိုက်ရင် ဘယ်ပုဒ်မနဲ့တရားစွဲလို့ ရမလဲ၊ (199)တိုင်မလား၊ တိုင်လို့ရလို့လား"

ထိုစကားကို သူမ ပြောတာလို့ မထင်လိုက်ကြပါနှင့်။ သူ့ကို အမြင်ကတ်နေဟန်ရှိသော သူမ၏သူငယ်ချင်းမတစ်





ယောက်က ဝင်ပြောခြင်းဖြစ်သည်။ သူက ထိုသူငယ်ချင်းမပြောတဲ့စကားကို နားထဲသွင်းဟန်မပြုဘဲ သူမဆီသို့ လှမ်းကြည့်လိုက်သောအခါ သူမက တည်ငြိမ်စွာဖြင့် ခေါင်းလိုက်သည့်အတွက် သူ ပျော်သွားရသည်။

မထင်မှတ်ဘဲ နာမည်မှားခေါ်မိတာလေးက သူ့အတွက် အခွင့်အရေး ဖြစ်သွားသည်။ သူမလည်း သူ့ကို အယုံအကြည်ရအောင် ခါးကြားမှာညှပ်ထားသော ဝေါလက်ကို ဆွဲယူပြီး အထဲမှ Visiting card ကို ထုတ်လျက် သူမထံ ကမ်းပေးလိုက်သည်။ သူ့ကတ်က အင်္ဂလိပ်လို ရိုက်ထားသဖြင့် သူမက သေချာအောင် အချိန်ကြာမြင့်စွာ ငုံ့ဖတ်နေပြီးမှ ...

"အလက်ဇ် ... အလက်ဇ် ဟုတ်လား"

သူ ပြုံးလျက် ခေါင်းညိတ်ပြလိုက်သည်။

"နာမည်က ဝတ္ထုဆန်တယ်နော်"

သူမက သူ့နာမည်ကို ဝေဖန်လာသည်က ကားနဲ့ပတ်သက်သည့်စကား မဟုတ်သည့်အတွက် ခင်မင်မှုအစဟု သူ ထင်မိသည်။

"လွှာလို့ပေါ့၊ သွားမယ်နော်၊ ကျွန်တော်တို့ နောက်တော့ ဆုံဖြစ်ဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမကို နှုတ်ဆက်ပြီး သူ ထွက်လာခဲ့လိုက်သည်။ သူမကားထဲရောက်တော့ အေးမြမွှေးပျံ့နေသော သူမ၏ကိုယ်သင်းရနံ့လေးကို ရသလိုမျိုး မွှေးရနံ့တို့က စိမ့်ဖြာနေခဲ့သည်။ ကားမှန်မှာ ရော်ဘာဖြင့်လုပ်ထားသော စပျစ်သီးနိုင်ကြီးတွေကို ချိတ်ဆွဲထားသည်။ စပျစ်သီး အနီသီး အညိုသီး အစိမ်းသီးများက သူ့ကို သွားရည်များပင် ယိုထွက်အောင် ဖြားယောင်းနေခဲ့သည်။

"ဟော့ကောင် ... မင်း ဗိုက်ဆာလို့လား၊ စပျစ်သီးတွေကိုကြည့်နေတာ၊ ဗိုက်ဆာရင်လည်းစားလိုက်လေ၊ ငါခွင့်ပြုတယ်"

"ကလေးဆန်တယ်ကွ၊ ကလေးဆန်လို့သာ စားမရတဲ့ အသီးကြီးတွေကို တခမ်းတနား ချိတ်ဆွဲထားတာပေါ့"

"ဒါဖြင့် လူကြီးဆန်ရင် ဘာဆွဲရမလဲ"

"ဆွဲရမယ်လို့ မပြောပါဘူး။ လူကြီးဆန်ရင် ဇီးကွက်တို့လို ဟာမျိုးတွေ၊ ပန်းပွင့်တွေ ပန်းခက်တွေကိုလည်း လှလှပပလေး အသုံးပြုနိုင်တာပဲ။ နေတော့ ရုပ်တည်လေးနဲ့ကွ၊ တည်တည်တံ့တံ့နဲ့ လူကြီးတစ်ယောက်လိုနေတာ။ သူ့စိတ်က ကလေးဆန်တယ်။ အဲဒီလိုလူမျိုးက ကိုယ်မှန်တယ်ထင်ရင် နောက်မဆုတ်ဘူး။ တည်တံ့တဲ့မျက်နှာနဲ့ လူကြီးဂိုက်ဖမ်းမယ့်သူမျိုးကွ"





သူက ကားပေါ်ကင်ထဲမှ မောင်းထွက်ရင်း ပြောလာသမျှကို ခေတ်သစ်က နားထောင်ရင်း ...

"မင်းက နည်းနည်းလေး သွားကြည့်လိုက်တာနဲ့ သူ့အတွင်းစိတ်ကို ဖတ်တတ်သွားပြီပေါ့လေ၊ ဟုတ်လား"

"ကြည့်တာ မဟုတ်ပါဘူးကွာ၊ ဖူးစာမှန်လို့ပါ"

"အိုး ဟိုး ... အလကားရသမြောက်ပါလား၊ အခုမှစတွေ့ကာစပဲ ရှိသေးတယ်၊ မင်းပါးစပ်က ဖူးစာလို့ ဘာလို့ပြောထွက်နိုင်တာလဲ၊ သက်သက် အဲဒါစော်ကားတာ၊ သူများကားလည်း ယူစီးသေးတယ်၊ ဖူးစာလေး ဘာလေးနဲ့၊ ဒါနဲ့ နေပါဦး၊ မင်းက ဘယ်လိုလုပ်ပြီး သူ့ကားကို ယူလာခွင့်ရတာလဲ၊ အခုမှတွေ့တဲ့ မင်းတို့က ငယ်ပေါင်းကြီးဖော်တွေကျနေတာပဲ၊ တစ်ယောက်ကိုတစ်ယောက် ယုံကြည်ပြီး ကားတွေတောင် ပုံအပ်နေကြပြီ"

"ဖိနပ်လုံး လိမ့်လုံးနဲ့ပေါ့ကွာ၊ ကားချင်းထိမိတော့ ငါ့မီးလုံးကွဲသွားတာကို သူက ပြင်ပေးချင်တယ် ပြောတော့ ငါက အရေးတကြီးသွားစရာရှိဟန် ဆောင်လိုက်တယ်၊ ဒါကြောင့် သူ့ကားယူလာနိုင်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကားချင်းပြန်လဲဖို့ကရော"

"အားလုံး အိုကေခဲ့ပြီ၊ သူ့နာမည်က လွှာသဝဏ်တဲ့၊ ဖုန်းနံပါတ်လည်း ပေးခဲ့တယ်"

"ဟ ... မိုက်လှချည်လား။ မင်းတို့ အဆင့်တက်တာ တယ်မြန်ပါလားကွ ... ဟော"

"ဒီလိုပဲလေ၊ ဘုန်းနဲ့ ကံနဲ့ဆိုတော့ ... ဟဲ ဟဲ"

"အူမြူးနေတာ ... အူမြူးနေတာ၊ ဒီမှာ လက်ာ ... မင်း နည်းနည်းတော့ သတိထား"

"ဘာကိုလဲ"

"မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားလေးကို အထစ်အငေါ့မရှိဘဲ တွေ့တွေ့ချင်းမှာ appropriately (လိုက်လျောညီထွေ)ဖြစ်အောင် ပေါင်းသင်းတတ်တာဟာ လူမှုဆက်ဆံရေးမှာ ပေါင်းသင်းတတ်လို့လည်း ဖြစ်နိုင်တယ်။ နောက်တစ်ခုက ယောကျ်ားတွေနဲ့ အကျွမ်းတဝင်ရှိဖူးလို့လည်း ဖြစ်နိုင်တယ်"

"ဟမ် ... ဘုရား ... ဘုရား၊ ဒုတိယအချက် မဖြစ်ပါစေနဲ့၊ ခေတ်သစ် တကယ်လို့ကွာ မိန်းကလေးတစ်ယောက်က





gauche (လူမှုဆက်ဆံရေးညံ့ဖျင်းသော)ဖြစ်နေရင်ရော ဘယ်လိုနေမလဲ"

"စကားကို ကျင်လည်ပါးနပ်စွာ မပြောတတ်ဘူး။ သူ့မျက်နှာဟာ ပြဿနာဖြစ်တဲ့ အခါတိုင်းမှာ ဖြေရှင်းရခက်တဲ့ပုံမျိုး ဖြစ်နေလိမ့်မယ်။ ဟိုနေရာကုတ် ဒီနေရာကုတ်နဲ့ ယောင်ချာချာ ဖြစ်နေလိမ့်မယ်"

"ယောကျ်ားတွေနဲ့ အကျွမ်းတဝင်မရှိရင်ရော"

"အဲဒီအခါကြရင် စကားပြောပြေပြစ်တယ်၊ အဆင်ပြေချောမွေ့တယ်၊ သူဟာ ယောကျ်ားတွေနဲ့ မစပ်ယှက်ချင်တဲ့အတွက် ပြဿနာတစ်ခု ဖြစ်လာရင် လိမ္မာပါးနပ်စွာနဲ့ ကိစ္စတုံး လုပ်တတ်တယ်"

"ဒါဖြင့်ရင်ကွာ gauche လည်း ဖြစ်တယ်၊ ယောကျ်ားတွေနဲ့လည်း ကင်းတဲ့သူမျိုးကရော"

"အဲဒီလိုလူမျိုးလား"

"အေး"

"လဲသေလိုက်ဖို့ပဲ ကောင်းတော့တယ်။ ဘာတစ်ခုမှ အံဝင်ခွင်ကျဖြစ်အောင် မနေတတ်လို့"



www.burmeseclassic.com

www.burmeseclassic.com



ခေတ်သစ်စကားကို သူ မရယ်မောဘဲ မနေနိုင်ချေ ခွက်ထိုးခွက်လန် ရယ်မောမိသည်။ ရယ်မောနေပေမယ့် ခေတ်သ စကားတွေက တန်ဖိုးရှိလှကာ သူ့နားထဲမှာ ဘယ်လိုမှ မေ့ပျောက် လို့မရနိုင်တော့ပါ။

○❖○

ပေမန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
စေရးသားပေးပို့နိုင်ပါသည်။





## အခန်း(၄)

အချိန်က ညဆယ်နာရီ ကျော်လာသည်နှင့်အမျှ အအေးဓာတ်က ပိုပြီးလွှမ်းလာခဲ့သည်။ ဒီဇင်ဘာလမို့ ညဆိုအအေး ဓာတ်ပေါ်ပြီး မနက်ဆို နှင်းတွေကျသည့် ဆောင်းဥတုဖြစ်သည်။ သူမက ရာသီဥတုတွေထဲမှာ ဆောင်းဥတုကို အချစ်ဆုံးဖြစ်သည်။

မိုးရာသီကို သူမ မကြိုက်ပါ။ မိုးက သူမကိုနှိပ်စက် တတ်သည်။ သူမက မိုးရေကို လိုတာထက် ပိုထိလို့မရပါ။ ဖျား တတ် နာတတ်လေ့ရှိကာ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်လေ့ရှိ သဖြင့် မိုးရာသီဆို သူမက ကိုလေးနဲ့ အန်တီမြရဲ့ဂရုစိုက်မှုကို အခံရဆုံးပင်။ မေမေက သူမကို ဒီလောက် ဂရုမစိုက်လှပါ။ သူမ ကိုသည်းသည်းလှုပ် ဂရုစိုက်ပြမယ့်သူတွေ ရှိသဖြင့် စိတ်ချထား သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆောင်းဥတုလေးက သူမအတွက် သင့်တင့်မျှတ
သော ရာသီဥတုဖြစ်သလို ကိုလေးနဲ့ သူမရဲ့မွေးဖွားရာ ရာသီဥတ
ဖြစ်သည့်အတွက် ဆောင်းကို သူမတို့နှစ်ယောက်စလုံးက မက်မေ
နှစ်မြို့က်ကြကာ ညရောက်ပြီဆို တော်တော်နှင့် မအိပ်နိုင်ကြ
နှစ်ယောက်သား အနွေးထည်တွေ အထပ်ထပ်ဝတ်ရင်း ခြံထဲက
ဒန်းပေါ်မှာထိုင်ကာ သူမရဲ့ပေါက်တတ်ကရ သောင်တင်ရေမ
စကားတွေကို ကိုလေးက မညည်းမညူ နားထောင်ရင်းဖြ
ဆောင်းရာသီကို ကုန်ဆုံးရမြဲ။ ခုလည်း အချိန်က ဆယ်နာရီ ဖြ
နေပြီ။ အေးစိမ့်စိမ့်ဖြစ်ပေမယ့် သူမက မအိပ်ချင်သေးဘဲ ကိုလေး
ကို ဂျီတိုက်လိုက်သည်။

"ကိုလေး ... လွှာ့ကို ပုံပြောပြ"

"အာ ... လွှာကလည်း ပေါက်ပေါက်ရှာရှာ၊ ကလေး
မဟုတ် သူငယ်မဟုတ်နဲ့"

"ဟင် ... ကလေးမှ ပုံပြင်နားထောင်ရမှာလား။ လွှာလည်း
ကလေးပဲလေ"

"လွှာကွာ ... ကိုလေးကို ဂျီမကျနဲ့၊ ကိုလေးမှ ပုံမပြော
တတ်ဘဲ၊ ပုံပြောရမယ့် အရွယ်လည်း မဟုတ်တော့ဘူး။
လွှာလည်း ပုံပြင်နားထောင်ရမယ့်အရွယ်မှ မဟုတ်တော့ပဲ"





"မရဘူး ... မရဘူး၊ ပုံပြင်နားထောင်ရမယ့် အရွယ်ပဲ၊
ပုံပြောပြ"

သူမက တကယ်တော့ ပုံပြင်နားထောင်ချင်လို့
မဟုတ်။ ကိုလေး အပေါ်မှာ ဆိုးသွမ်းနေကြမို့ သူမ ဆိုးတိုင်းမှာ
သူမတောင်းဆိုတိုင်းမှာ လိုက်လျောနေကျ ကိုလေးကို ဂျီကျချင်
ရုံ သက်သက်သာဖြစ်သည်။ ကိုလေးက သူမ နဖူးကို ဖွဖွထု၍
ရယ်မောကာ ...

"ကလေးက ရည်းစားမထားဘူးကွ၊ ယောကျ်ားဆိုတာ
ဘာမှန်းတောင် မသိဘူး။ အခု လွှာက ရည်းစားမှ နှစ်
ယောက်တောင် ထားခဲ့ပြီးသွားပြီ၊ ဗီကြားထဲ အိစီကလီ
လေးတွေကလည်း ရှိသေးတယ်"

"ဟင် ... ကိုလေးကလည်း၊ ဒါပဲပြောလို့ မပြီးနိုင်တော့ဘူး၊
တော်ပြီ ... စိတ်ဆိုးတယ်၊ သွားအိပ်တော့မယ်"

သူမက စိတ်ဆိုးချင်ဟန်ဆောင်လျက် နှုတ်ခမ်းစူ
ခြေထောက်စောင့်ရင်း ကိုလေး ဆောမှ လှည့်ထွက်လာခဲ့သည်။
သူမ တကယ် စိတ်ဆိုးတာ မဟုတ်တာ ကိုလေး သိလိမ့်မည်။
သူမ အိပ်ခန်းထဲဝင်ပြီး ခုတင်ပေါ် ပစ်လှဲအိပ်လိုက်စဉ်မှာပင်
စားပွဲပေါ်မှ သူမဖုန်းလေးက အသံမြည်လာတော့သည်။ ဖုန်းလေး
ကိုဖွင့်ပြီး နားမှာကပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ကျွန်တော့်ကြောင့် အနှောင့်အယှက်ဖြစ်သွားပြီလား လွှာ"

တစ်ဖက်သူက ဘယ်သူဘယ်ဝါရယ်လို့ မပြောဘဲ နေသည့်အတွက် သူမ စဉ်းစားရ ကျပ်သွားသည်။ လွှာသဝဏ် ဆိုတာက ရိုးရှင်းပြီး အေးဆေးတဲ့သူ မဟုတ်ဘဲ ယောကျ်ားလေးတွေ တော်တော်များများနှင့် ပေါင်းသင်းခင်မင်ခဲ့သူ ဖြစ်သည့်အတွက် သူမဆီကို ယောကျ်ားသံနှင့် ဖုန်းလာလျှင် ဖုန်းဆက်သူမှာ ဘယ်သူလို့ သူမ မမှတ်မိနိုင်ခဲ့။ ချွင်းချက်အနေနဲ့ ကိုလေး အသံကိုတော့ သူမ စွဲမြဲစွာ မှတ်မိနေပါသည်။ ကိုလေး အသံကပင် သူမအပေါ်မှာ အမြဲတမ်း နွေးထွေးစေနိုင်သော အသံမျိုးဖြစ်သည်။

"ဘယ်သူလဲ"

"မမှတ်မိဘူး ထင်တယ်။ အလကားကျော်စွာလေ"

"သြော်"

"အောက်လိုက်တာဗျာ၊ ကိုယ့်နာမည်ကိုယ် မိတ်ဆက်ရတာ"

သူမ ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်နေလိုက်သည်။

"ကိစ္စရှိလို့လား"

"ကိစ္စ ... ကိစ္စဟုတ်လား၊ ကိစ္စဆိုတာ လူကလုပ်ရင်ဖြစ်ပါတယ်၊ ပြီးတော့ ကျွန်တော်တို့ကြားမှာ ကားကိစ္စက ပြောစရာတစ်ခု မဟုတ်ဘူးလား"





"ကားချင်းပြန်လဲဖို့ ရှင့်ဘက်က အဆင်ပြေပြီလား၊ ကျွန်မဘက်ကတော့ အားလုံး ready ဖြစ်သွားပြီ"

"ဖြစ်ပါပြီ ကျွန်တော့်ဘက်ကလည်း၊ ပြော ... လွှာ၊ ကျွန်တော် ဘယ်ကို လာပို့ပေးရမလဲ"

"ရှင်ကရော ဘယ်လိုနေရာမျိုးဆို အဆင်ပြေမလဲ၊ RC.2 ထဲက Physics(Hons) တန်းထဲဆို အဆင်ပြေမလား"

"ဟင် ... လွှာက ကျောင်းတက်နေတုန်းလား"

"အင်းလေ ... တက်နေတာပဲ"

"ဒါဆို ကျွန်တော့်ထက် ငယ်မှာပေါ့"

"ရှင့်အသက်က ဘယ်လောက်လဲ"

"တွမ်တီသရီး"

"ကျွန်မက တူး"

"တစ်နှစ်ငယ်တာပေါ့၊ ဒါပဲ လွှာ၊ ကျွန်တော် မနက်ဖြန်လာခဲ့မယ်၊ ကျွန်တော်လာရင် မုန့်လိုက်ကျွေးမလား"

"ကျွေးပါ့မယ်ရှင် ကျွေးပါ့မယ်၊ မွေးနေ့အကြိုပေါ့"

"မွေးနေ့အကြို ဟုတ်လား လွှာ၊ ဒါဆို ကျွန်တော် မွေးနေ့လက်ဆောင် ပေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မလိုပါဘူးရှင်၊ ကျွန်မက အဲဒီသဘောနဲ့ပြောလိုက်တာ မဟုတ်ဘူး။ ယူမလာနဲ့နော် မွေးနေ့လက်ဆောင်ကို၊ ကျွန်မ လက်မခံဘူး။ မုန့်တော့ လိုက်ကျွေးမှာပါ၊ ခင့်မင်မှု အထိမ်းအမှတ်နဲ့လေ၊ ကဲ ... ပြော၊ ဘယ်မှာစားချင်လဲ၊ Sedona, Traders, Feel, Zephyr, Royal Garden"

"ဟာ ... အဲဒီလောက်ကြီး မလိုပါဘူး။ ကျွန်တော်က လွှာတို့ကျောင်းထဲက Canteen မှာ တစ်ခုခုစားရင်း စကားပြောချင်တာ၊ အဲဒီလောက်ပါပဲ၊ သိပ်ပြီးအကျယ်တဝင့်လုပ်ဖို့ မလိုပါဘူး"

"ဒါဖြင့်လည်း မွေးနေ့ကျမှပဲ တစ်ခေါက်ထပ်ကျွေးမယ်လေ"

"ဟာ ... ဝမ်းသာစရာပေါ့၊ စားရဦးမှာပဲ၊ ကျွန်တော်က အစားကြီးတယ်နော် လွှာ"

"စား ... ကြိုက်သလောက်သာစား၊ မဆန့်တော့ရင်တောင် အစာအိမ်ဘေးမှာ အဖီလေးထိုးပြီးစား"

သူမရဲ့နောက်ပြောင်မှုစကားကြောင့် ညအလယ်မှာ နှစ်ယောက်သား တိုးတိုးတိတ်တိတ် ရယ်မောမိလှသည်။ ရယ်မောခြင်းက လူနှစ်ယောက်ကို ခဏအတွင်းမှာပင် ရင်းနှီးစေခဲ့သည်။ ထို့နောက် သူမတို့နှစ်ယောက် အချိန်ကြာမြင့်စွာ စကားတွေပြော





ဖြစ်ခဲ့ကြသည်။ စကားများများ ပြောမိလေ ရင်းနှီးမှုများများလာလေပင်။ ဆယ်နာရီခွဲလောက်ကနေ ဆယ့်တစ်နာရီထိုးပြီး ဆယ့်ငါးထိ လေးဆယ့်ငါးမိနစ်လောက်ထိကို သူမတို့ စကားတွေပြောပြီးမှ အိပ်စက်ခဲ့တော့သည်။

နောက်နေ့ကျတော့ ရှက်လည်း ရှက်စရာကောင်းသော ရယ်လည်း ရယ်စရာကောင်းသော အဖြစ်အပျက်တစ်ခု သူမနဲ့ ကိုလေးကြားမှာ ဖြစ်ပေါ်ခဲ့သည်။ မနက်ခင်းတည်းက ဗိုက်တွေအောင့်နေသဖြင့် သူမ မျက်နှာမလန်းဘဲ ရှုံ့မဲ့တွန့်လိမ်နေတာကို ပထမဆုံး သတိပြုမိသူက သူမ်ရဲ့ကိုလေးပဲ ဖြစ်သည်။ မေမေနဲ့ အန်တီမြကပင် သူမကို သတိမပြုမိသေးပါ။

"ညီမလေး ဘာဖြစ်နေတာလဲ၊ မျက်နှာကြီးကလည်း ညိုလို့ပါလား"

"ဗိုက်အောင့်လို့ ကိုလေး"

"ဗိုက်အောင့်ရင် ကျောင်းမသွားနဲ့လေ၊ အိမ်မှာပဲနေပေါ့၊ ကိုလေးလည်း ဒီနေ့ အလုပ်ပိတ်ထားတယ်၊ အော့(ဖ်)ဒေးပေါ့"

"ကျောင်းကလည်း မသွားလို့မဖြစ်ဘူး၊ ဒီနေ့ ကားချင်းပြန်လဲဖို့ ပြောထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလာနိုင်တော့တဲ့အကြောင်း ဖုန်းဆက်လိုက်ပေါ့၊ လွှာ ကျောင်းသွားလည်း အဆင်ပြေမှာမှ မဟုတ်တာ၊ menses ဖြစ်နေတာမို့လား"

"ရှင်"

သူမ မျက်နှာမှာ ဆေးနီရည်ဖျန်းပက်လိုက်သလို ရဲခနဲ ဖြစ်သွားမှာ သေချာသည်။ ကိုလေး မျက်နှာက ရက်ခြင်းပြု ခြင်း မရှိချေ။ သူမမှာ ကိုလေးကို မျက်နှာမပြရဲတော့သဖြင့် ခေါင်းကြီးကို အောက်ငုံ့ထားမိတော့သည်။

"အဲဒါဖြစ်နေတဲ့အချိန်မှာ သွားရလာရတာ မလွတ်လပ်ဘူး။ လုပ်ချင်ကိုင်ချင်စိတ်လည်း မရှိဘူး ဖြစ်တတ်တယ်။ နောက် ဆို ကိုယ်လာတဲ့ရက် ပျောက်သွားတဲ့ရက်ကို သေချာမှတ် ထားချည်၊ နောက်လ လာခါနီးကြရင် ဆေးလေး ဘာလေး ကြိုသောက်ထား။ အကိုက်အခဲ သက်သာတယ်။ အပူပ အခိုးလည်း ကင်းတယ်။ နောက် ကိုလေး မေမေ့ကို ပြော ထားလိုက်ပါ့မယ်။ နီးလာရင် ဆေးလေး ဘာလေးတိုက်ဖို့"

သူမခေါင်းက ငုံ့သည်ထက် ငုံ့သွားသည်ဟု ထင် မိ၏။ ခေါင်းက တဖြည်းဖြည်း ဒူးနှင့်ထိတော့မလို ဖြစ်နေတော့ သည်။ မဖြစ်ချေတော့ဘူး။ သူမ မျက်နှာတွေလည်း ပူလှပြီ။





ကိုလေးရှေ့မှာလည်း ကြာကြာဆက်မထိုင်ရဲတော့သဖြင့် ထထွက် လာခဲ့ပြီး အိမ်ထဲဝင်ကာ အလင်္ကာ့ဆီ ဖုန်းခေါ်လိုက်သည်။

တစ်ဖက်က "ဟဲလို"ဟု ထူးသံမှာ ကိုလေးအသံ နှင့် ဆင်တူလှကာ သူမအပေါ် နွေးထွေးနှစ်လိုသောအသံမျိုး ဖြစ် နေသည်ဟု ခံစားမိသည်။ သူမက သူ့အသံကို ဝေဖန်ထင်မြင် ပြီး တွေးနေချိန်မို့ သူ "ဟယ်လို"ပြုပြီးချိန်မှာတောင် သူမက ဘာမှပြန်မပြောဖြစ်သေး။

"ပြောလေ ... လွှာ၊ ပြောစရာကိစ္စ ရှိလို့လား"

"ရှင် ... ရှင် ကျွန်မခေါ်မှန်း ဘယ်လိုလုပ်သိလဲ"

"ဒီမှာ လွှာ့ဖုန်းနံပါတ်က လာပေါ်နေတယ်လေဗျာ၊ မနေ့ က စကားတွေသာ အများကြီး ပြောဖြစ်ခဲ့တယ်။ လာမယ့် အချိန်ကို မမေးမိလိုက်ဘူး။ ကျွန်တော် ဘယ်အချိန်လာ ရမလဲ လွှာ"

"အဲ ... လင်္ကာရယ်၊ ရှင့်ကို အားနာလိုက်တာ၊ ဒီနေ့ ကျွန်မ ကျောင်းမလာဖြစ်တော့ဘူး၊ မနက်ဖြန်ကြမှပဲ လာ တော့မယ်။ မနက်ဖြန် ဆယ်နာရီကို လာခဲ့လိုက်လေ၊ ဖြစ် တယ်မဟုတ်လား"

"ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုတော့ မနက်ဖြန်မှပဲ Canteen မှာ လိုက်ကျွေးနိုင်တော့မယ်ထင်တယ် လက်ာ"

"ရပါတယ်ဗျာ ကိစ္စမရှိပါဘူး၊ ကျွန်တော်က အကြွေးမှတ်ထားတယ်"

"မှတ်ထား ... မှတ်ထား"

မနေ့ကလောက်တော့ မဟုတ်ပေမယ့် သူမက ဗိုက်အောင့်နေတဲ့ စေဒနာကြောင့် သူနဲ့ ဆယ်မိနစ်လောက်သာ စကားပြောဖြစ်သည်။ ဖုန်းဆက်ပြီး သူမ အိမ်ရှေ့ထွက်လာခဲ့စဉ်မှာ မေမေနဲ့ အန်တီမြက စားပွဲပေါ်ကို လက်ဖက်သုပ်ပန်းကန်တင်ပြီး စကားတွေ ပြောနေတာမြင်တော့ သူမ လက်ဖက်သုပ်စားချင်စိတ်တွေ တဖွားဖွား ထလာခဲ့ရသည်။

သူမက လက်ဖက်သုပ်ကို သိပ်ကြိုက်တာ။ ခရမ်းချဉ်သီး၊ ဂေါ်ဖီ၊ ပုစွန်ခြောက်၊ ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်းနှင့် စုံစုံလေး သုပ်ထားတဲ့ လက်ဖက်သုပ်ပန်းကန်က သူမကို ဖိတ်ခေါ်နေဖြင့် လူကြီးတွေနားသို့ ချဉ်းကပ်သွားလိုက်သည်။

"ကျောင်းမသွားဘူးလား သမီး"

"ဟုတ် ... အန်တီမြ၊ မသွားဘူး"

"ဘာလို့လဲ၊ နေမကောင်းလို့လား"





"မဟုတ်ဘူး၊ ပရယ်တီကယ် မရှိလို့၊ ပြီးတော့ သူငယ်ချင်းတွေက ကျောင်းမလာဘူးဆိုတော့ လွှာတစ်ယောက်တည်း ပျင်းနေမှာ"

"သမီးအစ်ကိုလည်း ဒီနေ့ အော့(ဖ်)ပဲလေ၊ မောင်နှမနှစ်ယောက် စကားပြောလို့ ရတာပေါ့၊ စား ... သမီး၊ ဒီမှာ လက်ဖက်သုပ်လေး စားဦး"

"ဟုတ် ... ပေး"

အန်တီမြပေးတဲ့ လက်ဖက်သုပ်ပန်းကန်ကို သူမ တစ်ဇွန်းပြီးတစ်ဇွန်း ခပ်စားတော့သည်။ လူကြီးတွေက စကားပြော၊ သူမက ဒီဘက်မှာ လက်ဖက်သုပ်ကိုချည်း မဲတင်းစားနေတော့သည်။ လက်ဖက်သုပ်မစားရမှာစိုးလို့ ကျောင်းမသွားတာတောင် menses ဖြစ်နေလို့ဟု မပြော။

လူကြီးတွေတောင် စားရသေးလား မစားရသေးလား မသိတဲ့ လက်ဖက်သုပ်ပန်းကန် အပြည့်ကြီးကို သူမစားလိုက်တာ တစ်ဝက်နီးပါးပင်ကျသွားတော့သည်။ ထိုအချိန်မှာ ကိုလေးက သူမတို့အိမ်ထဲ ဝင်လာကာ သူမကိုမြင်တော့ ထအော်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... လွှာသဝဏ်၊ ညည်း လက်ဖက်သုပ်တွေ စားနေတယ် ဟုတ်လား၊ ပြန်ချစမ်းအခု၊ လူကြည့်တော့ menses ဖြစ်နေတယ်၊ ပြီးတော့ ကိုယ့်ရက်လည်း ကိုယ်မသိဘူး၊ ဘယ်နှရက်လောက် ထိန်နေသလဲ မသိတာကို လက်ဖက်သုပ်တွေစားနေတော့ ချုပ်လိမ့်မှာပေါ့၊ မသိဘူးလား ဒါကို၊ ချ ... ပြန်ချ အခု"

ကိုလေး ပွက်လောရိုက်မှပဲ မေမေနဲ့ အန်တီမြကသူမဘက် လှည့်ကြည့်လာသဖြင့် လက်ဖက်သုပ်ပန်းကန်လေးကို တစ်ဖက်သို့ရွှေ့ပြီး နေရာမှ စောင့်အောင့်ပြီး လှည့်ထွက်လာခဲ့သည်။ အဲဒီကိုလေးဟာ ဘာကြီးမှန်း မသိဘူး။

ဒီအကြောင်းကို လူကြီးတွေရှေ့မှာ ကျယ်လောင်ကျယ်လောင်နဲ့ လာပြောစရာလား၊ သူမ ကိုလေးကို စိတ်ကောက်ပြီး တစ်နေ့လုံး အခန်းထဲအောင်းနေလိုက်သည်။ ထမင်းမစားတော့ဘဲ အခန်းထဲမှာရှိတဲ့ ချောကလက်တောင့်တွေ၊ ဘီစကစ်မုန့်တွေ၊ ကိတ်မုန့်တွေစားပြီး ဗိုက်ပြည့်နေသဖြင့် အိပ်နေလိုက်တော့သည်။

တစ်ရေးနိုးတော့လည်း အခန်းထဲမှာ တစ်ယောက်တည်း ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှသဖြင့် အခန်းတံခါးကိုဟ





ပြီး ကိုလေး အရိပ်အခြည်ကို အကဲခတ် ချောင်းကြည့်လိုက်သေးသည်။ ကိုလေးကို မတွေ့ရ။ အဲဒါ ကောင်းတယ်။ တော်ကြာဘယ်လဲ ဘယ်သွားမလို့လဲ နေပူကြီးထဲ ဆိုတာတွေက အမျိုးမျိုးလာဦးမည်။

ကျောင်းလည်းမသွားရ တစ်ယောက်တည်း ပျင်းပျင်းရှိတာနှင့် စာအုပ်သွားငှားဖို့အတွက် အပြင်ထွက်လာခဲ့တော့သည်။ သူမက ကိုလေး မရှိဘူးထင်ပြီး လွတ်လွတ်လပ်လပ် ထွက်လာခဲ့တာ။ သူမကို နောက်ကွယ်ချောင်တစ်နေရာကနေ ကိုလေးချောင်းကြည့်နေလိမ့်မည်ဟုလည်း မထင်ခဲ့ချေ။

"ဟိတ်ကောင်မလေး"

"ဟင်"

သူမ လှည့်ကြည့်လိုက်တော့ ရှေ့တည့်တည့်မှာ မားမားကြီး ရပ်နေသော ကိုလေး။ စိတ်ညစ်တယ် ဘာတွေမှာ တမ်းခြွေဦးမလဲ မသိ။

"အဲဒါ ဘယ်လဲ"

"စာအုပ်ဆိုင်"

"သွားစမ်း ... စကတ်သွားပြန်လဲ၊ ကိုယ့်အကြောင်းကိုယ် မသိတာလည်း မဟုတ်ဘူး၊ ဒီလိုဖြစ်နေတဲ့အချိန်မှာ စကတ်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စရာလား။ ဝတ်ထားတော့လည်း ကြည့်ဦး၊ အရောင်က နုနုလေး မိုးပြာရောင်ကို"

သူမက ကိုလေးစကားကို စူပွပွဖြင့် နားမထောင်ချင်သလို ထုံပေပေ လုပ်နေလေသည်။

"ဟိတ် ... သွားပြန်လဲဆို သွား ... လွှာနောက်မှာ မြင်မကောင်းလို့ ကိုလေး ပြောနေတာ"

အိုး ... တော်တော့်ကို ရှက်စရာကောင်းတာပါလား။ အနောက်မှာ ... အနောက်မှာတဲ့။ သွားပြန်လဲဖို့အတွက် ကိုလေးကို ကျောခိုင်းလိုက်ရမှာကပင် စိတ်ကမသန့်ချင်တော့။ ကိုလေးရှေ့မှာ ပေပြီးရပ်နေမိသည်။

"ဝတ်ရင် အရောင်ရင့်ရင့်နဲ့ အပွင့်ပါတာကိုဝတ်၊ ဖြောင်ကိုဝတ်မလာနဲ့။ အနက်ရောင်ဆို ပိုကောင်းတယ်၊ ထဘီပဲဝတ်နော်၊ ဒါမှလှည့်လို့ပြုလို့ရမှာ။ဟိုးတလောက ကိုလေးဝယ်လာပေးတဲ့ ထဘီအနက်ပွင့် ရှိတယ်မဟုတ်လား။ အဲဒါဝတ် မသိသာဘူး"

"ကိုလေးကလည်း ဘာမှန်းလဲ မသိဘူး၊ မသိချင်ယောင်ဆောင်နေလိုက်ပါလား။ အစအဆုံး လိုက်ပြောနေတာပဲ၊ လွှာ ရှက်လိုက်တာ"





ကိုလေးကို ပွစိပွစိပြောရင်းက သူမအိမ်ထဲ ပြန်ပြေးဝင်လာခဲ့သည်။ စကတ်ကို ပြန်လဲဝတ်ပြီး အပြင်လည်းမထွက်တော့ပါ။

စိတ်ကုန်တယ်။ တစ်နေ့လုံး menses ဖြစ်နေချိန်မှာကိုလေးနှင့်ပဲ တိုးနေသဖြင့် ကြာတော့ ကိုလေးကို မျက်နှာတောင်မပြရဲတော့သဖြင့် ကိုလေးကို ပုန်းကွယ်နေမိတော့သည်။ ကိုလေးအရိပ်အယောင်မြင်တာနဲ့ သူမက လစ်ခနဲ အိမ်ထဲပြေးဝင်ပြီးသား။

မျက်နှာချင်းမဆိုင်မိအောင် ရှောင်နေတော့သည်။

အရင်ဆို ညရောက်လျှင် ဆောင်းရာသီအအေးဒဏ်ကို အံတုရင်း မအိပ်ဘဲ ကိုလေးဘေးမှာ စကားတွေပြောနေတတ်ခဲ့သော အစဉ်အလာကိုပင် ပယ်ဖျက်ပြီး မနက်ကြတော့လည်း ကိုလေးအလစ်မှာ ကျောင်းသွားဖို့အတွက် ချောင်းမြောင်းပြီး ကားကို သူမကိုယ်တိုင် လစ်ခနဲ မောင်းထွက်ခဲ့တာ၊ ဖြစ်ချင်တော့ ခြံဝကနေ ဝင်လာသော ကိုလေးကို အရှိန်ပြင်းပြင်း မောင်းနှင်လာသော သူမကားနဲ့ တိုက်မိမလို ဖြစ်သွားသဖြင့် ကားကို ခုန်ရှောင်ရင်း မီးရာသစ်ပင်ကို ဖက်ထားလိုက်ရသော ကိုလေးက ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေး ဘယ်လိုမှန်းကို မသိဘူး"

ဟု ရေရွတ်မြည်တမ်းလိုက်သံကိုပင် သူမ ပီပီသသ ကြားလိုက်ရသေးသည်။

၀ ❖ ၀





လူချင်း ကားပြသသနာဖြစ်စဉ်ကသာ တစ်ကြိမ် တွေ့ဖူးပေမယ့် ဖုန်းကတော့ နှစ်ကြိမ်ကို နွေးထွေးလှိုက်လှဲစွာ ပြောဖူးသဖြင့် အခု ဒုတိယအကြိမ် လူချင်းတွေ့စဉ်မှာ သူတို့နှစ်ယောက် များစွာရင်းနှီးခဲ့လေပြီ။

သူမကိုတွေ့တော့ သူက စူပါဝမ်းကဝယ်လာသည့် ကျောက်စိမ်းပန်းအိုးသေးသေးလေးနှင့် ဘဲဥပုံလုံးလုံးရှည်ရှည်အရွက်လေးတွေပါသည့် ကျောက်စိမ်းအိုးလေးကို လက်နောက်ဖွက်ယူလာခဲ့ပြီး သူမကိုတွေ့မှ "ဟပ်ပ်ချလောင်း"ဆိုပြီး မျက်နှာရှေ့ ထိုးပေးလိုက်သည်။

"ဟင် ... ကျောက်စိမ်းပန်းအိုး သေးသေးလေး၊ ချစ်စရာလေး၊ ဒါ ကျွန်မ်အတွက်လားဟင်"

"အင်း"

"ကျေးဇူးပဲ လက်ာ၊ ကျွန်မ ကြိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လွှာတို့ ကလပ်က ပြီးသွားပြီလား"

"အယ် ... ဘယ်ပြီးလိမ့်ဦးမလဲ၊ ကျန်သေးတယ်၊ လာလေ Canteen ဘက် သွားကြရအောင်။ ဟိုရောက်မှပဲ သူတို့တွေနဲ့မိတ်ဆက်ပေးတော့မယ်"

သူမဖိတ်ခေါ်မှုဖြင့် သူမတို့အခန်းရှေ့ kerb မှ canteen ရောက်သည်အထိ စကားတွေပြောရင်း လမ်းလျှောက်လာခဲ့သည်။ canteen ရောက်တော့ ဝိုင်းထိုင်လိုက်ကြပြီး စားစရာတွေမှာကြပြန်သည်။

"ဘာစားမလဲ လက်ာ"

"လွှာရော ... ဘာစားမလဲ"

"ကျွန်မက နန်းကြီးသုပ်နဲ့ သီးစုံဖျော်ရည်"

"အင်း ... ကျွန်တော်က ဆီချက်ခေါက်ဆွဲနဲ့ ရေခဲသုပ်"

"ဟဲ့ ... ရှင်တို့တွေ မှာကြလေ"

"ကြာလှပေါ့ မှာပြီးတာ၊ ကျွန်မတို့က ကြက်ဥဟတ်ဘွိုင်၊ လက်ဖက်ထမင်းနဲ့ လိုင်းမ်ဂျူ့စ်တစ်ခွက်စီ"

"သိတောင် မသိလိုက်ဘူး။ လက်ာ ... ဒါ ပထမနှစ်တည်းက တွဲလာတဲ့ ကျွန်မသူငယ်ချင်းတွေလေ။ သူက ချစ်သဲစု၊ ဟိုဘက်က မိုးမိုးမြင့်၊ နောက်တစ်ယောက်က ယုစန္ဒီ။ နောက်တော့လည်း ရှင့်သူငယ်ချင်းတွေပဲ ဖြစ်လာမှာပဲ"





"ဟာ ... ဟုတ်တာပေါ့၊ နောက်ဆို သူငယ်ချင်းတွေဖြစ်လာတော့မှာ၊ ရင်းရင်းနှီးနှီးပေါ့၊ အသက်ချင်းကလည်း မတိမ်းမယိမ်းပဲဟာကို"

"လွှာသဝဏ်မွေးနေ့က နောက်အပတ်ဆို ရောက်ပြီလေ။ ဖေနဝါရီလ ပထမဆုံးရက်က သူ့မွေးနေ့ပေါ့"

"ဟုတ်လား ... ကျွန်တော်က အရမ်းသဘောကျတာ"

"ဟင် ... ဘာကိုလဲ၊ ဘယ်သူ့ကိုလဲ"

သူ့ရဲ့အလောမင်းသုံးဆယ် ပြောလိုက်သောစကားကို သူမသူငယ်ချင်းတွေက မျက်လုံးပြူး မျက်ဆန်ပြူး ဝိုင်းမေးလာကြစဉ် သူ ခပ်တိုးတိုး ရယ်မောလိုက်သည်။ ထိုစဉ် မှာထားတဲ့ စားစရာတွေ ရောက်လာသဖြင့် စကားစက ပြတ်သွားကာ အားလုံး၏ အာရုံက စားစရာတွေပေါ် စုပြုံကျသွားခဲ့သည်။ သူ့ရဲ့အစွန်းမလွတ်တဲ့စကားကို သူမက ရှက်ရွံ့ဟန် လုံးဝမပြဘဲ ခပ်တည်တည်သာ နန်းကြီးသုပ်ကို တစ်ဇွန်းခပ်စားလိုက်သည်။

"ကျွန်တော် သဘောကျတယ်ဆိုတာက ဒီလိုပါ။ လူတစ်ယောက်ရဲ့မွေးနေ့ဟာ memorial ဆိုရင် သိပ်သဘောကျတာပဲ၊ တချို့က ဖေဖော်ဝါရီ(၁၄)တို့၊ ဒီဇင်ဘာ(၂၅)တို့ မှတ်မှတ်ရရလေးတွေမှာ မွေးထားတာလေ။ အခု လွှာက



www.burmeseclassic.com

www.burmeseclassic.com



ဇန်နဝါရီ(၁)ရက်ဆိုတော့ New year ပေါ့။ ဟာ ... တိုက်ဆိုင်တာတစ်ခု ပြောရဦးမယ်၊ ကျွန်တော်က မြန်မာသက္ကရာဇ်နဲ့ဆို နှစ်ဆန်းတစ်ရက်နေ့မှာ မွေးတာဗျ၊ ကျွန်တော်လည်း New year ပဲ"

"ရှင် မြန်မာမွေးသက္ကရာဇ်က အင်္ဂလိပ်နဲ့ ဘယ်တိုက်မလဲ။ တိုက်တော့ တိုက်မှာပေါ့လေ၊ ဒါပေမဲ့ အမြဲကြီး နှစ်တိုင်းတော့ ဘယ်တိုက်မလဲပေါ့နော်"

"ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်တော့် စိတ်ထဲမှာက ခရစ်သက္ကရာဇ်နှစ်ကို တန်ဖိုးမထားဘူး၊ မေ့ထားတယ်၊ အဲဒါ တကယ် လိမ်မပြောဘူး။ တစ်ခါတလေ အင်္ဂလိပ်နဲ့မြန်မာ မတိုက်ဘဲ အင်္ဂလိပ်လို အသက်ပြည့်သွားတာကို မေ့နေခဲ့တာ၊ နောက်နေ့တစ်ရက် ဒါမှမဟုတ် နောက်နှစ်ရက် လောက်ကြာမှ နှစ်ဆန်းတစ်ရက်နေ့ရောက်မှပဲ ကိုယ့်မွေးနေ့ကို သတိထားမိတာ"

"အင်း ... ရှင့်မြန်မာသက္ကရာဇ်နဲ့ အင်္ဂလိပ်သက္ကရာဇ်မှာ ရှင့်မွေးနေ့က အများဆုံးကွာလှ နှစ်ရက်ပဲနော်။ သင်္ကြန် အကြတ်နှစ်ခါထပ်တာရယ်၊ သင်္ကြန်အကြိုက ဆယ့်နှစ်နဲ့ ဆယ့်သုံးရက်ဆိုတော့"





စကားတွေပြောရင်းဖြင့် အစားအသောက်ကို သူတို့တွေ တပျော်တပါးနှင့် စားသောက်ကြရင်း ရောက်တတ်ရာရာ စကားတွေကို ပြောဖြစ်ခဲ့ကြသည်။ သူမက သူနဲ့ လုံးဝစိမ်းမနေတော့ဘူးဆိုသော အပြုအမူကို လုပ်ပြလေသည်။

ဤသည်ကတော့ သူစားနေတဲ့ ပန်းကန်ထဲက ကြက်သားဖတ်တွေကို ဇွန်းနဲ့ တစ်ဖတ်နှစ်ဖတ် ခပ်ယူရင်းစားလိုက်ခြင်းပင်။ အဲဒီအပြုအမူအတွက် သူ တော်တော်လေးကို ကျေနပ်မိရသည်။

သူလည်း သူမကို ရင်းနှီးတွယ်တာဟန်ပြုကာ သူမ ပန်းကန်ထဲက ကြက်သားဖတ်ကို နှိုက်စားလိုလာသည်။ သို့သော် ကိုယ်က ယောကျ်ားလေးဖြစ်နေသည့်အတွက် သူမလိုတော့ ပန်းကန်ထဲကို ဆိုးခနဲ ဆတ်ခနဲ နှိုက်စားဖို့ မသင့်တော်ချေ။ သူမကို ခွင့်တောင်းရသေးသည်။

"စားကြည့်မယ်နော်"

"စားကြည့် ... စားကြည့်"

သူမ ပန်းကန်ထဲက အသားဖတ် နှစ်ဖတ် သုံးဖတ်ကို ကောက်ဝါးကြည့်လိုက်ရင်း သူမရဲ့သီးစုံဖျော်ရည်ကိုပါ ယူသောက်လိုက်လေသည်။ သူမက သူ့ရေခဲသုပ်ကို မွှေနှောက်ပြီး စားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်တည်း ရှုပ်ယှက်ခတ်နေပုံကိုကြည့် မရလာဟန်ရှိသော မိုးမိုးက ထအော်ပါတော့သည်။

"ဟာ ... သူတို့နှစ်ယောက်တည်းနဲ့ ရှုပ်နေတာပဲ။ သူ့ဟာ ငါစားလိုက် ငါ့ဟာ သူစားလိုက်နဲ့၊ နှစ်ယောက်စလုံး ပန်းကန်ထဲမှာလည်း ကြက်သားမပါတာ မဟုတ်ဘဲနဲ့ ဖယားရှုပ်နေတယ်"

မိုးမိုး ပြောတာကို သူမ ဘာများတုံ့ပြန်လိုက်မလဲ ဟု မျက်လုံးစွေကြည့်လိုက်သော်လည်း သူမက နှုတ်ဆိတ်ကာမသိ ချင်ယောင်ဆောင်နေသဖြင့် သူက ခပ်ရှက်ရှက် တစ်ချက်ရယ်မော လိုက်ကာ ...

"မြည်းကြည့်တာပါ"

ဟု မပွင့်တပွင့် ဆင်ခြေတက်မိမှ ပိုဆိုးတော့သည်။ ယုက ...

"မြည်းကြည့်တော့ ဘာဖြစ်လဲ၊ ကြက်သားဟာ ကြက်သား ပဲပေါ့"

သူ့မျက်နှာ ရှက်ရိပ်သမ်းသွားပေလိမ့်မည်။ ဒါပေမဲ့ လည်း မျက်နှာပြောင်တိုက်ပြီးပင် စပ်ဖြဲဖြဲလုပ်ရင်း ယုရဲ့လက်ဖက် ထမင်းနဲ့ ဘဲ့ဗိုက်ကိုပါ ယူစားလိုက်သဖြင့် အရှက်သည်းခွင့်မှကင်း





လွှတ်သွားကာ သူတို့ကြားမှာ ရယ်မောစရာတစ်ခု ဖြစ်သွားခဲ့ရ သည်။

စကားတွေ ပြောကြပြီး အတန်ကြာမှ Canteen မှ ထပြန်လာကြကာ သူမနဲ့သူ ကားသော့တွေ ပြန်လဲကြရသည်။

"နေဦး လက်ာ ... ကျွန်မ ရှင့်ကို လက်ဆောင်တစ်ခုပေး လိုက်မယ်"

ဟု သူမကဆိုလျက် ကားထဲမှ အညိုရောင်စပျစ်သီး နိုင်ကြီး ဖွတ်လာပြီး သူ့ထံပေးလာသည်။

"ဟား ဟား ... ကျွန်တော်က ဒါကြီးကို သဘောကျနေ တာ၊ စားလို့မရမှန်း သိတယ်၊ ဒါပေမဲ့ သွားရေကျချင် စရာကြီး၊ စိုပြီး အိနေတာပဲ၊ ဒီကြားထဲ ထမ်းယောင်ထင် မှားဖြစ်ရအောင် ရေစက်လေးတွေတောင်သီးလို့"

သူမက ကလပ်ရှိသေးတယ်ဟုဆိုပြီး နှုတ်ဆက်လာ သဖြင့် သူလည်း နှုတ်ဆက်ပြီး ကိုယ့်ကားကိုယ် ပြန်ယူလာကာ သူမတို့ကျောင်းဝင်းကြီးထဲမှ ပြန်ထွက်လာခဲ့တော့သည်။ ထို့နောက် ပိုင်းမှာ သူတို့နှစ်ယောက် ညတိုင်းလည်း ဖုန်းပြောဖြစ်ကြကာ သူမကျောင်းပိတ်ရက် စနေ တနင်္ဂနွေလို နေ့မျိုးမှာလည်း နှစ် ယောက်သား ချိန်းပြီး လျှောက်လည်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို သိပ်သတိရလာတဲ့ အခါမျိုးမှာလည် ကျောင်းကိုသွားပြီး တွေ့မိပြန်သေးသည်။ သူမသူငယ်ချင်းတွေ တစ်အုပ်ကြီးကြား စရင်းနောက်ရင်းဖြင့် ရင်းနှီးမှုများက တစ် ထက်တစ်စ ခိုင်မြဲလာခဲ့ရသည်။

အခိုင်မြဲဆုံးကတော့ သူ့နှလုံးသားပင်ဖြစ်သည်။ သူမ အပြုံးလေးတစ်ပွင့်ကိုမှ တစ်နေ့မမြင်ရရင် ရူးသွပ်သွားတော့ မယ့်အထိ သူမအသံလေးကိုမှ နားဆင်ခွင့်မရလျှင် နေမကောင် ဖြစ်ချင်သလို ကိုယ်လက်မအီမသာ ဖြစ်လာတဲ့အထိကိုပင် သူမ အပေါ် နစ်ဝင်နေတော့သည်။

သူ့ငြိတွယ်မှုတွေက တော်တော်လေးကို ပြင်းထ လာခဲ့သည်။ တစ်ရက်ထက်တစ်ရက် တိုးတိုးလာသော ခိုင်မြဲသည် ကြိုးများက သူ့နှလုံးသားကို တစ်စထက်တစ်စ တင်းကျပ်စွာ ရစ်ပတ်ချည်နှောင်လာတော့သည်။

နှစ်ယောက်ချင်း တွေ့တဲ့အခါမှာ မပွင့်တပွင့်လေး ပြုံးတတ်သော သူမအပြုံး၊ မျက်လုံးလေး ဝိုင်းစက်လျက် ပြူးပြူ လေးဖြစ်နေသော သူမရဲ့အပြုအမူလေးတွေက သူ့အပေါ် လွှမ်းမိုး ချုပ်ကိုင်ထားသလို ရှိလှကာ သာယာနစ်ဝင်သည့်စိတ်တွေ နက် ရှိုင်းလာသလို သူမက ဖြားယောင်းနေသလို ရှိလှသည်။





"လှ်ာ ... သဝဏ်၊ မင်းကို ကိုယ် ရူးမတတ်ချစ်ရတယ် ကွာ၊ သိရဲ့လား"

ဆိုပြီး ဖွင့်ဟဝန်ခံလိုက်ချင်တဲ့စိတ်တွေက တားဆီး မရနိုင် ရုန်းကြွလာချိန်မှာ ရင်ထဲမှာရှိပြီးသား အခိုင်အမာရှိပြီးသား နစ်ဝင်နေသော အချစ်တို့က ထိုစကားလေးဖြင့် မလုံလောက်နိုင် ခဲ့ချေ။ သည့်အတွက် လည်ချောင်းဝမှာ တစ်ဆို့နေသော ပူပူ လောင်လောင် စကားတွေကို ပြန်မျိုချမိရပြန်၏။ သည်လိုနှင့် ပြောမယ်ကြံတိုင်း မပြောဖြစ်ခဲ့တဲ့ ရက်ပေါင်းလည်း များလှပြီ။

သူ့ချစ်ခြင်းတွေကို သူမ သိမယ်ဆိုရင် မျက်လုံးတွေ မှတစ်ဆင့် ဖတ်တတ်ဖို့ကောင်းပြီ။ ရိုးရိုးကြည့်တာနဲ့ ချစ်ခြင်း မီးလျှံတွေနှင့် ကြည့်တဲ့အကြည့် မတူတာကိုသိရက်နဲ့ သူမဥပေက္ခာ ပြုထားတာလည်းဖြစ်နိုင်သည်။ သူမကို တွေ့ပြီဆိုရင် ပြောမထွက်နိုင် တဲ့ စကားတွေအစား မျက်လုံးများနှင့်ပဲ တစ်ဝကြီး ငေးမောကြည့်နေ တော့တာ။ သူ့အကြည့်ဒဏ်တွေကို ခံရတဲ့သူမက တစ်ခါတုန်း က ...

"လက်ာ ... ရှင် နည်းနည်းလွန်ပြီလို့ မထင်မိဘူးလားဟင်။ ရှင့်အကြည့်တွေက ကျွန်မအတွက် မလွတ်လပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟုတော့ ပြောခဲ့ဖူးသည်။ လွှာရယ် ... မင်းနဲ့တရား ဝင်ချစ်သူ ဖြစ်ချင်လှပြီ။ ဒါပေမဲ့ ပြောမထွက်နိုင်တာ နှုတ်ထွက်ခက် နေတာက ဆိုးတယ်။ ကံကောင်းလှစွာပင် သူမကို တစ်နေ့တော့ သူ ဖွင့်ပြောဖြစ်သွားသည်။ ထိုနေ့ကို သူ တစ်သက်မမေ့ပါ။ အဲဒီ နေ့က သူ့ဆီ သူမဖုန်း ဝင်လာခဲ့သည်။

"လက်ာ ... အခု ရှင်ဘယ်မှာလဲ"

"ကိုယ် အိမ်မှာ"

"အိမ်မှာ လုပ်မနေနဲ့၊ အခု ကျွန်မ အခက်အခဲတစ်ခုဖြစ် နေတယ်"

"ဘာဖြစ်လို့လဲ လွှာ၊ ကိုယ် ဘာကူညီပေးရမလဲ"

"ကျွန်မ ဖိနပ်ပြတ်သွားလို့ FMI တဲမှာ ဖိနပ်ဝယ်နေတာ။ ငွေရှင်းမယ်ဆိုတော့ ပိုက်ဆံအိတ်က မရှိတော့ဘူး။ ကျ ပျောက်သွားတာလား ခါးပိုက်နှိုက်ခံလိုက်ရတာလား မသိဘူး၊ တစ်ခုခုပဲ"

"အိုကေ ... ကိုယ်လာခဲ့မယ် လွှာ၊ ဆယ်မိနစ်ပဲစောင့်"

အခက်အခဲနှင့် ရင်ဆိုင်နေရတဲ့ သူမက သူ့ကို သတိတရနှင့် အကူအညီတောင်းတာကို ဘယ်လိုကျေနပ်မှန်းမသိ။ လေတစ်ချွန်ချွန်နှင့် ကားကို အကြမ်းပတမ်းမောင်းရင်း FMI သို့





အရောက်သွားခဲ့သည်။ ဟိုရောက်တော့ သူမမျက်နှာလေးမှာ မှိုင်းရိပ်ဆင်နေရာမှ သူ့ကိုတွေ့တော့ တိမ်တွေကင်းစင်သည့် ကောင်းကင်ပြင်လို ကြည်ထွက်သွားတော့သည်။

သူမဝယ်ထားတဲ့ ဖိနပ်ဖိုး ငွေပေးချေလိုက်ပြီး သူမ ခြေထောက်ကို ငုံ့ကြည့်လိုက်မိသည်။ အိုး ... လှလိုက်တာ။ ပန်း သွေးရောင် ဖောင်းကြွနေတဲ့ ခြေဖမိုးပေါ်မှာ အကြောစိမ်းစိမ်းလေး တွေက ရင်ဖိုချင်စရာ ကောင်းလှသည်။ ခြေချောင်းတွေကလည်း သွယ်လျလှပကာ ခြေသည်းရှည်များကို ရွှေအိုရောင်ဆိုးထားသည်။ ပို၍လှသည်က သူမ၏ ခြေသူကြွယ်တွင် ကဗျာဆန်ဆန် ပလက်တီ နမ် လက်စွပ်မောင်းကွင်းလေး စွပ်ထားခြင်းပင်။

သူမ ခြေထောက်ကိုပဲ ဘယ်လောက်ကြာအောင် အကြည့်ရောက်နေခဲ့သလဲ မသိပါ။ သူ့လက်မောင်းကို ဖြန်းခနဲ ရိုက်သံတစ်ခုနှင့်အတူ ...

"သွားကြရအောင်လေ၊ ရှင်သာ နဂါးဆို ကျွန်မခြေထောက် ပြာဖြစ်တော့မယ်"

လို့ ဆိုလာမှ သူ အသိဝင်လာကာ "ဩော် ... အင်း"ဟုဆိုလျက် သူကို လှည့်ပြုံးပြလိုက်ပြီး ပြန်ထွက်လာခဲ့တော့ ရှေ့က Fancy ပစ္စည်းအရောင်းဆိုင်ကို တွေ့ရသဖြင့် သူ့ခြေလှမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို ရုပ်တန့်ပစ်လိုက်ကာ "လာ ... ကြည့်ရအောင်"ဟု သူ့
ကို အဖော်စပ်ပြီး Fancy ပစ္စည်းလေးတွေကို သူ့စိတ်ကြိုက် ရွေး
ချယ်မိတော့သည်။

သူ ရွေးလိုက်တာက ငွေရောင်ဖြင့် တလက်လက်
တောက်ပနေသော Foot chain လေးဖြစ်သည်။ ကြယ်ပွင့်သေး
သေးလေးတွေ အလယ်မှာ ခရစ်စတယ်ကျောက်လေးတွေ မြှုပ်
ထားသော (ဖု(ဒ်)ချိန်း)လေးကို သူ လှည့်ပတ်ကိုင်ကြည့်နေတော့
သူမဆီမှ အသံတစ်ခု ထွက်ပေါ်လာခဲ့သည်။

"ရှင်က ဘာလုပ်မလို့လဲ အဲဒါကို၊ အဲဒါ ယောကျ်ားလေး
စွပ်ရတာ မဟုတ်ဘူးနော်၊ မိန်းကလေး စွပ်ရတာ"

"ကိုယ်သိပါတယ်၊ ကိုယ့်ကောင်မလေး အတွက် ဝယ်မှာ
လို့"

"ဩော် ... ကြည့်စမ်း၊ လက်ာ့မှာ ကောင်မလေးရှိတယ်
ဟုတ်လား၊ ကျွန်မကို တစ်ခါမှ မပြောဖူးဘူးနော်၊ သိ
လျှို့ဝှက်တာပဲ"

"ကိုယ့်ကောင်မလေး ဆိုပေမယ့် Propose တောင် မလုပ်
ရသေးပါဘူးကွာ။ ကိုယ့်ဘက်ကသာ သူ့ကို အရူးအမူး
ဖြစ်နေမိတာ"





"ဟင် ... လက်ာကလည်း ဖွင့်ပြောလိုက်ပေါ့၊ စိတ်ထဲ
မျိုသိပ်မထားနဲ့လေ၊ ကိုယ့်အချစ်ကို သူလည်း သိရတာ
ပေါ့"

"ကိုယ်ပြောဖို့ အကြိမ်ကြိမ် စဉ်းစားခဲ့ဖူးပါတယ်။ ဒါပေမဲ့
ချစ်တယ်ဆိုတဲ့စကားက ကိုယ့်ရင်ထဲက အချစ်တွေအတွက်
လုံလောက်တဲ့စကား မဟုတ်လို့ အခုထိ မပြောဖြစ်ခဲ့သေး
တာ။ အခုတော့ ဒီ Foot Chain လေးနဲ့ ဖွင့်ပြောလိုက်
တော့မယ်။ ဒီထဲမှာ ကိုယ့်ရင်ထဲမှာရှိသမျှ အချစ်တွေအကုန်
ထည့်ပေးလိုက်မယ်"

သူက (ဖု(ဒ်)ချိန်း)လေးကို ဝယ်ယူလိုက်ကာ သူမ
ကို အရောင်တွေဖြင့် စိုလက်နေသော မျက်လုံးများနှင့် ညို့မြှုနေ
သလို တစ်ချက်စိုက်ကြည့်ကာ ပြုံးပြလိုက်ပြီး သူမရှေ့မှာ ဒူးထောက်
ထိုင်ချလိုက်သည်။

"အို ... လက်ာ ... ရှင် ... ရှင် ဒါဘာလုပ် ..."

"ကိုယ့်အချစ်တွေ ထည့်ထားတဲ့ ပစ္စည်းလေးကို လှာ့ခြေ
ထောက်မှာ ဆင်ပေးလိုက်တာလေ၊ ကိုယ့်အချစ်တွေက
လှာ့ကို နွေးထွေးစေပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမခြေကျင်းဝတ်မှာ (ဖု(ဒ်)ချိန်း)လေးကို တယု တယ ဆင်မြန်းပေးရင်း သူ ကြည်နူးလွတ်လပ်ပေါ့ပါးစွာနှင့် သူမကို ဖွင့်ပြောဖြစ်လိုက်သည်။ ဆိုင်ထဲကလူတွေက သူ့ထံ အကြည့်များ စုပြုံလာကာ ပြုံးစိစိ ဖြစ်ကုန်ကြ၏။ သူမက ရှက်ရွံ့စွာနှင့် ဘေးဘီဝဲယာကို လိုက်ကြည့်စဉ်မှာ ဒေါက်ဖိနပ်က ယိုင်သွားသဖြင့် သူ့ပခုံးကို လှမ်းကိုင်ပြီး ထိန်းလိုက်လေသည်။ ချစ်ရပါလား လွှာရယ်။

○◆○





## အခန်း(၅)

ကိုယ်ကျပ်လက်ရှည်အနက်ရောင်ကို ဒူးကျော်ကျော် လောက်ရှိသည့် စကတ်ဖားဖားလေး အနက်ခံအဖြူပွင့်နှင့် အိမ်နေရင်း တွဲဝတ်ထားသော သူမက လွတ်လပ်ပေါ့ပါးစွာနှင့် ခြံထဲမှာ လမ်းလျှောက်ရင်း ဖုန်းပြောနေခဲ့သည်။ အဲဒီ့လက်ာဟာ အေးတော့ အေးဆေးတဲ့သူပါပဲ။

သူမကို propose လုပ်ထားခဲ့ပေမယ့်လည်း အဖြေကို တဂျီဂျီတောင်းမနေပါ။ တစ်ခါတလေကျရင် သူ့ပုံစံကိုကြည့်ပြီး သူမ လက်ဖျားပင်ခါမိသည်။ သူမကို ပြောထားတဲ့ သူ့စကား သူမေ့များနေလားဆိုတဲ့ သံသယပင် ဝင်လာတဲ့အထိ သူ့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးနေခဲ့သည်။ သူ propose လုပ်ပြီးတည်းက အခုမှတစ်ခါ စကားစလာသည်။

“လွှာ ... ကိုယ်ပြောထားတာ မေ့မပစ်လိုက်နဲ့နော်၊ မှတ်မိသေးတယ် မဟုတ်လား”

သူချစ်တာကို သူမ ယုံကြည်လက်ခံပေးလို့ရသည်။ သူမနဲ့စကားပြောတိုင်းမှာ သူ့အကြည့်နွေးနွေးနှင့် သူ့စကားသံက သူမအပေါ် နစ်ဝင်နေပုံရကာ အဖျားခတ် တုန်ယင်နေသောအသံမျိုးဖြစ်တာကိုလည်း မငြင်းနိုင်ချေ။

“ဘာကိုလဲ”

“လွှာ့ကို ချစ်တယ်ဆိုတာ”

သူမ နှုတ်ဆိတ်နေလိုက်သည်။ ညနေခင်းလေးမှာ ယောကျ်ားတစ်ယောက်ရဲ့ ချစ်စကားကြောင့် သူမ ပြုံးမိသွားသည်ထင်။ ညနေခင်းရဲ့အရောင်သည် ဆည်းဆာရောင် ပေါ်ပေါက်လာခဲ့သည်။

သူ့ဘက်ကလည်း ခေတ္တတိတ်ဆိတ်သွားကာ ဖုန်းထဲမှ သူ့အသက်ရှုသံ ခပ်မှျင်းမှျင်းကိုသာ ခုန်နေသော နှလုံးသားအစုံဖြင့် ကြားနေခဲ့ရပြီးမှ သူမကို ဖြားယောင်းနိုင်စွမ်းသော နွေးထွေးလှိုက်ဖိုသည့် သူ့စကားတွေကို ကြားခဲ့ရပြန်သည်။





“လွှာ့ ... ကိုယ့်အတွက် တစ်ခုခု မစဉ်းစားပေးတော့ဘူးလား။ ကိုယ့်ကို လက်ခံနိုင် မခံနိုင် ဆိုတာကိုလေ”

ဘယ်လောက် ယဉ်ကျေးလိုက်ပါသလဲ။ သူမဆီက အဖြေကို အတင်းအကျပ် မတောင်းဆိုဘဲ သူ့အချစ်ကို လက်ခံနိုင်ဖို့ပြောလာတဲ့ စကားက သူမစားနေကျ ရေခဲမုန့်ထက်ပင် ပို၍ချိုမြိန်စေခဲ့သည်။

“ကျွန်မ စဉ်းစားကြည့်မယ်လေ။ ဒါပေမဲ့ ယောကျ်ားတွေဟာ ကျွန်မထင်သလောက် generosity (သဘောထားကြီးခြင်း)မရှိကြဘူး”

“ဗျာ ... လွှာ ဘာကိုပြောတာလဲ၊ ကိုယ် နားမလည်ဘူး”

“ယောကျ်ားတွေဟာ သဘောထား သေးသိမ်ကြတယ်လို့ ကျွန်မ ထင်တယ်၊ သူတို့လိုချင်တဲ့ အဖြေတစ်ခု ကျွန်မပါးစပ်က ထွက်မလာရင် နောက်ကွယ်ကနေ Scandal လုပ်လာကြတယ်။ ရှင်ရော အဲဒီယောကျ်ားထဲက တစ်ယောက်ပဲလား။ ဒါ ကျွန်မ အပွင့်လင်းဆုံး မေးတာနော်”

“ကိုယ်က မဟုတ်ပါဘူးလို့ဖြေရင် လွှာက ယုံမှာမို့လို့လား။ ပြီးတော့ ကိုယ့်ဘက်ကိုယ်ယက်ရာ ရောက်ပါတယ်။ ဒီတော့ လွှာ ဆုံးဖြတ်ကြည့်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြေကို သူမ သဘောကျ နှစ်မြို့က်မိသည်။ ကိုယ့်ကိုယ်ကိုယ် ကိုယ်လွတ်ရုန်းမထွက်တတ်သော ယောကျ်ား တစ်ယောက် ရှိနေပါသေးလား။

"ဒါဆို ကျွန်မ လက်ာ့အတွက် စဉ်းစားကြည့်ပေးမယ်။ စဉ်းစားတဲ့အချိန်ဟာ ကြာမြင့်ချင် ကြာမြင့်နေမယ်၊ တိုတောင်းချင် တိုတောင်းနေမယ်၊ ဘာလို့လဲဆိုတော့ အချစ်ဆိုတာ နှလုံးသားထဲကို Sant Shot လေးမှာ ဝင်လာနိုင်တယ်မဟုတ်လား ...

တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် မသိလိုက်တာမျိုးတွေတောင် ရှိတယ်လေ၊ ဒီတော့ ကျွန်မ စဉ်းစားပေးမယ့် အချိန်အတွက် လက်ာ ဘာပြောစရာရှိလဲ"

"ကိုယ် ပြောစရာရှိတယ်၊ ဒါပေမဲ့ မပြောခင် လွှာ့ကို အရင်မေးစရာရှိတယ်၊ လွှာ့မျက်စိထဲမှာ ကိုယ့်ကို naughty (ဆိုးသွမ်းသော) တစ်ယောက်အဖြစ် မြင်ထားလား။ ဒါမှမဟုတ် စိတ်ထဲမှာသတ်မှတ်ထားလား"

"ဟင် ... မမြင်ပါဘူး လက်ာရယ်၊ စိတ်ထဲမှာလည်း မသတ်မှတ်ထားပါဘူး၊ ကျွန်မမျက်စိထဲမှာရော စိတ်ထဲမှာရော ရှင့်ကို gentlefoik (မျိုးရိုးကောင်းမှဆင်းသက်လာသောသူ)အဖြစ်နဲ့ပဲ သတ်မှတ်ထားပါတယ်"





"သင့်(ခ)ယူ လွှာ၊ လွှာ့အဖြေအတွက် ကျေးဇူးတင်ပါတယ်၊ ဒါဆို ခုနက လွှာမေးတဲ့ အချိန်အတွက် ပြောစရာရှိလား ဆိုတာကို ကိုယ်ပြောတော့မယ်၊ ကိုယ်ပြောတာ ရှိုင်းတယ်တော့ မထင်နဲ့ လွှာ၊ ဒါဟာ လူတိုင်းရဲ့အမြင် ဖြစ်ချင်မှ ဖြစ်မယ်၊ ကိုယ့်တစ်ယောက်တည်းရဲ့ opinion (အမြင်) လည်း ဖြစ်ချင်ဖြစ်လိမ့်မယ်"

"အင်း ... ပြော"

"မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက်ရဲ့အချစ်ကို ကိုယ်ပြောပြမယ်နော်၊ သဘောတစ်ခုက ယောကျ်ားလေးက ဖွင့်ပြောပြီး မကြာခင်မှာ မိန်းကလေးဘက်က ခေါင်းညိတ်လိုက်တာဟာ ဘာ့ကြောင့်လို့ လွှာထင်လဲ"

"ချစ်လို့ ... နေမှာပေါ့၊ အင် ... မဟုတ်သေးဘူး။ ချစ်လို့ ခေါင်းညိတ်တာ ဟုတ်ချင်မှ ဟုတ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ချစ်သူတွေဖြစ်ပြီးမှ ပြတ်သွားကြတဲ့ အတွဲတွေ ပြတ်သွားပြီးမှ နောက်ထပ် ခေါင်းညိတ်ရွေးချယ်မှုတွေ ရှိနေတာပဲ။ လက်ာ့ opinion ကို ပြောကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



“မြန်မြန်ဆန်ဆန် ချစ်သူဖြစ်သွားရခြင်း အကြောင်းရင်း နှစ်ချက်ရှိတယ်၊ တစ်ချက်က အပြောခံရတဲ့ မိန်းကလေး ဟာ ပြောလာတဲ့သူကို ချစ်မြတ်နိုးလို့ ဟန်မဆောင်ဘဲ ခေါင်းညိတ်လိုက်တာလည်း ဖြစ်နိုင်တယ်၊ နှစ်အချက်က ယောက်ျားလေးရဲ့ passion (ရမ္မက်)တစ်ခုနဲ့ ဖြားယောင်းမှု ကြောင့်လည်း ဖြစ်နိုင်တယ်။ ကိုယ်ပြောတာ လွှာ ကြားရဲ့ လား”

“ကြားပါတယ် ဆက်ပြော၊ စိတ်ဝင်စားဖို့ ကောင်းပါတယ်”

“passion က တော်တော်ဆိုးတာနော်၊ မချစ်ဘူး ဆိုတဲ့ သူကို ချစ်သယောင်ယောင်ဖြစ်အောင် သူ လုပ်နိုင်တယ်၊ Passion ကြောင့် ရလာတဲ့အဖြေဟာ real မဟုတ်ဘူး။ True love မဟုတ်ဘူး၊ legerdemian (ပဥ္စလက်အတတ်) တစ်ခုပဲ၊ ခဏအတွင်းမှာ ပြောင်းလဲသွားနိုင်တယ်၊ မတည် မြဲဘူး ...

ယောက်ျားတစ်ယောက်ဟာ မိန်းမတစ်ယောက်ရဲ့ အချစ်ကို passion နဲ့ ဖြားယောင်းယူလို့ရတယ်၊ ဒါပေမဲ့ ကိုယ်ပြောခဲ့သလို passion ဟာ ကောင်းတဲ့အရာမဟုတ် လို့ ကိုယ်စိတ်မဝင်စားခဲ့ဘူး။ အပျော်ရည်းစားထားတဲ့သူ





အတွက်ကတော့ passion ဟာ ကျေးဇူးရှင် ဖြစ်ကောင်း ဖြစ်လိမ့်မယ် ...

တကယ်ချစ်တဲ့ နက်ရှိုင်းတဲ့သူအတွက်က သူဟာ ရန်သူပဲ။ လွှာ တစ်ခုတော့ စဉ်းစားနော်။ ကိုယ်ဟာ လွှာ အပေါ်မှာ passion နဲ့ပတ်သက်လို့ ဘာတစ်ခုမှ မပြုမူခဲ့ ဘူး။ ဒီတော့ ကိုယ်ဟာ ဘယ်လိုလူလဲဆိုတာ။ ဆိုကေ ... ကိုယ် လွှာ့ကို သိပ်ချစ်တယ်၊ အဲဒါကို အကြွင်းမဲ့ယုံနော် ဘိုင့်”

သူက ပြောပြီးပြီးချင်း ဖုန်းကိုချပစ်လိုက်သည်။ သူ့အသံက သိမ်မွေ့နက်နဲစွာ သူမထံ စီးမျောဝင်လာနေချိန်မှာမှ ဖုန်းကို ဖြန်းစားကြီး သူ့ဘက်က ပိတ်ပစ်လိုက်သည့်အတွက် စိတ်ထဲ မကျေမနပ်ဖြစ်စွာ ရေရွတ်မိသည်။

“ဟင် ... ဘယ်လိုလူမှန်း မသိပါဘူး၊ တကတဲ”

အကြောင်းမဲ့ ဖုန်းလေးကို မျက်စောင်းထိုးလိုက်ပြီး တစ်ဖက်သို့အလှည့်မှာ သူမကို ဘယ်အချိန်ကတည်းက ငေးစိုက် ကြည့်နေသည် မသိသော မျက်ဝန်းတစ်စုံနှင့် တန်းခနဲ ဆုံလိုက်ရ သည်။

“ဟင် ... ဟီး ဟီး ... ကိုလေးပါလား၊ ဘာလုပ်နေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"လွှာလေးကို ကြည့်နေတာပါ၊ ဖုန်းပြောနေတာ အကြာကြီးပဲ"

"အင်း ... လက်ာနဲ့ ပြောနေတာ"

"မကြာခင် တစ်ခုခုတော့ ထူးလိမ့်မယ် ထင်တယ်။ ထူးရင်ထူး မထူးရင် ရှုးလိမ့်မယ်"

"ဟင် ... ကိုလေးကလည်း"

သူမက ချစ်စဖွယ် နှာခေါင်းလေးရှုံ့ကာဆိုတော့ ကိုလေးက သူမခေါင်းကို ချစ်စနိုးပုတ်ကာ အမည်တပ်ရခက်သော အပြုံးတစ်မျိုးကိုပြုံးလျက် သူမလက်ကိုဆွဲပြီး ဒန်းလေးဆီသို့ လျှောက်လာခဲ့သည်။ ဒန်းပေါ်မှာ သူမတို့နှစ်ယောက်စလုံး ဝင်ထိုင်လိုက်ကြသည်။ သူမက မြေပြင်ကို ခြေဖျားထောက်ပြီး ဒန်းကို လှုပ်သာရုံလေး လွှဲလိုက်တော့ ကိုလေးက သူမခြေထောက်ကို ငုံ့ကြည့်လာကာ ...

"ဖ(ဒ်)ရှိန်းတွေ ဘာတွေနဲ့ပါလားဟင်၊ လှချင်နေတယ်ပေါ့"

"လက်ာ ဝယ်ပေးထားတာလေ"

သူမ ခပ်ကြွားကြွားလေး ပြောလိုက်သည်။

"ဝတ်ပေးထားတာ ဟုတ်လား"





"အင်း ... သူကိုယ်တိုင်ဝယ်ပြီး သူကိုယ်တိုင်ပဲ ဝတ်ပေးထားတာလေ"

"ဝတ်ပေးတော့ ဘယ်မှာဝတ်ပေးလဲ"

"FMI ထဲက ဆိုင်ရှေ့မှာပဲ"

ကိုလေးအကြည့်က အပေါ်သို့ ပြန်ရောက်လာခဲ့သည်။ ပြီးတော့ အကြာကြီး တိတ်ဆိတ်နေခဲ့သည်။ ခဏအကြာမှ ...

"သူ့ကြည့်ရတာ လွှာ့ကို တော်တော်ချစ်မယ့်ပုံပဲ"

"ဟင် ... ကိုလေးက ဘယ်လိုလုပ် သိလဲ"

"တော်ရုံယောကျ်ားများဟာ ချစ်တော့ ချစ်တတ်ကြတယ်။ ဒါပေမဲ့ အောက်မကျို့ချင်ကြဘူး။ သူကတော့ မိန်းမတစ်ယောက်ကို ဒူးထောက်ပြီး ချစ်ရဲတယ်၊ အချစ်နဲ့ပတ်သက်လာရင် ရဲရင့်မယ့် ပုဂ္ဂိုလ်မျိုးပဲ"

"လွှာလည်း ကိုလေးတွေးသလိုတော့ တွေးမိပါတယ်"

"လွှာနဲ့သူ ဘယ်အခြေအနေထိ ရောက်နေကြပြီလဲ"

"သူ လွှာ့ကို propose လုပ်ထားတယ်။ လွှာက စဉ်းစားဦးမယ်လို့ ပြောထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … သူဟာ လွှာ စဉ်းစားရမယ့် သူတစ်ယောက် ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်"

"ကိုလေးက အဲ့လိုထင်လို့လား"

"လွှာ သူနဲ့ပတ်သက်ပြီးတော့ Storm (ခံစားမှု)မဖြစ်ဘူးလား"

"ဘယ်လိုပြောရမလဲ ကိုလေးကို၊ သူနဲ့ပတ်သက်ပြီး အရင်က လွှာ မခံစားဖူးတာတွေ ခံစားတတ်လာတယ်၊ အဲဒါ ဘာတွေလဲဆိုတော့ သူနဲ့စကားပြောနေရတဲ့ အချိန်တွေမှာ ကျေနပ်တယ်၊ ကြည်နူးတယ်၊ အလိုလို ပျော်ရွှင်နေမိတယ်၊ အရင်လူတွေနဲ့တုန်းက လွှာ့မှာ ဘာခံစားမှုမှ မရှိဘူး။ သူတို့တွေနဲ့ စကားပြောနေရပေမယ့် ဟာ့(ဒ်)က လုံးဝကိုမလာဘူး။ naught (ဗလာနတ္ထိ)ပဲ"

"ဆက်ပြောပါဦး"

"သူ လွှာ့အတွက် လျှပ်တစ်ပြက်ပြုလိုက်တဲ့ အပြုအမူလေးတွေမှာ သာယာမိတယ်၊ ဟိုနေ့က လွှာ့ကို ဖု(ဒ်)ချိန်းဝတ်ပေးသလိုမျိုးပေါ့၊ အဲဒါမျိုး အမှတ်မထင် အပြုအမူတွေကို သူ အများကြီးလုပ်ခဲ့တယ် …





အဲဒါလေးတွေကိုလည်း လွှာ မြတ်နိုးမိသေးတယ်၊ စွဲလမ်းတယ်။ ညအိပ်ရာဝင်ခါနီးမှာ သူ့အကြောင်းတွေက တကူးတက မစဉ်းစားရဘဲ အလိုလို ခေါင်းထဲရောက်လာတယ်။ ပြီးတော့ နှုတ်ခမ်းတွေက ပြုံးချင်သလို ရယ်ချင်သလို ဖြစ်လာတယ်။ ပိုပြီးထူးဆန်းတာက လွှာ့နှလုံးသားပဲ ကိုလေး …

သူ့ကိုတွေ့ရင် လွှာ့နှလုံးသားက ပူပြီးနွေးလာတယ်။ သူ အမှတ်တမဲ့ ကမ်းပေးတဲ့ တစ်ရှူးကိုတောင် တန်ဖိုးထားပြီး သိမ်းချင်လာတယ်။ ရောက်လေရာ အရပ်တိုင်းမှာ လွှာ့နောက်မှာ သူ အရိပ်လို ရှိနေမလားဆိုတဲ့ အတွေးနဲ့ လိုက်ရှာမိပြန်တယ်။ လွှာ … လွှာတော့ သူ့ကို ချစ်ခဲ့မိပြီထင်ပါရဲ့"

သူ့ကိုချစ်နေတဲ့အကြောင်း သူမ မထင်မှတ်ဘဲ ကိုလေးကို တိုင်တည်ဖြစ်သွားမိသည်။ ကိုလေးက သူမမျက်ဝန်းတွေကို စိုက်ကြည့်လာခဲ့သည်။ ကြည့်တာမှ နက်နက်နဲနဲ …

"ဟုတ်တယ် လွှာ၊ ညီမလေး သူ့ကိုချစ်သွားပြီ။ ချစ်တတ်သွားပြီပေါ့။ အဲဒါနဲ့များ ဘာလို့ လွှာ သူ့ကို လက်မခံသေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စနကလေးကမှ လှာ ကိုယ့်နှလုံးသားကို ကိုယ်မြင်လိုက်နိုင်တာ ကိုလေး"

"ဘယ်တော့လောက် သူ့ကို အဖြေပြန်ပေးမယ် စိတ်ကူးထားလဲ"

"အင်း ... တစ်နေ့နေ့ပေါ့၊ လှာ သူ့ကို သိပ်ချစ်သွားတယ်။ အစမှ နေရင်း ထိုင်ရင်းနဲ့ကို အဲဒါက သေချာသွားတာ။ သူဟာ လှာ တွေ့ဖူးနေကြ ယောကျ်ားတွေနဲ့ မတူဘူး။ သိပ်ပြီး Romantic ဖြစ်တာပဲ"

သူ့ကိုချစ်တဲ့အကြောင်းတွေကို တဖွဲ့တနွဲ့ပင် ကိုလေးကို စိတ်လိုလက်ရ ပြောပြရင်း ဝန်ခံမိလေတော့သည်။ တကယ်ဆို ဒီအကြောင်းတွေက သူ့ရင်ခွင်မှာ မှီနွဲ့ပြီး ပြောရမယ့်စကားတွေပါ။

သို့ပေမဲ့ လှာသဝဏ် ဆိုတဲ့မိန်းမရဲ့ စိတ်ကတစ်မျိုး။ အချစ်ကို နှနွဲ့မနေချင်ပါ၊ အချစ်မှာ ပြတ်သားချင်သည်၊ ရဲဝံ့ချင်သည်။ ပြီးတော့ ဘယ်၍ချစ်ကြောင်း ဘယ်မျှချစ်ကြောင်းတွေကို မဖွင့်ဟချင်ပေ။

ကိုယ့်ရင်ထဲက အချစ်ကို ဖွင့်ပြောစရာ မလိုဘဲ သူ့အလိုလို နားလည်လာမှာကိုပဲ သူမ လိုလားမိသည်။ သူမ





ဖွင့်ပြောမှ သူ သိပြီး အသိအမှတ်ပြုမှာကို လက်မခံချင်မိ။ သူမ သူ့အပေါ်မှာ အဲဒီလို နက်ရှိုင်းစွာ ချစ်ခဲ့မိတာပါ။

သူ့ကိုချစ်တဲ့အကြောင်း ကိုလေးကိုသာ သူမ ဖွင့်ပြောထားပြီး သူ့ကိုတော့ အဖြေပြန်မပေးဖြစ်သေးပါ။ သူနဲ့တွေ့တဲ့အခါ သူမရင်ထဲက အချစ်တွေကို သူ့မမြင်သာအောင် အတတ်နိုင်ဆုံး ဖုံးကွယ်ကာ ဒီလိုပဲ သွားသွားလာလာ လုပ်နေခဲ့ကြသည်။

တစ်နေ့တော့ သူမ သူ့ကို အဖြေပြန်ပေးခဲ့သည်။ သူမပေးခဲ့တဲ့အဖြေက ဘာအဆင်တန်ဆာမှမပါဘဲ ရိုးရိုးရှင်းရှင်းလေးပါ။ ထိုနေ့က ကျောင်းပိတ်ရက်ဖြစ်ပြီး သူမက လမ်းထိပ်စာအုပ်ဆိုင်မှာ စာအုပ်သွားငှားနေခဲ့သည်။ ပြန်လာတော့ ကိုလေးက သူမကို ဆီးပြောခဲ့သည်။

"လှာ ... လက်ာ ဖုန်းဆက်တယ်။ ကိုလေး အိမ်ထဲဝင်သွားတာ ဖုန်းလာနေတာနဲ့ တိုးတော့ ကိုင်လိုက်တယ်၊ လှာမရှိဘူး အပြင်သွားတယ်ဆိုတော့ နောက်ဆယ်မိနစ်နေရင် ပြန်ဆက်မယ်တဲ့"

"အင်း ... ကြာပြီလား ဆက်တာ"

"ဆယ်မိနစ်လောက်တော့ ရှိပြီ၊ ခဏနေ ပြန်ဆက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဆက်တောင် ဆက်နေပြီလား မသိဘူး၊ ဖုန်းက အိမ်ထဲမှာမို့လား၊ လွှာ့ကို သွားယူလာပေး ကိုလေး"

"အေး ... အေး"

ဖုန်းသွားယူခိုင်းသဖြင့် ကိုလေးက သူမတို့အိမ်ထဲ ဝင်သွားခဲ့သည်။ သူမကတော့ ဒန်းပေါ်မှာပဲ ထိုင်စောင့်နေလိုက်သည်။ ခဏနေတော့ အိမ်ထဲမှ ကိုလေး ပြန်ထွက်လာကာ ဖုန်းကိုနားမှာကပ်လျက် စကားပြောရင်း ပြန်ထွက်လာခဲ့သည်။ ကြည့်ရတာ သူ နောက်ထပ်တစ်ကြိမ် ဖုန်းပြန်ဆက်တာဖြစ်လိမ့်မည်။

"ရော့ လွှာရေ၊ လက်ခံဆိုကပဲ"

ကိုလေး ကမ်းပေးတဲ့ဖုန်းကို သူမ လှမ်းယူပြီး ဟဲလိုဟု အသံပြုလိုက်စဉ်မှာပဲ ကိုလေးက အလိုက်တသိနဲ့ သူမဘေးနားက ရှောင်ထွက်သွားတော့သည်။

"လွှာ ... ဘာလုပ်နေလဲ"

"ခုနစာအုပ်သွားငှားတာ၊ အခု ဒန်းပေါ်မှာထိုင်ပြီး ဖုန်းပြောနေတယ်၊ ပြီးရင် စာအုပ်ဖတ်မလားလို့၊ ပြော ... လက်ာ ဘာပြောမလို့လဲ"

သူမအဖြေအတွက် တစ်ဖက်မှာနေသူက သဘောကျသလို ခပ်တိုးတိုး ရယ်မောလေသည်။ သူ့ရယ်သံမြမြလေးက သူမနှလုံးသားထဲအထိ ထိုးဖောက်ဝင်ရောက်လာခဲ့၏။





"လွှာ ... အားတော့ အားတယ် မဟုတ်လား"

"အားသလိုလိုတော့ ရှိပါတယ်"

"ကိုယ် စာအုပ်သွားဝယ်မလို့ကွ၊ အဖော်လည်း မရှိဘူး။ တစ်ယောက်တည်း ပျင်းနေတာ။ လွှာ လိုက်ခဲ့ပေးပါလား"

"ဘယ်ကိုလဲ"

"ဘယ်ရောက်ဦးမလဲ မပြောတတ်သေးဘူး။ စာအုပ်တွေကဝယ်ရမှာ များတယ်"

"ဘာစာအုပ်တွေ ဝယ်မှာမို့လို့လဲ"

"အစုံပဲ ဝယ်ရမှာက၊ ကိုယ် ကျေးလက်ဒေသလေးတစ်ခုမှာ ကိုယ့်မွေးနေ့အတွက် အမှတ်တရအဖြစ် library လေးတစ်ခု ဖွင့်ပေးမလို့လေ စာအုပ်တွေ စုနေကာ၊ စုံတာတော့ စုံနေပါပြီ၊ ဒါပေမဲ့ ကလေးတွေရော ကလေးမက လူကြီးမကျတွေကိုရော ဗဟုသုတတွေ ပြည့်စုံချင်တဲ့စိတ်၊ သူတို့လေးတွေ အသိပညာ အတတ်ပညာ တိုးပွားပါစေဆိုတဲ့စိတ်နဲ့ စာအုပ်တွေကို များနိုင်သမျှများအောင် ကိုယ်စုနေမိတာ"

သူ့ကို သူမ တော်တော်လေး အထင်ကြီးလေးစားသွားမိသည်။ ကျောင်းပြီး ဘွဲ့ရပြီး အလုပ်အကိုင်မရှိသော လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၊ တီရှပ် ဒါမှမဟုတ် စပို့ရှပ်အပွကို ဘောင်းဘီအမျိုး မျိုးနှင့် တွဲဝတ်လျက် လွတ်လပ်ပေါ့ပါးစွာ နေထိုင်တတ်သော သူ့လိုလူမျိုးဆီမှာ ဒီလိုမြင့်မြတ်တဲ့ စိတ်ထားတစ်ခု ရှိနေလိမ့်မယ် လို့ သူမ လုံးဝကို မထင်မိခဲ့ချေ။ (သူက တစ်ခါတလေကျရင် တော့ gent ဆန်ဆန် ဝတ်စားတတ်ပြန်သည်။)

"လက်ာ ... ကျွန်မ ရှင့်ကို တကယ်လေးစားတယ် သိလား။ ရှင့်ဆီမှာ ဒီလိုလေးနက်တဲ့ စိတ်ဓာတ်မျိုး ရှိနေလိမ့်မယ် လို့ ကျွန်မ မထင်မိဘူး။ ပြီးတော့ ရှင့်အတွက် ဂုဏ်ယူပါ တယ်"

"ကိုယ့်က သူများဂုဏ်ပြုတာကို ခံချင်လို့ ကြွားပြောတာ လည်း မဟုတ်ဘူး။ ဖွင့်ဟပြောတာလည်း မဟုတ်ဘူး။ ဒါပေမဲ့ လွှာ ချီးကျူးတဲ့အတွက်တော့ တော်တော်လေး ဝမ်းသာမိတယ်"

"ရှင်က မွေးနေ့တိုင်း ဒေသငယ်လေးတွေဆီ သွားပြီး Library ဖွင့်နေကျလား"

"အင်း ... မွေးနေ့တိုင်းပေါ့၊ မွေးနေ့က နှစ်ဆန်းတစ်ရက် နေ့ဆိုတော့ မြတ်တယ်လေ၊ တကယ့်ကို မှတ်မှတ်ရရလေး ဖြစ်အောင် လုပ်တာပေါ့၊ ကိုယ့်အသက်ဆယ့်ရှစ်နှစ်က





တည်းက ဒီလိုစိတ်ကူးရပြီး အကောင်အထည်ဖော်လာခဲ့ တာ။ ခုဆို စာကြည့်တိုက် လေးခုဖွင့်ပြီးသွားပြီ။ ခုတစ်ခါ နဲ့ဆို ငါးခုပေါ့"

"ရှင့်ကို လက်ဖျားခါလောက်တဲ့အထိ ချီးကျူးပါတယ် လက်ာ။ အဲဒါ အပေါ်ယံပြောတာ မဟုတ်ဘူး။ ရင်ထဲက လာတာ"

"ဒါဆို ကိုယ်လည်း ရင်ထဲက ကျေးဇူးအထူးတင်ပါတယ်။ လွှာ လာခဲ့မယ် မဟုတ်လား"

BURMESE CLASSIC .com

"ဟင် ... ဘယ်ကိုလဲ"

"ကိုယ့်ဆီလေ"

"ရှင့်ဆီတော့ သိတာပေါ့၊ ဘယ်နေရာကို လာခဲ့ရမလဲပြော တာ"

"လွှာ လာမလို့လား၊ ကိုယ်လာမခေါ်ရဘူးလား"

"လာခေါ်ရအောင် ရှင်က ကျွန်မအိမ် သိလို့လား"

"လွှာ လိပ်စာပြောလေ၊ ကိုယ် လာခဲ့မယ်"

"အဟင်း ဟင်း ... ရှင် အဲဒီတစ်ချက်တော့ တော်တော် ညံ့တယ် လက်ာ၊ ကိုယ်ကြိုက်နေတဲ့ မိန်းကလေးရဲ့အိမ်ကို သိဖို့မကြိုးစားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဝန်ခံပါတယ်။ အဲဒီတစ်ချက်ကို မေ့လျော့နေခဲ့တာ အမှန်ပဲ။ လွှာနဲ့ကလည်း ကျောင်းမှာပဲ တွေ့ဖြစ်တာများတယ်လေ။ သတိရလာတဲ့အခါ ဖုန်းတွေအကြာကြီးပြောတယ်။ ကျောင်းပိတ်ရက်တွေမှာ ချိန်းပြီးလျှောက်လည်ကြတယ်ဆိုတော့ လွှာ့အိမ် ဘယ်မှာလဲဆိုတာကို ကိုယ်မတွေးမိခဲ့ဘူး။ အခုတော့ ကိုယ် ကြိုးစားတော့မှာပါ၊ ကိုယ်ကြိုက်နေတဲ့ မိန်းကလေးအိမ်ကို သိဖို့အတွက်လေ၊ ကိုယ်ကြိုက်နေတာက လွှာဆိုတော့ လွှာ့ကို မေးရင် ဘယ်ပြောမလဲနော်၊ ကိုယ့်ဘာသာကိုယ် ကြိုးစားရမှာပေါ့၊ ဟုတ်လား"

သူ့အသံက ရယ်မြူးရိပ်တွေ စွက်နေသည်။

"ဟုတ်တယ်"

သူမ ခပ်စောင့်စောင့်လေး ဖြေလိုက်သည်။ ထိုအဖြေကပဲ နှံ့သွားမလား မသိချေ။

"ဒါဖြင့် လွှာ Heart Rock ကို လာခဲ့လိုက်ပါလား။ တက္ကစီနဲ့လာရင် လာခဲ့လိုက်လေ။ ကားမယူလာခဲ့နဲ့၊ ကိုယ်တို့က တစ်နေရာတည်းနဲ့ ပြီးချင်မှပြီးမှာ။ ကိုယ့်ကားနဲ့ပဲ သွားကြတာပေါ့"

"တက္ကစီကြီးနဲ့ လာရမှာလား"





"အင်းလေ ... လွှာကမှ အိမ်လိပ်စာမပြောပြတာ။ ကိုယ်လာခေါ်လို့ ဘယ်ရပါ့မလဲ"

"ရတယ် ... ရတယ် ဖြစ်တယ်၊ ကျွန်မ ဖြစ်အောင်လာခဲ့မယ်၊ တက္ကစီကြီးနဲ့တော့ မလာချင်ပါဘူး။ ကိုလေးကို လိုက်ပို့ခိုင်းလိုက်မယ်"

"ကိုလေး ... ကိုလေးဆိုတာ ခုနဖုန်းလာကိုင်တဲ့သူကို ပြောတာလား။ အဲဒါ လွှာ့အစ်ကိုလား"

BURMESE CLASSIC .com

"အင်း ... ဟုတ်တယ်"

ထိုအဖြေက သူ့ကို လိမ်ညာဖြေလိုက်ခြင်းမဟုတ်ပါ။ ကိုလေးဟာ သူမအစ်ကိုအရင်း မဟုတ်ပေမယ့် အစ်ကိုရှိလျှင် ထိုထက်တောင် စိုရင်းသေးသည့် သူမနဲ့ ထပ်တူထပ်မျှ ကျနိုင်လွန်းသော အစ်ကိုတစ်ယောက်ပမာ ချစ်ရပါသော ကိုလေးကို အစ်ကိုဟု ပြောလိုက်ခြင်းက လိမ်လည်မှုမမည်ပါ။ သူ့ကိုလည်း လိမ်စရာအကြောင်းမရှိပါ။ အဖြေပေးရသေးတာမှ မဟုတ်တာ။ အချိန်တွေ မလွန်သေးပါဘူး။

"ကိုယ် စောင့်နေမယ်၊ မြန်မြန်လေး လာခဲ့နော်"

ဟိုဘက်က ဖုန်းချသွားမှ သူမ အိမ်ထဲဝင်လာပြီး အဝတ်အစား လဲလိုက်သည်။ ကော်လာချွန်ချွန်နှင့် ခါးစည်းကြိုး



www.burmeseclassic.com

www.burmeseclassic.com



ပါသော လက်ရှည်အဖြူရောင်အင်္ကျီပွပွလေးကို အဖြူအနက်စင်းပါသော ဘောင်းဘီနှင့် တွဲဝတ်လိုက်ကာ သူဝယ်ပေးထားတဲ့ ဖိနပ်အနက်ရောင် ဒေါက်ချွန်ချွန်ကို စီးလိုက်သည်။ (တကယ်တော့ သူ ဝယ်ပေးထားတာ မဟုတ်ပါ။ သူမ ဖိနပ်ဝယ်ပြီးမှ ငွေချေစရာ ပိုက်ဆံရှင်းဖို့ မရှိလို့ သူ့ကိုလှမ်းခေါ်ပြီး ဝယ်ထားရတဲ့ ဖိနပ်ဖြစ်သည်။ နောက်နေ့ သူမ ပိုက်ဆံပြန်ပေးတော့ သူကမယူပါ။)

သူမအိမ်ထဲက ထွက်လာတော့ အပြင် ကားဘေးမှာ မတ်တတ်ရပ်ကာ ကားသော့ကို မြှောက်ဆော့လျက် သူမကိုစောင့်နေဟန်ရှိသော ကိုလေးကို တွေ့လိုက်ရသည်။

"ကဲ ... လာ တက်"

"ဟင် ... ကိုလေး ဘယ်လိုလုပ်သိလဲ၊ လွှာ မပြောရသေးဘူးလေ"

"ကဲ ... လာပါ၊ ဒီညီမနဲ့ အိမ်ချင်းကပ်နေလာတာက ဆယ်နှစ်ကျော်၊ တစ်ခြံတည်း နေလာတာက ဆယ်နှစ်၊ လွှာ့သဝဏ် အကြောင်းမှ မသိရင် လေးနက်တည်ကြည် မလုပ်တော့ဘူး"

"လေးနက်တည်ကြည် မလုပ်ရင် ပေါ့ဖြူမည်းနောက် လုပ်မှာပေါ့၊ ဟုတ်လား ... ဟိဟိ"



BURMESE CLASSIC .com



"ရယ်မနေနဲ့ ... ကဲ ... ပြော ဘယ်မောင်းရမှာလဲ"

"FMI"

ကိုလေး လိုက်ပို့မှုကြောင့် တက္ကစီမကုန်ဘဲ Heart Rock သို့ ရောက်လာခဲ့သည်။ ကိုလေးကတော့ သူမကို လိုက်ပို့ပြီး ပြန်သွားခဲ့သည်။ သူမ Heart Rock ဆီသို့ ဝင်ဝင်ချင်းမှာပင် သူက ထိုင်နေရာမှ ထလာကာ ...

"လာ ... ကိုယ်စောင့်နေတာ၊ လွှာရော တစ်ခုခု စားဦးမလား"

"မစားတော့ပါဘူး၊ သွားရအောင်လေ"

"ခဏလေး ... ကိုယ် ဘီလ်ရှင်းလိုက်ဦးမယ်"

သူက ငွေရှင်းပြီး ပြန်ထွက်လာခဲ့သည်။ သူမတို့နှစ်ယောက် သူ့ကားနဲ့ပဲ မြို့ထဲပတ်ကာ စာအုပ်ဝယ်ကြသည်။ ကုန်တိုက်ကြီးတွေ၊ ပလာဇာတွေ၊ ရှော့ပင်းမောလ်တွေ၊ စူပါမားကတ်၊ မီနီမားကတ်၊ စင်တာတွေအပြင် စာအုပ်အရောင်းဆိုင်ကြီးတွေဖြစ်တဲ့ အင်းဝစာအုပ်တိုက်လို နေရာမျိုး၊ အမေ့အိမ်စာပေ၊ စာပေလောကတွေပါမကျန်။ လမ်းဘေးစာအုပ်ဆိုင်တွေ၊ ပန်းဆိုးတန်းက စာအုပ်အဟောင်းဆိုင်တွေသို့ပါ နှစ်ယောက်သား ခြေဆန့်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဆယ်နာရီလောက်ကတည်းက စာအုပ်တွေနဲ့ နပန်းလုံးနေခဲ့ရတာ မောလှပြီ။ ညနေလေးနာရီပင် ထိုးတော့မည်။ သူ့ကားထဲမှာလည်း စာအုပ်တွေကအပြည့်။ သူကလည်း မပြီးစီးနိုင်သေး။

"လက်ကာ ... ရှင် နောက်နေ့မှ ဆက်ဝယ်လို့ မရဘူးလား။ တစ်နေ့လုံး သွားနေရတာ လူငွေ့တွေနဲ့ ညည်းလှပြီ"

"ဟာ ... ဟုတ်တာပေါ့၊ ကိုယ် မေ့နေတာ ကြည့်စမ်း၊ လွှာ့ကို မောလားလို့ ကိုယ်မမေးမိဘူး။ ဆောရီးကွာ ... ကိုယ် တာဝန်မကျေသလို ဖြစ်သွားတယ်။ ကဲ ... လာ၊ ပြန်ကြတာပေါ့။ လွှာက ဘယ်လိုပြန်မလဲ"

"ရွှေတိဂုံဘုရားတောင်ဘက်မုခ်ကို မောင်း"

"ဟင် ... ဘယ်လိုလုပ်ပြီး"

"မောလို့ပါ၊ ဘုရားကိုမြင်တော့ အမောပြေတာပေါ့"

"ပြန်ဖို့ကျတော့ရော"

"ကဲ ... မောင်းမှာသာ မောင်းပါ၊ နောက်မှ ကိုဋေလေးကို ဖုန်းဆက်ပြီး လာကြိုခိုင်းလိုက်မယ်"

"အိုကေ ... အိုကေ ... မောင်းပြီ"





သူက သူမ ပြောတဲ့အတိုင်း မောင်းသည်။ ဘုရားခြေတော်ရင်းရောက်တော့ သူက ကားကိုရပ်တန့်ပစ်လိုက်ကာ ...

"ဘုရားဖူးဦးမလို့လား"

"မဖူးတော့ပါဘူး၊ လေညှင်းခံမလို့။ အင်း ... တစ်နေ့လုံး နေပူထဲသွားလိုက်၊ လူကြားထဲ သွားလိုက်နဲ့ ခုနေများ ပင်ပန်းမှုတွေကို မေ့ဖျောက်ပြီး ကိုယ်ချစ်တဲ့သူရဲ့ ပခုံးမှာ ခဏလောက် နားလိုက်ရရင် သိပ်ကောင်းမှာပဲ"

သူမစကားကြောင့် သူ့မျက်လုံးတွေက သူမကို ကြည့်နေရာမှ အရောင်တွေ တောက်လာခဲ့သည်။ အရည်ကြည်တွေက သူ့မျက်လုံးမှာ လက်ဖြာနေသည်။

"လွှာ ... လွှာနားချင်တဲ့ ပခုံးဟာ ကိုယ့်ပခုံး မဖြစ်နိုင်ဘူးလားဟင်"

"ကျွန်မက တစ်သက်လုံးအတွက် ရည်ရွယ်ပြီး နားချင်တာနော်"

မျှော်လင့်ချက်တွေ ပြည့်လျှံနေတဲ့ မျက်လုံးများနှင့် သူ့အမေးကို သူမက ခပ်သော့သော့လေး ပြောလိုက်တော့ သူ့မျက်လုံးတွေသည် သောက်ရှူးကြယ်ထက်ပင် ပို၍တောက်ပလာတော့သည်။ ညနေခင်းသည် ပျော့ပျောက်၍ ဤကမ္ဘာသည် သူ့မျက်လုံးများနှင့် လင်းလက်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ထိုခဏမှာ အားပါးတရပင် ပြုံးရယ်လိုက်သောအခါ ရှိသမျှပန်းတို့သည် သူ့အပြုံးကြောင့် ငိုချင်သယောင်ယောင် ဖြစ်ကုန်ကြ၏။ ညနေခင်းရဲ့မျက်နှာသည် သူ့အပြုံးကို မတုပနိုင်သည့်အတွက် အနည်းငယ် ညှိုးလျော့သွားသည်။

"သိပ်ရတာပေါ့၊ တစ်သက်လုံးအတွက် မဟုတ်ဘူး။ ဆယ်ကမ္ဘာအတွက် ဆိုရင်တောင် ဖြစ်သေးတယ်"

မပျော့ဘူးသော အပျော့တို့ဖြင့် ဝမ်းသာကြည်နူးလျက် ရယ်မောနေသော သူ့ရဲ့စိမ်းဖန့်ဖန့် မျက်နှာလေးကို သူမ တစ်သက်မမေ့နိုင်ချေ။ သူက ဖျတ်ခနဲ သူမဘေးသို့ တိုးကပ်လာကာ သူမ၏ဦးခေါင်းကို ဖွဖွလေး ဆွဲယူလျက် သူ့ပခုံးထက်သို့ မှေးမှီစေခဲ့သည်။ သူမသည် ငြင်းဆန်ခြင်း ရုန်းကန်ခြင်း အလျဉ်းမရှိဘဲ စိတ်လိုလက်ရပင် သူ့ပခုံးထက်သို့ ဦးခေါင်းကို ပြိုကျစေခဲ့သည်။ သူမ၏နှုတ်ခမ်းတွေလည်း တစ်ကြိမ်တစ်ခါမှ မပြုံးခဲ့ဖူးသော အပြုံးကို ပြုံးထားခဲ့မိ၏။

အချစ်စစ်အတွက် ဒီ့ထက်သေချာအောင် ပြောရရင်တော့ သူ့အတွက် ဦးဦးဖျားဖျား ပြုံးခဲ့မိတဲ့ အပြုံးပါ။ သူမ သူ့ပခုံးထက်မှာ မှေးမှီရင်း တိတ်ဆိတ်စွာနေခဲ့သည်။ သူကလည်း ဘာတစ်ခုမှ အနှောင့်အယှက် မပေးချေ။





နှစ်ယောက်သား စကားမပြောကြဘဲ တိတ်ဆိတ်နေခဲ့သည်မှာ အသက်ရှူသံမှလွဲ၍ ဘာမျှပင် မကြားရ။ ဤသို့ဖြင့် ဆယ့်ငါးမိနစ်လောက်ကြာအောင် တိတ်ဆိတ်နေခဲ့ပြီးမှ သူ့အသံ တိုးလျစွာနှင့် သူမနားနားဆီ လှိုက်မောတုန်ယင်စွာဖြင့် ကပ်ပြောလာခဲ့သည်။

"ကိုယ့်ကို ဘာမှမပြောတော့ဘူးလား လှ"

သူ့ပခုံးထက်မှပင် သူမ တိုးတိတ်စွာ ပြန်ဖြေလိုက်သည်။

"ပြောဖို့လိုသေးလို့လား"

"မလိုပေမယ့် ကိုယ့်ကို သစ္စာရှိစွာ ချစ်ခဲ့တဲ့ လှ့ပါးစပ်ကထွက်လာမယ့် ပထမဦးဆုံး စကားကိုတော့ ကိုယ် ကြားချင်မိတာပေါ့"

သူမ ဖွဖွပြုံးလိုက်သည်။ သူမအပြုံးကို သူ မြင်လိမ့်မည်မဟုတ်ပါ။

"ကျွန်မ လက်ဘ့ကို ချစ်မိတဲ့အတွက် ဘယ်တော့မှ နောင်တမရဘူး"

သူမအဖြေကြောင့် သူ အများကြီး ကျေနပ်သွားပုံရသည်။ သူ့ပခုံးထက်မှ သူမကို ခွာယူလိုက်ပြီး သူမပခုံးနှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com




ကို ဆုပ်ကိုင်လျက် သူမမျက်လုံးတွေထဲကို ဖြိုးလက်ရွှင်ကြည့်ရှုး စွာ စိုက်ကြည့်လို့လာသည်။ ပြီးနောက် သိကွာရှိစွာပင် သူ့နှုတ် ခမ်းများက သူမနဖူးအထက်ဆီသို့ ထိကပ်လာကာ ဖွဖွနမ်းလေ သည်။

သူ့အနမ်းကြောင့် သူမရင်သည် ရှိန်းခနဲ လှိုက်ဖိုလို့ သွားသည်။ ထို့နောက် သူ့လက်များက သူမပါးပြင်နှင့် ဆံပင်တို့ ကို ဖွဖွပွတ်သပ်ကာ ချော့မြှူကျီစယ်နေတော့သည်။ သိပ်ချစ်တယ် လက်ာရယ်၊ ကျွန်မအသက်ထက် မကပါဘဲ၊ ယုံပေးပါ၊ အဲဒါလေး တစ်ခုတော့ ရှင် အကြွင်းမဲ့ ယုံပေးပါနော်။

○❖○







အချစ်ဆိုတာ ယုံကြည်မှုနဲ့ တည်ဆောက်ထားတာလို့ ကျွန်တော် ထင်တယ်။

ချစ်တယ်ဆိုရင် ကိုယ့်ချစ်သူ ယုံကြည်မှုအတွက်ပဲ ကြည့် ရမှာပေါ့။

ဒါပေမဲ့ သူမက အဲဒီလိုကြိုးစားတဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး။

အမြဲတမ်း နည်းနည်းလေး ပြောတာကို များများရွဲ့စောင်း လိုက်ရမှကျေနပ်တတ်တဲ့ အမျိုးသမီးပီပီ သူမက ယုံကြည်မှု တွေကို နိုးယူပြီး အလွဲသုံးစား လုပ်လိုက်တယ်။

"အလက်ာ"

○❖○



www.burmeseclassic.com

www.burmeseclassic.com



အခိုင်အမာရှိပြီးသား သံယောဇဉ်ကြိုးကို သံသယတွေနဲ့ ဖြတ်တောက်ပစ်မယ့် အတ္တတွေ ဝန်းရံနေတဲ့ သူတစ်ယောက်ဟာ ကျွန်မချစ်သူပါပဲ။

တကယ်ဆို သံယောဇဉ်ဆိုတဲ့ အခြေခံအုတ်မြစ်ကို သူ နားလည်သင့်တယ်။

သူနဲ့ ကျွန်မ ကြားမှာ အချစ်ကလွဲပြီး ဘာမှရှိမနေခဲ့တဲ့ အတွက် သံယောဇဉ်ဆိုတာကို သူ နားမလည်ဘူး။

ကိုယ့်ချစ်သူတစ်ယောက်ကို နားလည်မှု မပေးနိုင်ဘူး။

အချစ်ဆိုတဲ့အရာနဲ့ ကျွန်မ လွတ်လပ်ခွင့်တွေကို ပိတ်ပင်ဖို့ သူ ကြိုးစားခဲ့တယ်။

ကျွန်မ လုံးဝ လက်မခံခဲ့ပါဘူး။

"လှသဝထ်"

○ ❖ ○





... တချို့ချစ်သူတွေဟာ တစ်ယောက်နဲ့တစ်ယောက် အမြဲတစေ ခွင့်လွှတ်နားလည်ပေးနေကြတဲ့အတွက် ကြာတော့ တစ်ယောက်နဲ့တစ်ယောက် ပျင်းရိငြီးငွေ့လာတတ်ကြတဲ့ အတွဲတွေကို သင် တွေ့ဖူးပါသလား ?

... တချို့ချစ်သူတွေဟာ မြင်လိုက်ပြီ ဆိုတာနဲ့ အမြဲတမ်း သံသယတွေနဲ့ မျက်လုံးကို လက်နက်တစ်ခုအဖြစ် အသုံးချပြီး သွေးအေးနေတတ်ကြတဲ့အတွက် နှစ်ဦးနှစ်ဖက် ရန်စကားတွေချည်းဆိုကာ လမ်းခွဲခဲ့ကြပြန်ပါတယ်။

... သူတို့နှစ်ယောက်ကတော့ အသက်မကလည်း ချစ်ကြကာ သံသယနဲ့ နာကြည်းခြင်းကို မျက်လုံးနဲ့ပုံဖော်ဖို့ ဝန်မလေးသူတွေပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com



မှန်းလားဆိုတော့လည်း

အမှန်းဆိုသည်က ယောင်လို့ပင် အိပ်မက်ထဲမှာတောင်

မထည့်မှုးခဲ့တာပါ ... ။

○❖○

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။





## အခန်း(၁)

ချစ်သူဖြစ်တဲ့ ကာလမှ သိပ်မကြာသေးခင်မှာ ယောက်ျားတစ်ယောက်ရဲ့ ဧဠဝ ကို သူမ မြင်ခွင့်ရသည်က တစ်ခု သောနေ့မှာဖြစ်သည်။ ထိုနေ့က သူမ ကျောင်းကို သူရောက်လာခဲ့ ကာ ဆရာမ စာသင်နေတာကို အခန်းဝကနေ စိတ်ရှည်လက် ရှည် စောင့်နေခဲ့သည်။

လက်နှစ်ဖက်ပိုက်လျက် ခြေထောက်ကိုလိမ်ထားကာ ဝရန်တာကို ခပ်လျောလျော မှီနေခဲ့သော သူ့ပုံစံကြောင့် ဆရာမ သင်နေသမျှကို သူမ စိတ်မဝင်စားနိုင်ဘဲ မျက်လုံးထောင့်ကနေ ခဏခဏ ခိုးကြည့်နေရတာ အမောပါပဲ။ သူ လေးဆယ့်ငါးမိနစ် လောက်ထိ စောင့်နေလိုက်ရသည်။ ဆရာမ ထွက်သွားမှ သူမ



www.burmeseclassic.com

www.burmeseclassic.com



အခန်းအပြင်သို့ ထွက်လာကာ သူ့ကို ကြည်နူးစွာ ပြုံးပြလိုက်ရင်းက ...

"Canteen သွားမယ်လေ"

"ပေးလေ"

"ဘာကိုပေးရမှာလဲ"

"လက်"

သူမက အူကြောင်ကြောင် ပြန်မေးမှ သူက လက်တောင်းနေတာဖြစ်သည်။ သူမက လက်ကို သူ့ထံကမ်းပေးလိုက်လျှင် နွေးထွေးသန်မာသော လက်များက ဆုပ်ကိုင်လာခဲ့ကာ နှစ်ယောက်သား Canteen သို့ ထွက်လာခဲ့ကြသည်။

"ကိုယ်က လက်ဖက်ရည်ပဲ သောက်တော့မယ် ... လွှာရော"

"ထမင်းကြော် စားမယ်"

နှစ်ယောက် စားစရာတွေ မှာလိုက်ကြသည်။ သူမတို့နှစ်ယောက် ထိုင်နေပုံက သူများတွေလို မျက်နှာချင်းဆိုင်ထိုင်တာမျိုး မဟုတ်ဘဲ ဘေးချင်းကပ် ထိုင်နေကြတာဖြစ်သည်။ စကားမပြောဘဲ တိတ်ဆိတ်စွာပင် နှစ်ယောက်သား မှာထားတဲ့ စားစရာတွေကို စောင့်နေလိုက်ကြသည်။ ခဏအကြာမှာ သူ့





အတွက် လက်ဖက်ရည်က အရင်ရောက်လာသဖြင့် သူက သူမကို မော့ကြည့်လာကာ ...

"သောက်မလား"

"မသောက်ပါဘူး၊ ကြိုက်မှမကြိုက်ဘဲ"

နောက်မိနစ်အနည်းငယ်လောက် အကြာမှာ သူမအတွက် ထမင်းကြော်ပန်းကန် ရောက်လာခဲ့သည်။ အငွေ့တထောင်းထောင်းနှင့် ငါးဖယ်၊ ဘဲဥ၊ ကြက်သား၊ မုန်လာဥနီ၊ မုန်ညင်း၊ နမ်းတို့ဖြင့် ကြော်ထားသော ထမင်းကြော်ပန်းကန်ကို သူက တစ်ချက်ကြည့်လိုက်ပြီး ဇွန်းနှင့် အထက်အောက် မွှေပေးလေသည်။

ကိုယ့်ချစ်သူရဲ့ ဂရုစိုက်မှု ကြင်နာမှုတွေကို ဘယ်မိန်းကလေးမှ မသာယာဘဲ နေနိုင်ကြမည် မဟုတ်။ သူမလည်း တိတ်တိတ်လေး သူ့အပြုအမူမှာ ကျေနပ်သာယာနေမိတာ ဘယ်လိုမှမငြင်းနိုင်ခဲ့။

အနည်းငယ် အငွေ့တိတ်သွားသော ထမင်းကြော်ကို သူမကစားနေစဉ် သူက လက်ဖက်ရည်ကို ဇိမ်ဆွဲပြီးသောက်နေသည်။ တစ်ခါတလေကျရင် သူမတို့နှစ်ယောက်ကြားမှာ ပြောစရာစကားတွေ ပျောက်ဆုံးနေသလိုရှိလှကာ ခုလို တိတ်ဆိတ်စွာ အချိန်တွေကို ကုန်လွန်စေခဲ့ပြန်သည်။

www.burmeseclassic.com



သူက သူမဘေးနားမှာ ထိုင်နေရာကနေ ဖျတ်ခနဲ ထပြီး မျက်နှာချင်းဆိုင် ပြောင်းထိုင်လိုက်လေသည်။ ဘာဖြစ်တာလဲဟူသော အကြည့်ဖြင့် သူမ မော့ကြည့်တော့ သူ့ရုပ်က စူပုပ်နေကာ ဘောလုံးတစ်လုံးလို တင်းမာနေခဲ့သည်။ သူမ ဘယ်လိုမှ နားမလည်နိုင်ချေ။ အကောင်းကြီးကနေ ဘာထဖြစ်ရတာတုန်း။

"ဘာဖြစ်တာလဲ"

သူမ မေးတာတောင် ပြန်မဖြေနိုင်လောက်အောင်ကို သူ့မျက်နှာက မှုန်ကုပ်နေတော့သည်။ မျက်နှာချင်းဆိုင် ထိုင်နေရာမှ သူက တောက်တစ်ချက်ကို ကျယ်လောင်စွာ ခေါက်လိုက်သဖြင့် သူမပင် ပခုံးတွန့်ကာ လန့်သွားမိရသည်။

"လက်ာ ... ဘာဖြစ်ရပြန်တာလဲ"

"ကျွတ် ... မင်း ဒီလောက်လှနေဖို့ မကောင်းဘူး လွှာ၊ ဘယ်လိုဖြစ်လို့ အင်္ကျီကို ချိုင်းပြတ်ကလေး ဝတ်လာတာလဲ"

"ဟင် ... ဘုရားရေ၊ ရှင် ... ရှင်က ကျွန်မကို အပြစ်မြင်နေတာလား၊ ကျွန်မကို ဒေါသထွက်နေတာ ဟုတ်လား"

"ဒီမှာ လွှာ၊ မင်းဆီမှာ အပေါ်ထပ်အင်္ကျီတစ်ထည် မပါဘူးလား"

"ဘာလုပ်ဖို့လဲ၊ ရှင် ဝတ်မို့လား"





သူမ ခပ်ရွဲ့ရွဲ့ ပြောလိုက်သည်။ ဘာလဲ မဆီမဆိုင်။ သူမအင်္ကျီက အနက်ရောင်ကိုယ်ကျပ် လက်ပြတ်ကလေးဖြစ်သည်။ (လက်ပြတ်ဆိုပေမယ့် အရမ်းကြီးပြတ်နေတာမျိုးမဟုတ်ဘဲ ပခုံးကို လက်သုံးလုံးလောက် ဖုံးထားပြီး ချိုင်းအောက်ကပြတ်နေခဲ့တာဖြစ်သည်။ ထိုအင်္ကျီမျိုးက အပေါ်ကထပ်အင်္ကျီ ဝတ်ဖို့မှမလိုဘဲ) သူမ ဘာသာ အင်္ကျီလက်ပြတ်ဝတ်တာ သူက ဘာထကြောင်ရတာလဲ။

"ပါရင်ထပ်ဝတ်လိုက်စမ်းကွာ၊ မျက်စိထဲ မြင်ရတာမကောင်းဘူး။ ကြာရင် သတ်ပွဲဖြစ်တော့မယ်"

"မပါဘူး ... ဘယ်အင်္ကျီမှ အပိုထည့်မလာဘူး။ ကျောင်းလာတာရှင့်၊ နိုးရာလိုက်ဖို့ ထွက်လာတာ မဟုတ်ဘူး"

"ဒါဖြင့် ထ၊ ပြန်ကြမယ်"

"ဘာလဲ လက်ာ၊ ရှင့်သဘောချည်းပဲ၊ ဘာတွေဖြစ်နေတာလဲ၊ ကျွန်မဘာသာ အင်္ကျီလက်ပြတ်ဝတ်ထားတာ ဘယ်သူ့ထိခိုက်လို့လဲ"

သူမပြောတာကို သူက ပြန်မဖြေဘဲ အိတ်ထဲမှ ထောင်တန်နှစ်ရွက်ကို ဆောင့်ကြီးအောင့်ကြီးချကာ သူမလက်ကောက်ဝတ်ကို တင်းကျပ်စွာ ဖိထားလျက် ...

"ထ၊လို့ဆို ... ပြန်မယ်၊ ဘာထိုင်လုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမမှ ဘာတစ်ခွန်းမှ မပြောရသေးခင် သူ့လက်ကြီးနဲ့ ဆွဲခေါ်ရာနောက်သို့ သူမ ပါလာခဲ့ရသည်။

"လွှတ် ... လွှတ်ဦး လက်၊ ရှင့်ယောကျ်ားလက်ကြီးနဲ့ အတင်းဖိထားတာ ကျွန်မ သေပြီပေါ့၊ လွှတ် ... နာလှပြီ။ ဘာမှန်းကို မသိဘူး။ ကြောင်တောင်တောင်နဲ့"

"ကြောင်တာ ကိုယ်မဟုတ်ဘူးကွ၊ မင်းအရှေ့ကအကောင် ကြောင်နေတာ မင်းကို၊ ဘေးနားမှာ ပိုင်ရှင်ပါတာတောင်မှ နည်းနည်းလေးမှ အားမနာဘူး ကြည့်တာ။ ပြူးပြဲနေတဲ့ မျက်လုံးက အစိုးတွေတောင် ထွက်တယ်၊ တောက် ... ဒီထက်လွန်လာရင်တော့ ထထိုးမိမှာ သေချာတယ်"

"နေစမ်းပါဦး၊ အဲဒါနဲ့ ကျွန်မ အင်္ကျီလက်ပြတ် ဝတ်တာ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ မင်းအသားအရေက သာမန်မိန်းကလေး တစ်ယောက်ရဲ့ အသားအရေမျိုးမှ မဟုတ်ဘဲ။ ဝင်းနစ်ပြီး ကြည်ထွက်နေတာ၊ ဘယ်နေရာကပဲကြည့်ကြည့် မင်းပုံစံက ထင်းနေတော့ ဘယ်ယောကျ်ားမှ မငမ်းဘဲ မနေနိုင်ဘူး"

"ကြည့် ... ပြောပုံကိုက အချိုးကိုမပြေဘူး၊ သိပ်အမြင်ကတ်ဖို့ကောင်းတာပဲ"





သူမကို သဝန်တိုနေသော သူ့ကြောင့် ပြုံးချင်ချင် ဖြစ်ရသည့် အခြေအနေမှာပဲ ရန်ဖြစ်စကားများရင်း သူမအလှကို တင်စားပြနေသဖြင့် ကြည်နူးနေရတာကို ဝန်ခံမိချင်သည်။ (တိတ်တိတ်ကလေးပါပဲနော်)။ သူ ဖြေလွှတ်ပေးလိုက်သောလက်ကို သူမ ငုံ့ကြည့်လိုက်သည်။

သူ ပြောသလို ဝင်းနစ်နေတဲ့ သူမအသားမှာ သူ့ဖိအားကြောင့် နီရဲနေကာ စပ်ဖျင်းဖျင်း ဖြစ်နေသည်။ သူမသက်ပြင်းချလိုက်စဉ်မှာ သူက လမ်းလျှောက်နေရာမှ ခြေစုံရပ်လိုက်သဖြင့် သူမပါ လိုက်ရပ်လိုက်စဉ်မှာ သူမရဲ့လက်တစ်ဖက်ကို သူကဆွဲယူလိုက်ပြီး သူ့ကြောင့် ရဲသွားတဲ့ဒဏ်ကို သူက အကြာကြီး (တကယ့်ကို အကြာကြီး) ငေးကြည့်နေခဲ့ပြန်သည်။

"အဲဒါ ဘာဖြစ်ရပြန်တာလဲ"

"ကိုယ်စိတ်မကောင်းပါဘူး လွှာ၊ ကိုယ့်ကြောင့် မင်းဒီလို ဖြစ်သွားရတယ်၊ နာနေလားဟင်"

"နာနေတယ်ဆိုတော့ ရှင်က ဘာလုပ်ပေးမှာမို့လို့လဲ"

"ကြပ်ထုပ်ထိုးပေးမယ်လေ ... အာငွေ့နဲ့"

"ရှင် ပေါက်ကရတွေ လျှောက်မလုပ်နဲ့နော် လမ်းမမှာ။ တော်ကြာ ကျွန်မ ကျောင်းထဲမှာ နာမည်ကြီးသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရုက်ရုက်နှင့် သူ့ကိုအကြောက်အကန် ပြောလိုက်တော့ သူက လွှတ်လပ်ပေါ့ပါးစွာ ရယ်မောလိုက်ရင်းက သူမပခုံးကို ယုယစွာဖက်လာခဲ့ပြီး ...

"လွှာလေးက ရုက်ရင် သိပ် Cute ဖို့ကောင်းတာပဲ"

ရွှန်းရွှန်းစားစားကြည့်ရင်း ပြောလာတဲ့ သူ့အပြောမှာ သူမနှလုံးသားတစ်ခုလုံး ထုံကျင်ယစ်မူးသွားရကာ ရှင် ပြုံးလိုက်ရင်လည်း အရမ်းကို Striking ဖြစ်တာပဲလို့ ပြောလိုက်ချင်သည့်စိတ်က လျှာဖျားထိရောက်လာခဲ့သည်။ သို့သော် သူမမပြောခဲ့ပါဘူး။ သူမက အချစ်ကို ဖွင့်ဟမဖော်ထုတ်ချင်ဘဲ ရင်ထဲမှာ လျှို့ဝှက်စွာ သိမ်းဆည်းထားချင်တာပါ။ သူမတို့နှစ်ယောက် အတန်းဘက်သို့ ပြန်လျှောက်လာခဲ့ကြသည်။

"လွှာ"

သူ ခေါ်တာကို ပါးစပ်က မထူးမိဘဲ မော့ကြည့်ရင်း မေးဆတ်ပြလိုက်သည်။

"လွှာ သိပ်လှတာ ကိုယ်သိတယ်၊ ကိုယ်သိရင် ပြီးပြီ၊ သူများသိဖို့ မလိုဘူး၊ နောက်ဆို အရမ်းကြီးလှအောင် မဝတ်နဲ့ သိလား"





"အဲဒါတော့ ရှင်အတွေကြီးတာပေါ့ လက်ာရဲ့၊ ကျွန်မက မိန်းကလေးလေး၊ ဘယ်နည်းနဲ့မဆို လှချင်တာပေါ့၊ ပြီးတော့ ကိုယ်က တစ်ယောက်တည်း တောထဲတောင်ထဲမှာနေတာမှ မဟုတ်ဘဲ၊ လူတွေကြားထဲမှာ နေရတာ၊ ကြည့်ပျော်ရှုပျော်လေးဖြစ်အောင်တော့ ဝတ်ရတာပေါ့ ...

ပြီးတော့ ခေတ်ကိုလည်းကြည့်ဦး၊ ဖက်ရှင်ခေတ်ကို၊ တကယ်တော့ အဝတ်အစားကြောင့်ရယ် မဟုတ်ပါဘူး။ ယောကျ်ားနဲ့ မိန်းမဆိုတာ လက္ခဏာချင်း အသွင်သဏ္ဍာန်ချင်းမှ မတူဘဲ၊ မိန်းကလေးလှလှမြင်တိုင်း ယောကျ်ားတွေ ဟာငမ်းကြမှာပဲ၊ ဆန်းတော့မဆန်းပါဘူး။ လှတဲ့သူက လှအောင်ဝတ်မထားလည်း အကြည့်ခံရတာပဲ"

သူမက သူ နားလည်ပါစေတော့ဆိုပြီး တခမ်းတနား ရှင်းပြခဲ့ပေမယ့် သူက လက်ခံချင်ပုံမရဘဲ နှုတ်ခမ်းကို မသိမသာ မဲ့လိုက်ရင်းက ...

"ယောကျ်ားတွေဘက်ကနေကွယ်ပြီး မင်း ဆင်ခြေပေး တတ်လိမ့်မယ်လို့ ကိုယ် လုံးဝမထင်ခဲ့ဘူး လွှာသဝဏ်"

"ကျွန်မ ဆင်ခြေပေးတာ မဟုတ်ဘူးရှင့်၊ ရှင်ကိုက နားလည်မှုခေါင်းပါးနေတာ အလက်ာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှစ်ယောက်က စိတ်ဆိုးရင် နာမည်တွေကို အစအဆုံးခေါ်တတ်ကြသည်။ သူ့မျက်နှာက သူမကို စိတ်ဆိုးဒေါသထွက်ရင် မှုန်ကုပ်ကုပ် နေတတ်ပြီး သူမက သူ့ကို ဒေါသထွက် စိတ်ဆိုးသည့်အခါ မျက်နှာက မလိုအပ်ဘဲ တည်နေခဲ့သည်။ နှစ်ယောက်သား တိတ်ဆိတ်သွားကြပြန်သည်။ အတန်ကြာမှ သူက ...

"ဘာပဲဖြစ်ဖြစ် မင်း ဒီလိုအင်္ကျီကျပ်ကျပ်နဲ့ လက်ပြတ်မျိုးကိုတော့ နောက်မဝတ်ပါဘူးလို့ ကတိပေးစမ်းပါ"

"မပေးနိုင်ပါဘူး၊ ကိုယ်စိတ်နဲ့ ကိုယ့်ကိုယ် ဝတ်ချင်ဝတ်မှာပဲ၊ ကျွန်မက ဒီလိုအင်္ကျီတွေကို သိပ်ကြိုက်တာ"

သူမ သူ့ကိုအမြင်ကတ်ပြီး စိတ်အချဉ်ဖောက်စွာရွဲ့ဖြေလိုက်တော့ သူ့မျက်လုံးစူးစူးများက သူမကို နစ်ဝင်မတတ်စိုက်ကြည့်လာခဲ့သည်။ သူမ မသိချင်ယောင် ဆောင်နေလိုက်သည်။ သူမပခုံးပေါ် တင်ထားတဲ့ သူ့လက်က ချက်ချင်းပြေကျသွားကာ တောက်တစ်ချက်ခေါက်ပြီး ချာခနဲ လှည့်ထွက်သွားတော့သည်။ သူမစိတ်ထဲ အောင့်မျက်သွားရကာ သူ့ကို တော်တော်လေး တင်းသွားခဲ့ရသည်။ သူကပဲ စိတ်ဆိုးရတယ်လို့ ယောကျ်ားတန်မဲ့။





သူမ တစ်ယောက်တည်း ထိုနေ့က အတန်းထဲသို့ ပြန်ဝင်ခဲ့ရသည်။ သူက ဒီနောက်ပိုင်းရက်တွေမှာ သူမဆီကို ဖုန်းလည်းမဆက် ကျောင်းလည်း မလာဘဲ ခြေရာဖျောက်နေခဲ့သည်။ ဘယ်လောက်ဆိုးတဲ့ ချစ်သူပါလဲ ...။

သူ့ဘက်က အလျှော့ပေး လိုက်လျောမယ်မရှိဘဲ စိတ်ဆိုးဖို့သာသိသည်။ သူ့ကို မတွေ့ရတဲ့ရက်တွေမှာ သူမ လွမ်းဆွတ်သတိရမိသည်။ သူ ပျောက်ချက်သား ကောင်းနေပုံက လွန်တော့ လွန်လှချေပြီ။ တချို့ ချစ်သူတွေများ တစ်ရက်မတွေ့ရရင် မနေနိုင်အောင် ဖြစ်ကြသည်။

သူ့ကျတော့ ဒီလိုမဟုတ်ဘူးလား မသိပါ။ ငါးရက်တောင်ရှိပြီ၊ သူမကို အဆက်အသွယ် မလုပ်တာ။ သူမဘက်က အရင်စပြီး ဖုန်းဆက်ခေါ်ဖို့လည်း ဆန္ဒမရှိသဖြင့် နောက်ဆုံးတိတ်တိတ်လေး ကြေကွဲရုံသာရှိတော့သည်။ သူမမျက်နှာက သူ့ကို လွမ်းဆွတ်စိတ်ဖြင့် နွမ်းလျနေခဲ့လား မသိ။ ကိုလေးကပင် သတိထားမိလာကာ မေးလေသည်။

"လှ ... ကောင်လေးနဲ့ အဆင်မပြေဘူးလား"

"အင်း ... စကားများထားတယ်၊ နေပါစေ မခေါ်ဘူး။ အလကား အတ္တကြီးတဲ့သူ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ချစ်ရင် ညှိယူပေါ့ လွှာရယ်၊ တစ်ယောက်နဲ့တစ်ယောက် ညှိယူရင် စကားများစရာအကြောင်း မရှိပါဘူး"

"ကိုလေး ပြောတော့ လွယ်တယ်၊ လက်တွေ့မှာ ဘယ်လိုမှ မလွယ်ဘူး၊ သူ့ကိုက ကတ်သီးကတ်ဖဲ့ နိုင်တာပါ"

သူ့အကြောင်း ပြန်ပြောချင်စိတ်ပင် မရှိသည့်အတွက် ကိုလေး ဘေးမှ လှည့်ထွက်လာခဲ့သည်။ နောက်နေ့တွေမှာလည်း သူမစန္ဒာကိုယ် အလွတ်ကြီးသာ ကျောင်းသို့ရောက်သွားခဲ့သည်။ စိတ်တွေကတော့ သူရှိရာ အရပ်ဆီသို့။ ကျောင်းမှာလည်း မျှော်မနေချင်တော့ပါဘူး။ လာမှာမဟုတ်တဲ့အတူတူ တကယ်လည်း ရောက်မလာခဲ့ပါဘူး။ ကျောင်းချိန်သာ ကုန်သွားခဲ့တယ်။ ခုနစ်ရက်တိတိ။ သူ သူမကို အဆက်အသွယ်မလုပ်ဘဲ မျက်ခြည်ပြတ်ထားခဲ့သည်။

ရှစ်ရက်မြောက်တဲ့နေ့မှာလည်း သူ လာမှာမဟုတ်ဘူးဆိုတဲ့ အတွေးနဲ့ စိတ်တွေပြေလျော့စွာ ကျောင်းခန်းထဲမှာရှိနေခဲ့သည်။ ထိုအချိန်က အတန်းထဲမှာသင်တဲ့ဆရာ ရှိမနေခဲ့သဖြင့် သူ့ကို သတိရနေမိရင်း အတွေးတို့ ပျံ့လွင့်နေခိုက်မှာ သူမရှေ့တည့်တည့်သို့ သူက ဘွားခနဲ ပေါ်လာခဲ့သည်။

သူ့ပုံစံက နှစ်လိုစရာမရှိ၊ အရင်လို လွတ်လပ်ပေါ့ပါးစွာနေတတ်သော ပုံစံမျိုးလည်းမဟုတ်ဘဲ သပ်သပ်ရပ်ရပ်နှင့်





လူကြီးလူကောင်းဆန်သော ပုံစံမျိုးလည်း မဟုတ်ဘဲ ခုနစ်ရက်အတွင်းမှာ အပေအတေနေခဲ့ပုံမျိုးဖြစ်သည်။ ဆံပင်က အနည်းငယ်ပွယောင်းယောင်းဖြစ်နေကာ နှုတ်ခမ်းမွှေးရေးရေးလေးတွေ ထွက်စပြုနေခဲ့ပြီ။

"လွှာ"

"ဘာလွှာလဲ။ ဒီကို ဘာလာလုပ်တာလဲ"

သူမတို့နှစ်ယောက်က တွေ့ပြန်ရင်လည်း မတည့်တာကများသည်။

"ကိုယ့်ချစ်သူဆီ ကိုယ်လာတာပဲ၊ ဘာလာလုပ်ရမှာလဲ၊ လွှာကွာ ... မင်း တကယ်နေနိုင်ထာယ်၊ ဖုန်းလေးတစ်ချက်တောင် ဆက်ဖော်မရဘူး"

"ကျွန်မက ရည်းစားထားတာ ပျော်ရွှင်မှုရမလားလို့ထားတာ၊ စိတ်ကျေနပ်မှုများ ရမလားလို့။ ကလေးထိန်းဖို့မဟုတ်ဘူး။ ဘယ်သူ့ကိုမှ မချော့တတ်ခဲ့လို့ မူကြိုဆရာမတောင် မလုပ်ခဲ့ဘူး"

သူမ အဖြေကြောင့် သူငယ်ချင်းတွေက မသိမသာ ပြုံးစိစိ ဖြစ်သွားကြသည်။ သူ့မျက်နှာကလည်း သူမပြောတာကို စိတ်မဆိုးသည့်ဟန် ခပ်ပြုံးပြုံး ဖြစ်သွားသည်။ စိတ်မဆိုးချင်တော့လည်း သူပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မှာ ကားပါတယ် လွှာ၊ မြို့ပြင်ဘက် သွားရအောင်"

"ကျွန်မ မလိုက်နိုင်ဘူး ဆိုရင်ရော"

"လိုက်ခဲ့ပေးပါကွာ၊ လေကောင်းလေသန့် သွားရှူရအောင်"

"ကျွန်မက ကျန်းမာရေးကောင်းတယ်၊ ရှူနာရှိုက်ကုန်း မဟုတ်ဘူး"

သူငယ်ချင်းတွေဆီမှ တခွီခွီ ရယ်သံတွေ ထွက်လာခဲ့သည်။

"လွှာ ... ခေါ်တာမလိုက်ဘူးလား၊ ကိုယ် မင်းကိုပွေ့ခေါ်သွားရမှာလား"

"လိုက်သွားလိုက်စမ်းပါ မိသဝဏ်ရယ်၊ မလိုက်ဘဲနေမှာလည်း မဟုတ်ဘဲနဲ့၊ အလကား ရစ်နေတယ်"

နောက်ဆုံးတော့ သူ့ကိုချစ်တဲ့စိတ် တစ်ခုတည်းနဲ့ သူ့နောက်ကို လိုက်ခဲ့မိပြန်ပြီပေါ့။ မတွေ့ရတာ တစ်ပတ်ကြာသွားတဲ့အတွက် သူမတို့နှစ်ယောက်ရဲ့အချစ်တွေက သန့်ရှင်းလတ်ဆတ်နေခဲ့သည်။

○❖○





သူမ ကျောင်းပိတ်ရက်ဖြစ်သည့်အတွက် နှစ်ယောက်သား ဖုန်းဆက်ချိန်းကာ ရုပ်ရှင်သွားကြည့်ဖို့ စိတ်ကူးဖြင့် သူမဆီသို့ သူ ဖုန်းခေါ်လိုက်သည်။ ဖုန်းလာကိုင်သူမှာ သူမမဟုတ်ဘဲ အမျိုးသမီးကြီးတစ်ယောက် ဖြစ်သည်။

"လွှာ မရှိဘူးကွယ့်၊ သူ့ကိုလေးနဲ့ အပြင်ထွက်သွားတယ်"

"ဗျာ ... ဘယ်လို့ပြောသွားလဲ အန်တီ"

"မပြောတတ်ဘူး သားရယ်၊ ကောင်မလေးက ပျာပျာ ပျာပျာနဲ့ ထွက်သွားတာ၊ ဖုန်းတောင် ကျန်ခဲ့တယ်။ သား အရေးကြီးကိစ္စရှိလို့လား၊ အန်တီ့ကို မှာရင်မှာခဲ့လေ။ ဒါမှမဟုတ်ရင် မောင်လေးနက်ရဲ့ဖုန်းကို ဆက်ကြည့်လိုက်မလား။ သမီးကတော့ မောင်လေးနက်နဲ့ အတူရှိနေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးနက် ... မောင်လေးနက်တဲ့။ ဘယ်လိုကြီးတုန်း ခေါ်တာက။

သူ့စိတ်ထဲ မတင်မကျ ဖြစ်သွားရသည်။

"အန်တီက လွှာ့မေမေလားဟင်"

"ဟုတ်တယ် သား။ လွှာသဝဏ်ရဲ့ အမေပါ"

"ကိုလေးနက် ဆိုတာ"

"ဩော် ... အဲဒါ လွှာ ပြောပြောနေတဲ့ သူ့ကိုလေး ဆိုတာပေါ့၊ လွှာ မပြောဘူးလား၊ သူ့ကိုလေး အကြောင်းတွေကို"

"ပြော ... ပြောတော့ ပြောဖူးပါတယ်"

"အေး ... သမီးက သူ့ကိုလေးအကြောင်းကို တွေ့တဲ့လူတိုင်းကို ပြောလိုက်ရမှ။ ဒီမနက်လည်း ရုပ်ရှင်ကြည့်ချင်တယ်ဆိုပြီး ဂျီတိုက်တာနဲ့ သူ့ကိုလေးမှာ မနေရပါဘူး။ အလုပ်တောင်ပိတ်ပြီး သူ့လိုက်ပို့ရတယ်"

"ဟုတ်ကဲ့၊ ဒါဖြင့်ရင် ကျွန်တော် ကိုလေးနက်ရဲ့ဖုန်းကို တစ်ချက်လောက် လိုချင်ပါတယ်"

"အေး ... အေး၊ သား အဲဒီဘက်ကမှတ်လိုက်၊ အန်တီ ပြောပြမယ်"





တစ်ဖက်က သူမအမေပြောပြသော ဖုန်းနံပါတ်တစ်ခုကို သူ စိတ်ထဲ စနောင့်စနင်း ဖြစ်စွာနှင့် ရေးမှတ်လိုက်သည်။ ကျေးဇူးတင်စကားပြောပြီး သူ ဖုန်းပြန်ချလိုက်တော့ သူ့ဦးနှောက်ထဲမှာ ဇဝေဇဝါ အတွေးများက တစ်သီတစ်တန်း ဝင်ရောက်လာခဲ့သည်။

သူမအမေက သူမပြောပြောနေတဲ့ ကိုလေးဆိုသူကို "သား"ဟု မခေါ်ဘဲ ဘာကြောင့် မောင်လေးနက်ဟု ခေါ်ရသလဲ။ ကိုလေးနက် ဆိုသူက သူမအစ်ကိုအရင်း မဟုတ်ရင် ဝမ်းကွဲပဲထားဦး။ သူမမေမေက သွေးသားတော်စပ်သူ တစ်ယောက်ကို မောင်လေးနက်ဟု ခေါ်စရာအကြောင်း မရှိပါ။ လေးနက်လို့ပဲ ရဲရဲခေါ်ရမှာပေါ့။

ပြီးတော့ စကားပြောရင် သူ့ကိုလေး သူ့ကိုလေးဟု သုံးစွဲခဲ့တာ။ ဘာတွေလဲ ... သူ တကယ်ကို နားမလည်နိုင်တော့ဘူး။ လက်ထဲမှာ ဖုန်းနံပါတ်တစ်ခုကိုကိုင်ပြီး ဆက်ဖို့သင့်မသင့် ချိန်ဆနေမိ၏။

မထူးဘူး၊ ဆက်ကြည့်လိုက်တာ ကောင်းတယ်။ သူ ထိုဖုန်းနံပါတ်တွေကို နှိပ်လိုက်သည်။ တစ်ဖက်က ဟယ်လိုဟု ထူးသံမှာ ဖုန်းပိုင်ရှင် ယောကျ်ားမဟုတ်ဘဲ မိန်းကလေးသံ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသံမှာ သူ့နှလုံးသားကို ဆူပွက်စေနိုင်သော သူမရဲ့အသံ ဖြစ်နေခဲ့သည်။

"လွှာသဝဏ်"

"ဟင် ... ရှင် ... ရှင် လက်ာ ... လက်ာမဟုတ်လား"

"ဟုတ်တယ် အလက်ာလေ၊ ဘယ်လိုဖြစ်လို့ အသံက ဘီလူးသရဲကို တွေ့သလို လန့်သွားရတာလဲ"

"ကိုလေးဖုန်းကို ရှင် ဘယ်လိုသိလဲ"

"မင်းအမေ ပြောလိုက်တာ။ အခု မင်း ဘယ်မှာလဲ"

"ယုဇနပလာဇာက J'Donuts ဆိုင်မှာ၊ ကိုလေးနဲ့ မုန့်စားနေတာ"

"အခု မင်းကိုလေးက ဘယ်ရောက်သွားလို့ မင်းက သူ့ဖုန်းကို ကိုင်တာလဲ"

"ကိုလေးက တွိုင်းလက် သွားနေတယ်၊ ကိစ္စရှိလို့လား လက်ာ"

"မင်းတို့ နှစ်ယောက်ကရော ဘာအစီအစဉ်တွေ ရှိသေးလဲ"

"ကိုလေးနဲ့ ရုပ်ရှင်ကြည့်ဖို့ ရှိတယ်၊ ပြီးတော့ တိုက်ကားသွားမောင်းမလို့၊ သရဲအိမ်ထဲ ဝင်မလို့"





"အဲဒီကိစ္စတွေက ငါနဲ့လုပ်လို့ မရဘူးလား လွှာသဝဏ်၊ မင်းကိုလေး ပင်ပန်းနေမှာပေါ့၊ မင်းကိုလေးကို ပြန်ခိုင်းလိုက်၊ ငါ မင်းဆီလာခဲ့မယ်"

"ဟင် ... ကိုလေးကို ပြန်ခိုင်းရမှာ အားနာစရာကောင်းတယ်၊ ကိုလေးက ကျွန်မအတွက်နဲ့ အလုပ်ကိုတောင်ဖျက်ထားတာ"

"မင်းရဲ့သွေးရင်းသားရင်း အစ်ကိုတစ်ယောက်ဆို ဘာမှအားနာစရာအကြောင်း မရှိဘူး လွှာသဝဏ်"

သူ့အသံက တင်းလည်း တင်းနေသည်။ ထန်လည်း ထန်နေသည်။

နောက်ဆုံးမှာတော့ သူမနဲ့ ကိုလေး ဆိုသူ ဘယ်လိုပတ်သက်မှုရှိလဲ သိရအောင် အစ်ကြည့်လိုက်သည်။ သူက သူမနဲ့ စကားပြောတော့ တမင်တကာပင် မင်းကိုလေး မင်းကိုလေးဟု စောင်းချိတ်ခေါ်လျက်ရှိကာ သူမကိုလည်း ဒေါသအရှိန်ဖြင့် "မင်းနဲ့ ငါ"ဟု ရင့်ရင့်သီးသီး သုံးနှုန်းပစ်လိုက်တော့သည်။

သူ့ဖြစ်ပျက်နေသမျှတွေကို သူမ ရိပ်မိသွားသည်ထင်။ သူ မစစ်ရဘဲနှင့်ကို ပေါ်တော့သည်။



www.burmeseclassic.com

"အလက်ဖ် ... ရှင့်စကားတွေက အစွန်းထွက်လှချည်လား။ ကျွန်မ ကိုလေးနဲ့ သွေးသားမတော်စပ်ပေမယ့်လည်း အားနာမှုဆိုတာ ထားရတယ်ရှင့်။ ကိုလေးက ကျွန်မအလိုဆန္ဒတွေကို အမြဲဖြည့်ပေးနေကြ၊ အလိုရှိတဲ့အချိန်တော့ သူ့အလုပ်အပျက်ခံရလောက်တဲ့ အထိတောင် ပူဆာခဲ့ပြီးမှ အလိုမရှိမှ get out လို့ မပြောချင်ဘူး။ ပြောလည်း မပြောရက်ဘူး"

"တကယ် ... တကယ်ပဲ မင်းကိုလေး ဆိုတဲ့သူဟာ မင်းအစ်ကိုတစ်ယောက် မဟုတ်ဘူးလား။ ဝမ်းကွဲတောင်မဟုတ်ဘူးလား"

"ရှင်နားမလည်ဘူးလား၊ သွေးသားမတော်စပ်ပါဘူး ဆိုနေတာ၊ ဝမ်းကွဲတောင် မတော်လို့ပေါ့"

သူမ၏ပြန်ဖြေသံက အထစ်အငေါ့မရှိ ပြတ်သားလိုက်တဲ့အချိန်မှာ သူ ရင်ထဲဆွဲဆုတ်ခံလိုက်ရသလို အေးခနဲဖြစ်သွားသည်။

"ဘုရားရေ ... မင်း ငါမဟုတ်တဲ့ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ ရပ်ရှင်သွားကြည့်မယ် ဟုတ်လား။ ပြီးတော့





တိုက်ကားလည်း မောင်းမယ်၊ သရဲအိမ်လည်းဝင်မယ်၊ ဒါဆိုရင် မင်းတို့နှစ်ယောက် ရှေ့ဆက် ဘာတွေဖြစ်လာကြမှာလဲ"

"ဘာမှမဖြစ်ဘူး၊ ဒီကိစ္စတွေဟာ ကျွန်မအတွက် အပေါ်ယံလောက်လေးပဲ ရှိသေးတယ်။ ဒီ့ထက် နက်နဲလှတဲ့ ကိုလေးနဲ့ ကျွန်မရဲ့ ပတ်သက်မှုတွေကို ပြောပြလိုက်ရင် ရှင်သွက်ချာပါဒရိုက်ပြီး ရူးတောင် ရူးသွားလိမ့်ဦးမယ်"

"မင်း ... မင်းဟာ မာယာသိပ်များပါလား။ မင်းဆီမှာ လှည့်စားမှုတွေ လျှို့ဝှက်မှုတွေ ရှိနေတာ ငါ့ကိုဘာ့ကြောင့် စောစောက မပြောခဲ့လဲ"

"ကျွန်မ ရှင့်ကို ဘာမှမလှည့်စားဘူး။ အဲဒါက ရှင့်ဘာသာရှင် ကောက်ချက်ချတာ၊ ရှင့်ဘာသာရှင် ထင်မြင်နေတာလေ၊ ကျွန်မ ဘာမှမပြောလိုဘူး၊ ဖြေလည်း မဖြေရှင်းဘူး။ ရှင် ကြိုက်သလိုထင်နိုင်တယ်၊ အေး ... ကျွန်မတစ်ခုတော့ ပြောမယ် အလက်ဖ်၊ ကျွန်မနဲ့ ကိုလေးရဲ့ပတ်သက်မှုဟာ ဘယ်တော့မှ လျှို့ဝှက်စရာ အကြောင်းမရှိဘူး သိလား။ ဘယ်အချိန်မဆို ပွင့်ပွင့်လင်းလင်း ဖွင့်ဟရဲတယ်။ ရှင်နား

www.burmeseclassic.com



လည်အောင် အရှင်းဆုံး တစ်ခုပြောလိုက်မယ်။ ကိုလေးဟာ ကျွန်မရဲ့ ideal ယောကျ်ားတစ်ယောက်ပဲ"

ရဲရင့်တောက်ပသော သူမစကားတို့အတွက် သူ မျက်စိစုံမှိတ်ပစ်လိုက်သည်။

ရင်ထဲ ကျင်စက်နဲ့အတို့ခံလိုက်ရသလို တုန်တက်သွားမိသည်။

"လှာသဝဏ် ... မင်းကို ငါတွေ့ချင်တယ်"

"တွေ့ရမှာပါ ... ဒီနေ့တော့ မဟုတ်ဘူး။ မနက်ဖြန်ကြမှ"

"မနက်ဖြန် မလိုဘူး၊ အခု တွေ့ချင်တယ်၊ မင်းနဲ့ ငါ့ စာရင်းရှင်းစရာ ရှိတယ်"

"ကျွန်မကတော့ စာရင်းရှင်းစရာ မရှိဘူးလို့ ထင်တာပဲ။ ဒီ့အတွက် မနက်ဖြန်မှပဲ ရှင်နဲ့တွေ့နိုင်မယ်။ ဒီနေ့တော့ ကိုလေး ဘေးနားမှာ တစ်နေ့လုံး နေဖို့ပဲ စိတ်ကူးထားတယ်၊ ဒါပဲ"

"ဒီမှာ လှာသဝဏ်၊ မင်း ကိုလေးနဲ့ ငါ့ကို မိတ်ဆက်ပေးရဲလား"





"မိတ်မဆက်ပေးရဲစရာ အကြောင်းမရှိဘူး၊ ကိုလေးက ကျွန်မအကြောင်းတွေ အကုန်သိပြီးသား"

"ဒါဖြင့်ရင် ငါနဲ့ အခုချက်ချင်း မိတ်ဆက်ပေးစမ်းပါ၊ ငါ မင်းကိုလေးနဲ့ တွေ့ချင်တယ်၊ မကြာခင် ငါ့အပေါ်သစ္စာဖောက်သွားနိုင်မယ့် မိန်းမတစ်ယောက်နဲ့ ငါ့ဘဝထဲက ငါချစ်တဲ့ မိန်းမတစ်ယောက်ကို ဆွဲထုတ်သွားမယ့် ယောကျ်ားတစ်ယောက်ကို ယှဉ်တွဲမြင်ချင်လွန်းလို့ပါ"

"ရှင့်စကားတွေက သိပ်ကိုလွန်လာပြီ ထင်တယ်နော် အလက်၊ ကျွန်မကို ဘာ့ကြောင့် ဒီလောက်ထိ စွပ်စွဲဖို့ ကြံစည်နေတာလဲ"

"မင်း မိတ်ဆက်မပေးရဲဘူး မှုလား။ ဘယ်မိတ်ဆက်ပေးရဲမလဲ။ ငါ့ကွယ်ရာမှာ နောက်တစ်ယောက်နဲ့ ဖြစ်နေခဲ့တာကို"

"ကောင်းပြီလေ ... ရှင်က ဒီလောက်တောင် မိတ်ဆက်ပေးစေချင်မှတော့ ကျွန်မ အကောင်အထည်ဖော်ပေးရမှာပေါ့။ ရှင်သာ ခံနိုင်ရည်ရှိအောင် ကြိုးစားပေါ့လေ ...

ရှင့်အရင် ကျွန်မ ရည်းစားနှစ်ယောက်နဲ့ ပြတ်ခဲ့တာလည်း အခုလိုကိစ္စမျိုးကြောင့်ပဲ။ ဒါပေမဲ့ ကျွန်မဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိုလေးနဲ့ ပတ်သက်လာရင် ဘယ်သူ့ကိုမှ ဦးစားမပေး
တတ် တာကို သိပြီးမှ လာသင့် မလာသင့် ဆုံးဖြတ်ပေါ့
ကျွန်မ ဆယ့်တစ်နာရီထိ စောင့်နေမယ်”

သူ့ကို ပြောခွင့်မပေးတော့ဘဲ ပြောချင်ရာပြောပြီး ဖုန်းကို ဦးအောင်ချသွားသော သူမကို တော်တော်လေး စိတ်တို တောင်းသွားမိသည်။ သူ့အရင် ရည်းစားနှစ်ယောက် ရှိခဲ့ဖူးသည် တဲ့။ ဒါတွေကို အစက သူ ဘာလို့မသိခဲ့သလဲ။ သူမကရော ဖွင့် မပြောဘဲ ဘာအကြောင်းကိစ္စနဲ့ ဖုံးကွယ်ခဲ့သလဲ။ ဒါဟာ သူမ ဘက်က မရိုးသားခဲ့လို့ပေါ့။

သူမဟာ ကိုလေးနဲ့ ပတ်သက်လာရင် ဘယ်သူ့ကို မှ ဦးစားမပေးတတ်ဘူးတဲ့။ ဒါဖြင့် အခု သူသွားရင်ရော။ သူမ ဘယ်လိုပုံစံမျိုးနဲ့ မိတ်ဆက်ပေးမလဲ ဆိုတာကိုလည်း သိချင်မိ သေးကာ ကိုလေး ဆိုတာကိုလည်း မြင်ဖူးထားချင်မိသေး၏။ သူ သွားတဲ့အခါ သူဟာ သူမရဲ့တရားဝင်ချစ်သူတစ်ယောက်အနေနဲ့ သွားမှာဆိုတော့ ဟိုလူ့ရှေ့မှာ သိမ်ငယ်စရာတော့ မရှိပေ။ ကောက်ကာငင်ကာ စိတ်ကူးနှင့် အဝတ်အစားပင် မလဲတော့ဘဲ သူမတို့ရှိရာဆီသို့ ကားကို ဒရမန်းကြမ်းမောင်းရင်း ရောက်ရှိလာ ခဲ့သည်။





သူ ဆိုင်ထဲသို့ ဝင်သွားလိုက်စဉ်မှာပင် သူမဘေး နားမှာ ထိုင်နေသော၊ သူ အားတိုက်သာမြင်နေရသည့် ယောကျ်ား တစ်ယောက်က သူမပါးစောင်နားကို တစ်ရှူးစဖြင့် တယုတယ သုတ်ပေးနေဟန်ကို တွေ့လိုက်ရသည်။

သူ ဝင်လာတာကို သူမက မြင်သွားရကာ မော့ကြည့် လာခဲ့ပြီး ရှိုးတိုးရှန့်တန့်ဟန် လုံးဝဖြစ်မသွားတဲ့အပြင် ထိုယောကျ်ား ကိုပင် ခပ်တိုးတိုး ဘာလှမ်းပြောလိုက်လဲ မသိချေ။ ထိုသူက သူ့ ကိုလှည့်ကြည့်လာသည်။ အဝေးက ကြည့်တာတောင် တော်တော် ခန့်နားတဲ့သူပါပဲ။

သူ သူမတို့ဝိုင်းမှာ ခပ်တည်တည် ဝင်ထိုင်လိုက် သည်။

“လှာ ပြောပြထားလို့ ကိုယ် သိပြီးပါပြီ ညီ။ ကဲ ... စား လေ တစ်ခုခုစား”

ထိုသူ့ကို သူမက ကြိုပြောထားခဲ့သည်တဲ့ ... ဘယ် လို ကြိုပြောထားမလဲ။ သူဟာ သူမချစ်သူတစ်ယောက်အနေနဲ့ မဟုတ်ဘဲ မိတ်ဆွေလိုလို သူငယ်ချင်းလိုလို ပုံစံမျိုးနဲ့ပဲ ကြိုပြော ထားမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ရိုးသားရိုးမှန်ရင် သူလာမှ မိတ်ဆက်ပေး လေ။ သူမဘက်က ခြေလှမ်းတွေက ဟုတ်တော့ မဟုတ်တော့ဘူး။

"ကျုပ် လွှာသဝဏ် ချစ်သူပါ"

"ဟုတ်ပါတယ်၊ လွှာကလည်း အဲဒီလိုပဲ ပြောတယ်။ လမ်းတွေ့ရင်တော့ ရယ်ပြဖို့အတွက် မိတ်ဆွေတစ်ယောက် တိုးတာပေါ့နော်"

"လက်ာ … ဒါ ရှင်တွေ့ချင်တဲ့ ကျွန်မရဲ့ ကိုလေးလေ။ ကျွန်မက ကိုလေး မျက်စိအောက်မှာ လက်ထဲမှာပဲ ကြီး လာခဲ့ရတာ။ ကိုလေးက entrepreneur (စီးပွားရေးလုပ်ငန်း ရှင်)တစ်ယောက်လေ။ ကျွန်မနဲ့ဆိုရင်တော့ လွတ်လွတ် လပ်လပ်ပဲ ပေါင်းသင်းတာပဲ။ အရမ်းလည်း နွေးထွေးကြ တယ် …

ဘယ်လိုပြောရမလဲ၊ identical mind ပေါ့နော်။ ချစ်တော့လည်း Considerable love ပဲ။ ကိုလေးနဲ့ ကျွန်မ က forgiven (ခွင့်လွှတ်ခြင်း)ဆိုတာ မရှိလောက်အောင် ကို ကျွန်မတို့နှစ်ယောက်ကြားမှာ Confidence က အပြည့် အဝ ရှိပြီးသားပဲ။ Nothing to get …





ကိုလေးက နာမည်နဲ့ လိုက်အောင်လည်း Solemn (တည်ကြည်သော)ဖြစ်တယ်။ လေးနက်တည်ကြည်တဲ့ … နာမည်က"

ဒါကြောင့် သူမက ပြောတာကိုး။ မိတ်ဆက်ပေး မယ် ခံနိုင်ရည်ရှိအောင် ကြိုးစားပေါ့လို့။ ခံနိုင်ရည်ရှိစရာ တစ် ကွက်မှ မပါဘူး။ သူမ မိတ်ဆက်ပေးတဲ့ စကားလုံးတစ်လုံးစီ တိုင်းဟာ သူ့နှလုံးသားကို ဓားသွားချွန်ချွန်နဲ့ ထိုးစိုက်လိုက်သလို ပါပဲ။ ဓားနဲ့ထိုးစိုက်လိုက်တာကမှ သူ့အတွက် သက်သာစေလိမ့် မယ်။

"ခင်ဗျားကို လွှာသဝဏ် ပေးတဲ့ ဂုဏ်ထူးရာထူးတွေက များလှချည်လားဗျာ၊ ကျုပ်တောင် ဒီလိုရာထူးမျိုး မရခဲ့ဖူး ဘူး"

သူက ခပ်ရွဲ့ရွဲ့ ပြောလိုက်ရင်း ကိုလေးနက်ကို စူးရဲစွာ တန်းခနဲ စိုက်ကြည့်ပစ်လိုက်သည်။ သူ့အကြည့်တွေထဲ မှာ မနှစ်မြို့မှုတွေ သံသယတွေ များစွာပါဝင်ကောင်း ပါဝင်နေ လိမ့်မည်။ ပြီးတော့ အမုန်းများ၊ မကျေနပ်ခြင်းများ၊ စက်ဆုပ် ခြင်းများစွာတို့လည်း ပါဝင်နေပေလိမ့်မည်။ သူ့အကြည့်တွေကို ထိုသူက သဘောပေါက်သွားပုံရကာ …



www.burmeseclassic.com

www.burmeseclassic.com



"လွှာလေး ကိုလေး ပြန်တော့မယ်၊ လာကြိုပေးရမလား၊ ဖုန်းယူထားမလား"

"လွှာနဲ့အတူ ပြန်မယ်လေ၊ ကိုလေးက ဘာအလုပ်မှမရှိဘူးမို့လား၊ ပြီးတော့ လွှာတို့ ..."

"ရှူး ... တိတ်တော့၊ လက်နဲ့ စကားပြောနေခဲ့လေ။ သွားစရာရှိတာတွေ လက်နဲ့သွားရင် သွားလိုက်ပေါ့။ ပျက်ကွက်သွားတာတော့ စိတ်မကောင်းပါဘူးကွာ။ ဖုန်းယူထားလိုက်၊ လာကြို့ရမယ်ဆို ဖုန်းဆက်ပြော၊ ကဲ ... သွားမယ်၊ ငါညီ သွားမယ်နော်"

ကိုလေးနက်က သူ့ရှေ့မှာတောင် ဆင်ခြင်မှုမဲ့စွာ သူမခေါင်းကို ချော့မြှူပွတ်သပ်လျက် ပြောဆိုနေပြီးမှ သူ့ဘက်လှည့်ကာ ပြန်ဖို့နှုတ်ဆက်လာသည်။ လုံးဝစိတ်ဝင်စားခြင်းမရှိဟန်ဖြင့် ခေါင်းကိုညိတ်သည်ဆိုရုံလေးသာ စိတ်မပါတပါ ညိတ်ပြလိုက်သည်။

သူတို့ဘေးနားမှ ကိုလေးနက် ထွက်သွားပြီး ငါးမိနစ်လောက် ကြာသည့်အထိ သူမကို စကားပြောချင်စိတ်တွေ ကုန်ခန်းနေသဖြင့် နှုတ်ဆိတ်နေမိသည်။ ဘာတစ်ခွန်းမှကို မပြောဖြစ်ချေ။





နားထဲမှာ မိတ်ဆက်ပေးစဉ်က သူမ ပြောခဲ့တဲ့ အကြောင်းအရာတွေကို ပြန်ကြားမိပြီး တင်းကျပ်ဆို့နစ်လို့လာကာ အာခေါင်တွေ ကွဲအက်တော့မတတ် ခြောက်သွေ့လာခဲ့သည်။ နောက်ဆုံး ဘယ်လိုမှ သည်းမခံနိုင်သည့်အဆုံးမှာ စားပွဲဝိုင်းကနေ သူ ကောက်ခနဲ ထထွက်လာခဲ့တော့သည်။ သူမကို တစ်ချက်က လေးတောင် လှည့်မကြည့်မိချေ။

မင်းကို ငါ မုန်းချင်တယ်။ နာကြည်းချင်တယ် လွှာသဝဏ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

အိမ်ကိုပြန်လာတဲ့ သုံ့မခြေလှမ်းတွေ အားအင်ဆုတ်ယုတ်ပြီး ချည့်နဲ့နေခဲ့တာကို သက်ဆိုင်သူက မသိပေမယ့် မသက်ဆိုင်သူ ကိုလေးကတော့ သူမကို အရိပ်လို အမြဲကြည့်နေသူတစ်ယောက်ပီပီ အားပေးနှစ်သိမ့်လာခဲ့သည်။ ပြီးတော့ ပြစ်တင်ပြောဆိုခဲ့သေးသည်။

"လှာ မှားတယ်၊ သိပ်မှားတယ်။ မလိုအပ်ဘဲ မာနတွေ မထားပါနဲ့လား လှာ၊ ကိုယ့်ဘက်က ရှင်းပြစရာရှိတာကို ရှင်းပြမှပေါ့၊ သူကစွပ်စွဲ ကိုယ်ကစွဲ့တော့ ကြာရင် တင်းပြီးပြတ်ထွက်ကုန်လိမ့်မယ်။ ပြီးတော့ လှာ သူ့ကို ကိုလေးနဲ့ မိတ်ဆက်ပေးတာ နည်းနည်းကြမ်းတယ်နော်၊ ခုလောက်ဆို သူ ပေါက်ကွဲနေလောက်ပြီ"





"လှာ မမှားဘူး ကိုလေး၊ ကိုယ့်ချစ်သူတစ်ယောက်အပေါ် နားလည်ဖို့ မကြိုးစားတဲ့ ယောကျ်ားတစ်ယောက်အတွက် လှာ့မှာ ဒီလောက်တော့ လုပ်ပိုင်ခွင့် ရှိပါတယ်၊ ပြီးတော့ သူနဲ့ကိုလေးကို မိတ်ဆက်ပေးခဲ့တာလည်း လိမ်ညာခဲ့တာတွေမှ မဟုတ်ဘဲ။ လှာ အမှန်အတိုင်း ပြောခဲ့တာ၊ ကိုလေးဟာ လှာ့ရဲ့ ideal ယောကျ်ားတစ်ယောက် ဖြစ်တဲ့အတွက် ကိုလေးအကြောင်းကို ဘယ်သူ့ကိုမဆို ဒီလိုပဲပြောမှာပဲ၊ သူ့မှရယ် မဟုတ်ဘူး"

"မဟုတ်သေးဘူး လှာ၊ ကိုလေး ဖြစ်စေချင်တာက ကိုလေးတို့နှစ်ယောက်ရဲ့ အချစ်ဟာ Considerable love (လိုတာထက် ပိုသည့်အချစ်)ဆိုပြီး မိတ်ဆက်ပြီးတဲ့နောက်မှာ အဲဒီအချစ်ဟာ Virginal (သန့်ရှင်းဖြူစင်သော)ဖြစ်တယ်လို့ ဘာလို့ ဆက်မပြောတာလဲ။ အဲဒီလို ထိန်ချန်ထားလိုက်တော့ လှာ မိတ်ဆက်ပေးတာက အပြင်းထန်ဆုံး ဖြစ်သွားခဲ့တာ။ ကိုယ့်ချစ်သူတစ်ယောက် ဘယ်ခံနိုင်ရည်ရှိမလဲ"

"ဟင့်အင်း ... သူ ဘာဖြစ်သွားမယ်ဆိုတာ လှာ စိတ်မဝင်စားဘူး။ ကိုလေးကို လှာ ပြောထားမယ်နော်၊ လှာနဲ့ကိုလေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ပတ်သက်မှုကို သွားပြီး သူ့ကို ဖြေရှင်းပြစရာ အကြောင်း မရှိဘူး ...

လွှာ လိုချင်တဲ့ ချစ်သူတစ်ယောက်ရဲ့ပုံစံက ကိုယ့်ချစ်သူအပေါ် အမြဲတမ်း နားလည်နေရမယ်၊ ယုံကြည်နေရမယ်၊ သံသယအစွန်းအထင်း ဘာမှမထားရဘူး။ လွှာဘက်က ဖြေရှင်းချက်ပေးဖို့ မလိုအောင် သူက ယုံကြည်ပေးနေရမယ် ...

ကိုယ်ရှင်းပြလိုက်မှ လက်ခံပေးလာမယ့် ယုံကြည်မှုမျိုးကို လွှာ အလိုမရှိဘူး ...

ကိုယ့်ဘက်က ဖြောင့်ချက်ပေးနေသရွေ့ သူ့ဘက်က သံသယဆိုတာ ရှိနေမှာပဲ၊ ယုံကြည်မှုဆိုတာ ကင်းမဲ့နေမှာပဲ။ လွှာသဝဏ်ဆိုတာ ဘယ်တော့မှ ဖြေရှင်းတတ်တဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး။ ပြီးတော့ အဲဒါ လွှာသဝဏ့် အလုပ်လည်း မဟုတ်ဘူး"

သူမ အပြင်းထန်ဆုံး စိတ်ဓာတ်တို့ကို ဖွင့်ချလိုက်သည့်အတွက် ကိုလေးက အံ့သြမှင်သက်စွာပင် သူမကို အကြာကြီး ငေးစိုက်ကြည့်နေခဲ့သည်။ ပြီးမှ ...

"ညီမလေးက ခေါင်းမာလိုက်တာကွာ"





ဟု မချိတင်ကဲ ရွတ်ဆိုရင်း သူမဘေးနား ဝင်ထိုင်လာခဲ့သည်။ အလကာ်း ... အလကာ်း သူမအပေါ် နားလည်ပေးဖို့ မကြိုးစားဘဲ ကိုလေးနဲ့ စွပ်စွဲလေသည်။ သူသိတာထက်မက သူမြင်တွေ့ရတာထက်ကို မကတဲ့ ကိုလေးနဲ့ သူမ လူကြီးတွေခရီးသွားနေစဉ်မှာ တစ်အိမ်တည်း အတူအိပ်ခဲ့ရတာ၊ သူမကို ကိုလေး ယူခုအချိန်ထိ ကလေးတစ်ယောက်လို နမ်းတတ်ခဲ့တာ၊ ညသန်းခေါင်ကျော်တဲ့အထိ ဒန်းပေါ်ထိုင်ပြီး သူမနဲ့ ကိုလေး ဆောင်းအလှကို ကြည့်တတ်ခဲ့တာတွေများ သူသိရင်ဖြင့် သူမကို ဘယ်ထိအောင် စွပ်စွဲပြောဆိုပါလိမ့်မည် မသိပါ။

သည်အကြောင်းအရာတွေကို သူမ ဖုံးကွယ်ထားဖို့ ဆန္ဒမရှိချေ။ သူမကို ဒီ့ထက်မက စွပ်စွဲပြောဆိုလာသည့်အခါ စိတ်အခန့်မသင့်သည့် အခါမျိုးမှာ ဖွင့်ဟပေါက်ကွဲမိလိမ့်မည်။

"ဘယ်လောက် ဆိုးလိုက်သလဲ၊ ကိုလေးလည်း ပြန်သွားရော သူ လွှာ့ကို စကားမပြောဘဲ အကြာကြီး ငြိမ်နေသေးတယ်။ တော်တော်လေးကြာမှ ဘာမှမပြော ညာမပြောနဲ့ ကောက်ခနဲ ထသွားတာ။ သူ ဘယ်ထသွားမှန်း ဘယ်လာမှန်း မသိတော့ ပြန်လာဦးမလားဆိုပြီး လွှာ စောင့်နေပါသေးတယ် ...



www.burmeseclassic.com

www.burmeseclassic.com



လေးဆယ့်ငါးမိနစ်လောက်တောင် ကြာမလားပဲ။ နောက်မှ သူ မလာတဲ့အဆုံး လွှာလည်း ထပြန်လာခဲ့တာ။ ကြည့်စမ်း ... ဘယ်လောက် စိတ်တိုဖို့ကောင်းလဲ။ စိတ်ဓာတ်ကိုက မကောင်းဘူး၊ ယုတ်တာ”

“လွှာ သူ့ကို ချစ်လား”

“ချစ်တယ်လို့တောင် ဝန်မခံချင်တော့ဘူး ကိုလေးရယ်၊ သူ့ကို ချစ်ရတာ အရမ်းပင်ပန်းတာပဲ”

ကိုလေး သက်ပြင်းတစ်ခုကို ခိုးရှိုက်ရင်း သူမကို ဘာမှဆက်မပြောဘဲ တိတ်ဆိတ်လို့သွားသည်။ ထိုနေ့က တစ်နေ့လုံး သူမဆီသို့ သူ ဖုန်းလည်းမဆက်ချေ။ သူများ ဆက်လိမ့်မလားဆိုပြီး ရင်တထိတ်ထိတ်ဖြင့် ဖုန်းကို စောင့်မျှော်ခဲ့သေး၏။

တစ်နေ့ကုန်ဆုံးတဲ့အထိ သူ့ဘက်က ငြိမ်သက်ပြနေသောအခါ သူမရင်ထဲ ငိုချင်စိတ် ပြင်းပြလာခဲ့ရသည်။ သို့သော် သူမ မာနများက မျက်ရည်တို့ကို တားဆီးထားခဲ့သည်။ ဒီတစ်နေ့အပြင် နောက်တစ်နေ့ကိုလည်း သူ့ထံမှ အဆက်အသွယ်မရဘဲ မနေ့ကနှင့် အလားတူ ကုန်ဆုံးခဲ့ပြန်လေသည်။

ကျောင်းဖွင့်ရက်ကြမှ သူမ ကျောင်းသို့ထွက်လာခဲ့သည်။ သူ့ကိုချစ်သော အချစ်က သူမရင်ထဲမှာ ပထမဦးဆုံး





ပေါ်ပေါက်လာခဲ့ရသည့် အချစ်မို့ နင့်နင့်သီးသီး ခံစားမိရကာ မသယ်ချင့်သယ်ချင် ခြေလှမ်းတွေကို လှမ်းလာခိုက် ရုတ်တရက် သူမလက်ကို ဆောင့်ဆွဲခံလိုက်ရခြင်းနဲ့အတူ မည်သူမတာ ကားထဲအတင်းထိုးသွင်းခံလိုက်ရကာ ကားကို တရကြမ်း မောင်းထွက်သွားသဖြင့် လူက အရှေ့ကို ငိုက်ခနဲ ထိုးကျသွားခဲ့ရသည်။

သူ့အကြောင်း တွေးနေခိုက်မို့ လူက ပတ်ဝန်းကျင်ကို မေ့လျော့ကာ ဘာမှအာရုံဝင်စားလို့မရဘဲ ရှိနေစဉ် အဖြစ်အပျက်များက မြန်ဆန်လွန်းလှသည်။

“ဟင် ... ရှင် ... ရှင် အလကား”

“တိတ်တိတ်နေ လွှာသဝဏ်။ မင်း စကားမပြောနဲ့”

“အဲဒါ ဘယ်ကိုမောင်းနေတာလဲ”

“တိတ်တိတ်နေလို့ဆို”

သူ့အသံက စိတ်မရှည်တဲ့အသံဘက်သို့ ကူးပြောင်းသွားတော့ သူမလည်း ဘာမှမပြောတော့ဘဲ တိတ်တိတ်နေလိုက်တော့သည်။

သူ ဘာမှတော့ မလုပ်တန်လောက်ပါဘူး။ သူမစကားမပြောတော့ဘဲ ဆိတ်ငြိမ်စွာ လိုက်ပါလာခဲ့သည်။ သူက ကားကို ကရဝိတ်ထဲသို့ မောင်းဝင်လာကာ ရေစပ်နားဆီမှာ ရပ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးမာန်ဆိုးဖြင့် ဆင်းသွားလျက် သစ်ပင်အောက်မှာ စီးကရက် သွားသောက်နေသည်။ ဘယ်လိုလူမှန်း မသိပါဘူး။ အူကြောင် ကြောင်နဲ့။

သူမ ကားပေါ်ကဆင်းပြီး သူ့ဘေးနား လျှောက်သွား လိုက်သည်။

"လူကို အနုကြမ်းစီးသလို ခေါ်လာပြီး ဘာပြောမလို့တုန်း"

"ပြောမလို့ မဟုတ်ဘူး။ မင်းကို တစ်ခုခုလုပ်ချင်စိတ် ပေါက်လာလို့"

"ဘုရားရေ ..."

သူ့စကားကို မျက်လုံးပြူးကာ သူမ ဆိုမိသည်။ ကြောက်စရာကောင်းလိုက်တာ စကားကြီးက။

"ဘုရားတ,မနေနဲ့၊ မင်းကို မဟုတ်တာလုပ်မလို့ မဟုတ် ဘူး"

"ဒါဖြင့် ဘာလုပ်ဖို့ ခေါ်လာတာလဲ"

"ရေနစ်သတ်ချင်လို့"

"ရှင် ... ရှင် ကြည့်စမ်း၊ စကားပြောတာက တစ်စက်က လေးမှ ချစ်ချင်စရာမရှိဘူး"

"ဘယ်ချစ်ချင်စရာ ရှိမလဲ၊ မင်းကိုလေးမှ မဟုတ်ဘဲ"





"ယောက်ျားဖြစ်ပြီး စကားနာမထိုးစမ်းပါနဲ့လား လက်ာ။ ရှင် ဘာဖြစ်နေတာလဲ၊ ဘာဖြစ်ချင်တာလဲ"

"ငါ ဖြစ်နေတာတွေက အများကြီး၊ ငါ ဖြစ်ချင်တာတွေက အများကြီးပဲ လွှာသဝဏ်"

သူမ သူ့ဘေးနားဝင်ပြီး ဆောင့်ကြောင့်ကလေး ထိုင်ချလိုက်သည်။ သူက တစ်ချက်ငုံ့ကြည့်လာပြီး ပြန်လှည့်သွား ကာ ...

"မင်း ဟိုနေ့က ငါ့ကို မင်းကိုလေးနဲ့ မိတ်ဆက်ပေးစဉ်က ပြောခဲ့တာတွေဟာ အကုန်အမှန်တွေလား။ ငါ့ကို သက်သက် အရွဲ့တိုက်တာလား"

"ကျွန်မ လိမ်ပြောတာ မဟုတ်ဘူး။ ရှင့်ကို သက်သက် အရွဲ့တိုက်ချင်ရုံနဲ့တော့ ကိုလေးကို ခုတုံးလုပ်စရာအကြောင်း မရှိဘူး။ အဲဒါတွေဟာ အမှန်တွေပဲ။ ဒီစကားတွေဟာ ရှင့်ကိုမှမဟုတ်ဘူး။ ကျွန်မ မိတ်ဆွေ အသိတွေနဲ့ ကိုလေး ကို မိတ်ဆက်ပေးတိုင်း ပြောနေကြ စကားလုံးတွေပဲ"

"တောက် ... မင်းကို စိတ်ရှိလက်ရှိသာ ရေထဲနှစ်သတ်ပစ် ဖို့ပဲ ကောင်းတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ထိုင်နေရာမှ ဝုန်းခနဲ မတ်တတ်ထရပ်လိုက်ကာ သောက်လက်စစီးကရက်ကို အဝေးသို့ အရှိန်ပြင်းစွာလွှင့်ပစ်လိုက်ရင်း ပြောလာခဲ့သည်။ သူ့အသံက သာမန်ထက် ကျယ်လောင်သွားသည်။

သူမက သူ့ကိုတော့ ဖြေရှင်းပြချင်တဲ့စိတ် မရှိပေမယ့် သူ့စိတ် ဖြေလိုပြေစေငြား ရယ်မောလိုက်ပြီး ...

"ရှင်ကလည်း တွေ့တိုင်း တောက်ပဲ ခေါက်နေတော့မှာလား။ ရှင်တောက်တစ်ခါခေါက်တိုင်းသာ တစ်ခါလန့်နေရရင် ကြာရင် ကျွန်မ ဟာ့အတက်(ဒ်)ရလောက်တယ်"

"မင်း တစ်ခါတည်း သေလိုက်ဖို့ ကောင်းတာ သိလား။ မင်းမို့ မျက်နှာပြောင်တိုက်ပြီး ကိုယ့်ချစ်သူရှေ့မှာ တခြားယောကျ်ား တစ်ယောက်ကို identical mind လေး၊ Considerable love လေး ပြောထွက်တာ၊ ငါ တကယ်အံ့ဩလို့ မဆုံးဘူး လွှာသဝဏ် ...

ဒီကြားထဲ ideal ယောကျ်ားတစ်ယောက်လို့လည်း ဆိုလိုက်သေးတယ်။ ဘယ်လောက် အသည်းနာစရာကောင်းတဲ့မိန်းမလဲ။ မင်းစိတ်ဓာတ်က ဘယ်လိုလဲ။ ကိုယ့်ရည်းစားမဟုတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အယုအယကို ငြိမ်ခံ





နေတာ ဘာသဘောလဲ လွှာသဝဏ်။ မင်း လေးနက်တည်ကြည်ကို ကျိတ်ကြိုက်နေတာလား။ ဒါမှမဟုတ် လေးနက်တည်ကြည်ရဲ့အယုအယနဲ့ passion မှာ သာယာနေတာလား"

သူ့စွပ်စွဲချက်က သူမ မျက်နှာကို ရှေ့တည့်တည့်မှနေပြီး ဖြတ်ရိုက်လိုက်သလိုပင် ခန္ဓာကိုယ်တစ်ခုလုံးကိုပင် ယိုင်နဲ့သွားစေခဲ့သည်။ သူ့ဘက်က စွပ်စွဲလာလေလေ သူမဘက်က အရွဲ့တိုက်ဖို့ ဝန်မလေးလေ ကိုလေးနဲ့ အရင်းနှီးဆုံး ပတ်သက်မှုတွေကို ဖွင့်ချဖို့ ဝန်မလေးလေဖြစ်ကာ သူ့နည်းတူ သူမလည်း ပေါက်ကွဲမိတော့သည်။

"သေလိုက် ... ရှင် သေလိုက်တော့ အလကား၊ ကိုလေးကို ကျွန်မ ကြိုက်နေမှဖြင့် ကိုလေးနဲ့ကျွန်မ ကြိုက်နေမှဖြင့် အခုအချိန်မှာ ရှင့်ရည်းစားတစ်ယောက် ဖြစ်လာစရာအကြောင်းမရှိတော့ဘူး၊ နားလည်လား ...

လွှာသဝဏ်လည်း အပျိုစင်ဘဝ ကုန်ဆုံးပြီး လေးနက်တည်ကြည်ရဲ့ တရားဝင်ဇနီးမယားတစ်ယောက် ဖြစ်လောက်ပြီ၊ ရှင်သိအောင် ကျွန်မပြောလိုက်မယ်။ အိမ်မှာ လူကြီးတွေ တစ်ယောက်မှမရှိတဲ့ ညတွေမှာ ကျွန်မဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိုလေးနဲ့ တစ်အိမ်တည်းမှာ နှစ်ယောက်တည်း အိပ်ခဲ့ရတာ ခုချိန်ထိပဲ"

"ဘာ ... ဘာ ... ဘာ၊ ဘာပြောလိုက်တယ်၊ လေးနက်တည်ကြည်နဲ့ မင်းနဲ့အတူအိပ်ခဲ့ရတယ်၊ ဒါဆို မင်း... မင်း..."

သူ့မျက်နှာမှာ ဒေါသတွေဖြင့် နီရွှေးနေကာ သူမကို လက်ညှိုးတထိုးထိုးဖြင့် ပြောလည်းပြောချင် ပြောမထွက်နိုင်ဘဲ နင်နေသလို ဖြစ်နေပုံရသည်။ သူ့ပါးစပ်က ပြောမထွက်သေမယ့် သူ ပြောချင်တဲ့အဓိပ္ပာယ်ကို သူမ ချက်ချင်းသဘောပေါက်လိုက်သည်။

"အဲဒါဟာ ကျွန်မနဲ့ ကိုလေးအတွက် မထူးဆန်းတဲ့ကိစ္စတစ်ခုပဲ။ အဲဒါမျိုးညတွေ မရေမတွက်နိုင်အောင် ရှိခဲ့ဖူးတယ်၊ ဒါပေမဲ့ ကိုလေးဟာ လုံးဝစည်းမကျော်ခဲ့ဘူး။ အရှမ်းကို သန့်ရှင်းဖြူစင်ခဲ့တယ်၊ ဘာတစ်ခုမှ အမည်းစက်မစွန်းထင်းဘဲ အဲဒီညတွေကို ပေါ့ပေါ့ပါးပါး ကျော်ဖြတ်ခဲ့တယ်။ ဒါကြောင့် ကိုလေးဟာ ကျွန်မရဲ့ ideal ယောကျ်ားတစ်ယောက်လို့ ပြောတာ။ ဘယ်ယောကျ်ားဆီမှာမှမရှိတဲ့ ရိုးသားဖြူစင်မှုမျိုး ကိုလေး တစ်ယောက်တည်းဆီမှာပဲ ရှိတယ်"





"မင်းပြောတာက အဲဒီရိုးသားဖြူစင်မှုမျိုး ငါ့ဆီမှာတောင် မရှိဘူးလို့ ပြောချင်တာလား"

"မှန်တာပေါ့၊ ရှင့်ဆီမှာ ပိုလို့တောင် မရှိသေးတယ်"

"မင်း စော်ကားလှချည်လား၊ ငါ့ဆီမှာ ရှိ၊မရှိသိရအောင် မင်း ငါနဲ့ တစ်ညတာကို ဖြတ်ကျော်ကြည့်လိုက်လေ။ မင်းကိုလေးလို ရိုးသားဖြူစင်မှုမျိုးကို ငါ့ဆီမှာတွေ့ရလိမ့်မယ်"

"ဖားတုလို့ ခရုမခုန်ချင်စမ်းပါနဲ့ လက်ာ၊ ကျွန်မ ကိုလေးနဲ့သာ ညတွေကို ဖြတ်သန်းရဲတယ်၊ ရှင်နဲ့ဆို စိတ်ကူးထဲတောင် မထည့်ရဲဘူး၊ ကိုယ့်ချစ်သူနဲ့ တစ်အိမ်တည်းမှာ ဆိတ်ကွယ်မှုမှာ နေလိုက်ရင် ဘာတွေဖြစ်မလဲ၊ တွေးရမှာတောင် ကြောက်တယ်"

"မင်း ငါ့ကို အထင်မသေးစမ်းပါနဲ့၊ ငါက စည်းမစောင့်တဲ့ကောင်မို့လား၊ ငါ့ဆီမှာ Virginal မရှိဘူးလို့ ပြောရအောင်။ မှတ်ထား ... မင်းကိုလေးလိုမျိုး ငါနေရဲတယ်"

"နေရဲတယ်ဆိုတာ နေပြမယ် နေနိုင်အောင် ကြိုးစားမယ်လို့ ပြောတာ မဟုတ်လား။ ကိုလေးက ဘာကြိုးစားမှုမှ



www.burmeseclassic.com

www.burmeseclassic.com



မပါတဲ့ ပကတိရိုးသားဖြူစင်မှုလေး၊ ရှင်လိုက်ပြီး တုပြိုင်နေလည်း ကိုလေးကို ဘယ်လိုမှ မီမှာမဟုတ်ဘူး၊ စိတ်လျှော့လိုက်တော့"

"မင်းကိုလေးကို ထိတော့ တယ်နာတတ်ပါလား လွှာသဝဏ်၊ အရင်က သူ့ကို မင်းက ကိုလေး ကိုလေးလို့ ခေါ်လွန်းအားကြီးလို့ ငါက မင်းအစ်ကိုပဲလို့ ထင်ခဲ့မိတာ။ ထင်ရက်စရာကိုး။ အိမ်ကလည်း တစ်ခြံတည်း နှစ်လုံးဆောက်ထားတော့ ..."

သူသိသွားပြီပေါ့ သူမအိမ်ကို။ ထူးတော့မထူးဆန်းပါဘူး။ ကိုယ့်ချစ်သူ မိန်းကလေးတစ်ယောက်အိမ်ကို ဘယ်သူမဆို သိထားသင့်တာပဲ မဟုတ်လား။

"နေစမ်းပါဦး မေးစရာ ရှိသေးတယ်၊ ငါ့အရင်ရည်းစားနှစ်ယောက်နဲ့ ပြတ်ခဲ့တယ် ဆိုတာရော တကယ်ပဲလား"

"ကျွန်မ လိမ်ပြောတယ်လို့ ရှင် ထင်လို့လား။ တကယ်ပြောတာ၊ ရှင့်အရင် ရည်းစားနှစ်ယောက်ရှိခဲ့ဖူးတယ်၊ တစ်ယောက်က တေဇ၊ နောက်တစ်ယောက်က သော်ဇေထွေး"

"မင်း ဒီအကြောင်းတွေ ငါ့ကို စောစောက ဘာလို့မပြောလဲ"





"ဘယ်မိန်းကလေးက ကျွန်မရည်းစားနဲ့ ပြတ်ခဲ့ဖူးပါတယ်လို့ ကြော်ငြာမောင်းခတ်နေမလဲရှင့်။ ရှင် နည်းနည်းလောက် စဉ်းစားပြီးမှ အပြစ်ပြောဖို့ ကောင်းတယ် ဆက်ဘ"

"မင်း အဲဒီကောင်တွေကိုလည်း ချစ်ခဲ့ဖူးတယ်၊ ငါ့ကိုလည်း ချစ်နေဆဲပဲ ဆိုတော့ မင်းက နှလုံးသား တော်တော်ရက်ရောပုံရတယ်နော်"

"မခနဲ့စမ်းပါနဲ့ လက်ဘရယ်။ ကျွန်မ တစ်ခုတော့ ဝန်ခံဆေးမယ် ဟုတ်လား။ အရင် ရည်းစားထားခဲ့တယ်ဆိုတာ အပျော်သဘောနဲ့ လွတ်လပ်မှုကို ရှာခဲ့တာပဲရှိတယ်။ ဟာ့ဒ်လုံးဝမပါဘူး၊ ရှင့်ကျမှ ..."

သူမက သူ စိတ်ကသိကအောင့် ဖြစ်စေရန် စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်ထားလိုက်သည်။ သူ့မျက်လုံးတွေက အရောင်တွေ တဖိတ်ဖိတ် လက်ဖြာလာကာ သက်ဝင်လှုပ်ရှားလျက် သူမပါးစပ်များမှ ပွင့်ကျလာမယ့် စကားတွေကို မျှော်လင့်တကြီး စောင့်စားနေဟန်ရှိလှသည်။ သူမက ဆက်မပြောဘဲ ရပ်တန့်နေတော့ သူက မမျိုသိပ်နိုင်တော့သည့်အလား အားမလို အားမရ ဖြစ်လာပုံရကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောလေ ဘာဖြစ်လဲ၊ ရှင့်ကျမှ ဘာဖြစ်လဲ၊ ဘာလို့ တန်းလန်းကြီး ရပ်ထားရတာလဲ"

သူမ ခပ်ဖွဖွ တစ်ချက်ပြုံးလိုက်ကာ သက်ပြင်းတစ်ချက်ကို ချပြီးမှ ...

"ရှင့်ကျမှ တကယ့်ကို အချစ်စစ်နဲ့ ချစ်သွားခဲ့ရတာပါ။ ဘယ်သူ့ကိုမှ မချစ်ခဲ့တဲ့ ပထမဦးဆုံးအချစ်ပဲ လက်ာ။ ကျွန်မဘဝအတွက် ရှင်ဟာ အချစ်ဦး မဖြစ်ခဲ့ရပေမယ့် ကျွန်မနှလုံးသားအတွက်တော့ အချစ်ဦးပဲ"

သူမ စိတ်လိုလက်ရပင် သူ့ကို ဖွင့်ဟဝန်ခံလိုက်လေသည်။ သူ့မျက်နှာက ညွတ်ပျံ့နူးညံ့သွားကာ သူမဆီသို့လျှောက်လာပြီး သူမကို အသာဆွဲယူလျက် သူ့ရင်ခွင်ထဲ နှစ်မြှုပ်မတတ်ဖက်ထားခဲ့သည်။

သူမ မရုန်းကန်မိ။ သူက သူမ၏ဆံပင်များကိုဆွဲယူဆော့ကစားနေခဲ့သည်။

"ပြန်ကြရအောင် လက်ာ၊ ကျွန်မ ပရက်တီကယ်ရှိသေးတယ်၊ ကားလည်းမပါဘူး၊ ပြန်ရင်တောင် ကိုလေးကို လာကြိုခိုင်းရမယ်"





"စကားပြောရင် အဲဒီ ကိုလေး ဆိုတာကြီးကို ထည့်ထည့်မပြောနဲ့ကွာ၊ နားကလောတယ်၊ ပရက်တီကယ်လည်း ဝင်မနေနဲ့တော့။ ကိုယ်တို့ ဒီမှာပဲ စကားပြောရအောင်။ ပြန်ရင် ကိုယ် လိုက်ပို့ပေးမယ်"

စကားများ ရန်ဖြစ်ကြပြီးမှ ပြန်ပြီးအဆင်ပြေသွားကြတဲ့ ခံစားမှုလောက် ရင်ခုန်တိမ်းမူးဖွယ် မရှိချေ။ သူ့ကိုချစ်တဲ့စိတ်နဲ့ နှလုံးသားကို တစ်ကြိမ်တော့ လိုက်လျောမိကာ သူ့ဆန္ဒတွေကို ဖြည့်ဆည်းပေးချင်တဲ့စိတ်ဖြင့် ပရယ်တီကယ်ကို အပျက်ခံပြီး ကရဝိတ်ရေစပ်နားဆီမှာ နှစ်ယောက်သား စကားတွေအကြာကြီး ထိုင်ပြောခဲ့ကြသည်။

○❖○



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြပြီ ဆိုတော့လည်း သူတို့အပြင် နှစ်ယောက် မရှိချေ။ စုတလော သူ အလုပ်တစ်ခု ရနေသည်။ မနက်မိုးလင်း သူမ ကျောင်းသွားချိန်ဆိုရင် သူမတို့ ခြံဝကနေ ကားရပ်ပြီး သူမကို ကျောင်းအထိလိုက်ပို့ပေးကာ ကျောင်းထဲရောက်ရင်လည်း သူ အိမ်မပြန်တော့ဘဲ သူမကိုမြင်ရတဲ့ ဝရန်တာကနေပြီး သူမ စာသင်နေတာကို ငေးမောလျက် အားလပ်ချိန်မှာ စကားတွေပြော ကဲန်တင်းသွား ညနေရောက်တော့ သူမကို အိမ်ပြန်ပို့ပေးနှင့် အလုပ်အကိုင်တစ်ခုက နေ့ချင်းညချင်း တိုးလာခဲ့သည်။ သူ့ကို သူမသူငယ်ချင်းတွေကပင် ဗိုင်းနောက်ပြောင်ကြလေသည်။ သူ့ကို မြင်တာနဲ့ ...

"ဒရိုင်ဘာကြီး ပါလား"

"လွှာသပဏ် ဒေါ်ဒီဂတ် လာပါပြီ"

"သခင်မရဲ့ ကိုယ်ရံတော်တပ်မှူးလေး"





ဆိုပြီး အမျိုးမျိုး နောက်ပြောင်ခဲ့ကြသည်။ သူက တော့ အပြုံးမပျက်ချေ။ သူမတို့ခြံဝကနေ သူ ကားရပ်ပြီး သူမ ထွက်အလာကို စောင့်နေစဉ်တိုင်းမှာ သူမက အိမ်ထဲကနေထွက် လာခဲ့ပြီး သူ့ဆီ တန်းမလာသေးဘဲ ဟိုဘက်အိမ်ထဲ ဝင်သွားပြီး ဘာတွေပြောနေသေးလဲ မသိပါ။

ပြီးမှ သူ့ကားရှိရာဆီသို့ လာတတ်သည်။ သူ့ရင် ထဲမှာ ခံပြင်းလိုက်တာ မပြောပါနှင့်။ ဒေါသအခိုးတွေဖြင့် အဲဒီ ကိုလေးမျက်နှာကိုသာ ဆွဲထိုးချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက် လာရပြီး သူမကိုတော့ ကိုင်စောင့်ပစ်ချင်တဲ့ စိတ်တွေသာ ဖြစ်ပေါ် ခဲ့ရသည်။

သို့သော် သူမနှင့် စကားမများ ရန်မဖြစ်ချင်သဖြင့် မမြင်ချင်ယောင်ဆောင်ကာ မသိသလို နေခဲ့ပေမယ့် ရင်ထဲမှာ နေအစင်းတစ်ရာမျှ ပူလောင်နေတာကို မျိုသိပ်ထားခဲ့ရသည်။ တစ်ရက်လည်းမဟုတ် နှစ်ရက်လည်းမဟုတ် တစ်ပတ်လည်း မဟုတ်ချေ။

တစ်နေ့တော့ သူ ခြံဝမှာ ကားရပ်စောင့်နေစဉ် သူမက အိမ်ထဲမှထွက်လာခဲ့ပြီး ဟိုဘက်တိုက်ထဲ ဝင်သွားခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်လောက်တောင် ကြာသည်။ သူ့စိတ်တို့ကို တော်တော်လေးကို ဖြေသိမ့်ရင်း သည်းခံထားခဲ့ရသည်။ သူမ ထွက်လာတော့မှ သက်မတစ်ခုချရင်း ညည်းတွားစွာ ပြောလိုက်သည်။

"ကြာလိုက်တာကွာ၊ ဘာတွေများ ဝင်ပြောရတယ် မသိဘူး"

"အခါတိုင်း နေ့တွေကတော့ ကျောင်းသွားပြီလို့ ဝင်နှုတ်ဆက်တာပါ၊ ဒီနေ့ သွားနှုတ်ဆက်တော့ ကိုလေးက ကျွန်မအတွက် မနေ့က အင်္ကျီနဲ့စကတ်တွေ ဝယ်လာလို့ ထုတ်ပေးတာကို ဝတ်ကြည့်နေတာ"

"ဘာ ... မင်းက အဲဒီအိမ်ထဲမှာ အဝတ်လဲနေတယ်၊ ယောကျ်ားတစ်ယောက်ရှိတဲ့ အိမ်ထဲမှာကွာ၊ ကိုယ့်အိမ်ကိုယ် ပြန်လဲတော့ ဘာဖြစ်မှာမို့လို့လဲ၊ မြွေကိုက်မှာ စိုးလို့လား"

စကားမများရအောင် သူ ပြင်းပြင်းထန်ထန်တော့ မပြောခဲ့ချေ။ အမှန်က ဒီ့ထက်ပေါက်ကွဲပစ်လိုက်ချင်တာ။

"လက်ာရယ် ... ရှင့် malignity (အာဃာတစိတ်)တွေက လည်း များလိုက်တာ၊ ဘယ်လိုဖြစ်လို့ စိတ်ကို အပင်ပန်းခံနေတာလဲ၊ Relax ဖြစ်အောင်နေပေါ့။ သဝန်တိုမနေစမ်းပါနဲ့။ ကိုလေးဟာ ရှင့် contender (ပြိုင်ဘက်)မှ မဟုတ်တာ"





"သဝန်တိုတယ်ဆိုတာ ချစ်လို့ပေါ့ကွ၊ မချစ်ဘဲနဲ့ သဝန်တိုလို့မရဘူး၊ ပြီးတော့ မင်းကိုလေးနဲ့မင်း ချစ်တာကို ငါကြည့်မရဘူး"

"ကမ္ဘာပေါ်မှာ ချစ်သာချစ်ပြီး ဘယ်တော့မှ ပေါင်းစပ်ဖို့ မကြိုးစားဘဲ နေမှာက ကျွန်မနဲ့ ကိုလေးပဲ၊ ဒီတော့ ကျွန်မပြောချင်တာက ရှင့် စိတ်ကို ရောင့်ရဲနိုင်အောင်ထား။ Content ဖြစ်အောင်ပေါ့။ ကိုလေးကို လိုက်ပြီး Contest (ယှဉ်ပြိုင်မှု)လုပ်မနေနဲ့။ ကျွန်မ ရှင့်ကို ချစ်တယ်။ ကိုလေးကို ချစ်တဲ့အချစ်နဲ့ ရှင့်ကိုချစ်တဲ့ အချစ်က တူမှမတူဘဲ"

"ဟုတ်လား ... ကိုယ့်ကို ဘယ်လိုမျိုး ချစ်တာလဲ"

သူ့ကိုချစ်တယ်ဟု ဆိုလာသဖြင့် ခေါင်းပြူထွက်လာသော ဒေါသများက ချက်ချင်း လေပြည်အေးတစ်ခုအဖြစ် ပြောင်းလဲသွားကာ သူ့စိတ်များက ဘယ်လိုပျော့ပျောင်းသွားမှန်းပင် မသိတော့။ ကားမောင်းနေတဲ့ သူ့လက်တွေပင် ကတုန်ကယင်ဖြစ်စေခဲ့သည်။ သူ့နှုတ်ခမ်းများက အလိုလို ချိုမြလာခဲ့သည်။

"ကိုလေးကို ချစ်တာက အမြဲတမ်း အေးမြတယ်။ ငါးရာနှစ်ဆယ့်ရှစ် မေတ္တာပေါ့လေ။ ရေလိုပဲ၊ ကိုယ့်အမှားအမှန်အတွက် ဝေဖန်ပိုင်းခြားပေးနိုင်မယ့် ပုံရိပ်တစ်ခုပဲ။ ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့အချစ်ကတော့ ကော်ဖီခါးခါးနဲ့တူတယ်။ လူကိုစွဲမက်စေတယ်၊ ဖြတ်လို့မရဘူး၊ သောက်လေပိုပြီးခွဲအားကောင်းလေပဲ။ ပြီးတော့ ပူပူလောင်လောင် အငွေ့တထောင်းထောင်းနဲ့ ပိုပြီးလည်း အရသာရှိတယ်လေ"

သူ့ကိုချစ်တဲ့ အကြောင်းကို တဖွဲ့တနွဲ့ ပြောပြနေသော သူမကို အရင်ထက် ပိုချစ်မြတ်နိုးသွားရသဖြင့် မောင်းနေတဲ့ ကားကို လမ်းဘေး တုံ့ခနဲ ထိုးရပ်လိုက်သည်။ ပြီးတော့ သူမ ကို ချစ်ရိပ်လွှမ်းနေသော မျက်ဝန်းအစုံဖြင့် အချိန်ကြာမြင့်စွာ ငေးစိုက်ကြည့်နေလိုက်သည်။

"ကား ဘာဖြစ်သွားလို့လဲ"

"ဟင့်အင်း ... ကားက ဘာမှ မဖြစ်ပါဘူး။ လူဖြစ်သွားတာ"

"လူက ဘာဖြစ်သွားတာလဲ"

"လွှာ့ကို အရမ်းချစ်သွားလို့"

"အဟင်း ဟင်း ... ချစ်ရင် နားလည်မှု ပေးရမှာပေါ့ကွယ်"

"ကိုယ် အတတ်နိုင်ဆုံး လွှာ့ကို နားလည်ပေးထားတယ်လေ၊ ကိုယ် နားလည်မပေးလည်း လွှာက နောက်ဆုတ်မှာမှမဟုတ်ဘဲ။ ဒီတော့ ကိုယ် နားလည်ပေးရုံအပြင်ကလွဲပြီး ဘာလုပ်နိုင်မှာမို့လို့လဲ"





"ကျေးဇူးတင်ပါတယ် လက်ာ"

"ကိုယ် တစ်ခုတော့ပြောမယ် လွှာ။ လွှာ့ကို သူနဲ့တွေ့လိုက်ရင် ကိုယ့်စိတ်ထဲမှာ အရမ်းကိုခံစားရတယ်၊ တစ်ခါတလေ မျက်ခနဲတောင် အောင့်သွားသေးတယ်။ ကိုယ့်ရင်တွေ မခံစားရအောင် မနာကျင်ရအောင် လွှာ့ဘက်က အတတ်နိုင်ဆုံးတော့ ဆင်ခြင်ပေးစေချင်တယ်"

သူမကို ချော့မော့ဖျောင်းဖျပြီး သူ ဖြစ်ချင်တာကို တောင်းဆိုကြည့်မိသည်။ သူမက သူ့စကားကို မတုံ့ပြန်။ လီမွှာပါးနပ်စွာပင် ရှောင်ထွက်သွားခဲ့သည်။

"ဒီနေ့အဖို့ ကျောင်းရောက်ဦးမှာလား လက်ာ၊ ကျောင်းရောက်ရင် ကန်တင်းမှာ တစ်ခုခု သွားစားရအောင်"

အဆင်ပြေနေတဲ့ လေပြည်လေညင်းကို မုန်တိုင်းမထန်စေချင်သဖြင့် ဘာမှမပြောတော့ဘဲ ကားကိုသာ မောင်းထွက်ခဲ့လိုက်သည်။ နှစ်ယောက်သား ကန်တင်းမှာ စားသောက်ကြပြီးမှ သူမအခန်းဘက်သို့ ပြန်လာခဲ့သည်။ အတန်းချိန် အားတဲ့အခါမျိုးမှာ သူမ ဘေးနားဝင်ထိုင်ရင်း စကားတွေပြောသည်။ အတန်းကျိန် ကုန်ဆုံးသွားလို့ အိမ်ပြန်တော့လည်း သူမကို သူ့ကားနှင့် ပြန်လိုက်ပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ာ ... ရှင် ကျွန်မကို ကျောင်းပို့ကျောင်းကြိုပဲ လုပ်နေတော့မှာလား။ တခြား ဘာမှမလုပ်တော့ဘူးလား"

"ဘာလုပ်ရမှာလဲ၊ ဒါ အလုပ်ပဲလေ"

"ကြီးပွားမယ့် အလုပ်ပဲ၊ ပိုက်ဆံတွေ တော်တော်စုမိပြီ ထင်တယ်နော်"

"ဘယ်စုမိမလဲ အလုပ်သာလုပ်နေရတာ၊ အလုပ်ရှင်က လုပ်အားခကို မပေးဘဲ မသိချင်ယောင် ဆောင်နေတော့"

"ဘယ်လောက်လိုချင်လဲ၊ ထောင့်ငါးရာလို့ ပြောမှာမဟုတ်လား"

"ထောင့်ငါးရာက များပါတယ်ကွာ၊ တစ်နေ့ကို တစ်ခါ လောက်နမ်းမယ်ဆိုရင် ကိုယ် ကျေနပ်ပြီ သိလား"

"Caress က ချစ်ခြင်းကို ခိုင်မြဲစေတယ်လို့ ထင်လို့လား လက်ာ"

"A kiss is a lovely trick designed by nature to stop speech when words become superfluous"

သူမက နှုတ်ခမ်းပြုံးရင်း ကားပေါ်မှ ဆင်းသွားသည်။ သူ့စိတ်တွေကို အတတ်နိုင်ဆုံး Relax ဖြစ်အောင် လုပ်ထားတဲ့ ကာလမှာ သူတို့နှစ်ယောက် အချစ်လောက် ကြည်နူးဆွတ်ပျံ့စေခဲ့တာ မရှိတော့ဘူးဟု ထင်မိ၏။ စိတ်ပျော်ရွှင်နေတဲ့ ရက်တွေမှာ





(သူက မပျော်ရွှင်ပေမယ့်လည်း အတတ်နိုင်ဆုံး မေ့ဖျောက်ထားကာ) သူတို့နှစ်ယောက် ညတိုင်း ပိတ်ရက်တိုင်းတွေမှာ ဖုန်းကိုမနားတမ်း ပြောဖြစ်ခဲ့ကြသလို တွေ့ရင်လည်း ကြည်စေအေးစေပဲ။

အဲဒီလို ကြည်နူးစရာနေ့လေးတွေကို များစွာဖြတ်ကျော်ပြီးကာမှ သူ့အတွက် ကံကြမ္မာမုန်တိုင်းဆင်မယ့်နေ့သို့ ရောက်လာခဲ့ရသည်။

မုန်တိုင်းဆိုသည်က ဝင်ချင်တဲ့အချိန် ဝင်လာတတ်ပြီး ထွက်ချင်တဲ့အချိန်မှ ပြန်ထွက်တတ်သည့် သဘောတစ်ခုကို သိထားခဲ့ပါသော်လည်း သူ့အတွက် ဝင်လာသော မုန်တိုင်းက အရှမ်းစောစီးနေခဲ့ပြီ။

ထိုအခြေမှစပြီး တိုက်ခတ်ခဲ့သော မုန်တိုင်းက သူ့ဘဝထဲမှာ နှစ်နဲ့ချီပြီး ခိုအောင်းနေလိမ့်မယ်လို့ ဘယ်လိုမှ မမှန်းဆမိခဲ့ပါ။ ကံကြမ္မာသည် သူ့ကိုကလူကျီစယ်ခဲ့လေသည်။ ပြဿနာရဲ့အစက မိုးတွင်းကာလရဲ့ ပထမဦးဆုံး မိုးရွာတဲ့နေ့မှာဖြစ်သည်။

ထိုနေ့က သူမ ကျောင်းပိတ်ရက်ဖြစ်သည့်အတွက် သူတို့နှစ်ယောက် မနက်ခင်းကတည်းက ကားတစ်စီးနှင့်လျှောက်လည်နေခဲ့ကြရာ ညနေလေးနာရီထိုးပြီးမှ သူမကို ပြန်ပို့ပေးတော့ လမ်းခုလတ်မှာ ကောင်းကင်တစ်ပြင်လုံး ချက်ချင်းမှိုင်းညို့လာသဖြင့် သူ ဝမ်းသာအားရ ထအော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... မိုးရွာတော့မလား မသိဘူး လွှာ၊ ဟာ ... ကြည့်စမ်း ပြောရင်း ဆိုရင်းနဲ့ မိုးကရွာလာပြီ။ မိုးစက်လေးတွေကျနေတယ်"

သူ ရေရွတ်နေမိစဉ်မှာပင် မိုးက တဖွဲဖွဲရွာနေရာမှ နည်းနည်းလေး များလာကာ တဖြိုက်ဖြိုက် ရွာလာခဲ့သည်။ သူ သူမကိုလှည့်ကြည့်လိုက်ပြီး ...

"ကိုယ်က မိုးတွင်းကို အရမ်းနှစ်သက်တာ။ ကောင်းကင်ကြီးကနေ နှစ်တစ်နှစ်ရဲ့ ပထမဆုံးရွာတဲ့မိုးအောက်မှာ ချစ်သူလေးနဲ့အတူ လမ်းလျှောက်ရင်း စကားပြောလိုက်ရရင် တကယ့်ကို လောကစည်းစိမ်ပဲ၊ နတ်ဘုံနတ်နန်းနဲ့တောင် မလဲနိုင်ဘူး၊ အဟုတ်ပြောတာ၊ ဘယ်လိုလဲကွာ၊ ကိုယ့်ဆန္ဒကို မဖြည့်ဆည်းပေးချင်ဘူးလား"

ဘာမဟုတ်တဲ့ ကိစ္စငယ်လေးတစ်ခုကို သူ တောင်းဆိုလိုက်စဉ်မှာ သူမ မျက်နှာတစ်ချက်ပျက်ယွင်းသွားသည်ဟု ထင်မိ၏။

သို့သော် ခဏမျှသာ။ ခဏမှ တကယ့်ကို ခဏလေးရယ်။ ထို့နောက်မှာ သူမပါးစပ်က ခပ်ဟဟလေးဖွင့်ကာ ရယ်မောရင်း သူ့ကို လက်ကမ်းပေးလာခဲ့သည်။ သူမ ရယ်သံလွင်လွင်လေးက မိုးနဲ့အပြိုင် သူ့ရင်ကို ငြိမ်းချမ်းစေခဲ့သည်။





ကားပေါ်မှဆင်းပြီး နှစ်ယောက်သား လက်ချင်းတွဲပြီး မိုးရေထဲမှာ အေးဆေးစွာ လမ်းလျှောက်နေလိုက်သည်။ ခဏအတွင်းမှာပင် မိုးရေများက သူတို့ကိုယ်ပေါ်သို့ ရွှဲနစ်သွားလေတော့သည်။

သူက ဘာမှမဖြစ်ပေမယ့် သူမက စပို့ရှပ်ကိုယ်ကျပ်လက်ရှည် မိုးပြာရောင်လေးက ခန္ဓာကိုယ်မှာ မိုးရေတွေနှင့် ကပ်ငြိနေခဲ့သဖြင့် ဒီတော့မှ သူမ body structure တော်တော်လှမှန်း သူ သိခွင့်ရလိုက်သည်။

"မိုးရေတွေနဲ့ဆိုတော့ လွှာလေးက တော်တော်လှတာပဲ၊ ဘရစ်နေ့စပီးယားနဲ့ တူတယ်"

"လက်ာနော် ... ဘာတွေ လျှောက်ပြောနေတာလဲ"

"ကိုယ်ပြောတာ သွေးရိုးသားရိုး ပြောတာပါကွာ၊ မျက်နှာလေးက ရေထိတော့ ဝင်းမွတ်နေတာပဲ။ ဆံပင်တွေကလည်း ရေတွေနဲ့ တစ်ချောင်းချင်းစီ စင်းမနေတော့ဘဲ ကပ်နေတာလေးက တစ်မျိုးကြည့်ကောင်းတယ်။ ကြာကြာနေရင် ကိုယ့်စိတ်တွေ ထိန်းနိုင်တော့မယ် မထင်ဘူး။ မင်းကို တစ်ခုခုတော့ ပစ်မှားမိလိမ့်မယ်"

"လက်ာ ... သေတော့မယ်နော် ရှင်တော့"



www.burmeseclassic.com

www.burmeseclassic.com



သူမက မိုးရေတွေကြားထဲမှာ ရက်ရက်နှင့် ထအော်ပါတော့သည်။

"ပါးကိုပါကွာ ... လွှာက အနက်ဖောက်လိုက်တာကို။ ခုန ကိုယ့်ကို အော်လိုက်တဲ့ပုံလေးက ချစ်စရာလေး။ မသိရင် အိမ်ထောင်ကျပြီးကာစ ယောကျ်ားကို အော်လိုက်တာနဲ့တူတယ်"

"လင်္ကာ ... ပြောလေ ကဲလေပါလား"

"လွှာလေး"

"လင်္ကာက ကျွန်မကို စိတ်ဆိုးရင် လွှာသဝဏ်လို့ ခေါ်တယ် မဟုတ်လား"

"မင်းလည်း ကိုယ့်ကိုစိတ်ဆိုးရင် အလင်္ကာလို့ ခေါ်တတ်တယ်လေ"

"အဲဒါ ဘာဖြစ်လဲ၊ ကြေးမုံသဘောပဲ"

"လွှာ ... ဒါဖြင့်ရင် ကိုယ်တို့ အခေါ်အဝေါ်တွေ ပြောင်းကြရင် မကောင်းဘူးလား"

"ဟင့်အင်း ... မကောင်းဘူး။ ကျွန်မ ရှင့်ကို မောင်တို့ ကိုတို့ မခေါ်ချင်ဘူး။ လင်္ကာလို့ပဲ ခေါ်ချင်တယ်"

"ကိုယ်ကလည်း မင်းကို ဆွိဟာ့(ဒ်)တို့ ဟန်နီတို့မခေါ်ချင်ပါဘူး၊ လွှာယားတယ်"





"ဒါဖြင့် ဘာလို့လာပြောသေးလဲ"

"အလကား စတာပါကွာ ချစ်လို့"

ထို့နောက် သူတို့နှစ်ယောက် ပြိုင်တူရယ်မောမိကာ လမ်းမပေါ် ပြေးလွှားဆော့ကစားကြပြန်သည်။ တော်တော်လေးကြာမှပင် သူမကို သတိတရနှင့် မေးမိတော့သည်။

"လွှာ ... ချမ်းနေပြီလား"

"အဟင်း ... ချမ်းတော့ ချမ်းတာပေါ့၊ ဒါပေမဲ့ မချမ်းဘူး"

"လာ ... ကိုယ် ဥဩဆိုပြီး နွေးအောင်လုပ်ပေးမယ်၊ ကိုယ် လုပ်တတ်တယ်"

"ဟုတ်လို့လား"

သူမက မျက်လုံးလေး ကလည်ကလည်ဖြင့် မယုံသင်္ကာဟန်လေး မေးလာတာကို သူ ရယ်ချင်သွားမိရကာ ခပ်တည်တည် ခေါင်းညိတ်ပြလိုက်သည်။ သူမမျက်နှာကို သူ့လက်နှစ်ဖက်နှင့် ဘောင်ခတ်ယူလိုက်ပြီး မော့လာသော သူမမျက်နှာလေးကို အလျှင်အမြန် နွေးထွေးစေလိုက်သည်။ သူမကို နွေးထွေးစေလိုသော သူ့ဆန္ဒများက သူမနှုတ်ခမ်းတွေပေါ်မှာ အရှည်ကြာဆုံးပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဖယ် ... လွှတ် ... လွှတ်တော့၊ လက်က အားကြီးလှလည်ကျတယ်"

မိုးသံကြားမှ သူမနှုတ်ခမ်းဖျားက ထွက်လာသော စကားတွေက ဗလုံးဗထွေး ဖြစ်နေခဲ့သည်။ ဖြစ်မှာပေါ့၊ သူမနှုတ်ခမ်းက ချုပ်နှောင်ခြင်း ခံနေရတာကိုး။ သူ သူမမျက်နှာကို လွှတ်လပ်ခွင့်ပေးလိုက်တော့ သူမ မျက်နှာလေးက သူ့ကို မော့မကြည့်ရဲသလို အောက်သို့ ငုံ့ကျသွားသည်။

သူမလက်ကို သူ ဆွဲယူလိုက်ပြီး မိုးရေထဲမှာ ခရီးဆက်ခဲ့ကြပြန်သည်။ စကားတွေပြောရင်း စနောက်ရင်းဖြင့် သူတို့နှစ်ယောက် ပျော်ရွှင်နေကြစဉ်မှာ သူတို့ကမ္ဘာကို ဖျက်ဆီးမယ့်မုန်တိုင်းတစ်ခု ကျရောက်လာခဲ့သည်။ ဤသည်ကတော့ လေးနက်တည်ကြည်ပင်။ ထိုသူက ဘယ်က ဘယ်လို သူမဆီ ရောက်လာခဲ့သည် မသိချေ။ ထိုသူ့လက်ထဲမှာလည်း ထီးကြီးကိုင်လို့။

"လှှာ ... လှှာ ... ဟာ ဘယ်လိုဖြစ်လို့ မိုးရေကြီးထဲ လျှောက်သွားနေရတာလဲ၊ ဖျားတော့မှာပဲ၊ လာ ပြန်မယ်"

"မဟုတ်ဘူး ကိုလေး၊ လှှာ လမ်းလျှောက်နေတာ။ သူနဲ့အတူ မိုးရေထဲ လမ်းလျှောက်ချင်လာတာနဲ့"

"ရော့ ... ဒါဖြင့်လည်း ဒီထီးကိုယူထား"





"မယူတော့ပါဘူး။ မလွှတ်လပ်ဘူး ကိုလေးရဲ့။ ပြီးတော့ လှှာ ထီးကိုင်ရမှာ ပျင်းတယ်"

"ဒါဖြင့်လည်း ကိုလေးပဲ ဆောင်းပေးပါ့မယ်"

"အင်း"

ဘာလိုက်လုပ်မှာလဲ။ သူများချစ်သူကြားမှာ ကန့်လန့် ကန့်လန့်နှင့်။ သူမကရော ဘာလို့လက်ခံလိုက်တာလဲ။ ရတယ် မလိုဘူးလို့ ပြောလိုက်ပြီးတဲ့ဟာကို။ သူ နှစ်ယောက်စလုံးကို ဒေါသထွက်သွားမိသည်။ ဘယ်လောက် ကြည့်ရဆိုးလိုက်လဲ။ သူက သူမလက်ကိုတွဲပြီး လမ်းလျှောက်နေတဲ့ အခြေအနေမှာ လေးနက်တည်ကြည်က သူမဘေးကနေ ကပ်ပါလာခဲ့ပြီး ထီးအကြီးကြီးကို လိုက်မိုးပေးနေပုံက ဘယ်လိုမှ မတင့်တယ်ချေ။

သူတို့နှစ်ယောက်တည်းတုန်းကလို ပြောချင်တာလည်း ပြောခွင့်မသာတော့တဲ့အပြင် ပတ်ဝန်းကျင်က မြင်လို့တောင် သူမ ရည်းစားက ဘယ်သူလဲလို့ တွေးမရတဲ့အဖြစ်ကြီးကိုလည်း နာကြည်းစက်ဆုပ်မိသည်။

သည်းခံတယ်ဆိုတာ အတိုင်းအတာ တစ်ခုထိပဲ သည်းခံလို့ရမည်။ နားလည်မှုဆိုတာလည်း အကန့်အသတ်နဲ့သာ နားလည်ပေးလို့ရသည်။ ဒီ့ထက် လွန်ကဲလာရင်တော့ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့ငြိမ်ခံနေလို့ မရတော့ပါ။ သူ ဘေးမှာ တစ်ယောက်လုံး ရှိနေပါလျက်နှင့် သူမတို့နှစ်ယောက်ပုံစံက ဘယ်လိုမှ နားလည်ပေး လို့ မရတော့တဲ့အခြေအနေမှာ သူ ထပေါက်ကွဲပစ်လိုက်တော့သည်။

သူ့ပေါက်ကွဲသံစဉ်တွေက မိုးထဲမှာ ထစ်ချုန်းသွား သောအခါ သူမရဲ့ပေါက်ကွဲသံစဉ်တွေက သူ့ပါးပြင်ပေါ်သို့ ဒေါသ တကြီး ကျရောက်လာခဲ့သည်။ အသားချင်း ထိခတ်သံနှင့်အတူ သူ့ပါးပြင်တစ်ခုလုံး ပူခနဲဖြစ်သွားခြင်းကြောင့် အံ့သြစွာ မှင်သက် စွာဖြင့် ငေးကြောင်နေဆဲမှာ သူ့မျက်စိရှေ့မှ သူမသည် ယောကျ်ား တစ်ယောက်ကို ကြင်နာယုယစွာ တွဲခေါ်သွားခဲ့သည်။ ထိုယောကျ်ား သည် သူ မဟုတ်ပါ။

သူ့ရင်ထဲမှာ ခါးသက်လိုက်တာ ...။ သူမပြောတဲ့ ကော်ဖီခါးခါးတွေပါပဲ။ မုန်းတယ် ... မုန်းတယ် ... အားလုံးကို မုန်းတယ်ကွာ။

○ ❖ ○





## အခန်း(၃)

စပ်ဖျင်းဖျင်း ဖြစ်နေတဲ့ ပါးပြင်ကို ပွတ်သပ်ရင်း နှလုံးထဲရှိ သွေးကြောတွေ ထောင်တက်လာတဲ့အထိ ဒေါသတို့ ပူနွေးလာခဲ့ရသည်။ သူမနဲ့ ပတ်သက်သော အမှတ်တရတွေကိုပါ ဖျက်ဆီးလိုက်ချင်သည့်စိတ်တွေက တဖွားဖွား ပေါ်ပေါက်လာနေ သည့် အဲဒီစိတ်တွေ ရှန်းမကြွအောင် သတိချုပ်နေသည့်ကြားက စပျစ်သီးနိုင်ကြီးကိုလည်း မီးရှို့ပစ်ချင်လိုက်သည်။ အခွေကိုလည်း ချိုးဖွဲ့ပစ်ချင်လိုက်သည်။

ဘယ်လိုမှ စိတ်တွေထိန်းလို့မရတော့သည့်အဆုံး ခွေကို စက်ထဲထိုးလိုက်ပြီး တီဗီ Screen ပေါ်မှာ ပေါ်လာသော



www.burmeseclassic.com

www.burmeseclassic.com



သလို အလောမင်းသုံးဆယ် ဆိုလာလျက် ထီးအကြီးကြီးကို သူမ အပေါ် ဆောင်းပေးထားတာ သူ ဘယ်လိုမှခံစားလို့မရ။ သည်းခံ လို့လည်းမရ။ နားလည်လို့လည်း မရချေ။

သူ လေးနက်တည်ကြည် ရေ့မှာပင် ဖြောင်ဖြင့်ပြော ပစ်လိုက်သည်။

"လွှာသဝဏ် ... ကိုယ်တို့ လမ်းသွားရတာ ဘယ်လိုမှ မလွတ်လပ်ဘူး၊ မင်းကိုလေးကို ပြန်နိုင်းလိုက်စမ်းပါ။ ရတယ် မလိုဘူးလို့"

"လက်ာကလည်း ဘာဖြစ်တာလဲ။ ကိုလေးက သူ့ဘာသူ သူ့ခြေထောက်နဲ့သူ လျှောက်နေတာ ရှင့်ဘာလုပ်လို့လဲ။ ပြီးတော့ ရှင်နဲ့လည်း လွတ်သားပဲ၊ ကျွန်မဘေးက ကပ် လျှောက်တာကြီးကို"

သူပြောတာကို နားခံမှုမရှိဘဲ အတွန့်တက်သော သူမအပြောကြောင့် သူ တင်းသွားရပြီး လေးနက်တည်ကြည် အပြုအမူကြောင့် သူမကို ဖိဆူပစ်လိုက်သည်။

"မင်းဘေးကပဲ ကပ်လျှောက်လျှောက် ငါ့ဘေးကပဲ ကပ် လျှောက်လျှောက် လျှောက်စရာလား။ လျှောက်စရာလည်း မလိုဘူး။ ပြန်နိုင်းလိုက်ချည်"





"လက်ာ ... ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ဒီလို ဟောင်ဖွာ ဟောင်ဖွာ လုပ်နေရင် ကျွန်မ နောက်ကြောင်းကို လှည့် ပြန်လိုက်တော့မယ်နော်"

သူတို့နှစ်ယောက်ဘေး ရောက်ရှိလာတဲ့ လေးနက် တည်ကြည် ကိစ္စနဲ့ပတ်သက်ပြီး သူတို့အပြန်အလှန် စကားများ နေကြတာကို သိချင်းဆိုနေတယ်ဟုများ အောက်မေ့နေသလား မသိပါ။

သူနဲ့မဆိုင်သလို မကြားဟန်ဆောင်ပြီး ခပ်ပြုံးပြုံးလေး လုပ်နေပုံက အသည်းယားစရာကောင်းသည်။ တွဲထားသော သူမ လက်ကို ဖြုတ်ကျလိုက်ပြီး လေးနက်တည်ကြည်ရေ့မှာ လက်နှစ် ဖက်ကို ဆန့်တန်းလျက် ပိတ်ရပ်လိုက်ပြီး ...

"ပြောတော့ လူကြီးလူကောင်းဆို၊ လွှာသဝဏ် ပေးထားတဲ့ ဂုဏ်ဒြပ်တွေကို အသုံးချပြီး ခင်ဗျား လူကြီးလူကောင်း ဆန်ဖို့ ကြိုးစားစမ်းပါ။ အခု ခင်ဗျားကြောင့် ကျုပ်တို့ စကားများနေတာရော သိရဲ့လား၊ လွှာသဝဏ် မပြောရင် ကျုပ်ပြောမယ်။ ခင်ဗျား ထွက်သွား။ ကျုပ်တို့နှစ်ယောက် ဘေးက ထွက်သွား။ ခင်ဗျားမို့ အလိုက်ကမ်းဆိုးမသိ သူများရည်းစားကြား ဘာဝင်လုပ်တယ် မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုပြောမယ် ငါ့ညီ၊ လွှာလေးကို မိုးတွင်းကျရင် အရမ်းဂရုစိုက်ရတယ်၊ မိုးမိခံလို့ မဖြစ်ဘူး၊ ဒါကြောင့် ကိုယ်လိုက်ပြီး ထီးဆောင်းပေးနေတာ"

"အပိုအလုပ်တွေ မလုပ်စမ်းပါနဲ့ဗျာ၊ ခင်ဗျား ထီးလိုက်ဆောင်းပေးတော့ရော စိုပြီးသားက ခြောက်သွားမှာမို့လို့လား။ ဆင်ခြေဆိုတာ ယုံလောက်အောင် ပေးရတယ်နော်"

"လကွာ ... ကျွန်မ ရှင့်ကို ဘာပြောထားလဲ၊ ရှင်တိတ်လိုက်ရင် ကောင်းမယ်နော်၊ ရှင့်ဘာသာရှင် နေရင်နေနဲ့၊ ကျွန်မ ကိုလေးနဲ့ ဆက်လျှောက်မယ်"

ကိုယ့်ချစ်သူ တစ်ယောက်လုံးက ကိုယ့်ဘက်က မပါဘဲ လေးနက်တည်ကြည်ဘက်က ပါနေသောအခါ ဘယ်လိုခံပြင်းမိမှန်းကို မသိချေ။ ပြောစရာစကားလုံးတွေပင် ပျောက်ဆုံးသွားတော့သည်။ သူ ခြေစုံရပ်ပြီး ကျန်ခဲ့သောအခါ သူမတို့နှစ်ယောက်က သူ့ကို ဂရုမစိုက်ဘဲ ကျော်တက်လို့သွားသည်။

သူမတို့နှစ်ယောက်က သူနဲ့အလှမ်းသိပ်မဝေးသေးသဖြင့် သူမတို့အပြုအမူနှင့် ပြောသမျှစကားတွေကို အကုန်ကြားသိနေရသည်။ လေးနက်တည်ကြည်က ရေတွေဖြင့် စိုကပ်နေသော သူမမျက်နှာက ဆံပင်တွေကို တစ်ခုချင်းစီဖယ်ရှားလျက် နောက်





ကျောသို့ပို့ပေးနေတာကို မမြင်ချင်ဘဲ မြင်နေရသည်။ အသံတွေလည်း ကြားနေရသည်။

"ကိုလေးလည်း ဆောင်းလေ၊ လွှာ့ကိုချည်း ဂရုစိုက်မနေနဲ့၊ ကိုလေး စိုကုန်ပြီ"

"ရတယ် လွှာ၊ ကိစ္စမရှိဘူး"

"ကိစ္စမရှိတာက လွှာ ကိုလေးရဲ့၊ လွှာက စိုပြီးသား၊ ကိုလေးဘက်သာ လုံအောင်ဆောင်း"

"ရပါတယ်ဆို ဒီကောင်မလေးကွာ"

"အဲဒီ ကိုလေးက လွှာ့ကို သိပ်ဂရုစိုက်တာပဲကွာ၊ ကိုလေး စိုကုန်လို့လွှာက စေတနာနဲ့ ပြောတာ"

"ကိုလေးကလည်း လွှာ့ကို ဂရုစိုက်တာ စိုးရိမ်လို့၊ ချစ်လို့ပေါ့ လွှာ"

သူ့ရှေ့မှာတောင် အနေအထိုင် အပြောအဆို လုံးဝမဆင်ခြင်သော သူမတို့နှစ်ယောက်နောက်ကွယ်မှာ ဘယ်လိုနေမလဲဆိုတာ တွေးတောင်မတွေးဝံ့ချေ။ လေးနက်တည်ကြည်က "ချစ်လို့ပေါ့ လွှာ"ဟု အပြောနဲ့တင် အားမရဘဲ သူမပခုံးကိုဖက်ပြီး ထီးအောက်ဆွဲသွင်းလိုက်သဖြင့် သူမတို့နှစ်ယောက် ကိုယ်ချင်းထိထိကပ်ကပ် ဖြစ်သွားတာကိုမြင်တော့ သူ ဘယ်လိုမှ သည်းမခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ လေးနက်တည်ကြည်နောက်ကနေ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားလိုက်ပြီး အနားရောက်တော့ ကုပ်ကနေကိုင်ပြီး ဆွဲလှည့်လိုက်ရာ လည်ထွက်လာသော မျက်နှာကို အားကုန်ထိုးချပစ်လိုက်သည်။ လေးနက်တည်ကြည် အနောက်သို့ ယိုင်နဲ့လို့သွားသည်။

"ရှင် ... ရှင် ... ဘယ်လိုလုပ်လိုက်တာလဲ အလကားရိုင်းလှချည်လား၊ ကိုလေးက ရှင့်ထက် အများကြီး ကြီးတယ် သိရဲ့လား"

"အသက်ကြီးပြီး အချိန်မစီးဘူး၊ ကျုပ်က လွှာသဝဏ်ရည်းစားဗျ။ ရည်းစားတစ်ယောက်လုံး ရှေ့မှာတောင်ချစ်တယ်ပြောလိုက် ပခုံးဖက်လိုက်နဲ့ ကွယ်ရာဆို ဘယ်လိုနေမလဲ"

"ကွယ်ရာမှာ ဒီ့ထက်ပိုဆိုးတယ် သိလား။ မှတ်ထား ရှင်သိအောင် ပြောလိုက်မယ် အလကား။ ရှင်နဲ့ ဒီလောက်မူးမူးကပ်ကပ် မနေဘူးခဲ့ပေမယ့် ကျွန်မ ကိုလေး ပေါင်ပေါ်မှာ ခေါင်းအုံးပြီး ခုထိအိပ်နေတုန်းပဲ"

"လွှာ ... လွှာ လျှောက်မပြောနဲ့လေ"

"လွှာ အမှန်ကို ပြောနေတာ ကိုလေး"





သူ့ကိုရွဲ့ပြီးပြောတာလား တကယ်ပြောတာလား မသိပေမယ့် သူမ ပြန်ပြောလိုက်တဲ့ စကားက တော်တော်ဆိုးရွားပါသည်။ ဖြစ်နိုင်ရင် သူမမျက်နှာကို ဖြတ်ရိုက်ပစ်လိုက်ချင်သည်။ သူမက မိန်းကလေးလည်း မိန်းကလေး၊ ပြီးတော့ သူချစ်တဲ့မိန်းမတစ်ယောက် ဖြစ်နေသည့်အတွက် လက်ပါဖို့ မကြိုးစားတော့ဘဲ အားရှိသရွေ့ ကုန်းအော်ပစ်လိုက်သည်။

"မင်း ငါ့ကို ဘာကြောင့် လှည့်စားနေတာလဲ လွှာသဝဏ်၊ ငါဟာ မင်းလှည့်စားစရာ ကစားစရာ အကောင်တစ်ကောင်လား၊ မင်းတို့နှစ်ယောက် ဒီလောက်ချစ်နေလည်း ယူလိုက်ကြပါတော့လား၊ သွေးသားမှ မတော်စပ်တာ"

"ရှင့်ကို ဘယ်သူမှ မလှည့်စားဘူး။ လှည့်စားတယ်ထင်ရင် အချိန်မရွေး နောက်ဆုတ်သွားလိုက်၊ ရှင့်ကို ဘာကြိုးနဲ့မှ ချည်မထားဘူး"

သူမဆီမှ လမ်းခွဲဖို့စကား တစ်စွန်းတစ်စ ထွက်လာသောအခါ သူ့အငြိုးတကြီး ဒေါသများက လေးနက်တည်ကြည်ထံသို့ မီးကုန်ယမ်းကုန် ကျရောက်သွားတော့သည်။

"အဲဒါ ခင်ဗျားကြောင့်၊ ခင်ဗျားကြောင့်၊ နေရာတကာဝင်ပြီး ဆေးရိုးသည်လို ကန့်လန့် ကန့်လန့်လုပ်လို့ ခုတော့ ကျုပ်တို့နှစ်ယောက် ကမောက်ကမ ဖြစ်ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အလကာ် ရှင်ပြဿနာမရှာနဲ့၊ ဒီကိစ္စ ကိုလေးနဲ့ ဘာမှ မဆိုင်ဘူး"

"ဘာလို့ မဆိုင်ရမှာလဲ၊ သူ့ကြောင့်ဖြစ်ရတာ သူနဲ့ဆိုင်တာပေါ့"

"ဆိုင်တော့ ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လို့လဲ ရှင်က"

"ဒါဖြစ်ချင်တယ်ကွာ၊ ကဲ ... ခွပ် ခွပ် ... အင့်"

"အို ... သေပြီ၊ ကိုလေး သေပါပြီ၊ အလကာ် တော်တော့၊ ရှင် ရပ်တော့၊ ရှင့်ကို ကျွန်မ မုန်းမိတော့မယ်"

သူမ ပြောတာကို ကြားပါသော်လည်း သူ့လက်တွေက အရှိန်ရနေပြီမို့ နောက်မဆုတ်တော့ဘဲ လေးနက်တည်ကြည် မျက်နှာကို ဆင့်ကာ ဆင့်ကာ ထိုးနေမိတော့သည်။ သူ့လက်ခုံမှာ သွေးများစွန်းထင်းနေသလို လေးနက်တည်ကြည်ရဲ့ နှာခေါင်းပါးစောင်နှင့် နားထင်ဆီမှ သွေးစီးများက ယိုထွက်လာလေသည်။

သူ ဘယ်နှချက်ထိုးမိသလဲပင် မသိတော့။ အားရှိသရွေ့ ထိုးထားသဖြင့် သူလည်း တော်တော်ဟိုက်သွားသည်။ သို့ပေမယ့် သူ့လက်တွေက အားမပါစွာ ဆက်ထိုးနေဆဲ။ သူ့နောက်ကျောကနေ အင်္ကျီစကိုဆွဲပြီး ကျယ်လောင်စွာ အော်ဟစ်တားဆီးနေသော သူမအသံကို မှိုးရေထဲမှာ ဗလုံးဗထွေး ကြားနေရသည်။





တစ်ချိန်မှာတော့ သူ့လက်တွေက အားလျော့သွားချိန်မှာ နောက်ကနေ သူမက အင်္ကျီစကို ဆွဲနေသဖြင့် သူ့ခန္ဓာကိုယ်က သူမဘက်သို့ လည်ထွက်သွားခဲ့သည်။

"ဖြောင်း ... မှတ်ထား၊ အဲဒါ ကိုလေးကို စော်ကားဦး"

သူမလက်ဝါးက အရှိန်ပြင်းစွာ သူ့ပါးပြင်ပေါ်သို့ ရောက်ရှိလာတော့မှ သူ ပါးရိုက်ခံလိုက်ရတာပါလားဟု အသိဝင်လာပြီး သူမကို အံ့သြစွာ ငေးစိုက်ကြည့်နေမိတော့သည်။ သူမက သူ့ကို လုံးဝအလေးထားဟန် မပေါ်ဘဲ မိုးရေထဲမှာ သွေးစေးများဖြင့် လဲကျနေသော လေးနက်တည်ကြည်ကို ယုယကြင်နာစွာ ဖေးမလျက်။

"ကိုလေး ... ထ ... ထ၊ ထနိုင်ရဲ့လားဟင်၊ လာ လွှာ့လက်ကိုတွဲလိုက်၊ သက်သာလားဟင် ဘယ်လိုနေလဲ၊ ကြည့်စမ်းပါဦး ကိုလေးရယ်၊ တစ်ကိုယ်လုံးလည်း ဒဏ်ရာတွေချည်းပဲ၊ လွှာ သနားလိုက်တာ၊ လာ ... လာ"

ဟု ဆိုရင်း သူ့အပေါ် တစ်ခါမှ ညင်သာနူးညံ့ခြင်း မရှိခဲ့သော ကရုဏာသံလွှမ်းလျက် ထွက်ခွာသွားသည်ကို မိုးရေထဲရပ်ပြီး သူ ကြည့်နေခဲ့သည်။ ခုပြန်တွေးရင် ခုချက်ချင်း နာကျင်ရသည်။ ပါးပေါ်ကနာကျင်ခြင်းထက် နှလုံးသားက နာကျင်



www.burmeseclassic.com

www.burmeseclassic.com



ရခြင်းကပိုဆိုးသည်။ သည့်အတွက်ကြောင့်လည်း သူမကို အဆက်အသွယ် ဖြတ်တောက်ထားခဲ့တာ ဘယ်လောက်ကြာပြီလဲ။

"မေမေ ... မေမေ ပြောတဲ့ အဖြူရောင်ကောင်မလေး ဆိုတာ ဘယ်သူလဲ"

"သြော် ... အဖြူလေးကို ပြောတာထင်တယ်၊ ဆောင်းနှင်းပွင့်လေ"

"ဒါဖြင့် ကျွန်တော် သူ့အိမ်သွားလိုက်ဦးမယ်"

မှတ်ထား လွှာသဝဏ်။ မင်းတောင်မှ ငါမဟုတ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ ပရောပရီ နေနိုင်သေးရင် ငါကရော မင်းမဟုတ်တဲ့ တခြားမိန်းကလေးတစ်ယောက်နဲ့ ဘာလို့မတွဲရဲရမှာလဲ၊ လူကြီးချင်း သဘောတူထားသလို ဖြစ်နေခဲ့သော ဆောင်းနှင်းပွင့် ဆိုသော မိန်းကလေးကို သူမကို အရွဲ့တိုက်ချင်စိတ်ဖြင့် တွဲနေလိုက်သည်။

သူမကို သွားမတွေ့ဘဲ အဆက်အသွယ်ပြတ်တောက်နေတဲ့အချိန်မှာ သူနဲ့ ဆောင်းနှင်းပွင့်က အတော်အတန် ရင်းနှီးနေခဲ့သည်။

တစ်လလောက်တောင် ကျော်သွားပြီဖြစ်သောအခါမှာတော့ သူမကိုသတိရတဲ့စိတ်တွေက နိုးကြွလာခဲ့သည်။ သို့သော်





လွှမ်းစရာရှိရင် နာစရာနဲ့ ဖြေသိမ့်ရင်း ဝေဒနာကို မြှပ်နှံထားလိုက်သည်။

တစ်နေ့တော့ စိတ်ညစ်ညစ်လည်း ရှိလှကာ သူမကိုလည်း အပြင်းအထန် သတိရနေတဲ့စိတ်ကို ပြေပျောက်လို ပြေပျောက်ငြား တစ်နေကုန် ရုပ်ရှင်လျှောက်ကြည့်ပစ်လိုက်သည်။ ဘယ်အဖော်မှလည်း မပါ။ တစ်ယောက်တည်း သတိရနေတဲ့စိတ်ခပ်ရေးရေးကို အရင်ကထက် အဆပေါင်းများစွာ မုန်းတီးနာကြည်းစေနိုင်သော အကြောင်းအရာတစ်ခုက သူ့ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလို့လာသည်။

နေပြည်တော်ရုံမှာ ရုပ်ရှင်ကြည့်ပြီး ပြန်ထွက်လာတော့ Cafe Aroma မှာ တစ်ယောက်တည်းဝင်ပြီး ကော်ဖီသောက်နေနိုက် ကော်ဖီဆိုင်ထဲသို့ သူ့ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်နှင့် နောက်ထပ် အဖော်ဖြစ်ဟန်တူသူတစ်ယောက် ဝင်လာကာ သူ့ကိုမြင်တော့ နေမြင့်ဖော်က ဝမ်းသာအားရ နှုတ်ဆက်လာသည်။

"ဟာ ... ဟိတ်ကောင် လက်ာ၊ တစ်ယောက်တည်းလား"

"အေး ... လာကွာ ထိုင်၊ မင်းလည်း အရင်တစ်ခေါက်ပြန်လာပြီးကတည်းက ပျောက်သွားလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ပျောက်သွားဆို ငါ နှပူးကိုရောက်နေတာလေ၊ နှစ်နှစ်ရှိပြီ။ ခုမှ ခွင့်နဲ့တစ်ခေါက် ပြန်လာတာ။ ဒါ ငါ့ကာဆင်လေ၊ ဒီကောင့် မင်္ဂလာဆောင်အတွက် ခဏပြန်လာရတာ၊ သော်ဇေထွဋ်တဲ့"

"ထိုင်ကြလေကွာ"

နေမြင့်ဇော်နှင့် သော်ဇေထွဋ်တို့ ဝင်ထိုင်လိုက်စဉ်မှာပဲ နေမြင့်ဇော်ဆီ ဖုန်းတစ်ခု ဝင်လာခဲ့သည်။ နေမြင့်ဇော်က "ဩော် ... အင်း ... အင်း"ဟုဆိုလျက် ဖုန်းချအပြီးမှာ ...

"လက်ာ ... ငါ ဆာကူရာထဲ ခဏသွားလိုက်ဦးမယ်။ ပြီးရင် ပြန်လာခဲ့မယ်၊ မင်း သော်ဇေနဲ့ စကားပြောနှင့်လိုက်"

"အေး ... ရတယ် သွား"

နေမြင့်ဇော် ထွက်သွားမှ သော်ဇေက သူ့ကို အပြုံးတစ်ဝက်နှင့် ကြည့်လာရင်း ...

"အစ်ကို့ကို ကျွန်တော် သိပါတယ်၊ လှာသဝဏ် Suitor မဟုတ်လား"

သူ အနည်းငယ် အံ့သြသွားပြီးမှ ခေါင်းညိတ်ပြလိုက်သည်။ သော်ဇေထွဋ်က ဆက်ပြောလာခဲ့သည်။





"လှာသဝဏ်က ချစ်ဖို့ကောင်းပါတယ်"

သူ ခေါင်းကို ဆတ်ခနဲ ထောင်မတ်လိုက်ရင်း သော်ဇေထွဋ်ကို ကြည့်လိုက်သည်။ ဒီကောင်လေးက တစ်ခုခု ပြောချင်လို့ အစပျိုးနေတာလား မသိပါ။

"ဒါပေမဲ့ ..."

"မင်း ငါ့ကို တစ်ခုခု ပြောချင်နေတာ မဟုတ်လား။ လှာနဲ့ပတ်သက်ပြီးတော့၊ ပြောလေ နားထောင်ရတာပေါ့"

"အစ်ကို လှာသဝဏ်နဲ့ အဆင်ပြေလား"

"ဘာလို့ မေးတာလဲ"

"ကျွန်တော်က လှာသဝဏ်ရဲ့ Old flame ပါ။ အစ်ကို့ရှေ့က တစ်ယောက်ပေါ့။ ဒါပေမဲ့ ကျွန်တော် လှာသဝဏ်ကို ချစ်နေတုန်းပဲ"

"ဟမ် ... ဒါနဲ့ ခုန မင်းအစ်ကိုပြောတော့ မင်းလက်ထပ်တော့မလို့ဆို"

"ကျွန်တော် သူ့ကို သက်သက်မယ့်ရွဲ့ပြီး လက်ထပ်မှာပါ၊ မချစ်ပါဘူး၊ ကျွန်တော် ချစ်တာ လှာသဝဏ်ပဲ"

"မင်းဟာက ပေါ်တင်ကြီးပါလား။ ငါက အခုလက်ရှိ လှာ့ချစ်သူလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ချစ်တာကို ပြောပြတာပါ၊ လှသဝဏ်ကို လက်ထပ်ဖို့တော့ မသတီဘူး။ အစ်ကို စိတ်မပူပါနဲ့။ ကျွန်တော်က လှသဝဏ်ကို လက်ထပ်ဖို့ထက် နောက်ချေးခြောက်သော ကောက်စားပစ်လိုက်ချင်တယ်"

သူ တော်တော်စိတ်ဝင်စားသွားမိသည်။ ကောင်လေးကြည့်ရတာ သူ့မအပေါ် တော်တော်စက်ဆုတ်ပုံရသည်။

"ဘာဖြစ်လို့လဲကွ"

"မိန်းမတွေဟာ ယောကျ်ားတွေ မကောင်းဘူးလို့ပဲ မြင်ကြတယ်။ သူတို့အမြင်မှာ ယောကျ်ားတွေက ဖောက်ပြန်တယ်၊ သစ္စာမဲ့တယ်ပေါ့လေ။ သူတို့သာ နစ်နာလှတယ်၊ တကယ်တော့ အဲဒီလို မဟုတ်ဘူး။ မိန်းမတွေကသာ မကောင်းတာ။ သူတို့ မိန်းမတွေမှာ ယောကျ်ားတွေထက် ထက်မြက်တဲ့လက်နက် ရှိကြတယ်။ ဒါကြောင့် သူတို့ မိန်းမတွေ မကောင်းဘူးဟေ့ဆိုရင် ယောကျ်ားတွေ ခါးတောင်းကြိုက်လိုက်တောင် မမီတော့ဘူး"

"သူတို့မိန်းမတွေရဲ့ လက်နက်က ဘာတွေလဲ"

"မာယာ၊ ပရိယာယ်၊ လှည့်စားမှုနဲ့ ဉာဏ်နီဉာဏ်နက်နဲ့ ဆဲဗင်းကာလာ ဉာဏ်တွေလေ၊ ကျွန်တော်တို့ ယောကျ်ား





တွေဆီမှာ မရှိတဲ့ ဉာဏ်ဝါတွေ ဉာဏ်ပြာတွေ ဉာဏ်စိမ်းတွေ သူတို့မိန်းမဆီမှာ အကုန်ရှိတယ်။ အထူးသဖြင့် လှသဝဏ်ဆီမှာပေါ့"

"မင်းကြည့်ရတာ လှသဝဏ်ကို တော်တော်လေး နာကြည်းနေပုံပဲ"

"ဘယ်ပြောကောင်းမလဲ၊ အစ်ကို ပြောတာထက်တောင် လွန်သေးတယ်၊ ကျွန်တော့်ကို လှသဝဏ်က လေးနက်တည်ကြည်ဆိုတဲ့ လူအကြောင်း ပြောပြတယ်။ ဪ ... ခုလောက်ရှိ အစ်ကို လေးနက်တည်ကြည်ဆိုဟဲ့လူကို သိလောက်ပြီပေါ့"

"သိပါတယ်"

"အဲဒီတုန်းက လှသဝဏ် ပြောခဲ့တာတွေ ကျွန်တော်ဖြင့် မှတ်တောင် မမှတ်မိပါဘူး။ အများကြီးပဲ၊ အဲဒီလူကို တော်တော် အညွန့်တင်ထားတာ။ ကျွန်တော်ဆို လှသဝဏ်ကို အဲဒီနေရာမှာတင် သတ်ပစ်ချင်စိတ် ပေါက်ခဲ့ဖူးတယ်။ တရားဝင်ရည်းစားတစ်ယောက်အနေနဲ့ ဘယ်လိုမှ နားလည်မပေးနိုင်တဲ့ စကားလုံးကြမ်းကြမ်းတွေကို သူ ရွေးသုံးခဲ့တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဘာတဲ့ ... အိုင်ဒန်တစ်ကယ်မိုင်း(ဒ်)တဲ့၊ ကွန်ဆီး ဒရေးဗဲလ် လပ်(ဗ်)တဲ့၊ နောက် ရှိသေးတယ် ရှိသေးတယ်။ ဘာတွေလဲတော့ မမှတ်မိတော့ဘူး ...

ဒီတော့ ကျွန်တော် ပေါက်ကွဲတာပေါ့။ ကျွန်တော် ပေါက်ကွဲလည်း သူက မမှုပါဘူး။ လုံးဝဂရုမစိုက်တဲ့ပုံစံမျိုးပဲ။ အဲဒါ သူ့ကာရိုက်တာ ဖြစ်ကောင်းဖြစ်လိမ့်မယ်။ သူ့ပုံစံကိုက သွေးအေးအေးနဲ့ ...

ယောကျ်ား တော်တော်များများဟာ လွှာသဝဏ့်ဆီမှာ နစ်ဝင်မှုးကြတယ်။ ယောကျ်ားတွေရဲ့ Stature (စိတ်စွမ်းအား) နစ်ဝင်လောက်အောင်ကို လွှာသဝဏ်က Charm (ဆွဲဆောင်မှု) ရှိတယ်လေ။ ခပ်ရိုင်းရိုင်း ပြောရရင် Sexy ပေါ့"

သော်ဇေထွဋ် ပြောတာကို သူ ဆက်ပြီးနားထောင်နေမိသည်။ သူ့စိတ်က တစ်ခုခုကို ကြိုသိနေသလိုပင်။ မကြာခင် သူမနဲ့ပတ်သက်ပြီး တစ်ခုခု ထူးခြားတော့မည်။ သို့အတူ သူ့ရင်တွေလည်း ကြိုတင်ကွဲနှင့်နေသလို ရှိသည်။

"သူ့ veneer (အပေါ်ယံအလှ)အောက်ကနေ ရှန်းမထွက်နိုင်တဲ့ သကောင့်သားတွေက သူ့လိမ်ညာမှုတွေကို အရှုး





လုပ်ခံခဲ့ရတာ။ သူ့အကြောင်းကို ဒီလောက်ကြီး နစ်နစ်ဝင်ဝင် မသိလှသေးပေမယ့် သူ့သွေးအေးအေးနဲ့ ပြုံးတတ်တဲ့ နှုတ်ခမ်းက non-stop ပြောတဲ့ ကိုလေး ကိုလေး ဆိုတာကြီးကို နားမခံသာတဲ့အဆုံး ကျွန်တော်တို့ ပြတ်ခဲ့ကြတယ်၊ သူနဲ့ပတ်သက်ပြီး တစ်လလောက်အကြာမှာ ကျွန်တော် ထပ်သိခဲ့ရတာတွေရှိတယ်၊ အဖြစ်က ဒီလို ...

ကျွန်တော့် အန်တီလေး ကိုယ်ဝန်ရှိတော့ အိမ်အတွက် Charwoman (ကူဖော်လောင်ဖက် အမျိုးသမီးကြီး) ကို ခေါ်တော့ ဒေါ်စိန်မှတ် ဆိုတဲ့ အဒေါ်ကြီး ရောက်လာတယ်။ သူက လေးနက်တည်ကြည်နဲ့ လွှာသဝဏ်တို့အိမ်က Charwoman အဖြစ် ဆင်းလာပြီး ကျွန်တော့်အိမ် ရောက်လာခဲ့တာ။ အဲဒီမှာ ကျွန်တော် လွှာသဝဏ့်အကြောင်းတွေ သိခဲ့ရတာပဲ"

စကားအရှည်ကြီးကို ပြောပြီး မောသွားသလို သော်ဇေထွဋ်က စားပွဲပေါ်မှ သောက်ရေသန့်ပုလင်းအဖုံးကိုဖွင့် ဖန်ခွက်ထဲသွန်ချပြီး သောက်လိုက်ပြီးမှ ဆက်ပြောသည်။

"ဒေါ်ကြီးစိန်က ပြောတယ်။ လေးနက်တည်ကြည်နဲ့ လွှာသဝဏ်က တိတ်တိတ်ပုန်း ညားနေတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံသည် မိုးကဲ့သို့ ထစ်ချွန်းသွားသည်။ ကြားလိုက်ရတဲ့စကားကြောင့် သူ့ခေါင်းပေါ် မိုးကြိုးဆယ်ကြိမ်လောက် ပစ်ချလိုက်သလို အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားခဲ့ရသည်။

"ဒေါ်ကြီးစိန်က သူတို့နှစ်ယောက်အကြောင်းကို အသေးစိတ် ကျွန်တော့်ကို ပြန်ပြောပြခဲ့တာ။ လှသဝဏ်နဲ့ လေးနက်တည်ကြည်ကို အခန်းတစ်ခုထဲကနေ အပူးလိုက်ထွက်လာတာကို ခဏခဏတွေ့ရတယ်တဲ့။ ညဘက် လူခြေတိတ်ချိန်မှာဆိုလည်း မအိပ်နိုင်ကြသေးဘူး။ ဒန်းပေါ်မှာ တစ်ခါတလေ ဖက်နေတာတွေ့ရတယ်၊ တစ်ခါတလေ လှသဝဏ်က လေးနက်တည်ကြည်ပေါင်ကို ခေါင်းအုံးပြီး အိပ်နေတာ တွေ့ရဖူးတယ်တဲ့ ...

နောက် ရှိသေးတယ်။ လှသဝဏ် menses ဖြစ်တဲ့အခါ သောက်ဖို့ဆေးကိုလည်း သူက သေချာမှတ်ပြီး ဒေါ်ကြီးစိန်ကို ဆေးကျိုခိုင်းခဲ့တာတဲ့"

သူ မျက်လုံးတွေကို ဖိမှိတ်ထားလိုက်မိသည်။ ဆက်ပြီးတော့ နားမထောင်ရဲလောက်အောင် ဖြစ်ရသည်။ သို့သော် သူက အခုလက်ရှိ သူမရဲ့ချစ်သူတစ်ယောက် ဖြစ်တဲ့အတွက် သူမအကြောင်းတွေကို သိထားချင်ခဲ့ပြန်သည်။ သိလည်း သိသင့်တယ် မဟုတ်လား။





"သူတို့နှစ်ယောက်က အခွေကြည့်ရင်လည်း ဟောလိဝုဒ်ကရာဂမြူဆွယ်ခန်းတွေကို အတူကြည့်ဖို့ ဝန်မလေးဘူးတဲ့၊ လှသဝဏ်က တစ်ခါတလေကျရင် လေးနက်တည်ကြည်ရှေ့မှာတောင် အဝတ်လဲချင် လဲနေတတ်ပြန်တယ်တဲ့"

တစ်ခါက သူမခြံဝမှာ သူသွားစောင့်နေစဉ် လေးနက်တည်ကြည် အိမ်ထဲဝင်ပြီး အင်္ကျီဝတ်ကြည့်နေတာဟုဆိုသော သူမစကားကို ချက်ချင်းသတိရမိလိုက်သည်။ ဒါ ... ဒါဆို သော်ဇေထွဋ် ပြောတာတွေဟာ အပိုပြောတာ မဖြစ်နိုင်တော့ဘူး။ အားလုံး အမှန်တွေချည်းပဲ ဖြစ်လိမ့်မည်။

"လှသဝဏ်အတွက် အဝတ်အစားတွေ၊ အဝတ်အစားဆိုတဲ့ နေရာမှာ Stockenette (အတွင်းခံဘောင်းဘီ)ကအစ ဝယ်ပေးတာတဲ့။ ခါးဘယ်လောက်ဆိုတာလည်း သူသိတာပဲ။ အဲဒါကတော့ မယုံမရှိနဲ့။ တစ်ခါက ကျွန်တော် မိုလ်ချုပ်ဈေးကို သွားတော့ သူတို့နှစ်ယောက်ကို တွေ့တယ်။ လှသဝဏ်က ဇာဘော်လီဆိုင်ထဲမှာ အထည်အပ်နေတာ ထင်ပါရဲ့။ လေးနက်တည်ကြည်က လှသဝဏ့် ဘေးမှာ ဖုန်းပြောနေတာ တွေ့ရတယ်။ ဝတ်တော့ လူကြီးလူကောင်း ဆန်ဆန် ဝတ်စားပြီး ဇာဘော်လီဆိုင်ထဲ သူ ဝင်စရာလား။ သူတို့နှစ်ယောက်က ဘာမို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော် ... တော်ပါတော့ ငါ့ညီရာ၊ မပြောပါနဲ့တော့၊ ကြားတောင် မကြားချင်တော့ပါဘူး"

"အဲဒါကြောင့် ကျွန်တော် ပြောတာပေါ့၊ လှသဝဏ်ရဲ့ မျက်နှာကို ကြည့်မယ့်အစား လတ်လတ်ဆတ်ဆတ် နွားချေးပုံကိုပဲ ကြည့်လိုက်တော့မယ်၊ လှသဝဏ်ကို ရွံတယ်"

"ငါသိပါပြီ ... ငါသိပြီ သော်ဇေ၊ ငါ မိန်းမတစ်ယောက်ရဲ့အလှည့်စားကို မခံတော့ဘူး"

"အဲဒီလိုပဲ ဖြစ်သင့်ပါတယ်။ ယောက်ျားဆိုတာ ရွေးချယ်မှု မှန်ကန်ရမယ်။ စဉ်းစားဆင်ခြင်တတ်ရတယ်။ တွေဝေမနေသင့်ဘူး။ ကျွန်တော်က အစ်ကို့ကို မိန်းမတစ်ယောက်ချတဲ့ကွန်မှာငြိမယ့် ငါးတစ်ကောင် မဖြစ်စေချင်လို့ပါ"

သူ ခေါင်းငိုက်စိုက် ကျသွားသည်။ ချစ်တယ်။ သူမကို အသက်ထက်မက ချစ်တယ်။ ဒါပေမဲ့ တိတ်တိတ်ကလေးပဲ ချစ်နေပါတော့မယ်။ သော်ဇေထွဋ် ပြောသလို ဘယ်အရာကိုမှ တရားဝင် ပတ်သက်ဖို့ မကြိုးစားတော့ဘူး။ သူ ပြတ်သားမှ ဖြစ်တော့မယ်။

ထိုခဏမှာ သော်ဇေထွဋ်ဆီ ဖုန်းဝင်လာခဲ့သည်။ ဖုန်းဆက်လာသူ နေမြင့်ဇော်က ဘာပြောနေသည် မသိ၊ သော်ဇေထွဋ်က သူ့ထံ ဖုန်းကိုကမ်းပေးလာတော့ သူ ယူပြီးနားထောင်ကြည့်လိုက်သည်။

"လက်ာ ... ငါ မြင့်ဇော်၊ ကိစ္စက အရေးကြီးလို့ကွာ၊ ဆာကူရာထဲကနေ မော်ဘီဘက် သွားနေပြီ။ အားတော့ နာပါတယ်ကွာ၊ နောက်တော့ အေးအေးဆေးဆေးဆုံပြီး စကားပြောကြတာပေါ့၊ မင်း အဲဒီမှာ သော်ဇေနဲ့ စကားပြောလေကွာ၊ အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ်၊ မင်း နောက်ဆံတင်းမနေနဲ့၊ ကိစ္စမရှိပါဘူး၊ ဒါပဲနော်"

ဖုန်းကို သော်ဇေ့လက်ထဲ ပြန်ထည့်ပေးလေသည်။ သော်ဇေက သူ့အစ်ကိုဖြစ်သူနှင့် စကားတွေ ပြောနေပြီးမှ ဖုန်းပိတ်လိုက်ပြီး သူနဲ့ တွေရာလေးပါး စကားဆက်ပြောနေခဲ့သည်။ စကားပြောနေပေမယ့် သူ့စိတ်တွေက ခန္ဓာနှင့် လုံးဝကပ်မနေပါ။

သူမနဲ့ မျက်နှာချင်းဆိုင်ပြီး ဖွင့်မေးလိုက်ချင်တဲ့စိတ်တွေက ရင်ထဲမှ တလိပ်လိပ် လှိုက်တက်လာခဲ့သည်။ သော်ဇေထွဋ်က စကားပြောဆိုပြီး ထသွားချိန်မှာ သူလည်း အချိန်မဆိုင်းတော့ဘဲ ကောက်ခနဲ ထထွက်လာပြီး သူမအိမ်သို့ ကားကိုမောင်းလာခဲ့လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ့စိတ်ကူးက သူမအိမ်ရှေ့ထိ ကားအရောက်မောင်းလာခဲ့ပြီး ခြံဝကနေပဲ ဖုန်းဆက်ကာ သူမ ထွက်လာလျှင် သူ့ကားနှင့် ခေါ်လာခဲ့ပြီး လွတ်လပ်တဲ့ တစ်နေရာမှာ ပေါက်ကွဲမည်ဟု ဆုံးဖြတ်ထားခဲ့တာ။

ခုတော့ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် သူ့စိတ်ထဲ ကျင်ခနဲ ဖြစ်သွားသည်။ နှလုံးသားက အပြောနဲ့တင် ကွဲပြီးသားပါ။ လူကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့လိုက်ရတော့မှပဲ သော်ဇေထွင့် ပြောတာတွေကို အကြွင်းမဲ့ ယုံကြည်လက်ခံလိုက်တော့သည်။

သူ မြင်နေရတာက ဒန်းပေါ်မှာ ထိုင်နေသော လေးနက်တည်ကြည်ရဲ့ ရင်ခွင်ထဲမှာ ခိုဝင်နေသော သူမကိုဖြစ်ပြီး သူ ကြည့်နေစဉ်မှာပင် လေးနက်တည်ကြည်က သူမနဖူးကို ဖွဖွ နမ်းလိုက်တာ တွေ့လိုက်ရသည်။ ကိုယ်နဲ့သက်ဆိုင်သူ မဟုတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့အနမ်းကို ငြိမ်သက်စွာ ခံယူတတ်တဲ့ မိန်းမကို သူ ဘယ်လိုမှ အထင်ကြီးလို့ မရပါ။

သူမထံလည်း ဖုန်းခေါ်မနေတော့ဘဲ ကားကို တိတ်တဆိတ် ပြန်မောင်းလာခဲ့ပြီး ဆောင်းနှင်းပွင့်တို့အိမ်မှာ အချိန်တွေကို





ကုန်ဆုံးစေလိုက်သည်။ တွေ့ခဲ့ရတဲ့ သူမပုံစံက ခပ်နွမ်းနွမ်းလေး ဖြစ်နေကာ ပိန်ကျသွားခဲ့သည်။ မေ့ဖျောက်ပစ်ရမယ်။ သူမ အကြောင်းတွေးနေလို့ မဖြစ်ဘူး။ ညရောက်ရော သူမဆီကို ဖုန်းခေါ်လိုက်သည်။ "ဟယ်လို"ဟု ထူးသော သူမအသံကပင် ဖျော့တော့နေခဲ့သည်။

"အလကာပါ ... မင်း အားလား လွှာ"

တကယ်တော့ လွှာသဝဏ်လို့ ခေါ်လိုက်ချင်တာပါ။ အဲဒီလို ခေါ်လိုက်ရင် သူ စိတ်ဆိုးနေမှန်း သူမ ရိပ်မိသွားလိမ့်မည်။ ရိပ်မိသွားလို့ မဖြစ်ဘူး။ အချိုသတ်ခေါ်မှ။

"အခုလား ... ညဘက်ကြီးကို"

"မဟုတ်ပါဘူး၊ မနက်ဖြန်ကို ပြောတာ"

"အားတယ်"

"ဒါဖြင့်ရင် မစ္စတာဂစ်တာကို မနက်ဆယ်နာရီလောက် လာခဲ့ပါ။ ကိုယ် စောင့်နေမယ်၊ ပြောစရာရှိလို့၊ လာခဲ့မှာ လား"

"လာခဲ့မယ်လေ၊ ပြောစရာ ရှိသေးလား"

"အင်း ... ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



တခြား ဘာမှမပြောချင်သဖြင့် သူ စကားကိုတိခနဲ ဖြတ်ချလိုက်ရင်း ဖုန်းပိတ်လိုက်သည်။ နောက်နေ့မနက်ကျတော့ သူ ဆယ်နာရီမှ အိမ်ကထွက်ကာ ဆောင်းနှင်းပွင့်ကို ဝင်ခေါ်လိုက်သည်။

"မစ္စတာဂစ်တာမှာ လက်ဖက်ရည်သွားသောက်မလို့ နှင်းပွင့် ခဏလောက် လိုက်ခဲ့ပေးပါ"

ဟု ဆိုလျက် ဆောင်းနှင်းပွင့်ကို ဘာတစ်ခုမှ အသိပေးမထားဘဲ ခေါ်လာခဲ့သည်။ မစ္စတာဂစ်တာထဲ သူနဲ့နှင်းပွင့် ရောက်သွားတော့ အချိန်က ဆယ့်တစ်နာရီနှုတ်ခမ်း ကပ်နေပြီ။ သူတို့နှစ်ယောက် ယှဉ်တွဲဝင်လာတာကို သူမက မြင်သွားပုံရသည်။ သို့သော် သူမက ဝမ်းနည်းကြေကွဲဟန်ဖြင့် ခေါင်းကို ပြန်ငုံ့မသွားခဲ့။ မျက်နှာကို ပြန်လွှဲမသွားခဲ့ချေ။ သူတို့နှစ်ယောက်ကို တည်ငြိမ်တဲ့ မျက်ဝန်းများဖြင့်သာ စိုက်ကြည့်နေခဲ့သည်။

"ဟာ ... လွှာသဝဏ်ပါလား၊ တစ်ယောက်တည်းလား"

"အင်း ... တစ်ယောက်တည်းပဲ"

သူ့ဆီးမှာ နှင်းပွင့်ပါလာသဖြင့် သူမကိုအမှတ်မထင်တွေ့လို့ နှုတ်ဆက်ဟန်မျိုးကို နှုတ်ဆက်လိုက်သည်။ သူမကလုံးဝ အူကြောင်ကြောင် ဖြစ်မသွားဘဲ အေးအေးဆေးဆေး ပြန်ဖြေသည်။





"ဒီမှာပဲ ထိုင်လိုက်တော့မယ်၊ ဖြစ်ရဲ့လား လွှာသဝဏ်၊ ဘယ်သူမှ မရှိဘူးဆို ငါတို့ထိုင်လို့မရလား"

"ရတယ် ... ထိုင်လေ"

"လာ နှင်းပွင့် ထိုင်၊ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ငါ့ရဲ့ Fianoee ပေါ့၊ ရက်တော့ မသတ်မှတ်ရသေးပါဘူး။ ဆောင်းနှင်းပွင့်တဲ့။ အဖြူထည်လေးနော်၊ လုံးဝကို ဖြူစင်တာ။ နာမည်လေးတင် မဟုတ်ဘူး။ လူကိုလည်း ကြည့်လိုက်ဦး။ နှင်းပွင့်ကို ကိုယ်အကြိုက်ဆုံးကတော့ ဘယ်ယောကျ်ားလေးနဲ့မှ ပတ်သက်ဆက်ဆံမှု မရှိဘဲ အေးအေးချမ်းချမ်း နေတတ်တာပဲ။ ဟုတ်တယ်နော် နှင်းပွင့်"

"ကိုကလည်း အရမ်းကြီး ချီးကျူးနေတော့တာပဲ၊ နှင်းက ဒီလောက်လည်း မဟုတ်ပါဘူး"

"ကွန်ကရက်ကျူလေးရှင်းပါ လက်ာ၊ Wedding ကျရင် ကျွန်မကို ဖိတ်ဦးနော်"

"စိတ်ချ ... စိတ်ချ ဖိတ်မယ်။ မင်္ဂလာပန်းကုံးစွပ်ပေးရအောင် ဖိတ်စာကို သီးသန့်ပို့ပေးလိုက်မယ်နော်။ ငါတောင်မနေ့က ကော်ဖီဆိုင်မှာ နေမြင့်ဇော်နဲ့ တွေ့သေးတယ်၊ သိတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မသိပါဘူး"

"နေမြင့်ဖော်ညီက သော်ဇေထွန်းလေ။ သိတယ် မဟုတ်လား သော်ဇေထွန်းကိုတော့ ... သိမှာပါ"

"သိပါတယ်"

"သူတောင် ဒီအပတ် မင်္ဂလာဆောင်တော့မယ်၊ လွှာသဝဏ်ကို ဖိတ်သေးလား"

"ဖိတ်တယ်၊ အိမ်ကို ဖိတ်စာရောက်နေပြီ။ သူတို့မင်္ဂလာပွဲ အမှတ်တရ ဖြစ်သွားအောင် ကျွန်မက လက်ထပ်လက်စွပ် ချီးမြှင့်ပေးဖို့တောင် ပြောပြီးသွားပြီ"

"ငါတို့မင်္ဂလာပွဲအတွက် အကြိုလေးပေါ့၊ စား ... ကြိုက်တာစား လွှာသဝဏ်၊ ငါတို့ ရှင်းပေးမယ်"

"ရပါတယ် မစားတော့ပါဘူး။ ခုပဲ ပြန်တော့မှာ။ သွားတော့မယ် နှင်းပွင့်"

"ဟုတ်"

သူမက မျက်နှာတစ်ချက် မပျက်ယွင်း၊ အသံတစ်ချက်မတုန်၊ ခြေလှမ်းလည်း မမှားဘဲ ဣန္ဒြေရလှစွာဖြင့် သူ့ရှေ့မှ ထွက်ခွာသွားခဲ့သည်။ သူမရဲ့ခေါင်းမာမှု၊ အသည်းမာကျောမှု၊ သွေးအေးမှုနှင့် သံသယတွေကို မဖြို့ခွဲတတ်သည့် စိတ်တို့က သူ့





ရဲ့ပေါက်ကွဲမှု ခံစားနာကျင်ရမှု အရှုံတိုက်မှု မုန်းတီးနာကြည်းမှုတွေနှင့် ပေါင်းစပ်သွားသောအခါ သိပ်ချစ်ခဲ့ပါသော နှလုံးသားတစ်စုံက နှစ်နှစ်ချီပြီး ဝေးခွာသွားစေခဲ့တော့သည်။

○◆○

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဝင်စားစာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com







(၃)နှစ်ကြာပြီးနောက်...

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

အသက်ရှူလိုက်တိုင်းမှာ ရင်းနှီးနွေးထွေးစွာ ဝင်ရောက်လာသော သင်းရနံ့လေကို သူ မြတ်နိုးခုံမင်စွာနှင့် လွတ်လပ်စွာ ရှိုက်သွင်းလိုက်ရင်း လေတစ်ချက် ချွန်လိုက်လေသည်။ ဒီမြေ ဒီရေ ဒီလေနဲ့ ကင်းကွာနေခဲ့တာ သုံးနှစ် ရှိခဲ့ပြီ။

မြန်မာနိုင်ငံထဲကို ပြန်ရောက်လာတာ တစ်ပတ်ရှိနေသော်လည်း အရာရာသည် သူနဲ့ သုံးနှစ်တာ အဆက်အသွယ်ပြတ်တောက်သွားခဲ့သဖြင့် အားလုံးက သူ့အတွက် စိမ်းနေခဲ့သည်။ စိမ်းနေတဲ့ အရာတွေကို ရင်းနှီးမှု ပြန်ရယူဖို့အတွက် ဒီကိုပြန်ရောက်လာကတည်းက သူ တစ်စက်ကလေးမှ အငြိမ်မနေခဲ့။ မိုလင်းကနေ မိုးချုပ်ထိ ကားတစ်စီးနှင့် လျှောက်ပတ်နေခဲ့သည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ကားကို ပါကင်ထိုးပြီး ကုန်တိုက်ထဲသို့ ဘာရယ်မဟုတ်ဘဲ လျှောက်ပတ်ကြည့်နေခဲ့သည်။ မဝယ်ဖြစ်ဘူး ဆိုရင်တောင် အလွန်ဆုံး အကျီတစ်ထည်တော့ ဝယ်ဖြစ်မှာပေါ့လေ။

ကုန်တိုက်ထဲမှာ အချိန်အတော်ကြာ လျှောက်ကြည့်နေပြီးကာမှ စာအုပ်တွေရောင်းတဲ့နေရာရောက်တော့ စာအုပ်တွေကို မြည်းစမ်းရင်း ကြိုက်တဲ့စာအုပ်တစ်အုပ်ကို ဆွဲယူလိုက်စဉ်မှာ သူ့လက်ထဲမှ စာအုပ်က အရှိန်လွန်ပြီး လက်ထဲမှ ခုန်ထွက်သွားခဲ့သည်။

နောက်လှည့်ပြီး စာအုပ်ကိုကောက်ဖို့ အလုပ်မှာ နှစ်နှစ်အရွယ် ကလေးတစ်ယောက်ကို ချီထားသော အမျိုးသမီးက သူ့မခြေထောက်နား ကျလာတဲ့ စာအုပ်ကို ကုန်းကောက်လိုက်ပြီး ပြန်အရပ်မှာ သူ အံ့သြသွားမိသည်။ မေ့ပျောက်ဖို့ ကြိုးစားပြီး ဒီမြေကို စွန့်ခွာသွားခဲ့ပေမယ့် သူမကို တွေ့တော့ ဘယ်ဘက်ရင်အုံနေရာက ဝုန်းဒိုင်းကြဲ ခုန်ပေါက်လာတော့သည်။

"လှ"

သူ ခေါ်လိုက်တော့ သူမက ပြုံးပြသည်။ သူမအပြုံးသည် သူ့ကို ယခုချိန်ထိ ညှို့မြူနေဆဲ။ သူမချီထားတဲ့ ကလေး





လေးက လေးနက်တည်ကြည်နဲ့ တူလိုက်တာ။ တစ်ရုပ်တည်းပဲ။ ဒါဆို သူမ ... သူ့ကိုလေး ဆိုသူနှင့် လက်ထပ်လိုက်တယ်ပေါ့။

"နေကောင်းတယ်နော်"

"ကောင်းတယ်၊ မတွေ့ရတာတောင် ကြာပြီနော်"

"လှ ... တစ်နေရာရာမှာ စကားသွားပြောကြရအောင်လား"

"(-)လွှာမှာ ကော်ဖီရှော့ပ် ရှိတယ်လေ၊ အဲဒီကိုပဲသွားရအောင်"

သူ့မှာသာ သူမကိုတွေ့တော့ မျက်လုံးအစုံ ပြူးကျယ်ပြီး အံ့သြသွားရတာ။ သူမကတော့ ဧပ်အေးအေးပဲ။ စကားပြောတာကအစ တည်ငြိမ်နေသည်။ သူမဟာ အရင်လို သွေးအေးနေတုန်းပဲ၊ ဘာမှမပြောင်းလဲဘူး။ ပြောင်းလဲသွားတာကတော့ သူမဟာ အိမ်ထောင်သည်တစ်ယောက် ဖြစ်သွားခဲ့တာပဲ။

သူမကဦးဆောင်ပြီး ကော်ဖီဆိုင်လေးရှိရာသို့ လျှောက်သွားလိုက်သည်။ ဆိုင်ထဲရောက်တော့လည်း နှစ်ယောက်သား ကော်ဖီတစ်ခွက်စီပဲ မှာလိုက်ကြသည်။ စကားမပြောဖြစ်သေး။ ဘယ်ကစပြောမလဲဆိုတာ အစရှာမတွေ့သေး ဖြစ်နေခဲ့သည်။ နောက်ဆုံးတော့ စကားမရှိ စကားရှာကာ သူမလက်ထဲမှာ ချီထားသော ကလေးလေးကို တစ်ချက်စိုက်ကြည့်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကလေးက လေးနက်တည်ကြည်နဲ့ တစ်ရုပ်တည်းပဲနော်"

"ပြောလည်း ပြောတတ်ပရှင်၊ ကိုလေး သားပဲဟာ၊ ကိုလေးနဲ့ တစ်ရုပ်တည်းပေါ့"

သူ သက်ပြင်းချလိုက်သည်။ အချိန်တွေက လွန်သွားပြီ။ သူမကို ခွင့်လွှတ်တယ်၊ နားလည်ပေးနိုင်မယ် ဆိုရင်တောင် ပိုင်ဆိုင်ဖို့ အခွင့်အရေးလုံးဝမရှိတော့ပြီ။ သူ့ရင်ထဲ တင်းကျပ်ပိတ်ဆို့လို့သွားသည်။

"လွှာ ... မင်း ပျော်လား။ မင်းတို့အိမ်ထောင်ရေး သာယာရဲ့လား"

နောက်ဆုံးတော့ ဒီမေးခွန်းတစ်ခုပဲ မေးစရာရှိတော့သည်။ သူ မေးလိုက်တော့ သူမရဲ့မျက်ခုံးနှစ်ဖက် ပင့်တက်သွားကာ နှုတ်ခမ်းလေးပင် မသိမသာ ဟသွားခဲ့သည်။ မျက်လုံးကလည်း အံ့ဩသွားသလို ဝိုင်းစက်ပြူးကျယ်နေသည်။ ခဏနေမှ သူမက တသိမ့်သိမ့် ရယ်မောလာပြီး ...

"ပျော်တာပေါ့၊ ဟိုရင်တစ်ချိန်က တစ်ယောက်တည်း အထီးကျန်ဆန်ခဲ့ပေမယ့် ခုတော့ ကျွန်မဘဝထဲကို မထင်မှတ်ဘဲ ဒါလေးရောက်လာခဲ့တဲ့အတွက် မပျင်းရတော့ဘူးပေါ့။ ပျော်တယ်၊ ကျွန်မဘဝကို ကျွန်မ ပျော်တယ်"





"မင်းပျော်ရင် ပြီးတာပါပဲလေ၊ တစ်နေ့ ဒီလိုဖြစ်လာမယ်လို့ ကိုယ် ဟိုအရင်တည်းက ကြိုတွေးထားပြီးသားပါ"

"ကျွန်မကိုတော့ မေးတယ်၊ ရှင်ရော ... ဘယ်လိုအခြေအနေရှိလဲ။ ကလေးတွေ ဘာတွေ ရနေပြီလား"

"ကလေး ... ကလေး ဟုတ်လား။ ဘယ်က ကလေးလဲ"

"သြော် ... ရှင်ကလည်း အူကြောင်ကြောင်နဲ့။ ရှင်တို့အိမ်ထောင်ရေးရော အဆင်ပြေလားလို့ မေးတာ။ ဆောင်းနှင်းပွင့်မှာရော ကိုယ်ဝန်ရှိနေပြီလား၊ ကလေးရနေပြီလား၊ အဲဒါကိုမေးတာ"

သူ အခုမှ သဘောပေါက်တော့သည်။ သူမ ပြောတဲ့ ဆောင်းနှင်းပွင့်ကိုတောင် မှတ်မိအောင် မနည်းကြိုးစားယူပြီးမှ ...

"ကိုယ် ခုချိန်ထိ တစ်ယောက်တည်းပဲ လွှာ"

"ဟင် ... လက်မထပ်ဖြစ်ဘူးလား"

သူ ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းပြလိုက်သည်။

"လွှာ ... ကိုယ် မင်းမဟုတ်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ရဲလောက်တဲ့အထိ သတ္တိမရှိခဲ့ဘူး။ လက်လည်း



www.burmeseclassic.com

www.burmeseclassic.com



မထပ်နိုင်ဘူး၊ လက်လည်းမထပ်ချင်ဘူး။ ဘယ်တော့မှလဲ လက်ထပ်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ... ဒါပေမဲ့ကွာ”

သူ စကားတို့ ရှေ့ဆက်လို့မရတော့ဘဲ အသံတွေက အက်ကွဲလာခဲ့သည်။ သူမက လိမ္မာပါးနပ်စွာပင် သူ့“ဒါပေမဲ့” ကို အဆက်မစံခဲ့ဘဲ ...

“ဒါပေမဲ့ လက်ဘက သုံးနှစ်တောင် ပျောက်ချက်သားကောင်း နေခဲ့တယ်။ သတင်းအစနအနလေးတောင် မရခဲ့ဘူး”

“သုံးနှစ်လုံးလုံး ကိုယ် ဒီမှာမှ မရှိခဲ့ဘဲ၊ ကိုယ့်ဒေါ်လေးရှိတဲ့ ကနေဒါကို ရောက်နေခဲ့တာ၊ ပြန်ရောက်တာမှ တစ်ပတ်ပဲ ရှိဦးမယ်”

“သြော်”

ထိုစဉ် သူမဖုန်းလေး အသံမြည်လာသဖြင့် သူမ ဖွင့်နားထောင်နေတာကို သူ နားစွင့်နေလိုက်သည်။

“လာခဲ့မယ်၊ လာခဲ့မယ် ကိုလေး။ ဒီမှာ ရှာ အသိတစ် ယောက်နဲ့ စကားပြောနေလို့။ ဟုတ်ကဲ့”

သူမက ဖုန်းဆက်အပြီးမှာ သူ့ကို မော့ကြည့်လာပြီး ...





“ကျွန်မ ပြန်တော့မယ် လက်ဘ၊ ကိုလေး စိတ်ပူနေပြီ။ ကော်ဖီဖိုး ကျွန်မ ရှင်းခဲ့လိုက်မယ်”

“ဒီလောက်ထိ စိမ်းကားပြဖို့ မလိုပါဘူးကွာ၊ ကော်ဖီတစ်ခွက်ဖိုးတော့ ကိုယ် ရှင်းပါရစေ”

“ဒါဆို ကျွန်မ သွားတော့မယ်နော်”

သူ ခေါင်းညိတ်ပြလိုက်သည်။ သူမက ကလေးကို ချီပြီး သူ့မျက်စိရှေ့က ထွက်သွားတာမြင်တော့ လွန်ခဲ့တဲ့သုံးနှစ်က သူမအပေါ် ဘာလို့ ခွင့်လွှတ်ပေးဖို့ မကြိုးစားခဲ့တာလဲ။ နားလည်ပေးဖို့ ဘာလို့ မကြိုးစားခဲ့တာလဲ ဆိုပြီး တွေးကာ ကိုယ့်ကိုယ်ကိုယ်-နောင်တရမဆုံး ဖြစ်ရသည်။

လွှာ ... မင်းကို အခုထိ ကိုယ် ချစ်နေဆဲပါ။

○❖○



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် မျက်စိထဲ မိုက်ခနဲ ပင် ဖြစ်သွားသည်။ လေးနက်တည်ကြည်ဟာ ဒီလိုလူစားမျိုးလား။ သူ ထင်ခဲ့တာက သူမဟာ လေးနက်တည်ကြည်နဲ့သာ အိမ်ထောင်ကျခဲ့ရင် သူမတစ်သက်လုံး စိတ်ချမ်းသာရမှာ။

. အနိုင်အမာ ရှိခဲ့ပြီးသား သံယောဇဉ်ကြောင့် မဖောက်ပြန်ဘူး သစ္စာမဲ့မှာ မဟုတ်ဘူးဆိုပြီး လေးနက်တည်ကြည်ကို အထင်ကြီးခဲ့မိသည်။ ခုတော့ သူချစ်နေဆဲ သူမဟာ ယောကျာ်းတစ်ယောက်ရဲ့ သစ္စာဖောက်ခြင်းကို ခံနေရပါလား။

မိန်းမတစ်ယောက်ကို ရဲရဲတင်းတင်း ပခုံးဖက်ပြီး စားသောက်ဆိုင်ထဲ ဝင်လာသော လေးနက်တည်ကြည် မျက်နှာကို ဆင့်ကာ ဆင့်ကာ ဆွဲထိုးပစ်လိုက်ချင်သည်။ သူမလေးကို သနားလိုက်တာ။ ဒီအကြောင်းတွေကို သူမ သိရှာလိမ့်မှာ မဟုတ်ဘူး။ အိမ်ထောင်သက် သုံးနှစ်လေးပဲ ရှိသေးတာကို လေးနက်တည်ကြည်က ဖောက်ပြန်နေခဲ့ပြီ။





သူ ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ လေးနက်တည်ကြည်တို့ ထိုင်နေရာစားပွဲသို့ လျှောက်သွားလိုက်သည်။ ဘေးနားရပ်လိုက်သဖြင့် ထိုနှစ်ယောက်လုံး သူ့ကို မော့ကြည့်လာခဲ့သည်။ လေးနက်တည်ကြည်ရဲ့ မျက်ဝန်းများက သူ့ပေါ်မှာ ရင်းနှီးနှစ်လိုဟန် များစွာနှင့် ...

"လက်ာ ... အလက်ာ၊ လာ ... ထိုင်လေ ညီ၊ ကိုယ်လည်း မင်းကို ပြောပြစရာတွေ ရှိနေတာနဲ့ အတော်ပဲ။ ပျောက်လှချည်လားကွ ဟော ... လွှာနဲ့ရော တွေ့ပြီးပြီလား"

သူ တော်တော်လေးကို အံ့သြသွားခဲ့သည်။ ဒီလူ စကားပြောပုံက ညီတစ်ယောက်ကို ချစ်ချစ်ခင်ခင် စကားပြောနေသလိုပင်။ လွှာနဲ့တွေ့ပြီးသွားပြီလားတဲ့။ တစ်လောလေးက သူနဲ့တွေ့ခဲ့တာကို သူမက လေးနက်တည်ကြည်ကို ပြောမပြထားဖူးထင်သည်။

အင်းပေါ့လေ ... ဘယ်ပြောပါ့မလဲ။ တစ်ချိန်က ရည်းစားနဲ့ ပြန်တွေ့တဲ့အကြောင်း ဘယ်သူက ကိုယ့်ယောကျာ်းကို ပြောပါ့မလဲ။ သူ ထိုင်ခုံပေါ် ဝင်ထိုင်လိုက်သည်။

"ဒါ ကိုယ့်အမျိုးသမီးလေ လက်ာ၊ မြသစ္စာတဲ့၊ ကိုယ်တို့တောင် သုံးနှစ်ရှိပြီ၊ အိမ်ထောင်သက်က။ သားလေးရှိတယ်၊ လွှာနဲ့ကပ်နေတာနဲ့ ခေါ်မလာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

သူခေါင်းတောင် ချာချာလည်သွားသည်။ သူထင်သလို မဟုတ်ဘူးလား။ လေးနက်တည်ကြည်က သစ္စာဖောက်တာ မဟုတ်ဘူးလား။ သူမကရော ပြောတော့ လေးနက်တည်ကြည်နဲ့ အိမ်ထောင်ကျပြီး သားတစ်ယောက်တောင် ရပြီဆို။

ဘာတွေလဲ …။ သူ ဘယ်လိုနားလည်ရမလဲ။

"ဘာလို့ ထအော်တာလဲ လက်ာ။ ဘာဖြစ်လို့လဲ"

"ဟို … ဟို …၊ ကျွန်တော် ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ ပြောရမှာ ဒီကအစ်မကို အားနာတယ်"

"ဩော် … လွှာ့ကိစ္စကို ပြောဖို့ထင်တယ်။ ပြောပါ ရပါတယ်၊ မြကနားလည်မှု ရှိပါတယ်"

"အဆင်ပြေရဲ့လား မောင်လေး။ အဆင်မပြေရင် မမတခြားစားပွဲဝိုင်း ရွှေ့ပေးရမလား။ မောင် … မြ ဘယ်လို လုပ်ပေးရမလဲ"

"ရတယ် မြ နေနေပါ၊ ပြော လက်ာ၊ လွှာ့အကြောင်းတွေ ပြောချင်တာ မဟုတ်လား။ မင်း မြကို အားမနာနဲ့။ မြက ကိုယ်နဲ့လွှာ့ကို နားလည်ပေးနိုင်ဆုံးသူပဲ"

သူ ခေါင်းညိတ်ပြလိုက်သည်။





"ပြီးခဲ့တဲ့အပတ်က ကျွန်တော် လွှာနဲ့တွေ့ဖြစ်တယ်။ သူ့လက်ထဲမှာလည်း ကလေးလေးနဲ့"

"အဲဒါ ကိုယ်နဲ့မြရဲ့ သားလေးလေ။ လွှာက သားကိုသိပ်ချစ်တာ"

"မဟုတ်ဘူးဗျ"

"ဟင် … ဘာကိုမဟုတ်တာလဲ"

"ကျွန်တော်က ကိုလေးနက်နဲ့ လွှာ့ကို လက်ထပ်ပြီး ကလေးတစ်ယောက် ရနေတယ်ထင်တာ၊ သူ့ကိုတောင်မေးလိုက်သေးတယ်။ အိမ်ထောင်ရေး အဆင်ပြေရဲ့လား သာယာလား ပျော်လားလို့ မေးတော့ သူက ပျော်တယ်တဲ့။ သူ့ဘဝထဲမှာ ကလေးလေး ရှိလာတဲ့အတွက် ပျော်တယ်လို့တောင် ပြောခဲ့တယ်"

"အေးလေကွာ၊ လွှာပြောတာလည်း ဟုတ်တာပဲ။ လွှာက ကိုယ်တို့သားလေးကို အရမ်းချစ်တာ၊ သားကလည်း လွှာ့ကိုပဲ ခင်နေတော့ လွှာ့ဘဝလေးက သားအတွက်နဲ့ ပျော်ရတယ်လေ"

"အဲဒီလို မဟုတ်ဘူး။ သူပြောတဲ့ သဘောက ကျွန်တော်က ကလေးကို ကိုလေးနက်နဲ့ တစ်ရပ်တည်းနော်လို့ပြောတော့ ကိုလေးသားပဲဟာ ကိုလေးနဲ့ တစ်ရပ်တည်းပေါ့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း ဟုတ်တာပဲလေ၊ ဘာပြောလို့လဲ လွှာက"

"ဘာမှတော့ မပြောခဲ့ဘူး၊ ဒါပေမဲ့ ... ဒါပေမဲ့ ..."

သူက ပြောသင့် မပြောသင့်ကို ချိန်ဆနေပြီး မြသစ္စာ ဆိုတဲ့ အမျိုးသမီးကို တစ်ချက်ငဲ့ကြည့်လိုက်သည်။ သူ့ အကြည့်ကို သဘောပေါက်သွားသော လေးနက်တည်ကြည်က ...

"ရတယ် လက်ာ၊ ပြောစရာရှိတာကိုပြော"

"လွှာပြောခဲ့တဲ့ သဘောက မသိရင် သူချီထားတဲ့ ကလေးကပဲ သူနဲ့ ကိုလေးနက်ရဲ့ကလေးလိုလို ဘာလိုလိုနဲ့ ပြောခဲ့တာ"

"ဟား ဟား ဟား ... မင်း ခံလိုက်ရပြီ လက်ာ၊ လွှာ မင်းကို ညုပ်ချလိုက်တာ၊ လွှာဟာ ခုထိ ဘယ်အိမ်ထောင်မှ လဲ မကျသေးဘူး၊ တကယ့်ကို maiden (အပျိုစင်)စစ်စစ် ပဲ ရှိသေးတယ်။ ပြီးတော့ မင်းကလွဲပြီး သူ ဘယ်သူ့မှ မချစ်ခဲ့ဘူး"

"ဗျာ ... ဒါ ... ဒါ တကယ်ပဲလား"

"တကယ်ပဲပေါ့၊ လွှာ့အကြောင်းကို တစ်ခြိတည်းနေတဲ့ ကိုယ်အသိဆုံးပဲ။ ခုဆို လွှာ့အကြောင်း မြကပါ သိနေပြီ"





သူမကို ထပ်ကြိုးစားလျှင် ပိုင်ဆိုင်ခွင့်ရဦးမည်ဆိုသော အတွေးကြောင့် သူ့ရင်တွေ မရမ်းပတာ ခုန်ပေါက်လာကာ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

"အဲဒါ ဘယ်သွားမလို့လဲ လက်ာ"

"ကျွန်တော် လွှာ့ဆီ သွားမလို့။ ကျွန်တော့်ကိုယ် ကျွန်တော် သိတယ်။ လွှာ့ကို ခုထိ ချစ်နေတုန်းပဲ၊ နောင်လည်း ချစ်နေဦးမှာပဲ။ ဒီအကြောင်းတွေ လွှာ ကျွန်တော့်ကို မပြောပြခဲ့ဘူး။ မသိရင်ဘဲ အိမ်ထောင်ကျသွားတဲ့ပုံစံ လုပ်ထားတယ်"

"မင်း ပြန်ထိုင်လို့ရရင် ပြန်ထိုင်လိုက်ပါလား လက်ာ၊ လွှာ့ဆီက ဘယ်အချိန်ဖြစ်ဖြစ် သွားလို့ရပါတယ်၊ ဘာလို့လဲဆိုတော့ လွှာဟာ သူ့နောက်ဆုံးအချိန်အထိ မင်းကို ချစ်နေနိုင်သူမို့ပဲ"

"ကိုလေးနက် အဲဒီလိုပြောမှ ကျွန်တော် လွှာ့ဆီ ပိုသွားချင်လာတယ်"

"ပြန်ထိုင်လိုက်ပါ ငါ့ညီရာ၊ လွှာ့အကြောင်း မင်း မသိသေးတာတွေ ရှိလိမ့်မယ်၊ ကိုယ် ပြောပြမလို့ပါ၊ မင်းလည်း နားထောင်လို့ ရတာပေါ့၊ ကိုယ်ပြောတာတွေကို နားထောင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မင်း လွှာ့ဆီသွားရင် ပိုပြီးအဓိပ္ပာယ်ရှိလိမ့်မယ် ထင်တယ်"

ကိုလေးနက် ဆွယ်သော စကားတွေအတွက် သူမဆီ သွားချင်စိတ်တွေကို ရှိုးနှိမ်ကာ သူ မသိသေးတဲ့ အကြောင်းအရာတွေ ဆိုတာကို သိရဖို့အတွက် ပြန်ထိုင်လိုက်သည်။

"လွှာက အရမ်းလှို့ဝှက်တာပဲ၊ ကျွန်တော်နဲ့ တွေ့တုန်းက သူ ပြောပါတော့လား။ ဒီကလေးဟာ ကိုလေးနဲ့ မမြသစ္စာတို့ ကလေးဆိုတာ။ မပြောဘူး။ မသိရင် သူနဲ့ ကိုလေးနဲ့ ကလေးလိုလို ပုံမှားရိုက်သွားတယ်"

"မင်း လွှာ့အကြောင်း သိပြီလား လက်ာ၊ လွှာဟာ လှို့ဝှက်နိုင်တယ်၊ ပြဿနာတစ်ခုခု ဖြေရှင်းဖို့ မကြိုးစားဘူး။ ခပ်အေးအေးပဲ နေတယ်၊ နှုတ်ဆိတ်နေတယ်၊ မသိရင် စွပ်စွဲလာတဲ့စကားတွေကို ထင်ယောင်ထင်မှားဖြစ်အောင်လည်း ပြုးတတ်တယ်။ ဘယ်ကိစ္စကိုမှ ဖြောင့်ချက်မပေးဘူး ..."

အဲဒါ လွှာသဘာဝပဲ။ လွှာကိုယ်တိုင်ကလည်း ပြောပါတယ်၊ သူ့ကိုယုံကြည်ရင် welcome ပဲ၊ သူ့ကို အယုံအကြည်ကင်းမဲ့နေရင်တော့ getout တဲ့။ ဘယ်သူ့ကိုမှ ကြိုးချည်ထားဖို့ စိတ်ကူးမရှိသလို လူတွေရဲ့စွပ်စွဲချက်တွေ





ကို သံသယတွေကို ဖြေရှင်းဖို့ဟာလည်း လွှာသဘာဝကျတဲ့ အလုပ်မဟုတ်ဘူးတဲ့။ ဒီလောက်ဆို မင်း လွှာ့စိတ်ကို နားလည်ပြီလား"

"အဲဒီလိုမျိုး ပြောလာခဲ့ရင်တော့ ကျွန်တော် လွှာ့စိတ်ကို ဖတ်မှာပေါ့၊ ဒါပေမဲ့ သူက ကိုလေးကို ပြောသလိုမျိုး ကျွန်တော့်ကို မပြောခဲ့တော့ ..."

"မင်းက လွှာ့ကို သံသယဝင်နေတဲ့သူလေ၊ သံသယဝင်နေတဲ့လူတစ်ယောက်ကို ဒီစကားတွေ လွှာ ဘယ်ပြောပါ့မလဲ။ ကိုယ်ပြောမယ်ညီ ... စကားဆိုတာ အတောင်မရှိဘဲနဲ့ကို ကားတာ။ 'လူတွေက နည်းနည်းကို များများပြောချင်တယ်၊ ဒါပေမဲ့ ပတ်ဝန်းကျင်စကားကို နားမယောင်နဲ့ ညီ၊ ကိုယ်ပိုင်ဦးနှောက်နဲ့ဆုံးဖြတ်၊ အဲဒါမှ ယောကျ်ားပီသတယ် ...

ပြောသံကြားတိုင်း စွပ်စွဲချင်လာတယ်၊ သံသယဝင်လာတယ် ဆိုတာမျိုးက လေတိုက်ထဲမှာ လင်းနေတဲ့ ဖယောင်းတိုင်လိုပဲ၊ တောက်ပြီး လင်းချင်လင်းလာမယ်၊ အားပျော့ပြီး မှိန်ကျချင် ကျသွားမယ်၊ မီးသေပြီး မီးစာငြိမ်းချင် ငြိမ်းသွားမယ်၊ နောက်ဆုံး ဖယောင်းသားတွေကိုပါ လေကတိုက်စားပြီး အရည်ပျော်ကျသွားလိမ့်မယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင် ဦးနှောက်နဲ့ စဉ်းစားချင့်ချိန်တတ်တဲ့သူကတော့ မာကျူရီအလင်းရောင်လိုမျိုးပဲ၊ ညဥ့်နက်လေ အလင်းပိုလေပဲ၊ ဆုတ်ယုတ်သွားတယ် မှိန်ကျသွားတယ်ဆိုတာ မရှိဘူး။ အစ်ကိုပြောတာ ငါ့ညီ နားလည်လား"

"ဟုတ်ကဲ့"

"ဒီတော့ အရာရာကို ကိုယ်ပိုင်ဦးနှောက်နဲ့ ဆုံးဖြတ်နိုင်အောင် ကြိုးစားပါ။ တစ်ခါတလေမျိုးမှာ မျက်စိနဲ့တပ်အပ်မြင်ရပြီး လွဲမှားနေတာမျိုးလည်း ရှိတတ်ပြန်တယ်။ အဲဒါကိုလည်း အကြောင်းတိုက်ဆိုင်လို့ပဲလို့ နားလည်ပေးတတ်ရင် မနက်ဖြန်တိုင်းမှာ ရှေ့ဆက်လာမယ့် နာရီတွေတိုင်းမှာ ကိုယ့်အတွက် အောင်မြင်မှုတွေ ပျော်စရာတွေ စိတ်ချမ်းသာစရာတွေချည်းပဲ ဖြစ်လာလိမ့်မယ်"

ကိုလေး ပြောတာတွေကို နားထောင်ပြီးမှပဲ သူ့အရာအားလုံးကို နားလည်သွားခဲ့သည်။ မျက်စိနဲ့ တပ်အပ်မြင်ရတာတောင် အကြောင်းတိုက်ဆိုင်လို့ဆိုပြီး နားလည်ပေးနိုင်ခဲ့ရင် ကိုယ်မမြင်ရတဲ့ အကြောင်းအရာတစ်ခုကို ဘယ်လိုမှ လက်ခံဖို့ မဖြစ်နိုင်ဘူးဆိုတာ သူ ယုံကြည်မိလိုက်သည်။





"ကျွန်တော် နားလည်ပြီ ကိုလေး"

"လှာက မင်းကို ချစ်တယ်ဆိုတာ မင်းသိချင်မှ သိလိမ့်မယ်။ သူကတော့ ဖွင့်ပြောမှာ မဟုတ်ဘူး။ ကိုယ့်ကိုတော့ သူ ရင်ဖွင့်ရှာပါတယ်၊ သူ့ဘဝအတွက် နောက်ဆုံးအချစ်ဟာ အလက်သပဲတဲ့၊ မင်းတစ်ယောက်တည်းကိုပဲ လက်ထပ်ဖို့ ရည်ရွယ်ပြီး ချစ်ခဲ့တာတဲ့။ မင်းကို တွေ့ပြီးတဲ့နောက်မှာ သူ့ဘဝထဲကို အချစ်ဆိုတာ ဘယ်တော့မှ ရှိလာတော့မှာ မဟုတ်ဘူးတဲ့"

"ကျွန်တော် ... ကျွန်တော် ဝမ်းသာလိုက်တာဗျာ။ ဒီစကားတွေကို လှာက ကျွန်တော့်ကို တစ်ခါမှ ဖွင့်မပြောခဲ့ဘူး။ ကျွန်တော့်ကို ချစ်တယ်ပြောဖို့များ ဝန်လေးနေလား မသိပါဘူး"

"ဝန်လေးနေတာ မဟုတ်ဘူး။ ချစ်တယ်ဆိုတဲ့စကားဟာ မင်းကို ဖွင့်ပြောဖို့အတွက် သူ့အတွက် ထိရောက်တဲ့စကား မဟုတ်ဘူးတဲ့"

"သူ ... သူ ကျွန်တော့်ကို အဲဒီလောက်တောင် ချစ်တယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ပြောပြမယ်၊ သူ မင်းကို ဘယ်လောက်ထိချစ်လဲ မချစ်လဲ ဆိုတာ မင်း စဉ်းစားကြည့်ပေါ့။ လှာက မိုးထိလို့မရဘူး။ မိုးထိတာနဲ့ ဖျားတယ်၊ လွန်ခဲ့တဲ့သုံးနှစ်က မိုးရေထဲ လမ်းလျှောက်တဲ့ကိစ္စဟာ မင်းကို ပျော်ရွှင်စေချင်လို့ လိုက်လျောလိုက်တာ။ ဒါ လှာပြောပြတာ မဟုတ်ပါဘူး၊ ပြောမပြဘဲ ကိုယ်တွေးကြည့်တာနဲ့ ရတဲ့အရာပေါ့ ...

မိုးရေထဲမှာ ပြဿနာတွေဖြစ်ပြီးတဲ့ နောက်ပိုင်း မင်း ပျောက်သွားတာပဲ မဟုတ်လား"

"ဟင့်အင်း ... နောက်ထပ် တစ်လကျော်ကျော်လောက်မှာ ကျွန်တော်တို့ တွေ့ဖြစ်ခဲ့ကြသေးတယ်"

"အစ်ကိုပြောတာ ဆက်နားထောင်ပါ၊ မိုးရေနည်းနည်းလေးမှ ထိလို့မရတဲ့ လှာဟာ အဲဒီနေ့က မိုးရေထဲမှာ တစ်နာရီလောက်ကြာအောင် နေခဲ့တဲ့အတွက် နမိုးနီးယားဖြစ်ပြီး အပြင်းဖျားတာ တစ်လကျော်တောင် ကြာတယ် ...

ဆေးရုံတောင် တက်ယူရသေးတယ်။ လှာ အပူရှိန်ကြီးပြီး ကယောင်ကတမ်းနဲ့ သတိတရ ရေရွတ်ခဲ့တာဟာ လက်ဘ္နာမည်ပဲ။ ဖြစ်ချင်တော့ လှာ အပြင်းဖျားတဲ့အချိန်က စာမေးပွဲတွေ ဖြေရတဲ့အချိန်ဆိုတော့ လှာ စာမေးပွဲကို သွားမဖြေနိုင်ခဲ့ဘူး"





"ဒါဖြင့် လှာ ... လှာ ..."

မိုးရေထဲမှာ ပြဿနာဖြစ်ပြီး နောက်ပိုင်းမှာ သူမကို ဒေါသထွက်ပြီး သွားမတွေ့ခဲ့တာ၊ သော်ဇေထွဋ်နဲ့တွေ့ပြီးမှ နဂိုဒေါသထက် ပိုပြီးပေါက်ကွဲမိသဖြင့် သူမအိမ် သွားတော့ သူမ ပိန်ကျသွားတာက ဆေးရုံတက်လိုက်ရတဲ့အထိ တစ်လကျော် ဖျားခဲ့လို့ကို။

သူ ဒါတွေကို မသိခဲ့။

"ဆေးရုံက ဆင်းလာပြီး သိပ်မကြာခင်မှာပဲ မင်းဆီက ဖုန်းလာလို့ လှာက မင်းနဲ့တွေ့မယ်ပြောတော့ ကိုယ်က တားခဲ့သေးတယ်။ နောက်ထပ် မိုးမိရင် မလွယ်ဘူး။ အသက်ပါ စိုးရိမ်နိုင်တယ် ဆိုပြီးပေါ့လေ ...

ဒါပေမဲ့ မရဘူး။ လှာကပြောတယ် မင်းကို တစ်လကျော် နှစ်လနီးပါးလောက် မတွေ့ရလို့ အရမ်းလွမ်းနေတယ်၊ တွေ့ချင်တယ်ဆိုပြီး တအားဂျီကျတော့ မစ္စတာဂစ်တာကို ကိုယ်လိုက်ပို့ပေးခဲ့တယ်။ ပြန်လာမယ်ဆို ဖုန်းဆက် ကိုယ်လာကြိုမယ်ပေါ့ ...

တစ်နာရီကျော် တစ်နာရီခွဲလောက်ကြာတော့ လှာ ဖုန်းမဆက်ဘဲ အိမ်ကို ငိုပြီးပြန်လာခဲ့တယ်။ ငိုလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လည်း တအားပါပဲ၊ ဘယ်လိုမှ ချော့လို့မရဘူး။ မေးကြည့်တော့မှ မင်း သူ့ကို မချစ်တော့ဘူး။ ဆောင်းနှင်းပွင့်ဆိုတဲ့ မိန်းကလေးနဲ့ လက်ထပ်တော့မယ်လို့ ပြောပြီး ငိုတာ၊ ပြန်ဖျားသေးတယ် …

ရင်ထဲမှာ နာကျင်လွန်းလို့ ထမင်းမစား ရေမသောက်နိုင်ဖြစ်တာ အဟာရပြတ် အင်အားချည့်နဲ့ပြီး ယဲ့ယဲ့လေးပဲ ကျန်တော့လို့ ဆေးရုံထပ်တင်လိုက်ရပြန်တယ်"

သူ့နှလုံးသား ဖျတ်ခနဲ ကြေကွဲသွားသလို ခံစားလိုက်ရသည်။ သူ့ကို တော်တော်ချစ်ရှာခဲ့တာပါလား။ သူ့ကြောင့်ပဲ ဆေးရုံနှစ်ခါပြန် တက်ခဲ့ရသည်။

သနားလိုက်တာ လွှာလေးရယ်။ မင်း ဒီအကြောင်းတွေ ကိုယ့်ကို လုံးဝမပြောပြခဲ့ဘူးနော်။

"တကယ်ကို သေမင်းခံတွင်းဝကနေ လွှာ ပြန်လာခဲ့ရတာ။ ဆေးရုံကို နှစ်ခါပြန် တက်ခဲ့ရတာ။ ဒီနေ့ ဒီအချိန်မှာ မင်း လွှာ့ကိုပြန်တွေ့ရတာဟာ ကံကောင်းလို့ပဲ လက်ာ"

"ဟုတ်တယ်ဗျာ၊ ကျွန်တော့်ရင်ထဲ နင့်နေတာပဲ။ လွှာ့ကို သနားလိုက်တာ၊ လွှာ ကျွန်တော့်ကို ဒီလောက်ထိ ချစ်ခဲ့လိမ့်မယ်လို့ မထင်ခဲ့မိဘူး"





"နောက်တော့မှပဲ လွှာဟာ သူ့ဟာသူ ဖြေသိမ့်သွားပုံရပါတယ်။ တည်ငြိမ်သွားတယ်။ ကိုယ်တောင် လွှာ့ကိုစိုးရိမ်လို့ မေးကြည့်တော့ လွှာက သူ့စိတ်ထဲမှာ လက်ာ့ကိုချစ်နေရုံလောက်ပဲ ကျေနပ်ပါတော့မယ်တဲ့ …

လက်ာ့အချစ်ကို မမျှော်လင့်တော့ဘူးတဲ့။ လက်ာ့အချစ်က ကောင်းကင်လိုပဲ တိမ်ထူရင် ထူတယ်၊ နေသာရင် သာတယ်၊ မုန်တိုင်းတိုက်ရင် တိုက်တယ်၊ ကြည်လင်ရင် ကြည်တယ်၊ မိုးအုံ့ရင် အုံ့တယ်၊ အများကြီးပါပဲ၊ လွှာပြောတာက၊ ကိုယ် သိပ်မမှတ်မိတော့ဘူး၊ ဘာပဲဖြစ်ဖြစ် လွှာ မင်းကို ချစ်တယ်ဆိုတာတော့ ယုံစေချင်တယ်"

"ယုံတယ် ကိုလေး၊ ကျွန်တော် လွှာ့အချစ်ကို ယုံတယ်"

"အင်း … အချစ်တစ်ခုတည်းကို ယုံကြည်လို့မရဘူး လက်ာ၊ မင်း လွှာ့သိက္ခာကိုလည်း ယုံကြည်ရမယ်၊ လွှာ့အကျင့်စာရိတ္တကိုလည်း ယုံကြည်ဖို့လိုတယ်၊ နောက်ပြီး လွှာ့မာနကို လေးစားရမယ်၊ အရာရာတိုင်းကို မင်း နားလည်မှုရှိနေမှ မင်းချစ်တာ မြည်တာ"

သူ ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေါက်ရိုးကျိုးနေပြီဖြစ်တဲ့ စာရွက်တစ်ရွက်ကို ခေါက်ရိုး ပြေအောင် မင်း ဘယ်လိုလုပ်မလဲ လက်ာ"

"ခေါက်ရိုးပြေအောင် ... ခေါက်ရိုးပြေအောင် ဟုတ်လား။ ဟင့်အင်း မလုပ်တတ်ဘူး"

"ခေါက်ရိုးကျိုးနေတဲ့ စာရွက်လှလှလေးတစ်ရွက်ကို မင်း ယူချင်ပြီ ဆိုပါစို့ကွာ၊ ဒါပေမဲ့ ခေါက်ချိုးရာကြီး ပါနေတာ ကြီးကိုလည်း မကြိုက်ဘူးဆိုရင် မင်း ဘယ်လိုလုပ်မလဲ၊ စဉ်းစား လက်ာ၊ အဖြေကို မင်း ကြိုက်သလောက်စဉ်းစား၊ ကိုယ် သေချာဖြေနိုင်ပြီဆိုမှ ကိုယ့်ကိုပြော၊ မင်းအဖြေ အတွက် ကိုယ် ထိုင်စောင့်ပေးနေမယ်"

ကိုလေးဟာ ဘယ်လိုအဖြေမျိုးကို လိုချင်လို့ မေးတာလဲ။ ဟင့်အင်း ... ဒါလည်း မဟုတ်သေးဘူး။ ကိုလေး မေးတာ ပဟေဠိမှ မဟုတ်ဘဲ၊ သူ့စိတ်ထဲရှိတာကို ဖြေခိုင်းတာပဲ။ သူ စားပွဲကို တဒေါက်ဒေါက်ခေါက်ပြီး စဉ်းစားနေမိသည်။ အချိန် အကြာကြီး စဉ်းစားနေရသည်။ ဆယ့်ငါးမိနစ်လောက်ကြာမှ သူ့ဦးနှောက် အလင်းတံခါး ဖျတ်ခနဲ ပွင့်သွားရကာ သူ့အတွက် အသေချာဆုံးအဖြေကို ဖြေလိုက်တော့သည်။

"ကိုလေး ... ကျွန်တော် အဖြေရပြီ"





"အင်း ... ပြော"

"ကိုယ်လိုချင်တာ ကိုယ်မြတ်နိုးတာက စာရွက်လေးပဲဆို တော့ စာရွက်ပေါ်မှာ ထင်နေတဲ့ ခေါက်ချိုးရာ အကြောင်း ကြီးကို မြင်မနေတော့ဘူး။ အဓိက,က ကိုယ့်မြတ်နိုးမှုပဲ"

"ဟာ ... ရိုက် ... ရိုက်၊ မင်း တော်တယ် လက်ာ၊ အဲဒီ လိုပဲ ဖြစ်သင့်တယ်၊ ကိုယ် ပြောပြမယ်၊ ကိုယ် မြကို propose လုပ်တော့ မြက ကိုယ့်ကို ဘယ်လိုအဖြေပြန် ပေးခဲ့လဲ သိလား"

သူ ခေါင်းခါပြလိုက်သည်။

"ခေါက်ချိုးရာပါတဲ့ စာရွက်လေးတစ်ရွက်ကို မြတ်နိုးမိရ တယ်တဲ့၊ လိုချင်တာက စာရွက်လေးပေမယ့် စာရွက်လေး နဲ့ ခေါက်ချိုးရာက ခွဲထုတ်လို့ မရပြန်တော့ စာရွက်ပေါ် မှာပါလာတဲ့ ခေါက်ချိုးရာလေးကိုပဲ နားလည်အောင် ကြိုးစားတော့မယ်တဲ့ ...

နောက်တော့လည်း စာရွက်လေးကို ပိုင်ဆိုင်ခဲ့တဲ့ မြဟာ ခေါက်ချိုးရာလေးကိုပါ သံယောဇဉ် ဖြစ်လာခဲ့တယ် လေ။ မိန်းကလေးဖြစ်တဲ့ မြတောင်မှ ကိုယ့်ကို အဲဒီလို သတ္တိနဲ့ ချစ်ခဲ့သေးရင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လုံးဝနားလည်သွားပြီ ကိုလေး။ ခေါက်ရိုးကျိုးနေတဲ့ စာရွက်ပဲဖြစ်စေ၊ မင်တွေစွန်းထင်းနေတဲ့ စာရွက်ပဲဖြစ်စေ ကျွန်တော်လိုချင်တဲ့ စာရွက်လေးတစ်ရွက်ကို တစ်သက်လုံးအတွက် မြတ်နိုးသွားတော့မယ်၊ ယုတ်စွအဆုံး စာရွက်လေး နွမ်းပြီးစုတ်ပြတ်နေရင်တောင် ကျွန်တော် တန်ဖိုးထားပြီး သိမ်းပါ့မယ်"

"အဲဒီလိုမှပေါ့ လက်ာ၊ ယောကျာ်းဆိုတာ စိတ်ဓာတ်အဲဒီလို နိုင်မာပြတ်သားရတယ်။ စာရွက်တစ်ရွက်ကိုခေါက်ပြီး လပေါင်းများစွာ ထားရင်တောင် ခေါက်ရိုးကျိုးသွားသေးတာပဲ ...

ကိုလေးနဲ့ လှာသဝဏ်ဟာလည်း နှစ်ပေါင်းနှစ်ဆယ်ကျော် ခေါက်ထားတဲ့ စာရွက်တစ်ရွက်ပဲ၊ ဘယ်လိုနည်းနဲ့ ပြေနိုင်တော့မလဲ။ တစ်ခုတော့ရှိတယ်။ စာရွက်ကို နှစ်ပေါင်းနှစ်ဆယ်လောက် ထားရင်တော့ ဆွေးမြည့် ပောင်းနွမ်းနေလိမ့်မယ် ...

လူနဲ့တော့ ဘယ်တူပါ့မလဲ၊ ဒါပေမဲ့ စာရွက်ကို စာရွက်လို့မြင်ပြီး လူကို လူလို့မြင်တတ်ပေါ့ကွာ။ ကိုလေးနဲ့ လှာတို့ရဲ့ ခင်မင်မှုဟာ ခေါက်ရိုးကျိုးနေခဲ့ပြီ"





"ဒီနေ့ဟာ ကျွန်တော့်ဘဝတစ်ခုလုံးအတွက် အပျော်ရွှင်ရဆုံးနေ့ပဲ၊ လှာနဲ့ နှစ်ယောက်တည်း ပျော်ခဲ့ရတဲ့အချိန်တွေထက်တောင် ပိုပျော်မိသေးတယ်။ လှာ့နှလုံးသားကိုရော ကိုယ့်နှလုံးသားကိုရော မြင်လိုက်နိုင်လို့လေ။ ကျေးဇူးတင်ပါတယ် ကိုလေးကို။ ကျွန်တော့်နှလုံးသား အမှောင်ကို အလင်းပေးနိုင်ခဲ့လို့လေ။ ကျွန်တော် တကယ်အံ့သြမိတယ် ကိုလေး"

"ဘာကိုလဲ"

"ဝေးကွာခြင်းရဲ့အဆုံးဟာ တစ်ခါတလေမှာ နီးစပ်ဖို့အတွက် အစဖြစ်နေတာကိုပေါ့"

"ဖြစ်တတ်ပါတယ်၊ လှာဟာ မင်းကိုချစ်တဲ့အကြောင်း ဖွင့်မပြောပေမယ့် မင်းကို အရမ်းသတိရလာတဲ့ အခါမျိုးမှာ ကျောက်စိမ်းပန်းအိုးလေးကိုကိုင်ပြီး တိတ်တိတ်လေး ကြေကွဲနေတတ်တယ်။ တစ်ခါတလေ မျက်ရည်တွေတောင် ကျနေတတ်တယ် ...

လှာဟာ နှလုံးသားနဲ့ပတ်သက်ပြီး မျက်ရည်ကျတတ်တဲ့ မိန်းကလေး မဟုတ်ဘူး။ သူက မျက်ရည်ကိုထိန်းတယ်။ လွယ်လွယ် အကျမခံဘူး။ ရှင်းရှင်းပြောရရင် လှာ ငိုတာ ကိုလေး တစ်ခါမှ မတွေ့ဖူးဘူး ...



www.burmeseclassic.com

www.burmeseclassic.com



မင်း ဆောင်းနှင်းပွင့် ဆိုတဲ့ ကောင်မလေးကိုခေါ်လာပြီး သူ့ကိုရိုတဲ့နေ့ကစလို့ လွှာဟာ မင်းနဲ့ပတ်သက်ပြီး ငိုတတ်လာတယ်၊ အဲဒီတုန်းက ကိုယ်တောင် အံ့သြသွားခဲ့တာ"

"ကျွန်တော့်ကြောင့် လွှာ မျက်ရည်များစွာ ကျခဲ့ရတယ်။ ကျွန်တော် လွှာ့ကို ဘယ်လိုပြန်ပေးဆပ်ရမလဲ မသိဘူး"

သူ သက်ပြင်းချရင်း ဝမ်းနည်းပက်လက်နှင့် ကြေကွဲစိုနစ်စွာ ဆိုမိလိုက်တော့ ကိုလေးက သူ့ပခုံးကို ဖွဖွပုတ်၍ ...

"မင်း ဒီအကြောင်းတွေ ကိုလေး ပြောပြတယ်လို့ လွှာ့ကို မပြောနဲ့။ လွှာက လက်ာ့ကို ဘယ်တော့မှ မပြောရဘူးလို့ ကတိတောင်းထားတယ်။ လက်ာ့ကို ဘယ်သူကမှ မဖြေရှင်းပြရဘဲ ကိုယ့်နားလည်မှုနဲ့ကိုယ် ပြန်လာပြီး သူ့ရင်ခွင်ထဲ ပြန်ဝင်လာခဲ့ရင် အချိန်မရွေး လက်ကမ်းကြိုဖို့ လွှာ့ဘက်က အဆင်သင့် ဖြစ်နေတယ် ...

ကဲ ... မင်းသွားတော့ လက်ာ။ သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ယောက်ကို ပြန်ပေါင်းဆုံပေးဖို့အတွက် ကတိတစ်ခု ဖျက်လိုက်ရတာကိုတော့ ကိုလေး ဘယ်တော့မှ နောင်တရမှာ မဟုတ်ဘူး လက်ာ၊ ဒီလိုမှ မလုပ်ရင် နှစ်ဦးနှစ်ဖက်က တင်းခံနေကြတယ်၊ အလျှော့မပေးကြဘူး ...





ဒီအတိုင်း တင်းနေရင်တော့ ပြတ်တောက်သွားမှာပဲ၊ ဒါကြောင့် ကိုလေးလည်း mediation (ကြားဝင်ဖျန်ဖြေပေးခြင်း)လုပ်ပေးလိုက်တာ"

"ကျေးဇူးအများကြီးတင်ပါတယ် ကိုလေးကို။ ကျွန်တော် မမမြကိုလည်း ကျေးဇူးတင်တယ်၊ ဘာလို့လဲဆိုတော့ မမမြဆီက ပညာတွေ ရလိုက်လို့လေ"

ကိုလေးနှင့် မမမြကို နှုတ်ဆက်ခဲ့ပြီး သူမကို တွေ့ချင်မြင်ချင်စိတ်တို့ဖြင့် စိတ်ဆောင်နေတော့သဖြင့် စားပွဲဝိုင်းမှ ထလာခဲ့တော့သည်။ Splendour မှ သူမအတွက် အလှပဆုံး Carnation နှင့် magnolia တွေ ပေါင်းစပ်လျက် ဖဲကြိုးအဖြူရောင်လေးဖြင့် ချည်နှောင်ထားသော၊ လှပစွာ ပလတ်စတစ်အကြည်ရောင်လေးဖြင့် ပတ်ထားသည့် ပန်းစည်းကြီးတစ်စည်းကို ဝယ်ယူခဲ့ပြီး နှစ်ခြိုက်စွာ ပြုံးလိုက်ရင်းက ဖုန်းခလုတ်လေးတွေ တစ်ခုချင်းကို နှိပ်လိုက်သည်။

○❖○



www.burmeseclassic.com





သုံးနားညီအလင်္ကာ

နှင့်

လျှိုကွက်ချခြင်း

www.burmeseclassic.com







ပန်စည်းအောက်မှာ postcard လေးတစ်ခု ချိတ်ဖို့ သူ ကြံစွယ်လိုက်သည်။ ဘာရေးရင် ကောင်းမလဲဟု စဉ်းစားလိုက်ပြီး ခဏအကြာမှာ သူ အကြံရလိုက်သည်။ သူ့သူငယ်ချင်း ဖွင့်ထားတဲ့ ကွန်ပျူတာဆိုင်လေးသို့ ထွက်လာခဲ့ပြီး ကိုယ်လိုချင်သည့် ပုံစံကို ဖန်တီးလိုက်သည်။ နာရီဝက်မျှပင် မကြာတတ်သေး။ သူ ဖန်တီးလိုက်သည့် အနုပညာက Print ထွက်လာခဲ့သည်။ သူ့စိတ်ကြိုက် ဖန်တီးထားသည့်အတွက် အားလုံးက သေသပ်လှပနေခဲ့သည်။

နှင်းဆီရိုပ်များဖြင့် ရင်ခုန်ဖွယ်ရာ လှပနေခဲ့သော အပြာရောင် ကတ်ထူစာရွက်ပေါ်တွင် သူရေးဆွဲလိုက်သည့် ချစ်ခြင်းတြိဂံလေးက Font လှလှလေးဖြင့် အပြင်းစား ဆွဲဆောင်နေခဲ့သည်။ သူ ရေးထားသည်က ...



www.burmeseclassic.com

www.burmeseclassic.com



နားလည်မှု(ခွင့်လွှတ်ခြင်း၊ ယုံကြည်ခြင်း)

ပေးဆပ်မှု  ခိုင်မာမှု(သံယောဇဉ်)


ဆိုတာလေးပဲ ဖြစ်သည်။ ထိုအပြာရောင်ကတ်ထူလေးကို ညီညီညာညာနဲ့ အနေတော်အရွယ်လေးဖြတ်ပြီး ပန်းစည်းကြီးအောက်မှာ ချိတ်ဆွဲလိုက်သည်။

ပြီးနောက် သူငယ်ချင်းဖြစ်သူကို နှုတ်ဆက်ပြီး ပေါ့ပါးသွက်လက်စွာဖြင့် ထွက်လာခဲ့သည်။ သူမ ထိုအင်းလျားကန်ပေါင်ပေါ်က ထိုင်ခုံလေးမှာ တွေ့ဖို့ပြောတော့ လက်ခံခဲ့သဖြင့် သူ့စိတ်တွေသည် အလိုလို မြူးကြွလို့လာသည်။

○❖○





ဟိုးအဝေးကတည်းကနေ သူ့ကို လှမ်းမြင်နေခဲ့ကတည်းက မတွေ့ခဲ့ရသော နှစ်ပေါင်းများစွာအတွက် သူမရင်မှာ ငိုချင်စိတ်များသာ ပြင်းပြနေခဲ့သည်။ မတွေ့ရတဲ့ နှစ်သုံးနှစ်ရဲ့ သတိရမှုတွေ အလွမ်းတွေအတွက် သူ့မျက်နှာလေးကို မြင်ခွင့်ရမယ်ဆိုရင် တွေ့ရမယ့် နည်းလမ်းမှန်သမျှနဲ့ တွေ့ချင်ပါသည်။

ဒါကြောင့် သူ ဖုန်းဆက်လာတော့ သူမ မငြင်းဆန်ဘဲ တွေ့ဖို့လက်ခံလိုက်တာပေါ့။ သူက ဘာအကြောင်းကိစ္စရှိလို့ သူမကို ဖုန်းဆက်ချိန်းရပြန်တာလဲကွယ်။ သူမရင်တွေကို ဒုတိယအကြိမ် နာကျင်စေဖို့အတွက်များလား။

ဟင့်အင်း ... မရက်စက်လိုက်ပါနဲ့လားကွယ်။ သူမမှာ လုံးဝခံနိုင်ရည်မရှိတော့ပါဘူး။ သူ ချိန်းတဲ့ဆီကို သူ့မျက်နှာလေး တွေ့ချင်ရုံတစ်ခုနဲ့ လာခဲ့ရတာပါ။ သူနဲ့ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ကြေကွဲဖို့ ဝမ်းနည်းဖို့ နာကျင်ခံစားရဖို့အတွက် သူမနှလုံးသားက အကောင်းပကတိ မရှိတော့ပါဘူး။

ယောက်ျားတွေကို သွေးအေးအေးနဲ့ အသက်ပိညာဉ်ကင်းမဲ့သူပမာ အရုပ်လေးတစ်ရုပ်များလို လှည့်ပတ်ကစားတတ်သော လွှာသဝဏ်ဟာ အလကၤာဆိုသော ယောက်ျားတစ်ယောက်ကို ဒီလောက်ထိ နက်ရှိုင်းစွာ နင့်နင့်နဲနဲ ချစ်သွားခဲ့မိလိမ့်မယ်လို့ မထင်မိချေ။

သူနဲ့ချစ်နေတုန်းကတောင် မထင်မိခဲ့ပါ။ သူမရှေ့ကို မိန်းကလေးတစ်ယောက် ခေါ်လာပြီး နောက် သူနဲ့တဖြည်းဖြည်း ဝေးကွာသွားတော့မှပဲ သူ့အပေါ် နစ်ဝင်နေတဲ့ သူမအချစ်တွေကို သိခွင့်ရလိုက်တာ။

သူမကလွဲပြီး ဘယ်သူ့ကိုမှ လက်ထပ်ဖို့ သတ္တိမရှိပါဘူးဆိုပြီး ပြောလာတဲ့သူက ခုတစ်ခေါက် သူမကို ဘာများပြောချင်လို့လဲ။ ရင်တထင့်ထင့်နဲ့ ခြေလှမ်းတွေကို နှေးကွေးစွာ လျှောက်လာရင်း သူ့ဘေးနားမှာ မတ်တတ်ရပ်လိုက်တော့ သူ သူမကို မော့ကြည့်လာသည်။

သူ့မျက်လုံးတွေက ဟိုအရင်အခါကလိုပဲ ရွှန်းလက်တောက်ပစွာဖြင့် သူမနှလုံးသားကို ဖမ်းစားနေဆဲပင်။ သူမနဲ့သူ့





ကြား ဘာတစ်ခုမှ အဖုအထစ်မရှိထားသူလို သူ့မျက်လုံးအကြည့်တွေက သူမအပေါ် နွေးထွေးနေဆဲရယ်။

သူမ ပြုံးလိုက်ရမလား။ တည်တည်ပဲ နေလိုက်ရမလား စဉ်းစားမရနိုင်သေးခင်မှာ သူက သူ့နောက်ကွယ်မှာဖွက်ထားသော ပန်းစည်းကြီး တစ်စည်းကို သူမရှေ့ ထိုးပေးလာခဲ့သည်။ ပန်းစည်းပေးတယ်ဆိုတာ တောင်းပန်တာလား။ သေချာတာကတော့ သူမအသည်းကို နောက်တစ်ကြိမ် ထပ်ခွဲဖို့မဟုတ်လောက်ပါဘူး။

“ပန်းပေးတယ်ဆိုတာ ရှုံးနိမ့်ခြင်းရဲ့ သင်္ကေတပါ ...
ကျွန်မကို ပန်းပေးတယ်ဆိုတော့ ကျွန်မဘဝထဲကို
အရှုံးပေးပြီး ဝင်လာမယ်လို့ ပြောတာလား ...
ဒါမှမဟုတ် ...
ရှုံးနိမ့်စွာနဲ့ ကျွန်မဘဝထဲက ထွက်သွားမယ်လို့ ပြောတာလား ...
ရှင် ပန်းတစ်စည်းနဲ့ ကျွန်မနှလုံးသားတွေကို
ဖြားယောင်းပြန်ပြီပေါ့လေ”

ကြိတ်ခဲတည်းတည်း စိတ်များစွာနှင့် ရင်ထဲမှ ထိုစကားတွေကို တီးတိုးဆိုမိရင်း ဝမ်းနည်းလာသည်။ ဒီပန်းကို ဘာအတွက် ပေးတာလဲ၊ ဘာကြောင့် ပေးတာလဲ။ သူမ ယူသင့်



www.burmeseclassic.com

ရဲ့လား။ မယူသင့်ဘူးလား ဆိုတာ ဦးနှောက်က အလုပ်လုပ်နေစဉ်မှာပင် သူ့မနှလုံးသားက သူ့အလိုဆန္ဒကို လိုက်လျောချင်စိတ်ပြင်းပြလာကာ လက်တွေက သူကမ်းပေးနေသော ပန်းစည်းကို အလိုအလျောက် ယူလိုက်မိတော့သည်။

ထို့နောက် ရင်ထဲမှာ ငိုချင်စိတ်များ ပြင်းပြလာရပြန်ကာ မျက်လုံးအိမ်ထဲမှာ မျက်ရည်များ ရစ်သိုင်းလာရကာ သူ့မျက်နှာကိုပင် ဝေဝါးဝါးသာ မြင်ရတော့သည်။

သူ့ရှေ့မှာ မျက်ရည်မကျဖို့အတွက် အံတစ်ချက်ကြိတ်ကာ အောက်နှုတ်ခမ်းလေးကို အသာဖိကိုက်လိုက်စဉ်မှာပင် တားဆီးနေသည့်ကြားမှ မျက်ရည်တို့က အလိုက်ကန်းဆိုးမသိစွာ ပါးပြင်ပေါ် စီးကျလာတော့သည်။

○❖○





သူ့ရှေ့မှာ ကျလာသော ချစ်သူမျက်ရည်တစ်စက်က သူ့နှလုံးသားကို မီးစနှင့်ထိုးလိုက်သလို ပူခနဲ ဖြစ်သွားစေသည်။ သူမ သူ့ကို ဘယ်လောက်ထိ သတိရတမ်းတနေမလဲဆိုတာ သူမမျက်လုံးအကြည့်တွေကတစ်ဆင့် သူမမျက်ရည်များက သက်သေခံလျက်ရှိသည်။

သူလည်း မငိုမိအောင်.မျက်ရည်မကျအောင် စိတ်ကိုအတော်ကြီး ထိန်းချုပ်ထားရကာ သူမပါးပြင်ပေါ်က မျက်ရည်စများကို လက်မဖြင့် ပွတ်သုတ်ဖယ်ရှားပေးလိုက်ရင်း သူမလက်ကို ညင်သာစွာ ဆွဲယူလျက် ခုံပေါ်ထိုင်စေလိုက်သည်။

သူက သူမနဲ့ ပူးကပ်စွာ ထိုင်လိုက်ပြီး သူမဦးခေါင်းကို သူ့လက်ဖြင့်ကိုင်ကာ ပခုံးထက်သို့ မှေးမှီစေလျက် သူမပခုံးကို ကြင်နာစွာ ပွေ့ဖက်လိုက်သည်။

www.burmeseclassic.com



"လွှာ ... လွှာ ငိုနေသေးလားဟင်"

သူ့အသံလည်း ရှတတ ဖြစ်နေခဲ့သည်။ သူမက သူ့ပခုံးထက်မှ ခေါင်းခါပြသည်။ သူမ ဦးခေါင်းကို ပခုံးထက်မှ ခဏခွာလိုက်ပြီး ပန်းစည်းမှာ ချိတ်ဆွဲထားသော ကတ်ကလေးကို သူမ မြင်သာအောင် ပြလိုက်သည်။

"လွှာ ... ဒီကတ်ကလေးရဲ့ သင်္ကေတကို သိလား"

သူမက အမှန်တကယ်ပင် မသိနားမလည်စွာ ခေါင်းခါပြလေသည်။ သူ အနူးညွှတ်ဆုံး အပြုံးကို ပြုံးလိုက်ရင်းက ...

"တြိဂံလေးထဲက ချစ်ခြင်းမေတ္တာဆိုတာ ကိုယ့်အချစ်တွေပေါ့။ ဒါပေမဲ့ ကိုယ့်အချစ်တွေဟာ အရင်လို အချစ်သက်သက် မဟုတ်တော့ဘူး။ ကိုယ့်အချစ်တွေကို ဝန်းရံထားတဲ့ တြိဂံရဲ့အနားတစ်ဖက်စီမှာ အရမ်း deep ဖြစ်တဲ့ word တွေပါတယ်။ လွှာ ကြည့်ကြည့် ...

အပေါ်ဆုံးက တစ် နားလည်မှုတဲ့၊ နားလည်မှုထဲမှာ ခွင့်လွှတ်ခြင်းတွေ ယုံကြည်ခြင်းတွေ ပါပါတယ်။ နံပါတ်နှစ်က ပေးဆပ်မှုတဲ့၊ ကိုယ့်အချစ်တွေက လုံးဝပြန်လိုမှုတွေကို မစဉ်းစားတော့ဘူး။ လွှာ့ကို ပေးဆပ်ခြင်းသက်သက်နဲ့ပဲ ချစ်သွားမယ်။ တဏှာလုံးဝမပါတော့ဘူး။ Platonic calf love ပေါ့ ...





နံပါတ်သုံးက နိုင်မြဲမှု၊ နိုင်မြဲမှုမှာကျတော့ သံယောဇဉ်ဆိုတာပါမယ်၊ သံယောဇဉ်ဆိုတာ ကြိုးတစ်ချောင်း၊ နိုင်မြဲမှုဆိုတာ စူးရှစွာ နစ်ဝင်တယ်၊ ဒီတော့ ကိုယ့်အချစ်တွေဟာ ကိုယ်နဲ့ထပ်တူထပ်မျှ ရှင်သန်နေလိမ့်မယ် ...

လွှာ ယုံရဲ့လား ကိုယ့်အချစ်တွေကို၊ ကိုယ့်ရှင်သန်ခြင်းတိုင်းမှာ လွှာ့ကို အနားသုံးနားပါတဲ့ ချစ်ခြင်းနဲ့ နှောင်ကြိုးမဲ့ ဘာအတားအစည်း ပိတ်ပင်မှုမှ မရှိဘဲ ချစ်သွားမယ်၊ လွှာ ယုံလား ...

ကိုယ့်ကို တစ်ခုခု ပြန်ပြောပါဦးလားကွာ"

သူက လေးနက်စွာနှင့် သူ့အချစ်တွေကို အကျယ်တဝင့် ဖွင့်ဟရှင်းပြရင်း သူမယုံကြည်မှုအတွက် မေးကြည့်တော့ သူမက ဖြည်းဖြည်းချင်း ခေါင်းညိတ်ပြလေသည်။ သူ အရမ်းပဲဝမ်းသာသွားရကာ သူမကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

"ကိုယ့်ကို တစ်ခုခု ပြန်ပြောဖို့ မကြိုးစားတော့ဘူးလား လွှာ။ ကိုယ့်ကို လောဘကြီးတယ်လို့တော့ မထင်လိုက်ပါနဲ့။ ကိုယ် လွှာ့ဆီက ပြောလာမယ့် စကားကိုတော့ ကြားချင်သေးလို့ပါ"



BURMESE CLASSIC .com
www.burmeseclassic.com

သူ တောင်းဆိုလိုက်တော့ သူမက မျက်ရည်တွေကြားမှ ပြုံးပြကာ သူ ဘယ်တော့မှ မမေ့နိုင်မည်မဟုတ်သော စကားကိုပဲ ထပ်ပြောလာခဲ့သည်။

"ကျွန်မ လက်ဘ့ကို ချစ်မိတဲ့အတွက် ဘယ်တော့မှ နောင်တ မရဘူး"

တဲ့ ...။ ဒီစကားကို သူမ ပထမတစ်ခါ သူ့ကို အဖြေပေးစဉ်ကလည်း ပြောခဲ့တဲ့ စကားပါ။ တကယ်ဆို သူသိဖို့ကောင်းသည်။

သူ့ကို ချစ်တယ်ဟု ပြောဖို့အတွက်ပင် သူမရင်ထဲက အချစ်တွေကို မလုံလောက်စေသော စကားအတွက် ချစ်မိတဲ့အတွက် ဘယ်တော့မှ နောင်တမရဘူးဆိုတဲ့ စကားကပင် လုံလောက်စေလိမ့်မည်။

သူမရဲ့အဖြေထဲမှာ များစွာသော နက်ရှိုင်းမှုတွေပါသည်။

သူမ ပြောတဲ့အဓိပ္ပာယ်က သူ့အချစ်တွေ သူမအပေါ် ပြောင်းလဲသွားသည်ပဲဖြစ်စေ၊ မေးမှိန်သွားသည်ဖြစ်စေ သူမက သူ့အပေါ်မှာ မအိုယောင်းဘဲ ချစ်နေမယ်ဆိုတဲ့ သဘောပေါ့။





တစ်ချိန်က သူ့အချစ်တွေထဲမှာ မသက်ဝံ့တာတွေ အယုံအကြည် ကင်းမဲ့တာတွေ သံသယတွေ ပါဝင်နေခဲ့တာတောင် သူမက သူ့အချစ်တွေအတွက် ကြီးမြတ်သော ချစ်ခြင်းများနှင့် ချစ်နိုင်ခဲ့သည်။ ဘယ်လောက်များ အချိန်တွေ နှမြောစရာကောင်းလိုက်သလဲနော်။ ကိုယ့်ကို သည်မျှလောက်ချစ်သော နှလုံးသားကို စွန့်ခွာပြီး ကိုယ့်အတွက်ကြောင့် ချစ်ခြင်းတစ်ခု ဝေးကွာခဲ့ရတာ သူ ဘယ်လောက်မိုက်မဲတဲ့သူပါလဲ။

သူ့စဉ်းစားဆင်ခြင် ကင်းမဲ့မှုကြောင့် သူ့ကိုချစ်တဲ့ နှလုံးသားကိုပင် ကောင်းမွန်စွာ ရှင်သန်ခွင့်မပေးဘဲ များစွာသော ပင်ပန်းဆင်းရဲမှု နာကျင်မှုနှင့် မျက်ရည်များကို ဖြစ်ပေါ်စေခဲ့ပြန်သည်။ ခုတော့လည်း သူ့ရဲ့သုံးနှာ:ညီတဲ့ အချစ်တွေနဲ့ သူမဘဝလေး ပျော်ရတော့မှာပါ။

ယုံလိုက်တော့ကွယ်၊ မင်းကိုလည်း ကိုယ်သိပ်ချစ်တယ်ဆိုတာ။ ကိုယ့်ကြောင့် မင်းနှလုံးသားတွေ ပြန်ပြီးလန်းဆန်းစေရပါမယ်။ ကိုယ့်နောက်ဆုံးရှင်သန်ခြင်းထိ မင်းကို ပျော်ရွှင်စေရမှာပါ၊ ယုံလိုက်တော့နော်။

www.burmeseclassic.com



ရသများ တိုးပွားခံစားနိုင်ကြပါစေ

အစဉ်သဖြင့်

ကဋ္ဋေကာရ

(17th. March. 09)

PM: 12:00

BURMESE CLASSIC .com

www.burmeseclassic.com